
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေး (၃) ပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



www.burmeseclassic.com



ပုံနှိပ်မှတ်တမ်း

ဖြန့်ချိရေးအောင်မြင်စာပေ၊ အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် အောင်မြင်ပုံနှိပ်တိုက်။
ထုတ်ဝေသူဦးအောင်မြင့်၊ ဇွန်လ၊ ၂၀၁၃။

ဧ၉၅.ဧ၃
မြပုလဲခင်
အကြွင်းကျန်ရစ် အချစ်အစားတစ်ပုဒ် အဖြစ်/မြပုလဲခင်။
အောင်မြင်စာပေ၊ ၂၀၁၃။
၃၀၀ - စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်





# အခန်း(၁)

ချစ်သူနှင့်ခွဲခွာရခြင်း၏ နောက်ကွယ်၌ ကပ်ငြိပါလာသော အလွမ်းဟူသော ဝေဒနာဆိုးသည် သူ့အား ဤမျှအထိ နှိပ်စက်နိုင်လိမ့်မည်ဟု သူမသိခဲ့ပါ။

ယခုတော့ မစားနိုင် မအိပ်နိုင်။ မပျော်ရွှင်နိုင်ခြင်းဟူသော ဝေဒနာရပ်က သူ့အား ကလူနေသည်။

ဝန်းကျင်၏ ခြောက်သွေ့ခြင်းကပင်လျှင် သူ့နှလုံးသားကို ပက်ကြားအက်စေသည်ထင့်။ တင်းကျပ်နာကျင်နေသော



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာရပ်ကြောင့် နေထိုင်ရခက်စွာဖြင့် ခံစားနေရသည်။

"အဟွတ်. . . အဟွတ်. . . ဟွတ်. . "

လောကနှင့် ကင်းကွာသလို ခံစားနေရသော သူသည် ချောင်းဆိုးသံကြောင့် လက်ရှိလူ့လောကထဲ ပြန်လည်ရောက်ရှိလာသည်။

သူ့ဘေးမှ အမျိုးသမီးတစ်ဦး၊ လက်ကိုင်ပဝါနှင့် အုပ်ကာ ချောင်းတဟွတ်ဟွတ်ဆိုးနေသည်။ လူကနေချင်ပေမယ့် ပညာက မနေနိုင်။ ချောင်းဆိုး ပန်းနာရင်ကျပ်ရောဂါသည်ပေလော။ အကဲခတ်သောအကြည့်ဖြင့် သူကြည့်လိုက်သည်။

"ဟင်"

စိတ်အတွင်း အာမေဍိတ်ထွက်ကာ အသိအမှတ်ပြု လိုက်မိသည်။

'တော်တော်ချောတဲ့ မိန်းမပါလား'

လက်ကိုင်ပဝါ အုပ်ထားသဖြင့် မျက်နှာပြင်အောက်ကို မမြင်ရသေးသည့်တိုင် ဝင်းဝါစိမ်းညို့နေသော အသားအရည် နက်မှောင်လွန်းသဖြင့် မြသားရောင်ပြေးနေသော စင်ရော် တောင်မျက်ခုံး၊ မျက်တောင်ရှည်အောက်က မဟူရာမျက်ဝန်းက စူးရှထက်မြက်မှုကို ဆောင်နေသည်။ ကြည့်ရသည်မှာ ကျက်သ ရေရှိနေသည်။

ဖြူလွန်းသော အသားအရည်က ရောဂါဝေဒနာသည် များလားဟု တွေးကာ. . . .

"ဆေးသောက်မလား အစ်မ"

သူ့ အမေးကြောင့် လက်ကိုင်ပဝါဖယ်ကာ သူ့ကိုမျက်





မှောင်ချီ၍ ကြည့်လိုက်သည်။ တောင်ပံခတ်သွားသည်နှယ် မျက်ခုံးနှစ်ဖက် လှုပ်ရှားသွားသည်။ သန္တာရောင် နှုတ်ခမ်းလေးက မပွင့်တပွင့် ခပ်ဟဟလေး ဖြစ်သွားပြီးမှ. . .

"ဘာဆေးလဲ"

"ချောင်းသိပ်ဆိုးနေလို့ ချောင်းဆိုးပျောက်ဆေးလေ"

"ဩော်. . ချောင်းဆိုးပျောက်ဆေးလား၊ ရှင် ကျွန်မကို ချောင်းဆိုးပျောက်စေချင်တယ်လား"

သူ့စိတ်ထဲ ဇဝေဇဝါဖြစ်သွားသည်။ ဘယ်လိုအမျိုးသမီး ပါလိမ့်။ စေတနာနှင့်မေးသည်ကို ရိသဲ့သဲ့လုပ်နေသည်။

"တကယ်ပျောက်စေချင်လို့ မေးတာပေါ့ဗျ"

နဂိုကတည်းကမှ စိတ်အလိုမကျသည့်အထဲ ယခုလို တန်ပြန်မေးခံရသဖြင့် စိတ်တိုသွားကာ ခပ်ဆတ်ဆတ်လေး ပြန် ပြောလိုက်သည်။

"မင်းပျောက်စေချင်ရင် လွယ်ပါတယ်၊ ဆေးသောက်စ ရာမလိုဘူး. . မင်းသောက်လက်စ စီးကရက်ကို လွှင့်ပစ်လိုက်ရုံ ပါပဲ"

"ဟင်"

သူ့လက်ကြားမှ အငွေ့တလူလူထွက်နေသော ငါးသုံး လုံးစီးကရက်ကို ကြည့်လိုက်သည်။ အရှည်ကြီးရှိသေးသည်။ လွှင့် ပစ်ရမှာ နှမြောနေသည်။ စိတ်ညစ်ညစ်နဲ့ စီးကရက်ကို ဖွာရှိုက် ရင်း အလွမ်းဝေဒနာကို ကုစားခြင်းကြောင့် လူ့မူရေးအဖြစ်ကိုပါ မေ့လျော့မိသည်။

"ဈေးကြီးတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲက အလိုမကျမှုများသည် လူမှုရေးစည်းကမ်းများကို မေ့လျော့စေတတ်သည်။

"ရှင် မလွှင့်ပစ်နိုင်ဘူး မဟုတ်လား"

"ခင်ဗျားက ရောဂါရှိလို့ ဖြစ်မှာပါ"

ဆရာဝန်ပီပီ ကိုယ်လိုရာဆွဲတွေးကာ ပြောလိုက်သည်။ တကယ်တော့ သူသည် ဆေးလိပ်ကို နှစ်နှစ်ကာကာ ကြိုက်သူ မဟုတ်။ ဆေးလိပ်သောက်ခြင်းသည် ဆိုးကျိုးများကိုသာ ခေါ်ဆောင်တတ်သည်။ သို့သော် စိတ်ညစ်နေသော အချိန်မျိုးတွင် ဆေးလိပ်သည် အဖော်ကောင်းတစ်ဦး ဖြစ်နေတတ်သည်။ ဤခရီးလမ်းရှည်ကြီး၌ စီးကရက်ကိုမှ အဖော်မပြုလျှင် သူမည်သူ့ကို အဖော်ပြုရမည်နည်း။

မိန်းမတစ်ဦးကြောင့် ရရှိသောဝေဒနာကို မိန်းမသားတစ်ဦးနှင့် ထပ်မံအဖော်ပြုရင်း ကုစားသွားရမည်လော။

လှတော့အတော်လှသည်။ မြတ်သက်လျာထက်တောင် လှသည်။ လှသည်ထက် ချောသည်။ ကျက်သရေရှိသည်။ မြင်သူ၏ဘဝင်ကို အေးမြစေသည် မှန်သော်လည်း မာနကြောင့် ထင်သည် ခပ်တည်တည်လေးရှိနေ၏။ လှသောမိန်းမများသည် အလှဂုဏ်တက်ကာ မာန်ဖက်တတ်သလား။

စီးကရက်ကို လွှင့်ပစ်ရမှာ နှမြောတသဖြင့် တစ်လိပ်ကုန်အောင် ဖွာရှိုက်ရင်း. . . .

"ဒီတစ်လိပ်တည်းပါ၊ ဒီတစ်လိပ်ကုန်ရင် မသောက်တော့ဘူး"

ဟု ဆင်ခြေတက်လိုက်မိသေးသည်။





ထိုအခါ အံ့ဩစရာကောင်းလောက်အောင်ပင် ထိုမိန်းမချောက ခွင့်လွှတ်ပြုံးနှင့် ပြုံးရယ်ကာ. . . .

"ကိစ္စမရှိပါဘူး သောက်ပါ၊ ကိုယ့်ကြောင့် လူတစ်ဖက်သား ဒုက္ခ မရောက်စေသင့်ဘူး၊ ကျွန်မက ကိုယ့်အတွက်ပဲ ကိုယ်ကြည့်လိုက်မိတာကိုး၊ တောင်းပန်ပါတယ်. . သောက်ပါ. . သောက်ပါ"

ဘယ်လိုကြီးပါလိမ့်၊ စီးကရက် ဆက်သောက်ရမှာကိုပင် ဝန်လေးသွားသည်။ ရှက်ရွံ့သလို ခံစားလိုက်ရသည်။

လက်ကြားထဲမှ စီးကရက်တိုကို နှမြောစွာကြည့်မိစဉ်ကားကရပ်သွားသည်။ စစ်သချိုင်းနားမှာ ဖြစ်သည်။ ငုံးဥသည်နှင့် ကွမ်းယာသည်၊ ဆေးလိပ်သည်၊ အကြော်သည်များ စုပြုံလုယက်အော်ဟစ်သံများ ဖုံးလွှမ်းသွားသည်။

ယောကျ်ားခရီးသည်အချို့ အောက်ဆင်းသည်ကို တွေ့ရ၍ သူလည်းအောက်ဆင်းကာ ဟန့်တားသူရှိမှ ပို၍အာသီသပြင်းပြသောကြောင့် စီးကရက်ကို အငမ်းမရ ရှိုက်ဖွာမိသည်။

ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေနိုင်သည်ဟု ကျန်းမာရေး ပညာပေးဟောပြောခဲ့ရသောဆရာဝန်တစ်ဦးဖြစ်သူ မိမိသည် ယခု ဆေးလိပ်ကို အဆက်မပြတ် သောက်နေမိပါလား။ ကားဟွန်းသံကြားသည်နှင့်. . သောက်လက်စ စီးကရက်ကို ပစ်ချကာ ဖိနပ်ဦးဖြင့် နင်းချေကာ ကားပေါ်တက်ခဲ့သည်။

"မမချောရေ၊ စိတ်ချမ်းသာစွာနဲ့ လိုက်ခဲ့ပေတော့. . ခင်ဗျားအနားမှာ ကျွန်တော် စီးကရက်မသောက်တော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချ'

ဟု ပြောလိုက်မည်ဟူသော စိတ်ကူးတို့သည် သူ့နေရာရောက်သည်နှင့် မျက်လုံးပြူးသွားသည်။

'ခုံနံပါတ်များ မှားသလား'

မဟုတ်၊ မှန်သည်။ သို့သော် မမချောနေရာ၌ ဘာဘူကြီးရှိနေသည်။ အကျီအဖြူဝတ် ခေါင်း၌ ဦးထုပ်အဖြူလေး မုတ်ဆိတ်ကျင်စွယ်များ ဗလဗျစ်၊ ဗိုက်ကြီးအပူသား၊ ခန္ဓာကိုယ်က ဝဖိုင့်ဖိုင့်၊ ပြည်ဇရာလို ခုံကျယ်ကျယ်မျိုးတောင် သူ့ဘက်နေရာ ရောက်နေလေပြီ။

"မမချော ဘယ်ရောက်သွားပြီလဲ"

ကျီးကန်းတောင်းမှောက် မျက်လုံးနှင့် သူရှာဖွေကြည့်လိုက်သည်။ တစ်ခုံကျော်နောက်ပြတင်းပေါက်၌ မပြုံး၏သို့ပြုံး၏မျက်နှာနှင့် သူ့အား တစ်ချက်ကြည့်ပြီး မျက်နှာလွှဲသွားသည်။

"ကန်မလေးနော် ဆေးလိပ်နံ့,နံ့လို့ နာနဲ့နေရာလဲထိုင်တာ"

ဘာဘူကြီးက ရှင်းချက်ထုတ်နေသေးသည်။

"ဟုတ်ကဲ့ ဘာဘူ၊ ချမ်းသာစွာထိုင်ပါခင်ဗျ"

သူခပ်ရွဲ့ရွဲ့ပြောလိုက်မိသည်။

ယခုမှတော့ ကျွန်တော်စီးကရက်မသောက်တော့ဘူး၊ ပြန်လာထိုင်ပါဟု ပြောပြန်လျှင်လည်း ဘူးကျသည်ဟုထင်ဦးမည်။

ရှိစေတော့ ကိုယ့်အပြစ်နဲ့ကိုယ်ပဲလေ။





ကံကြမ္မာသည် မိမိနှင့် မိန်းမချောလေးများကို လွဲအောင်ဖန်တီးပေးထားသည်ထင်။ ရန်ကုန်ပြည်ခရီးစဉ်လေးမှာတောင် ခရီးဖော်မိန်းမချောသည် သူ့အပါးမှ ရှောင်ဖယ်သွားလေပြီ။

ပခုံးကို ဟန်ပါပါတွန့်ကာ ဝင်ထိုင်လိုက်သည်။ ဘာဘူကြီး၏ အဆီတစ်ထပ် အသားတစ်ထပ် အသားစိုင်အိအိကြီးနှင့် ထိစပ်သွ းသည်။ စောစောက ချောင်ချောင်ချိချိစီးခဲ့သောခရီးသည် သူ၏ဆင်ခြင်တုံတရားနည်းပြီး စီးကရက်ပေါ် စွဲလမ်းမှုကြောင့် ဒုက္ခရောက်ရလေပြီ။

ထပ်ဆင့်၍ ဒုက္ခရောက်ရသည်က ဘာဘူကြီး တစ်လမ်းလုံးအိပ်ငိုက်လာခြင်းဖြစ်သည်။ ထိုင်လျက် အိပ်တတ်ဟန်တူသည်။ တစ်ခါတစ်ရံ သူ့ဘက်သို့ငိုက်ကျလာသေးသည်။

အလွမ်းဝေဒနာတို့သည် စိတ်ညစ်ခြင်း၏အောက်ဝယ် မှေးမှိန်သွားသည်။

သို့သော် ပျောက်ကွယ်၍မသွားပါ။ နှလုံးသား၌ နာကျင်နေဆဲဖြစ်သည်။

"ရက်စက်လိုက်တာ မြတ်သက်လျာရယ်"

အလွမ်းပေးဆောင်သူကို သတိရစိတ်က လျော့ပါးမသွားသေးပါချေ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

"ဟ. . ဘယ်သူကမြေဖြူမှုန့်တွေနဲ့ သိပ်လိုက်တာလဲကွ"

"ဟို. . ဟို. . ဆရာမ"

ဒေါက်တာအောင်သာ စိတ်တိုသွားသည်။

"ဆရာမ"

ကျောင်းသားလေးကို လူနာရှင်အနေဖြင့် လိုက်ပြသော ဆရာမမှာ သူ့အားပြောသည်အထင်နှင့်. .

"ရှင်"





အမှန်တော့ ဆရာမဖြစ်ပြီး အသိဉာဏ်နည်းရသလားဟု သူပြစ်တင်ချင်သော်လည်း လူနာရှင်ဆရာမမှာ အသက်ခပ်ကြီးကြီးဖြစ်နေ၍ အားနာသဖြင့်. . .

"ဆရာမ သိပ်လိုက်တာလား"

"ကျွန်မ မဟုတ်ပါဘူး ဒေါက်တာ၊ သူ့ အတန်းပိုင်ဆရာမပါ"

"ဖြစ်ရလေတယ်၊ ဆရာမတွေကို ရှေးဦးသူနာပြုသင်တန်း တက်ခိုင်းထားသင့်တယ်ထင်တယ် ဆရာမ"

ဒေါက်တာအောင်သာ ချိုစောင်း၌ ခုံစောင်းနှင့်ထိကာ ဒဏ်ရာရလာသော ကျောင်းသားကလေး၏ဒဏ်ရာကို ကုသပေးရင်း နှုတ်မှလည်း လေကြောရှည်နေမိသည်။ ကြုံကြိုက်တုန်း ပညာပေးထားလိုက်မှဖြစ်မည်။

"ဆရာ ဆရာမတွေ ရှေးဦးသူနာပြု မတတ်ထားတော့ အပ်နဲ့ထွင်းရမယ့်အရာကို ပေါက်ဆိန်နဲ့ ပေါက်ရသလို ဖြစ်သွားတာပေ့ါ"

"ရှင်"

"ဟုတ်တယ်လေ၊ မြေဖြူမှုန့်တွေက သွေးထိတ်သွားတာမှန်ပေမယ့် ခဲပြီးပျစ်ခဲကြီးဖြစ်ပြီး ဆံပင်တွေပါ ကပ်ကုန်တယ်၊ ဒဏ်ရာအဝလည်း ပိုကျယ်သွားတယ်၊ ဆံပင်တွေပါ ကွက်ရိတ်ပြီး ချုပ်လိုက်ရတော့မယ်"

"ဖြစ်ရမယ်၊ သူ့ဆရာမလေးကလည်း အခုမှဆရာမဖြစ်ခါစ၊ အသက်ကလေးကလည်း ငယ်ငယ်ဆိုတော့ လုပ်မိလုပ်ရာ လုပ်လိုက်တာ ဖြစ်ပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ ကျောင်းမှာ ဆေးပေးခန်းတွေ ဘာတွေမရှိဘူးလား"

"ရှိပါတယ်"

"ရှိရဲ့နဲ့ဗျာ"

"ဆေးပေးခန်းကို ရောက်လာတဲ့အချိန်မှာ မြွေဖြူမှုန့် သိပ်ပြီးဖြစ်နေလို့ပါဒေါက်တာ"

"ဪ . . ဪ . . နောက်ဒီလိုမဖြစ်ရအောင် ဒီကလေးရဲ့ ဆရာမကိုကော ဆရာမလက်လှမ်းမီသလောက် ဆရာဆရာမတွေကိုပါ ပြောပြလိုက်ပါ၊ ဒဏ်ရာရလာရင် ဖုတ်တို့ မြွေဖြူတို့ မသိပ်ထည့်ဘဲ ကြက်ခြေနီလက်ကို အရင်သာအပ်လိုက်ပါ"

"ဟုတ်ကဲ့ ဒေါက်တာ"

"ကြက်ခြေနီတွေက လိုအပ်သလို ဆောင်ရွက်ပေးလိမ့်မယ်၊ ဪ . . ဒါထက် ဆရာမကျောင်းက မူလတန်းလား"

"မဟုတ်ပါဘူး အလယ်တန်းကျောင်းပါ၊ ဆရာမကြီးလည်း ပါပါတယ်"

"အလယ်တန်းကျောင်းဆိုတော့ ကြက်ခြေနီအဖွဲ့ရှိမှာပေါ့"

"ရှိပါတယ်"

"ရှိလျက်နဲ့ ဘာလို့မခိုင်းတာလဲ"

ကလေးအတွက် ဆေးကုသမှုမှတ်တမ်းရေးပြီး သူနာပြုဆရာမလက်သို့ လွှဲပြောင်းပေးလိုက်သည်။

ဂျူတီချိန်လည်း ကုန်ဆုံးချိန်ထက်ပင် နာရီဝက်ကျော်နေပြီဖြစ်သဖြင့် တစ်ခါတည်း ကျောင်းသားနဲ့အတူ လိုက်ထွက်





၍ ဆရာမကို ဆက်လက်မေးခွန်းထုတ်လိုက်သည်။

"ဆိုပါဦး ဆရာမ၊ ကြက်ခြေနီကို ဘာလို့မခိုင်းတာလဲ"

"ဪ . . ဒါ ကျွန်မတို့အပိုင်းပါ ဒေါက်တာ"

သူ ခန်းဆီးစကိုမပြီး အပြင်မှ အဖြူအစိမ်းဝတ် ဆရာမကို မြင်သည်နှင့် ရုတ်တရက် အံ့အားသင့်သွားသည်။

ထိုအံ့အားသင့်မှုအပေါ် သူမက ခွန်းတုံ့ပြန်လိုက်သည်။ ပြည်ရောကားပေါ်တွင် တဒင်္ဂတွေ့ခဲ့သော မမချော။

ဆရာမတစ်ဦးအသွင်ဖြင့် ပို၍ကျက်သရေဖြိုးဝေနေသည့် နဖူးအပြောင်သိမ်း နောက်တွဲဆံထုံး အက်အက်ကြီး၌ ခရေပန်းကုံးလေးများ ပတ်ကာ ပန်ထားသည်။ သို့တိုင်အောင် သူမအသွင်သည် ရင့်မသွား၊ နုပျိုကာ အလှကျက်သရေ ဆောင်နေဆဲ ဖြစ်သည်။

"ခင်ဗျားကိုး"

"ဟုတ်ပါတယ် ကျွန်မပါပဲ"

"ကျွန်မတို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်တိုးတက်နှင်းပါ ဒေါက်တာ၊ ဒေါက်တာပြောချင်နေတာတွေ ဆရာမကြီးကိုသာ ဆက်ပြောတော့ ကျွန်မတော့ ကျောင်းသားမိဘအိမ် လိုက်သွားပြီး ကလေးကိုပို့ပေးလိုက်ပါဦးမယ်၊ လာ. . သား၊ ခွင့်ပြုပါဦး ဆရာမကြီး"

"ဟုတ်ကဲ့ သွားပါဆရာမ"

ဆရာမကြီးတဲ့၊ ဒီအသက်အရွယ်နှင့် အလယ်တန်းကျောင်းအုပ်ဖြစ်နေသည်ဆိုတော့ သူအံ့အားသင့်ရသည်။ သူမြင်ဖူးသော ဆရာမကြီးများသည် အသက်ခပ်ကြီးကြီးသာ များ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘယ်က ဆရာဝန်အဘိုးကြီးများ ပညာပေးနေသလဲလို့ အောက်မေ့ပါတယ်၊ လက်စသတ်တော့ ဆေးလိပ်ကိုတောင် ခဏလေးမဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်လေးကိုး"

"ဟုတ်ပါတယ် ကျွန်တော် အောင်သာပါ၊ ဆရာမကြီး ဒေါ်တိုးတက်နှင်းခင်ဗျာ"

သူကလည်း ရွှတ်ချင်ပြီဆိုလျှင် ပတ်ဝန်းကျင်တွေဘာတွေ ကြည့်မနေတတ်တော့။

"ကျွန်တော်ဆေးလိပ်သောက်တာ ကျွန်တော်တစ်ယောက်တည်းပဲ ထိခိုက်နိုင်ပါတယ်၊ ဆရာမကြီးမှာ မှားယွင်းတဲ့ အယူဝါဒတွေ လက်ခံနေရင် အနာဂတ်ပန်းဖူးလေးတွေ ပွင့်မလာနိုင်ဘဲ အဖူးအငုံဘဝနဲ့ နွမ်းသွားနိုင်တဲ့အတွက် ကျွန်တော် ပညာပေးစကား ပြောမိပါတယ်"

"မစိုးရိမ်ပါနဲ့ ဒေါက်တာ၊ ဒါ ကျွန်မအပိုင်းပါ၊ ဆရာဝန်တစ်ယောက်ရဲ့တာဝန်က ကိုယ့်ဆီရောက်လာတဲ့ လူနာရဲ့ ဝေဒနာကို ပျောက်အောင်ကုပေးဖို့တာဝန်က အဓိကမဟုတ်လား"

"ဒီလိုဆိုလို့ မရဘူးလေ၊ အမှားအယွင်းဖြစ်နေရင် ကျန်းမာရေးနဲ့ ပတ်သက်လို့ လမ်းညွှန်ပေးရမှာ ကျွန်တော်တို့ တာဝန်ပဲ"

"ဒေါက်တာပြောနေတာ ကျွန်မအားလုံးကြားပါတယ်၊ ကျွန်မရဲ့ ဆရာမလေး မှားသွားတယ်ဆိုတာ မှန်ပါတယ်၊ ဆရာ ပြောသင့်ပါတယ်၊ သူကဆွဲခန့်ဖြစ်နေတဲ့အတွက် ရှေးဦးသူနာပြုစုနည်းကို နားမလည်လို့ ဖြစ်ပွားသွားတဲ့ ကိစ္စပါ ဒေါက်တာ





ဒါတို ပုံကြီးချဲ့ပြီးပြောနေဖို့ မလိုပါဘူး၊ ဆရာအတတ်သင်ဆင်း ဆရာဆရာမတွေဟာ ကျောင်းသားလူငယ်တွေကို ဘက်စုံပြုစု ပျိုးထောင်နိုင်ဖို့အတွက် သင်တန်းမှာ အခြေခံ ကြက်ခြေနီ သင်တန်းပါ တက်ခဲ့ရပါတယ်"

"သြော်. ."

သူ ဖြုန်သွားရပြီ။ သူ မသိသေးတာ အများကြီးရှိနေပါသား။

"နောက်တစ်ခု ဒေါက်တာအမေးကို ဖြေဖို့ ကျန်သေးတာက ကြက်ခြေနီကျောင်းသားတွေကို မခိုင်းတဲ့ကိစ္စပါ၊ မြေဖြူမှုန့်က သိပ်ပြီး ဖြစ်သွားတဲ့အတွက်ရယ်၊ စာမေးပွဲရက် ဖြစ်နေတာအတွက်ရယ်ကြောင့် အမြန်ဆုံးနဲ့ အကောင်းဆုံးဖြစ်အောင် ဆရာဝန်ဆီပဲ ပို့ပေးတာ၊ ကျွန်မတို့ မှားပါသလား၊ ဘာများ ပညာပေးစရာ ရှိသေးသလဲဆိုတာ မိန့်ပါဦး ဒေါက်တာ"

"ဆောရီး ဆရာမကြီး၊ ကျွန်တော် ဆန္ဒစောသွားတယ်"

"အနာဂတ် လူငယ်တွေရဲ့ ဘဝရှင်သန်ရေးကို မိဘပြီးရင် အလိုလားဆုံးသူဟာ ကျောင်းဆရာ ဆရာမတွေပါပဲ၊ ဒီတော့ ဒေါက်တာတစ်ခုပဲ ခေါင်းထဲသွင်းထားပေးပါ၊ ဆရာ ဆရာမဆိုတာ အနာဂတ်ပန်းလေးတွေ အစွမ်းကုန်ပွင့်လန်းရေးအတွက် ပြုစုပျိုးထောင်ပေးနေပါတယ်"ဆိုတာကိုပါ၊ ကိုင်း. . ကျွန်မကို ခွင့်ပြုပါဦး၊ စောစောက ဒေါက်တာ ကုသပေးမှုကိုကော စေတနာနဲ့ ပြောဆိုမှုအတွက်ကိုပါ ကျေးဇူးတင်ပါတယ်"

စကားဆုံးသည်နှင့် သူ၏ တုံ့ပြန်စကားကိုပင် မစောင့်တော့ဘဲ ချာခနဲလှည့်ထွက်သွားသည်။ ခန္ဓာကိုယ်နှေအထား



www.burmeseclassic.com

www.burmeseclassic.com



မပိန်လွန်း၊ မဝလွန်းဘဲ မိန်းမသားများ ရှိသင့်ရှိထိုက်သည်တို့နှင့်ပြည့်စုံသော ဒေါ်တိုးတက်နှင်းကို သူအမှတ်မထင် ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

"ဒီဒေသမှာတော့ ဆရာမကြီးက နာမည်ကြီးပဲ"

"ဘာဖြစ်လို့လဲ"

"လူရည်ချွန် လူရည်မွန်တွေ အမြောက်အမြား မွေးထုတ်ပေးနိုင်တဲ့ စံပြကျောင်းအုပ်ဆရာမကြီး ဖြစ်နေလို့ပဲ"

သူနာပြုဆရာမ၏ ပြောစကားကို သူကခပ်ပေ့ါပေ့ါပင် မှတ်ချက်ချလိုက်သည်။ စောစောက သူ့အား အနိုင်နှင့်ပိုင်းကာ စကားအနိုင်ယူသွားသူ ဆရာမကြီးကို သူမကျေနပ်နိုင်ပါ။

ထို့ကြောင့်. . . .

"ဒါပေ့ါဗျာ. . . အနှစ်မရှိတဲ့တောမှာ ကြက်ဆူပင် မင်းမူတယ်ဆိုတာမျိုးပေ့ါ. . ဆရာမ"







## အခန်း(၃)

လွန်ခဲ့သော ဆယ်ရက်ခန့်ကမှ ပြည်ဇရာကားပေါ်တွင် တွေ့ခဲ့သော မမချောသည်. . ပဲခူးတိုင်း တာဝမြို့လေးတွင် အလယ်တန်းကျောင်းအုပ်ဆရာမကြီးအဖြစ် တွေ့ရှိရခြင်းကို သူ အံ့သြခဲ့ရသည်။

ပြည်ရှိမိဘများကို ကန်တော့ပြီး တာဝန်ကျရာ တာဝမြို့လေးသို့ သူလာခဲ့သည်။ ဒီကိုရောက်သည်မှ နှစ်ရက်မျှသာ ရှိသေးသည်။ ဆရာမကြီး၏ ဂုဏ်သတင်းသင်းပျံ့မှုမှာ မွှေးထုံကြိုင်



www.burmeseclassic.com

www.burmeseclassic.com



သင်းလျက်ရှိသည်။

"ဆရာမကြီး ဆရာလေးဆီ ရောက်လာသေးတယ်ဆို ပြောမနေနဲ့ ဆရာလေးရေ၊ ကျုပ်တို့ရွာအတွက်တော့ တကယ့်ကို ဘုရားပေးတဲ့ နတ်သမီးပါပဲ"

ကျေးလက်ဒေသ၏ ဗဟုသုတနည်းပါးမှုကြောင့် အားထားခြင်းပါပဲဟု သူယူဆလိုက်သည်။ သူ့ကိုခေါ်သည်က ဆရာလေးတဲ့၊ မမချောကျတော့ ဆရာမကြီးတဲ့၊ ယောကျ်ားသားတို့၏ မာန်ဖြင့် မကျေနပ်မှုများတော့ ရင်တွင်းဖြစ်ထွန်းသွားသည်။

"သူရောက်တာ ကြာပြီးလား ဦးစိန်ကုလား"

"ကြာပြီလို့ ပြောရမလား ဘာလားတောင် မသိဘူး"

"ဗျာ"

သူ နားထွေးသွားသည်။

"ဒီလိုပါ ဆရာလေး၊ သူရောက်တာ နှစ်နှစ်ကျော်သွားပြီ၊ အခြားဆရာမကြီးတွေနဲ့ ယှဉ်လိုက်တော့ သူကသိပ်ကြာသွားပြီပေါ့ဆရာလေးရာ၊ ဘာဖြစ်လို့လဲဆိုတော့ အရင်ဆရာကြီး၊ ဆရာမကြီးတွေဆို တစ်နှစ်တောင်မကြာဘူး၊ ပြောင်းသွားတာနဲ့ နုတ်ထွက်သွားတာနဲ့ ခွင့်ယူသွားလို့ ဆရာကြီးမရှိဘဲ ဖြစ်နေတာနဲ့ စာရင် ဆရာမကြီးက သိပ်ကြာသွားပြီ"

"ဩော်. . သူမှာ တွယ်တာစရာ သံယောဇဉ်တွေ ဘာတွေ မရှိဘူးထင်တယ်၊ ဒါကြောင့် ဖြစ်ပါလိမ့်မယ်"

"ဒါတော့ ကျုပ်တို့မပြောတတ်ဘူးဗျ၊ ပြောတတ်တာက ဆရာမကြီးက အပျိုကြီး၊ သူ့မှာ ဆွံ့အနေတဲ့ အဒေါ်တစ်ယောက် အဖော်အဖြစ် ရှိနေတယ်၊ ဆွေမျိုးတွေဘာတွေ အလာသွား





သည်း မတွေ့ရဘူး၊ ထူးတော့ထူးဆန်းတယ်၊ ကျုပ်တို့ရွာအတွက် ဆက်သက်များ လူဖြစ်လာသလားတောင် ထင်ရတယ်ဗျာ"

ရထားလမ်းနှင့်လည်း အတန်ငယ်အလှမ်းဝေးသည်။ ရထားစဉ်မရပ်ဘဲ စာပို့ရထားမျှသာဆိုက်သော ရွာကြီးသာသာ ဘာဝမြို့ကလေးသည် ယခင်ဂျပန်ခေတ် ကိုလိုနီခေတ်က ရုံးစိုက်ရာ မြို့ကြီးဖြစ်သည်ဟု ရှေးလူကြီးများ ပြောစကားကိုပင် ဒဏ္ဍာရီတစ်ပုဒ်အလား သူမှတ်ယူထားလိုက်သည်။

ရေလမ်းနှင့်လာလျှင် ပဲခူးမှ ပွဲချိတ်စီး၍လာရသည်။

ယောကျ်ားဖြစ်သော သူလိုလူတောင် ခြောက်သွေ့ပြီး သွားရေးလာရေးခက်ခဲသော ဤမြို့ကလေး၌ တစ်နှစ်မနည်း အောင့်အည်းပြီး နေရမည်ထင့်။

"ရုပ်ရည်နဲ့လိုက်ဖက်အောင် လုပ်ဆောင်မှုတွေကလည်း ဘာကယ်လှတယ် ဆရာလေး"

ဆရာမကြီး ဟိမန္တာချိုးမွမ်းခန်းက မပြီးပြတ်သေးပါသား။ မကောင်းတတ်၍. . .

"ဆိုပါဦး"

"စံပြကျောင်းဖြစ်လာတယ်၊ မနှစ်က လေးတန်း တန်းသုံးကျွတ်အောင်တယ်လေဗျာ"

"ဩော်. . ."

"ဒီနှစ် ရှစ်တန်း တန်းလုံးကျွတ်ဖို့ သူကိုယ်တိုင် ဖိဖိစီးစီး ညဘက်ကျောင်းမှာ စာကျက်ခိုင်းတယ်၊ ရွာကလူတွေကလည်း မီးစက်တွေဘာတွေ လုပ်ပေးရတယ်"

"ဩော်. . . ဟုတ်သား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအောင်သာ အနည်းငယ် စိတ်ဝင်စားလာသည်။ ရန်ကုန်မြို့လိုနေရာမျိုး၌ မတွေ့ဖူးသော. . . . မျိုးကို ဤလို နေရာမျိုး၌ တွေ့ကြုံရတော့မည်။

ခြောက်သွေ့နေသော လယ်ကွင်းပြင်ကို မျက်စိတဆုံး မြင်နေရသည်။ ပြောင်းဖူးတုံးသွားပြီး မိုးဥတုကို ရောက်ခါနီး ကိုင်းများကို အနားပေးထားဟန်တူသည်။

"ဟော. . ဟိုမှာ ဆရာမကြီးထင်တယ်"

"ဆရာမကြီး ဘယ်လဲ"

"ဘွားသိမ်ဖြူတို့ အိမ်လေ"

"လူနာသတင်းမေး ထင်တယ်"

"ဟုတ်တယ်၊ ကိုစိန်ကုလား သွားမယ်"

နှစ်ဦးသား အတူယှဉ်ထိုင်နေသည်ကို သူ့အား နှုတ်ဆက်ဖော်မရဘဲ ထွက်သွားသော ဒေါ်တိုးတက်နှင်းကို မကျေနပ် စိတ်က တိုးသွားရပြန်သည်။

ချစ်သူကို ဆုံးရှုံးခဲ့ပြီး ရောက်လာမှတော့ ရပ်ရွာအကျိုး တတ်နိုင်သမျှ ဆောင်ရွက်သွားရန် ဆုံးဖြတ်လိုက်သည်။

"ကြက်မတွန်လို့ မိုးမလင်းနိုင်ပါဘူး ဒေါ်တိုးတက်နှင်း၊ ကျုပ်ရောက်ပြီးမှတော့ ခင်ဗျားနာမည် ပျောက်ကွယ်စေရမှာပေါ့"

ယှဉ်ပြိုင်ခြင်းဟူသည် ဘာကြောင့်များ ဖြစ်ပေါ်လာရသနည်း၊ ဂုဏ်ရည်တူမှ ယှဉ်ပြိုင်နိုင်သည်ပဲ။

သူနှင့် ဒေါ်တိုးတက်နှင်း ဂုဏ်ရည်တူလို့လား။

ဒေါက်တာအောင်သာ ဒေါ်တိုးတက်နှင်းကို လှမ်းကြည့်





လိုက်သည်။

ဝေးကွာ၍ သွားသည်။ သို့သော် သူမ၏ အလှတရားများကိုဝေဖန်ရင်း အားပါးတရ ချီးမွမ်းပြီး ကျန်ရစ်ခဲ့ကြသည်။

အပြင်အဆင် ရိုးသားသော်လည်း တောမဆန်ဘဲ နန်းဆန်ဆန်လှသော သူမ၏ ကျက်သရေဆောင်အလှကိုတော့ သူ ချီးကျူး အသိအမှတ်ပြုပြီးသားပင်။

သြော်. . . အချင်းရော အဆင်းပါ ပြည့်စုံသည်ပဲ။

လောလောဆယ်တော့ ဆရာမကြီးဟူသော ဂုဏ်ပုဒ်ကို ဆရာလေးဟူသော ဂုဏ်ပုဒ်ကတော့ မကျော်နိုင်သေးသည်မှာ အမှန်ပင်။

"ပြန်မယ်ကိုစိန်ကုလား"

"နေပါဦး ဆရာလေးရဲ့၊ ဆီထမင်းနဲ့ ငါးခြောက်ဖုတ်လေးစားပြီးမှ ပြန်ပါလား၊ ထိုးတုန်း"

"နေပါစေတော့ဗျာ"

"ဘယ်ဟုတ်မလဲ၊ ဒါဖြင့် ကျက်ရင် အိမ်ပို့ပေးထားလိုက်မယ်"

"အားနာစရာကြီးဗျာ၊ များများသာ ပို့လိုက်ပေါ့၊ ဟား ဟား. ."

သူက ရွှတ်နောက်နောက်ပြောပြီး ထွက်ခဲ့သည်။

"ဟင်"

ခရေပန်းကုံးလေး တစ်ကုံးက ကလစ်မည်းလေး တန်းလန်းနှင့် လမ်းပေါ်၌တွေ့လိုက်ရသည်။

ဒေါ်တိုးတက်နှင်းခေါင်းက ပြုတ်ကျခဲ့ခြင်းလား။



www.burmeseclassic.com

www.burmeseclassic.com



စောစောက သူမ၏ ဆံထုံးအက်အက်တွင် လစ်ဟာနေခြင်းကို သူသတိပြုမိလိုက်သည်။ ဟုတ်မှာပါ။

သူကောက်ယူလိုက်သည်။

ထို့နောက် အိတ်ကပ်ထဲ အမှတ်မထင် ထည့်လိုက်မိသည်။

ခရေရနံ့က ရင်ကို အေးမြသွားလေသည်။

"ဟင်"

ဘာကြောင့်များ သူကောက်ထည့်ခဲ့ရသနည်း။

သူ့ကိုသူ နားမလည်။ တစ်နေ့နေ့ ကြုံကြိုက်သည့်အခါ အသုံးဝင်ချင် ဝင်သွားနိုင်သည်။

ဒေါ်တိုးတက်နှင်း၏ ခရေပန်းကုံး မဟုတ်လျှင်ကော။

မဖြစ်နိုင်။ အပ်ချည်ဖြူ အကောင်းစားနှင့် သီထားသော အကုံးရှည်သည် သူမဆံထုံးအက်အက်ကို သုံးပတ်မျှ ပတ်ထားနိုင်သည်။ မနေ့က သူတွေ့ခဲ့သည်ပဲ။

ဇွန်လလယ်၏ နွေအပူသည် သူ့အား ရန်ပြုလျက်ရှိသည်။ ဆေးခန်းနှင့် ကျောင်းသည် သိမ်မကွာလှသဖြင့် သူ ဒေါ်တိုးတက်နှင်း၏ ဂုဏ်သတင်းကို ဖော်ဆောင်နေသော ကျောင်းဝန်းကို လေ့လာရန် ထွက်ခဲ့ခြင်းဖြစ်သည်။

မြင်ရပြီ။

ကျောင်းရှေ့ ပန်းခင်းများအလယ်တွင် ဝင့်ထည်နေသော အလံတိုင်က အောင်မြင်မှုကို ပြသနေသည်။ စည်းရိုး အလုံအခြုံ ကာရံထားသည်။

ကျောင်းဘေး စိုက်ခင်းများ၌ အပင်များ မနှစ်ကကြွင်း





ကျန်နေခြင်းလားမသိ။ ရှိနေဆဲ။

အမှိုက်သရိုက် ကင်းစင်လျက်။

ရေနံချေးဝနေသော ကျောင်းအဆောက်အအုံက မိဘများ၏ စေတနာနှင့် ဆရာမကြီး၏ ဦးဆောင်မှုရလဒ်ပေလား။

မည်သို့ဆိုစေ စံပြကျောင်းလေး ဖြစ်သည်ဟူသော ရွာသားများအဆိုကို မြင်ရုံနှင့် လက်ခံချင်သွားသည်။

ဪ. . . ရေများရာမှာ မိုးမရွာဘဲ မိုးခေါင်ရာ ရပ်ဝန်း၌ ရွာသွန်းပေးသော ဒေါ်တိုးတက်နှင်း၏ မေတ္တာစေတနာမိုးကိုတော့ သူအသိအမှတ်ပြုမိလိုက်သည်။

သို့သော် သူသည် ယောကျ်ားရင့်မကြီးဖြစ်သည်။ ဒေါ်တိုးတက်နှင်းလို မိန်းမသား၏ ဦးဆောင်မှုကိုတော့ သူ မခံနိုင်ပါ။

သူ့ဦးဆောင်မှုနောက်မှသာ ဒေါ်တိုးတက်နှင်း လိုက်ရမည်ဟု. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

လယ်ကွင်းကို ဖြတ်သန်း၍ တိုက်ခတ်လာသော နံနက်အရုဏ်ဦး၏ လေသည် အေးမြ၍ သန့်ရှင်းလဝ်ဆတ်နေသည်။

သူအားပါးတရ ရှူရှိုက်ရင်း လေ့ကျင့်ခန်း လုပ်နေမိသည်။

တစ်နေ့တစ်နေ့ လူနာများအကြား ထိုင်ကာ ကုသနေရသောသူသည် အညောင်းမိနိုင်သဖြင့် နံနက်စောစော၌ ကျောင်းသားဘဝကဲ့သို့ သွေးပူလေ့ကျင့်ခန်းနှင့် အကြောအချဉ်ပြေသော





လေ့ကျင့်ခန်းများ လုပ်သည်။

ပဲခူးမြစ်နှင့် စစ်တောင်းမြစ် ဆက်သွယ်ထားသော ပဲခူးစစ်တောင်းတူးမြောင်း၏ ရေအားကို ထိန်းသိမ်းပေးသော ရေတံခါးသည် ဤတာဝရွာကလေး၌ရှိသည်။ ယခင်က မြို့ဖြစ်ခဲ့ပြီး ယခုတော့ ရွာကြီးတစ်ရွာမျှသာ ဖြစ်နေသော ဤရွာတွင် မြို့ပိုင်ရုံးဟူသော အုတ်ခဲနီနီ အဆောက်အအုံများလည်း တွေ့ရသေးသည်။

ရေတံခါးကို ကျော်ဖြတ်လိုက်သည်။

ရေတံခါးစောင့်က အိပ်ချင်မူးတူးနှင့် သူ့အိမ်ဘက် ပြန်သွားရင်းမှ လှမ်းပြောလိုက်သေးသည်။

"ဘယ်သွားမလို့လဲ ဆရာလေး၊ မြသိန်းတန်စေတီဘက်တော့ မသွားနဲ့နော် ဥစ္စာစောင့်တွေ ပေါတယ်"

"ပေါတော့ ကောင်းတာပေါ့"

"ဗျာ"

"မြင်ဖူးတာပေါ့၊ ချောတယ်လို့ ပြောကြတယ်၊ ဥစ္စာစောင့် မမြင်ဖူးတာနဲ့ အတော်ပဲ. . သွားလိုက်ဦးမယ်"

အစောင့်က ခေါင်းကုတ်ရင်း ကျန်ရစ်ခဲ့သည်။ သူက ပြုံးလိုက်မိသည်။

အလွမ်းဝေဒနာကို ကုစားရန် အကောင်းဆုံး နည်းမှာ အလုပ်လုပ်ခြင်းသာဖြစ်သည်။

ထို့ကြောင့် သူ အားလပ်ချိန်မထားဘဲ အချိန်တို့ကို ကုန်ဆုံးပစ်လိုက်သည်။

ကုန်းမို့မို့လေးပေါ်မှာ စေတီသည် အုပ်ဆိုင်းနေသော



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးများအကြား၌ ထိုးထွက်နေသည်။

"အား"

အသက်ရှူလေ့ကျင့်ခန်း လုပ်လိုက်ရာ မွှေးပျံ့လာသော ရနံ့ကြောင့် သူအားပါးတရရှူရင်း စုံစမ်းလိုက်သည်။

ခရေနံ့နှင့် တောပန်းများ ရနံ့။

"မြသိန်းတန် ဘုရားဆိုတာ ထင်ပါရဲ့"

သူတွေးပြီး စေတီရှိရာ ပြေးတက်ခဲ့သည်။

"ဟင်"

စောစောကလူပြောလိုက်သော ဥစ္စာစောင့်ထင့်။

စေတီရှေ့တွင် ကြုံကြုံကလေးထိုင်နေသော အမျိုးသမီး တစ်ဦး၏ နောက်ပိုင်းအလှကို တွေ့လိုက်ရသည်။

ဆံပင်မှာ ဆံထုံးထုံးထားသည်။ သို့သော် ဆံမြိတ်ရှည်ကြီးက လေအချော၌ နှော့နှော့ကလေး လွင့်ပါးလျက် ရှိသည်။ ဆံထုံး၌ ခရေပန်းကုံးများ နေရာယူထားသည်။ နံ့သာဖြူ အမွှေးတိုင်နံ့၊ ပန်းပေါင်းစုံရနံ့တို့သည် သူ့အား ဆီးကြိုနေသည်။

မှင်တက်၍ ရပ်နေမိသောသူသည် ရုတ်တရက် ကြက်သီးမွေးညှင်းထသွားသည်။

သို့သော် တဒင်္ဂပါ။

အမျိုးသမီး ကိုယ်ပေါ်မှာ အဝတ်အစားသည်။ ယခုခေတ် အဝတ်များသော မာဆတ်အစိမ်းနုရောင်နှင့် ရေနံရောင် ယောချိတ်ဆင်ကလေး ဖြစ်နေသည်။

'မြစိမ်းရောင် မင်းသမီးလေး' ဟု သူတင်စားလိုက်ရင်း ပြုံးလိုက်မိသည်။ ဤကိုယ်နေဟန်ထားမျိုးကို သူမှတ်မိလေပြီ။





ဆရာမကြီး ဒေါ်တိုးတက်နှင်းမှာအပ မည်သူမှ မဖြစ်နိုင်၊ နောက်ကျောမြင်ရုံနှင့်၊ ခရေပန်းကုံး မြင်ရရုံနှင့် သူ့ဆုံးဖြတ်ချက် အပီအပြင် မချွချွင်သေးပါ။

ထို့ကြောင့် ဘေးတိုက်အနေအထား မြင်သာအောင် ညင်သာစွာ ရွေ့လျားလိုက်သည်။ ဟုတ်ပါသည်။ ဒေါ်တိုးတက်နှင်း စိပ်ပုတီးကလေးကို လက်နှစ်ဖက်နှင့် ကိုင်ကာ မျက်လွှာချ အာရုံပြု စိပ်နေဟန်တူသော သူမသည် တစ်လောကလုံးကို မေ့လျော့ထားဟန်တူသည်။

စေတီရှေ့၌ ဖယောင်းတိုင်ငါးတိုင်နှင့် ပန်းအိုးတစ်လုံး၌ နှင်းဆီပန်းရောင်စုံ ဝေဆာစွာ ကပ်လှူထားသည်။ အမွှေးတိုင်တစ်ထုပ်လုံး ထွန်းညှိထားဟန်တူသည်။ မွှေးပျံ့ထုံသင်းလျက်ရှိသည်။ သူ့ရင်ထဲ၌ အမည်အဖော်နိုင်သော ဝေဒနာတစ်ရပ် ခံစားလိုက်ရသည်။

တစ်ကိုယ်လုံး ချွေးများရွှဲနစ်နေသော သူ့တစ်ကိုယ်လုံး အေးစက်သွားသည်။

ဘယ်ပန်းပုဆရာမှ မီအောင်ထုနိုင်မည် မထင်သော အလှတရားတို့ စုဝေးရာ ဒေါ်တိုးတက်နှင်းသည် ကျောက်ဆစ်ရုပ်အလား ငြိမ်သက်လျက်ရှိသည်။

"ဟင်"

ထိတ်လန့်မှုဖြင့် သူ့နှုတ်မှ အာမေဍိတ် ထွက်သွားသည်။ ဒေါ်တိုးတက်နှင်းနှင့် မလှမ်းမကမ်း၌ အန္တရာယ်တစ်ခုကို သူ တွေ့လိုက်ရသည်။

"ရှီး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်. . ."

သူ့လုပ်ရှားမှုက မြန်ဆန်ပါသည်။ သို့သော် မြွေက ပိုမြန်သည်ထင်ပါ၏ မြွေကိုမထိဘဲ ပျောက်ကွယ်သွားသည်။ သူ၏ ဂျပန်ပြည်လုပ် ဓားလေးသည် ပက်ကြားအက် အင်္ဂတေကြားစိုက်ကာ လက်ကိုင်လေး လှုပ်ယမ်းကျန်ရစ်လေသည်။ သူပဲ လက်မတည့်ခြင်းပေလား။

ဒေါ်တိုးတက်နှင်း ဘုရားဦးချလိုက်သည်။

အာရုံပျက်သွားသည်ထင့်။

သူ ဓားကို သွားယူသိမ်းဆည်းရင်း မြွေကို ဝေ့ဝိုက်ကြည့်ကာ ရှာဖွေမိသည်။ စုံးစမြုပ်စ ပျောက်ကွယ်သွားလေပြီ။

"ဘာဖြစ်လို့ ပစ်လိုက်ရတာလဲ ဒေါက်တာ"

"ဗျာ"

ဒေါ်တိုးတက်နှင်းကို သူတအံ့ တသြကြည့်မိသည်။

မျက်လွှာချထားသော သူမသည် သူမြွေကို ဓားနှင့်ပစ်ပေါက်လိုက်တာ မြင်သည်လား။

"ဩော် မြွေကို ဘာဖြစ်လို့ ဓားနဲ့ ပစ်လိုက်ရတာလဲလို့ ကျွန်မမေးနေတာပါ"

သူမကတော့ ထုံစံအတိုင်း ခပ်အေးအေးလေး မေးခွန်းထုတ်လေပြီ။ သူကျွဲမြီးတိုသွားသည်။

"မြွေဆိုတာ အလှမွေးသတ္တဝါ မဟုတ်ဘူးလေဗျ၊ အမိကို ပေါက်သွားရင် ဘယ့်နှယ်လုပ်မလဲ"

စိတ်ပေါက်ပေါက်နှင့် ဘုတောလိုက်မိသည်။

သူက စိတ်တိုသွားသလောက် သူမကတော့ အေးဆေး





စွာပင်။

"ကျွန်မကို မပေါက်ပါဘူး"

"ဗျာ"

အံ့အားသင့်မှုများကို သူဗိုင်ခံ ကန်ထရိုက် ဆွဲထားမိပြီလား။

"ဒီနေရာက မြွေအင်မတန်ပေါတာ၊ ပေါက်ချင်ရင် ကျွန်မ သေတာကြာလှပြီပေါ့၊ မပေါက်လို့ ဒေါက်တာနဲ့ တွေ့ရတာလေ. . အဟင်း ပေါက်သွားလဲ ကိစ္စမရှိပါဘူး"

"ဗျာ"

ထပ်မံအံ့သြရပြန်ပြီ။

"ဩော်. . လူဆိုတာ သေမျိုးပဲ ဒေါက်တာ၊ မွေးဖွားလာကတည်းကစပြီး သေခြင်းတရားဆိုတဲ့ နောက်ဆုံးမှတ်တိုင်ကို လျှောက်လှမ်းနေကြတာပဲ မဟုတ်လား၊ သေခြင်းတရားကို ကြောက်လန့်ဖို့ မလိုပါဘူး၊ အသေတတ်ဖို့ပဲလိုတယ်၊ သေကာနီးခံ့လမ်းမှုတဏှာတွေ ဖြတ်တောက်နိုင်ပြီး ပြုပြုခဲ့ပြီးသမျှ ဒါန၊ သီလ၊ ဘာဝနာကို အာရုံပြုနိုင်ဖို့ပဲ လိုပါတယ်၊ ဒါကြောင့် ခုလိုခိုန်မျိုး ကျွန်မသေသွားရမှာကို မကြောက်ဘူး၊ မြွေနဲ့သေဖို့ကံပါလာတဲ့သူဟာ မြွေနဲ့သေမှာပါ၊ ကျွန်မက မြွေနဲ့ မသေပါဘူး"

ထူးဆန်းသော အမျိုးသမီးဟု သူမှတ်ချက်ချလိုက်သည်။ ရင့်ကျက်ခြင်းကို ဆောင်နေသည်။ မသိသေးသော အကြောင်းအရာများကို သူမသိနေသည်။ ဆင်ခြင်အားထုတ်နိုင်သည်။

"တယ်ဟုတ်ပါလား၊ အနာဂတ်ကို ကြိုမြင်တဲ့ နက္ခတ္တ



www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်ပေါ့၊ ကိုယ် ဘာနဲ့သေမှာကို သိနေတယ်ဆိုတော့. . အဟင်းဟင်း"

သူရင်တွင်း အံ့ဩမှုများကို ဖုံးကွယ်သောအားဖြင့် လှောင်ပြောင်စကားကို ခပ်ပေါ့ပေါ့ ဆိုလိုက်မိသည်။

"မရိပါနဲ့ ဒေါက်တာ၊ ဒါပေမယ့် အကြောင်းတရားပေါ် အခြေခံပြီး အကျိုးတရားဟာ ဖြစ်ပေါ်လာတတ်တာပဲ၊ ဘ၀ဆိုတာ တိုတိုလေးပဲ၊ အတိတ်နဲ့ ပစ္စုပ္ပန်မှာ ဖြစ်ပေါ်နေတဲ့ အကြောင်းတရားကို ခန့်မှန်းလို့ရပါတယ် ဒေါက်တာ"

ဒေါက်တာအောင်သာ တွေဝေသွားသည်။ သူလိုပညာတတ်တစ်ယောက်ပင်လျှင် ဒေါ်တိုးတက်နှင်းစကားကို မနည်းစဉ်းစားယူရသည်။ ဒဿနိကနှင့် ကျောင်းပြီးသည် ထင်ပါရဲ့ဟု စဉ်းစားလိုက်သည်။

ဒေါ်တိုးတက်နှင်းက ကြိမ်ခြင်းလေးထဲသို့ ဂျပ်ခုတ်ရက်ထားသော ရောင်စုံစောင်လေးကို သေသပ်စွာ ခေါက်ထည့်လိုက်၏။ နောက်. . ပုတီးလေးကို ကတ္တီပါအိတ်ရှုံ့လေးထဲ ထည့်ပြီးမှ ခြင်းထဲထည့်လိုက်သည်။ သူမ၏ လှုပ်ရှားမှုများမှာ အေးဆေးပြီး နူးညံ့သေသပ်နေသည်။

"ဒေါက်တာ မပြန်သေးဘူးလား၊ ဘုရားဖူးလာတာတော့ မဟုတ်တန်ပါဘူးနော်"

အားကစားဝတ်စုံနှင့် သူ့ကိုကြည့်ပြီး မေးခွန်းထုတ်လိုက်သည်။ ပြီးမှ ပုဆစ်တုပ် ထိုင်နေရာမှ ညင်သာစွာ ထလိုက်သည်။ ခြေကျင်မှုမရှိပါလား နူးညံ့သိမ်မွေ့ ညင်သာလွန်းနေသည်။

"ကျွန်မ မေးနေတယ်လေ ဒေါက်တာ"





"သွေးပေါင် ချိန်ကြည့်ရအောင်"

"သက်သာနေပါပြီ"

သူ့ကုသမှုကို မခံယူလိုသော သဘောဖြစ်သည်။ ထိုင်နေရာမှ ရွေ့လျားမှုမရှိ၊ မျက်နှာမှာလည်း ငြင်းဆန်ရိပ်များ သန်းနေသည်။

"ဒါဖြင့်လည်း ပြီးတာပဲ"

"စိတ်မရှိပါနဲ့ ဒေါက်တာ၊ ကျွန်မ တကယ်ကို သက်သာသွားပါပြီ"

"ရပါတယ်၊ ဒါထက် ကျွန်တော်နဲ့ တွေ့ချင်တဲ့ကိစ္စက"

"ရွာထဲမှာ ကန်တစ်ကန် တွေ့တယ်မဟုတ်လား ဒေါက်တာ"

"အင်း သတိပြုမိပါတယ်"

"အဲဒီကန်ဟာ ကောသလိုဖြစ်ပြီး အမှိုက်သရိုက်တွေနဲ့ ညစ်ပတ်နေတယ်၊ အဲဒါ ကျန်းမာရေးအတွက်လည်း ထိခိုက်နိုင်တယ်၊ ပြီးတော့ ကောသွားရင် နွေရာသီအတွက် ရေရှားသွားနိုင်တယ်၊ အဲဒါ ဒေါက်တာကပဲ လူငယ်အချို့ကိုစည်းရုံးပြီး သန့်ရှင်းရေး လုပ်အားပေး ဆည်ပေးဖို့ပါ"

သူစဉ်းစားရပြီ။

"ဒေါ်တိုးတက်နှင်းက မစည်းရုံးနိုင်ဘူးလား၊ တစ်ရွာလုံး အမိဩဇာ ညောင်းနေတာပဲ"

"အခြားအလုပ်တွေတော့ လွယ်ပါတယ်၊ ဒါပေမယ့် လူတွေမှာရှိနေတဲ့ အယူဝါဒအစွဲအလမ်းကို ပျက်အောင်စည်းရုံးရ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ နေရာမှာတော့ အခက်အခဲတစ်မျိုးပဲလို့ ကျွန်မထင်တယ်"

"ဘယ်လိုအယူဝါဒလဲ"

"ဒီကန်ဟာ အစောင့်ရှိတယ်၊ အစောင့်က သူ့ကန်ကို ဆည်တာမကြိုက်ဘူး၊ ဆည်ဖို့ကြိုးစားတဲ့နှစ်ဆိုရင် လူစားတော့တာပဲတဲ့လေ၊ ငြင်းဆန်ကြတယ်၊ ကျွန်မကိုတောင် ပြောလိုက်သေးတယ်၊ ဆည်ဖို့ မကြိုးစားနဲ့၊ ကြိုးစားတဲ့သူဆိုရင် ဖျားနာပြီး ခိုက်တတ်တယ်လို့တော့ မစည်းရုံးဖို့ ဟန့်တားကြသေးတယ်"

"ဪ ရွာတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အစွဲအလမ်းမျိုးတွေထင်ပါရဲ့၊ ရောက်ကတည်းက ကြားနေရတယ်၊ ဥစ္စာစောင့်တို့ သိုက်ဆက်တို့၊ သရဲမွေးတာတို့နဲ့ ရွာသူဖမ်းစားတာတို့ ရှုပ်နေတာပဲ၊ မနေ့က ငှက်ဖျားကြောင့် အဖျားကြီးဖျားပြီး ကယောင်ကတမ်း ပြောတာကိုလဲ ရွာသူဖမ်းစားလို့ဆိုပြီး အောက်လမ်းဆရာနဲ့ကုတာ၊ ပြောသံကြားတာနဲ့ ကျွန်တော်လိုက်သွားကြည့်မိတယ်၊ ငှက်ဖျားနဲ့ ဖျားနေတဲ့လူနာကို ရိုက်တော့ မေ့မြောသွားတာကို ပျောက်ပြီထင်ပြီး၊ သတိလည်လာပြီး အဖျားတက်ချိန်ပြန်တက်တော့ မျက်လုံးပြူးနေကြတယ်၊ ကျွန်တော်လဲ အချိန်ကိုဂရုစိုက်ပြီး ငှက်ဖျားတက်ကာနီးအချိန်ကို ဆေးကြိုတိုက်ဖို့ ကိုယ်တိုင်ဂရုစိုက်ရတယ်၊ တော်ကြာ ဆရာလေးပါ လက်လျော့လိုက်ရတယ်၊ ညနေပိုင်း ရွာသူဖမ်းစားတယ်ဆိုတာ ဟုတ်မှာလို့ အယူဝါဒအစွဲ ပိုကြီးသွားမှာစိုးလို့ ပိုဂရုစိုက်ရတယ်လေ၊ ငှက်ဖျားတို့ တိုက်ဖွိုက်တို့ဆိုတာ အခက်သား၊ ညနေပိုင်းမှာ အဖျားတက်တတ်ကြတာ များတယ်မဟုတ်လား"

သူ့အတွေ့အကြုံကို ရှည်လျားစွာ ရှင်းပြလိုက်မိသည်။





"ဟုတ်တယ် ဒေါက်တာ၊ သူတို့အစွဲအလမ်းကန်ကလည်း မြတ်စေညီနောင်ဘုရားနားမှာ ရှိတယ်၊ လွန်ခဲ့တဲ့ နှစ်ခြောက်ဆယ်လောက်က ဒီကန်ကို ဆရာကြီးဦးမောင်တင်နဲ့ ဆရာဦးမောင်ရှင်၊ ဦးမောင်ခင်တို့ ညီအစ်ကိုတွေဦးစီးပြီး ကန်ကို တူးဖော်ခဲ့တာ တူးဖော်ပြီး တစ်လလောက်ဆိုလား၊ ရက်ကိုတော့ အတိအကျ မပြောပြတတ်ဘူး၊ ကန်ဘက်က မြင်းဟီသံကြီးက တစ်ရွာလုံး တုန်ဟည်းသွားတာပဲတဲ့၊ သွားကြည့်တော့လဲ ဘာမြင်းမှ မတွေ့ရဘူးလို့ပြောတာပဲ"

"ရွာတွေမှာ ဖြစ်ပေါ်လေ့ရှိတဲ့ ဒဏ္ဍာရီတွေပေါ့၊ ဒါထက်အဲဒီဆရာကြီးတို့ ညီအစ်ကိုတွေကော အခုရှိသေးသလား"

"ရွာမှာတော့ မရှိတော့ဘူး၊ ဂျပန်ခေတ်အပြီး ရန်ကုန်မြို့ ဆက်ပြီး အခြေချတယ်လို့ပြောတာပဲ"

"ဪ ဒါဖြင့် ကန်ကိုစတင်တူးခဲ့တဲ့ ဆရာကြီးတွေဘာ အထိအခိုက်မရှိဘူးဆိုတာ သူတို့ကို ရှင်းပြလိုက်ရင်ရမှာပါ။ ရေတွင်းတူး ရေကန်အသစ်တူးဖော် အဟောင်းကိုဆည်ဖို့အတွက်ပဲလေ၊ ကျွန်တော်စည်းရုံးပြီး လုပ်ဆောင်ပေးပါ့မယ်၊ စိတ်ချလက်ချသာနေ"

"ဝမ်းသာပါတယ် ဒေါက်တာ၊ ခေတ်ပညာတတ် လူငယ်တစ်ယောက် ဒီရွာမှာ တိုးလာတာ ကျွန်မတော့ အလွန်အမင်းဝမ်းသာပါတယ်၊ အားလည်းရှိသွားတာ အမှန်ပါပဲ၊ ကျွန်မလိုအပ်တာရှိရင်လည်း ညွှန်ပြပေးပါ ဒေါက်တာ"

ဒေါက်တာအောင်သာ သူ့လိပ်ပြာ မလုံမလဲ ဖြစ်သွားသည်။ မိမိက မလိုစိတ်နှင့် အနှစ်မရှိတဲ့တောမှာ ကြက်ဆူပင်



www.burmeseclassic.com

www.burmeseclassic.com



မင်းမှုတယ်ဟု စွဲချက်တင်ထားခဲ့သလောက် သူမကတော့ ကိုယ့်ကိုယ်ကိုယ်နှိမ့်ချကာ မာနမထားရှာပါလား။

"ဘယ်ဟုတ်မလဲဗျာ၊ ဆရာမကြီးက အရင်ရောက်နေပြီ ဒီရွာရဲ့အကြောင်းကို သိနေပြီဆိုတော့ ဆရာမကြီးကသာ လမ်းညွှန်ပေးရမှာပါ၊ ရပ်ရွာအတွက် ပညာရေးတာဝန်ယူတဲ့ဆရာမကြီးနဲ့ ကျန်းမာရေးတာဝန်ယူတဲ့ ကျွန်တော်တို့ဝန်ထမ်းခရီးသည် အချင်းချင်း နားလည်မှုယူပြီး လက်တွဲဆောင်ရွက်ကြတာပေါ့ဗျာ"

"သြော် စကားကောင်းနေလိုက်တာ ဒေါက်တာဘာမှ စားခဲ့ပြီးပုံ မရသေးဘူး၊ ထမင်းသုံးဆောင်သွားပါဦး၊ ဒေါ်ရွှေအရေ ထမင်းပွဲပြင်လိုက်ပါ"

"နေနေ ဆရာမကြီး၊ ကျွန်တော်ထမင်းစားအိမ်က ချက်ထားတာတွေ အလကား ဖြစ်ကုန်မယ်"

"ဒါဖြင့်လည်း လက်ဖက်လေးနဲ့ ရေနွေးကြမ်းလေး သုံးဆောင်သွားပါဦး"

လက်ဖက်အစ်နှင့် ရေနွေးဇန်းကို သူ့ရှေ့သို့ တိုးပေးလိုက်သည်။ ထိုအခါ ဒေါ်တိုးတက်နှင်း၏ ဖယောင်းအသွင်နုနယ်ပျော့ပျောင်းသော လက်ချောင်းကလေးများပေါ်တွင် အကြောစိမ်းလေးများ ယှက်သန်းနေမှုကို သတိပြုမိရာမှ လက်ညှိုးမှ ပတ်တီးထူထူကို မြင်ရသောအခါ. .

"လက်က ဘာဖြစ်သွားတာလဲ"

"ဆူးစူးသွားတာပါ"

"ဆူးစူးတာ"





ဒေါက်တာ အောင်သာသည် ဟန်မဆောင်နိုင်ဘဲ စကားသံယောင်လိုက်ပြီး ရယ်မောလိုက်သည်။

"အဟင်းဟင်း၊ ဗန္ဓုလနဲ့ အမျိုးတော်တယ်ထင်တယ်၊ ပတ်တီး ဘယ်နှစ်လိပ် ကုန်သွားသလဲ"

ဒေါ်တိုးတက်နှင်းက ဘာမှမပြောဘဲ ပြုံးပြုံးကလေးနှင့်. . .

"လက်ဖက်မြည်းကြည့်ပါဦး"

"စိတ်ချ လက်ဖက်ကောင်းကောင်း မစားရတာ ကြာနေပြီ၊ ဒီရောက်ကတည်းက ဆိုပါတော့"

"ကျွန်မအိမ်ကတော့ လက်ဖက်မပြတ်ဘူး ဒေါက်တာ"

"ဒါဖြင့် ဆရာမကြီးအိမ်ပဲ အမြဲလာရမလို ဖြစ်နေပြီ"

"ကျွန်မ အမြဲပို့ခိုင်းပေးပါ့မယ်"

အမြဲလာစရာ မလိုဘူးဟု တိုက်ရိုက်မပြောဆိုချင်၍ သွယ်ဝိုက်စကား ဆိုလိုက်ခြင်းဖြစ်ကြောင်း ဒေါက်တာအောင်သာ သိလိုက်ပါသည်။ ပုစွန်ခြောက်နိုင်းချင်း၊ ဆီရွှဲရွဲနှင့် လက်ဖက်အသားကိုပင်စား၍ ခံတွင်းတွေ့နေရာ သူ့လက်က မချနိုင်တော့၊

"လက်ဖက်အမြဲတော့ မပို့ခိုင်းပါနဲ့ လေထိုးနေပါ့မယ်၊ ဆရာမကြီးလည်း နေ့တိုင်းမစားနဲ့ လက်ဖက်က မိန်းမတွေနဲ့ ပိုမတည့်တတ်ဘူး"

"ကျွန်မ သိပ်မစားပါဘူး၊ ဒေါ်ရွှေအက သိပ်ကြိုက်တာ"

"သြော်"

ဒေါက်တာအောင်သာ မပြန်ချင်သေး၊ မျက်နှာလှလှလေးကြည့်ရင်း လက်ဖက်စားရေနွေးသောက်နှင့် နှာမင်းစည်း



www.burmeseclassic.com

www.burmeseclassic.com



စိမ်တွေ့နေသည်။

"နှင်းဆီပန်းတွေက လှတယ်နော်"

"ဒေါ်ရွှေအလက်ရာတွေလေ"

"အိမ်လေးက နေချင်စရာလေးဗျာ၊ ကျွန်တော်အခန်းနဲ့တခြားစီပဲ"

"ဒေါက်တာက အိမ်ရှင်မမှ မခေါ်လာဘဲ"

"ခေါ်လာစရာမှ မရှိဘဲကိုဗျာ၊ ဟောက်စ်ဆင်းပြီးတာနဲ့ ဒီကို တန်းလာတာပဲ"

"ဒါကြောင့် ဒေါက်တာက ငယ်ငယ်ကလေး ရှိသေးတာကိုး"

နှစ်ဆယ့်လေးနှစ်ပြည့်ပြီးသားသူ့ကို ငယ်ငယ်ကလေးရှိသေးသည်ဆိုတော့ သူမအသက် ဘယ်လောက်ကြီးနေလို့လဲဟု မေးလိုက်ချင်သည်။

"ဆရာမကြီး. . ဆရာမကြီး"

"ရှင် ဘယ်သူတွေလဲ လာခဲ့လေ"

"ဆရာလေး လာသလားလို့"

"ကျွန်တော်ရှိတယ်၊ ဘယ်သူလဲ ဘာဖြစ်လို့လဲ"

ရေးကြီးသုတ်ပျာနိုင်သော အသံကြောင့် ဒေါက်တာအောင်သာကထကာ ပြတင်းပေါက်မှ လူလုံးပြလိုက်သည်။

"ကိုနိုင်အေး တံစဉ်ထိသွားလို့အဲဒါ"

"ဘယ်မှာလဲ"

"ဆေးခန်းမှာ စောင့်ခိုင်းထားတယ်"

"လာမယ် ဆရာမကြီး ကျွန်တော်ပြန်ဦးမယ်၊ ဘာပြော





စရာရှိသေးလဲ"

"ခုနေတော့ ဘာမှမရှိတော့ပါဘူး"

သူပြုံးပြပြီး ခပ်သွက်သွက်လေး ထွက်ခဲ့သည်။ ထိုအခါ ဒေါ်တိုးတက်နှင်းသည် ခြံဝအထိ လိုက်ပါပို့ဆောင်ပေးပြီး ကျန်ရစ်ခဲ့သည်။

သူ့ရင်ထဲ တစ်မျိုးကြီးခံစားလိုက်ရသည်။

သူမကို ထားခဲ့ရခြင်းကပင်လျှင် သူ့အား နောက်ဆံငင်ခြင်း ဖြစ်ပေါ်ခြင်းပေလား။

www.burmeseclassic.com





# အခန်း(၇)

"ဘယ်လဲ ဆရာမကြီး"

"စာတတ်မြောက်ရေးသင်တန်းလေ"

"ဟုတ်လား၊ ဘယ်တက္ကသိုလ်က လာကြသလဲ . . ကျွန်တော်လဲ မသိလိုက်ပါလား"

"နိုင်ငံတော်က ဖွင့်ပေးခဲ့တာကြာပြီပဲ၊ ခု တက္ကသိုလ်တွေကလည်း ပိတ်ထားတာပဲလေး . . ဘယ်သူကမှ လာမသင်ပါဘူး ကျွန်မနဲ့ဆရာမတစ်ဦးက စေတနာ့ဝန်ထမ်း လုပ်အားပေးနေ





တာ"

"သြော် . . ဘယ်မှာလဲ"

"ကျောင်းမှာပဲ၊ သင်ထားပြီး ဆရာတွေလည်း ပြန်သွားရော အလေ့အကျင့်လဲ မလုပ်ကြတော့ မေ့ကုန်ကြတယ်လေ၊ အဲဒါနဲ့ စာတွေပြန်နွှးပေးရင်း မတတ်သေးတဲ့သူတွေကိုပါ သင်ပေးရတာပါဒေါက်တာ"

ဒေါက်တာအောင်သာ ဒေါ်တိုးတက်နှင်းကို အထူးအဆန်းသဖွယ် ကြည့်မိသည်။

"အားချိန်ကော ရှိရဲ့လား၊ ဆရာမကြီးရယ်"

"လူ့ဘဝဆိုတာ တိုတိုလေးပဲ ဒေါက်တာရယ်၊ မသေခင်စပ်ကြား လုပ်သင့်လုပ်ထိုက်တာလေးတွေလုပ်သွားမှ လူဖြစ်ရကျိုးနပ်တော့မှာပေါ့၊ သေသွားတဲ့အချိန်ကစပြီး အနားရပြီပဲ၊ မဟုတ်ဘူးလားဒေါက်တာ၊ ကိုင်း ကျွန်မသွားတော့မယ်"

"နေဦးလေ ကျွန်တော်ပါလိုက်ခဲ့မယ်၊ ကျွန်တော်လည်း အားနေလို့ ပျင်းတာနဲ့ဗျာ"

"ဒါဖြင့်လည်းလာလေ"

"သြော် . . ခဏ"

သူ့အခန်း အံဆွဲထဲတွင် ထည့်ထားသော ခရေပန်းကုံးခြောက်ကလေးကို ထုတ်ယူလိုက်သည်။

ပန်းခြောက်သည် သူ့မအတွက် ဘာအသုံးဝင်တော့မည်နည်း။ ပေးရအခက် . . သို့သော် . . .

"တစ်နေ့က ရွာလယ်လမ်းမှာ ကျကျန်ရစ်ခဲ့တဲ့ပန်းကုံးလေ၊ ဆရာမကြီးပန်းပဲထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် . . ကျေးဇူးပါပဲ"

ပန်းခြောက်ကလေးကို လှမ်းယူကာ ပိုက်ဆံအိတ်ထဲ ထည့်လိုက်သည်။ အေးဆေးသော အမူအရာလေးက အမြင် အေးစေသည်။

ပန်းနုရောင် လက်ရှည်လေးနှင့် နှင်းဆီရောင်ယော ချိတ်ကလေး ဝတ်ဆင်ထားသည်မှာ ကျက်သရေရှိနေသည်။ ကတ္တီပါဖိနပ် ကြက်သွေးရောင်လေး စီးထားသည်။ ဆံပင်ကို ဆံထုံးထုံးထားသည်။ ခရေပန်းကုံးလေးက ရှိနေဆဲပင်။

အိမ်မှာတွေ့စဉ်ကသာ ဆံပင်ရှည်ကြီးကို လက်ကိုင်ပဝါ နှင့် စည်းနှောင်ထားသည်။ အပြင်ထွက်သည့်အခါ ဆံထုံးနှင့် ထွက်လေ့ရှိသည် ထင်ပါရဲ့ဟု သူတွေးတောလိုက်မိသည်။

အကျည်းတန်များပင် လှတတ်သဖြင့် အကျည်းတန်လှ ချိန်ဟု တင်စားရသော အချိန်မျိုးဖြစ်၍ အလှပေါင်းစုံ စုဝေးနေ သော ဒေါ်တိုးတက်နှင်း အလှကိုတော့ မီသူမရှိနိုင်ဟု သူထင်နေ သည်။

ဘေးတိုက်ကြည့်လဲ လှနေသည်။ ရှုတိုင်းယဉ်သည့် မမ ချောကို တစိမ့်စိမ့် အကြည့်ကောင်း၍ ခလုတ်ပင်တိုက်မိသည်။

ကျောင်းထဲဝင်လာသောအခါ မီးခွက်မီးအိမ်များ ထွန်း ညှိကာ အသင့်စောင့်နေသော ဆရာမကြီး တပည့်ကျော်များကို တွေ့ရသည်။ သက်ကြီးရွယ်အိုများ . . .

"ကျွန်မပြောတာ မကြားဘူးလား ဒေါက်တာ"

"ဗျာ . . ဘာပြောလိုက်သလဲ"

သူမ၏အလှတရား၌ နစ်မျောနေခြင်းကြောင့် အကြား





အာရုံကို မေ့လျော့သွားသည်ထင်ပါသည်။

"ဒေါက်တာကော စာကူသင်ပေးမလားလို့"

"မလုပ်ပါနဲ့၊ လူနာဘယ်လောက်များများ မအိပ်ဘဲနဲ့ ကုပေးနိုင်ပါတယ်၊ စာသင်ပေးရမှာလောက် စိတ်ပျက်စရာ ကောင်းတဲ့အလုပ် ရှိပါ့မလား၊ ကျွန်တော်စိတ်မရှည်တတ်ဘူး"

"အင်းလေ လူတစ်ကိုယ် ဝါသနာတစ်မျိုးပဲ"

တပည့်ကျော်များက သူတို့ဆရာမကြီးကို မြင်သည်နှင့် ဆီးကြိုနှုတ်ဆက်သည်။

"ဆရာမကြီး မနေ့က နေမကောင်းဘူးဆိုလို့ . . ဒီနေ့ လာနိုင်ပါ့မလားလို့ စိုးရိမ်နေတာ"

"ကျုပ်တို့တောင် မလာတော့ဘူးလုပ်နေတာ၊ ဦးသံဒိုင် ကြီးက လာမှာဆိုပြီး အတင်းလိုက်ခေါ်လို့လာခဲ့ရတာ"

"လာမှာပေါ့ အစီးတို့ရယ်၊ ကျွန်မအိပ်ရာထဲက ထနိုင် တော့ လာမှာပေါ့၊ ဒါထက် ဒေါ်ဝါဂွမ်းတို့အုပ်စုကော မ ရောက်သေးဘူးလား"

"လာမှာပေါ့ သူတို့အုပ်စုက ဘယ်တုန်းကများ စော စောက်ဖူးလို့လဲ"

"သူတို့ စောရောက်ရင် အရိမေတ္တာယျ မြတ်စွာဘုရားရှင် ပွင့်မယ်တော့"

ကွမ်းချိုးများ တက်နေသော သွားရဲရဲကြီးများ ပေါ်သည် အားပါးတရပြောဆိုသဘောကျနေကြသော သက်ကြီး လယ်သူမကြီးများကိုကြည့်ကာ ဒေါက်တာအေးသော တက်နှင်းကို ချီးမွမ်းမိသည်။ တော်တော် စိတ်ရှည်ရမည့်

www.burmeseclassic.com



အလုပ်ပင်။

"ကဲ. . နောက်ကျတဲ့သူတွေကို ဆရာမလေး ဒေါ်စံပယ် သင်ပေးလိမ့်မယ်၊ ဦးကြီးနဲ့ဒေါ်ကြီးတို့က မနေ့က ကျွန်မသင်ပေးထားတဲ့ စာကြောင်းလေးတွေ ပြန်ဖတ်ကြည့်ပါဦး"

ဒေါ်တိုးတက်နှင်းက လက်ပံပင်ဆက်ရက်ကျ အုပ်စုကို ငြိမ်သက်သွားစေရန် အာရုံပြောင်းလိုက်သည်။

"နေပါဦး ဆရာမကြီးရဲ့၊ ကျုပ်စာအုပ် ဘယ်ရောက်သွားပါလိမ့်"

"ဟဲ့. . ညည်းပေါင်ပေါ်မှာကော"

"ဩော် ဟုတ်သားပဲ၊ မေ့သွားလို့ပါအေ"

"မိုးရွာတုန်း ရေခံပါ"

"လသာတုန်းဗိုင်းငင်ပါ"

ဒေါက်တာအောင်သာသည် အပြုံးမြမြလေးနှင့် စိတ်ပါလက်ပါ စာသင်ပေးနေသော ဒေါ်တိုးတက်နှင်း၏ လှုပ်ရှားမှုများကို ပြတင်းပေါက်ပေါင်ပေါ်တွင် ထိုင်ရင်း ငေးကြည့်မိသည်၊ ဘယ်လိုကြည့်ကြည့် မျက်စိထဲအေးမြကာ တစ်သက်လုံးထိုင်ကြည့်၍ မရိုးနိုင်သော အလှဆိုသည်မှာ ဤအလှမျိုးကိုခေါ်သည်ထင်ပါရဲ့ဟုလည်း တွေးမိသည်။

"ကဲ. . ဆိုလို့ရသွားရင် ရေးကြည့်ရအောင်၊ ဖြည်းဖြည်းနဲ့ မှန်မှန်ရေးနော်"

နောက်မှ ရောက်လာသော အဒေါ်ကြီးသုံးဦးကို ဆရာမလေးဒေါ်စံပယ်က သင်ကြားပေးနေသည်။ ဒေါ်စံပယ်သည်လည်း စံပယ်ပန်းလေးလိုပင် ဖြူဖြူသေးသေးလေးနှင့် ကလေး





တစ်ဦး ဆရာမလုပ်တန်း ကစားနေသည်နှင့် တူနေသည်ဟု သူထင်မိပြန်သည်။

"လာပါဦး ဆရာမကြီး၊ ကျုပ်ဒီစာလုံး ဖတ်မရတော့လို့"

"ခဏလေး ဒေါ်ကြီး"

ဒေါ်တိုးတက်နှင်း မအားသေး၊ သူမအနားမှ အဘွားအိုစာလုံးပေါင်းသည်များကို ပြင်ပေးရသဖြင့် လှမ်းခေါ်သည့်ဆီသို့ မလာနိုင်သေး။

ဒေါက်တာအောင်သာ မနေသာတော့။

"ဘယ်စာလုံးလဲ ဒေါ်ကြီး"

သူ့အမေးကို မယုံကြည်နိုင်သော မျက်လုံးနှင့်ကြည့်တာ. . .

"ဆရာလေးကသိလို့လား"

"ဟောဗျာ. . သိပါတယ် ပြပါဦး"

မယုံသလိုမျက်လုံး ဖြင့်ကြည့်ရင်းမှ. . .

"ဒီစာလုံး ဆရာလေး၊ ဟောသည် မအပေါ်ကအလုံးကို ဘယ်လိုခေါ်သလဲ"

မယုံတစ်ဝက်ယုံတစ်ဝက်ဖြင့် မေးလိုက်ဟန်တူသည်။ ဒေါက်တာအောင်သာ ရယ်ချင်သွားသည်။

"လုံးကြီးတင်လို့ခေါ်တယ်၊ မရေ လုံးကြီးတင် မိလေ ဒေါ်ကြီး"

"ဟုတ်ရဲ့လား ဆရာမကြီး၊ ဆရာလေးပြောတာ ဟုတ်ရဲ့လား"

အနားသို့ရောက်လာသော ဒေါ်တိုးတက်နှင်းကိုလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ရာ ဒေါက်တာအောင်သာပြုံးလိုက်မိသည်။ ရိုးသားသော တောသူတောင်သားများကို စိတ်ဆိုးရခက်ပါလား၊

“ဟုတ်တာပေါ့ဒေါ်ကြီးရဲ့၊ ဆရာလေးက ပညာတွေအများကြီးတတ်တာပဲ၊ ကျွန်မထက်တောင် ပညာတော်တယ်၊ နောက်ဆိုရင် ဆရာလေးပြောတာကို လက်ခံနော်”

“သိပါဘူးအေ၊ ကျုပ်တို့ကဆရာလေးက ဆေးပဲကုတတ်တယ်၊ စာမသင်တတ်ဘူး အောက်မေ့လို့”

ဒေါက်တာအောင်သာ အသံထွက်အောင် ရယ်မောမိလိုက်သည်။ မိမိကိုယ်ကိုနှိမ့်ချတတ်သော ဒေါ်တိုးတက်နှင်းကိုလည်း လေးစားသွားသည်။

ဒေါ်တိုးတက်နှင်းစကားကြောင့် သူ၏အကူအညီပေးသင်ပြမှုကို လိုလိုချင်ချင်လက်ခံသွားကြသည်။

ထိုနေ့မှစ၍ ဒေါ်တိုးတက်နှင်း၏ စာတတ်မြောက်ရေးညကျောင်းလေး၌ သူသည် လက်ထောက်ဆရာတစ်ဦးအဖြစ် အလိုလိုရောက်ရှိသွားလေသည်။

ထို့အပြင် ဒေါ်တိုးတက်နှင်းကို အိမ်အထိလိုက်ပို့ပေးသောရာထူးပါ ရရှိသွားလေသည်။

ထိုရာထူးများကို သူက လိုလိုချင်ချင်တောင်းဆိုခြင်းဖြစ်သည်။ ဒေါ်တိုးတက်နှင်းက မပေးချင်ပေ။

“ဒေါက်တာပင်ပန်းပြီး ဖျားနာနေပါ့မယ်၊ တော်ကြာဖိုးသူတော်လဲတော့ တောင်ဝှေးမကူနိုင်ဖြစ်နေပါ့မယ်၊ နားနားနေနေ နေပါ”

“အစ်မတောင် မပင်ပန်းဘဲနဲ့ ကျွန်တော်လိုယောကျ်ား





ရှင့်မကြီးက ပင်ပန်းရမယ်ဆိုတာ အဓိပ္ပာယ်မရှိပါဘူးဗျာ”

တရင်းတနှီးပင် အစ်မဟု ပြောင်းလဲခေါ်လိုက်သည်။ သူ့အပြောင်းအလဲကို သတိမပြုမိတာလား၊ သတိပြုလျက်နှင့်တမင်ဥပေက္ခာပြုထားလိုက်တာလားမသိ၊ ဟန်အမူအရာလုံးဝမပျက်ဘဲ။

“ကျွန်မ အလေ့အကျင့်ဖြစ်နေပါပြီလေ၊ ဒေါက်တာသာအကျင့်မရှိရင် ပင်ပန်းသွားမှာစိုးလို့ပါ”

“အလေ့အကျင့် ဖြစ်ဖို့အတွက် စတင်လုပ်ဆောင်မှုတွေရှိရမှာပေါ့၊ ကျွန်တော် ဒီနေ့ကစပြီး ဒီတာဝန်တွေကို စေတနာဝန်ထမ်း လုပ်ဆောင်လိုက်ပြီးလို့ သဘောပေါက်လိုက်တော့နော်”

“ပြောမရလည်း ဒေါက်တာ့သဘောပါပဲ၊ နောက်မှ ပင်ပန်းငြီးငွေ့ပြီး ဒီရွာကိုပစ်မပြေးသွားလိုက်ပါနဲ့နော်”

“ကျွန်တော် ယောကျ်ားပါအစ်မရဲ့၊ ငုပ်မိသဲတိုင် စေရမှာပေါ့”

“လေးစားပါတယ်ဒေါက်တာ”

“ကျွန်တော်ပြောရမယ့်စကားပါ”

အပြန်အလှန်လေးစားခြင်းကပင် သူတို့နှစ်ဦးလက်တွဲမှုကို ခိုင်မြဲစေသော အခြေခံအကြောင်းတရားများလား။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

"ဟော မိုးတောင်ရွာလာပြီ၊ ထီးလဲမပါလာပါလား"

တစ်ဖြောက်ဖြောက် ရွာဆင်းလာသော မိုးရေစက်တို့ကို လက်နှင့် အသာခံကြည့်ပြီး ဒေါ်တိုးတက်နှင်း ပြောလိုက်သည်။

"ဟုတ်ပါရဲ့ ဒါဖြင့် အစ်မဒီမှာပဲနေခဲ့၊ ကျွန်တော်အနီးဆုံး အိမ်ကိုသွားပြီး ထီးငှားခဲ့ပေးမယ်"

"ရပါတယ် ဒေါက်တာ၊ မိုးရဲ့အရသာကို တမင်ဖန်တီးယူ





ခြင်းမဟုတ်ဘဲ ကြုံတုန်းကြုံခိုက်ကလေး ခံစားရတာပေါ့၊ မိုးရွာထဲပဲ လျှောက်သွားမယ်"

ဒေါက်တာအောင်သာ သူမကို အထူးအဆန်းသဖွယ် ငေးကြည့်မိသည်။

"ဘာကြည့်တာလဲ ဒေါက်တာ၊ ကျွန်မကို သူငယ်ပြန်နေပြီလားလို့လား"

"အဟင်း. . ဟင်း မဟုတ်ရပါဘူးဗျာ၊ ဒီလောက် နုနယ်ငယ်ရွယ်တဲ့ အရွယ်ကို သူငယ်ပြန်နေပြီလားလို့ ထင်ရင် အရူးဖြစ်သွားမှာပေါ့၊ တွေးမိလို့ပါ. . စိတ်ကူးယဉ် ဆန်နေသလားလို့"

"အမှန်တော့ စိတ်ကူးယဉ်ဆန်တယ်ဆိုတာ စိတ်ကို လွှတ်ပေးလိုက်ခြင်းတစ်မျိုးပဲ မဟုတ်လား၊ စိတ်ကို လွှတ်ပေးခြင်းဟာ ရူးခြင်းတစ်မျိုးပဲပေါ့၊ တစ်ခါတစ်ရံ ရူးခြင်းက အကောင်းဆုံးသော လွတ်လပ်ခြင်းထင်ပါရဲ့ ဒေါက်တာ"

"ဟုတ်ပါတယ် အစ်မ၊ တစ်ခါတစ်ရံ သိပ်ကို သောကဒေါသဝေဒနာတွေ ဖိစီးလာတဲ့အခါမျိုးမှာ စိတ်မနိုင်ရင် ရူးသွပ်သွားတတ်ကြတယ်၊ လွတ်လပ်သွားကြတယ်လေ၊ အဟင်းဟင်း အစ်မလည်း စိတ်ကိုချုပ်တည်းမထားနဲ့နော်၊ တစ်ခါတစ်ရံ လွှတ်ထွက်သွားရင်. . အဟင်း"

"ရူးမယ်ဆိုရင် ဒီအထိတောင် ရောက်လာနိုင်ပါဘူး ဒေါက်တာ၊ လာ. . သွားကြရအောင်၊ မိုးသိပ်မသည်းသေးဘူး"

နှစ်ယောက်သား မိုးစက်လေးများ၏ အောက်သို့ လွတ်လပ်စွာ ပြေးထွက်ခဲ့သည်။ ငါးရှဉ့်သွေးရောင် ဝတ်စုံနှင့် ဂျော်ဇက်ပါ ဒီနပ် ငါးရှဉ့်သွေးရောင်ပါ စီးထားသော ဒေါ်တိုးတက်နှင်းသည်



www.burmeseclassic.com

www.burmeseclassic.com



မိုးရေများဝယ် ကလေးငယ်လို ပျော်ပါးနေဟန်တူသည်။

"မိုးဦးလေဦး မိုးရေနဲ့ ထိတွေ့မှ မိတ်ပျောက်သွားမယ် ဒေါက်တာ"

ပြစ်မျိုးမဲ့မထင် အသားအရေတွင် အနီရောင် အဖုက လေးယောင်၍မျှပင် မတွေ့ရသော ဒေါ်တိုးတက်နှင်းက မိတ်ပျောက်သွားမယ် ဆိုသောအခါ. . . .

"ဘယ်မှာ မိတ်ပေါက်လို့လဲ"

ဟု မေးဟန်ပြင်လိုက်သည့် ပါးစပ်ကို မနည်းထိန်းလိုက်ရသည်။

မေးမိလျှင် ပါးလေးနီရဲသွားပြီး ရှမ်းကလေးနှင့်များ တူသွားမလား၊ ပို၍အလှသွေးကြွယ်သွားမလားဟု စိတ်ကူးနှင့် မှန်းဆကြည့်မိသည်။

သို့သော် ရှက်သွေးကြွယ်သော အမူအရာမျိုး သူမ၌ တွေ့ရလိမ့်မည် မထင်ပါ။

"ငယ်ငယ်တုန်းကဆိုရင် မိုးရွာထဲ ဘောလုံးကန်ရတာ လောက် ပျော်စရာကောင်းတာမရှိဘူး၊ မိုးရွာထဲ ရေချိုး၊ ဘောလုံးကန်နဲ့ ဆော့လိုက်တာ မျောက်မူးသေလို့တောင် အမေတို့ ခေါ်ကြတယ်"

"တစ်ခါမှ မဖျားနာဘူးလား"

"အဖျားကတောင် လန့်ပြေးရမယ်၊ အငြိမ်မနေတော့ အဖျားပိုးလဲ ဧိမ်မကျလို့ထင်တယ်၊ ဖျားပြီး အိပ်ရာထဲလဲတာ တစ်ခါမှ မရှိလိုက်ဘူး"

"ယုံပါတယ် အငြိမ်နေတာမှ မတွေ့ရဘဲ"





ရင်းနှီးမှုကလေးများ စတင်လာသည်။

"ဆရာမကြီးနဲ့ ဆရာလေး ထီးယူသွားပါလေ"

"နေပါစေ၊ စိုပြီးသားပဲ"

တွေ့သည့်လူများက လှမ်းခေါ်၍ ထီးပေးခြင်းကိုပင် သူတို့မယူကြ။ သဲသဲမဲမဲရွာချလာသောအခါ ကြွက်စုတ်ကလေးများဖြစ်သွားကြသည်။

"ဟတ်ချိုး. . ဟတ်ချိုး"

"ဟော. . အစ်မ အအေးမိနေပြီ၊ အိမ်ရောက်တာနဲ့ အဝတ်အရင်လဲပြီး ကော်ဖီပူပူနဲ့ ဆေးသောက်လိုက်နော်"

"ဟုတ်ကဲ့ ဒေါက်တာ"

"ကျွန်တော်အကောင်းပြောတာ"

"ကျွန်မကလည်း အကောင်းပြောတာပဲ၊ ဟတ်. . ဟတ်ချိုး"

"အဟင်း. . ဟင်း. . ဟင်း"

ကြည်နူးလိုက်ဖို ရယ်မောမိကြသည်။

ထိုအခါ သူမ၏အလှတရားကို ယှဉ်နိုင်သောအရာ လောက၌ မရှိဟု သူယုံကြည်သွားသည်။ ငြင်းဆန်သူကို စိန်ခေါ်နိုင်သော သတ္တိရှိနေပြီ။

အဆင်းရောအချင်းပါ ပြည့်စုံသူ ဆရာမကြီး ဒေါ်တိုးတက်နှင်းကို လေးစားခြင်းနှင့်အတူ သူမ၏အလှတရားများအပေါ် နှစ်သက်စွဲလမ်းလာမိသည်ကို ဒေါက်တာအောင်သော်တဲ့ ပြုမိသည်။

နှစ်သက်စွဲလမ်းခြင်းသည် မေတ္တာ၏ အကြောင်းတရား



www.burmeseclassic.com

www.burmeseclassic.com



ပင်လော။

မြတ်သက်လျာမျက်နှာကို မြင်ယောင်လာသည်။ သို့ သော် အတွေးအာရုံမှာ မြတ်သက်လျာသည့် လက်ရှိမြင်တွေ့ နေရသော ဒေါ်တိုးတက်နှင်း၏ အလှတရားအောက်ဝယ် မှေး မှိန်ပျောက်ကွယ်သွားလေပြီ။

"ဟတ်ချိုး. . ဟတ်. . ဟတ်ချိုး"

သူပါ ဒေါက်တာ တိုးတက်နှင်းဆီက နှာစေးကူးလေပြီ။

"ဟောဟော. . ဒေါက်တာပါ အအေးမိပြီ၊ ကျွန်မကို လိုက်မပို့နဲ့တော့၊ ဒေါက်တာပြန်တော့"

"ရပါတယ် ယောက်ျားပဲ ခံနိုင်ရည်ရှိပါတယ်"

"ယောက်ျားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် ဖျားနာတဲ့အခါမျိုးမှာ အိမ်ကို သတိရတတ်ကြတယ်၊ ဒေါက်တာ သတိရပြီး ရွာကအပြီး ပြန်သွားရင် ဒီရွာသားတွေတော့ ဒုက္ခဖြစ်ကျန်ခဲ့မှာပဲ၊ ဆရာလေး က ဘုကျကျပြောတတ်ပေမယ့် စေတနာကောင်းတယ်ဆိုပြီး ပြန်သွားမှာ စိုးရိမ်နေကြတယ်"

"ရွာသားတွေတင်ပဲလား၊ ဆရာမကြီးကကော"

"ကျွန်မလည်း ဒီရွာသားလိုဖြစ်နေတော့ စိုးရိမ်တဲ့အထဲ ပါတာပေါ့. . ."

"ဩော် အစ်မရယ်၊ အစ်မဘဝကို ဒီရွာမှာ ထာဝရမြှုပ်နှံ ထားတော့မှာလား"

"ဒီရွာမှာရယ်တော့ မဟုတ်ပါဘူး၊ ဒီလိုရွာမျိုးတွေမှာ ထပ်မံ မြှုပ်နှံဦးမယ်လေ၊ ဝန်ထမ်းခရီးသည် လုပ်ဦးမယ်လေ. . အဟင်းဟင်းဟင်း. . ."





သူမရယ်မောသံသည် ခြောက်ကပ်သည်။ တစ်စုံတစ်ခု သော နာကြည်းမှုကို ဖုံးကွယ်ရယ်မောလိုက်သောအသံ ဖြစ်ပေ သည်။

"ပြန်တော့လေ ဒေါက်တာ"

"အိမ်အထိ ပို့ပေးပါရစေ၊ ပြီးတော့ အစ်မ ဖျော်ပေးမယ့် ကော်ဖီပူပူတစ်ခွက်ကို သောက်ပြီးမှ ပြန်ပါရစေ၊ ဘာလဲ မတိုက် ချင်လို့ နှင်နေတာလား"

တစ်ခါတစ်ရံ ဒေါက်တာအောင်သာသည် မိမိ၏ အ ခြေအနေ အရပ်ရပ်အားလုံး မေ့ထားလိုက်မိပြီး ကလေးဆိုးသ ဖွယ် ပြောဆိုပြုမူမိသည်။

ထိုအခါ ဒေါ်တိုးတက်နှင်းက ခွင့်လွှတ်သော အပြုံးမြမြ လေးပြုံးကာ. . . .

"ဒေါက်တာသဘောလေ၊ ကော်ဖီပူပူသောက်ပြီး မိုးစိုထဲ ပြန်သွားတော့ကော ဘာထူးခြားလာမှာမို့လို့လဲ"

"ထူးခြားတယ် အစ်မရဲ့၊ အကြင်နာလက်နဲ့ ဖျော်တိုက် ထိုက်တဲ့ ကော်ဖီအရှိန်လေးနဲ့ အိမ်ရောက်တော့ အဝတ်လဲ ဆေး သောက်ပြီး အိပ်ချလိုက်ရုံပဲ"

"ဩော်. . ဩော်. . "

ထိုအပြုအမူလေးက ထူးဆန်းသည်။ 'စ' သည့် သဘော ဆောင်သည်။ ဩော်. . ဩော်. . ဆိုပြီး ပြုံးစစလေး လှမ်း ကြည့်သည်။

"အဲဒါ ဒေါက်တာ့ ကုထုံးလား"

"ဒါပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲ ကြည်နူးရိုက်ခတ်မှုများကြောင့် နှလုံးခုန်သံ မြန်ဆန်သွားသည်။ ပန်းပုရုပ်လေး အသက်ဝင်နေခြင်းက ပုထုဇဉ်ယောကျ်ားသားများ၏ သမာဓိကို လျှောကျစေနိုင်သည် ထင့်။

အိမ်ပေါ်မှ လှမ်းတက်သည်နှင့် ဒေါ်ရွှေအက အသင့် စောင့်ကြိုနေရာ ဒေါ်တိုးတက်နှင်းက. . . .

"ဒေါ်ရွှေအ ကော်ဖီပူပူနှစ်ခွက်စာ ဖျော်လိုက်ပါ"

ဒေါက်တာအောင်သာ မျက်နှာညိုသွားသည်။ အိမ်ပေါ်မှ ချာခနဲ ပြန်ပြေးဆင်းခဲ့သည်။

"နေပါစေတော့ မသောက်တော့ဘူး"

ဒေါ်တိုးတက်နှင်း တွေတွေလေးရပ်ကာ ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

လှုပ်ရှားနေသော ဒေါက်တာအောင်သာ၏ ရင်ကို သူမ ဖောက်ထွင်းမြင်နေရလေပြီ။

ထို့အတူ မိမိကကော. . .

မဖြစ်နိုင်၊ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပါ။

နှလုံးသားရေးရာ လှုပ်ရှားမှုဟူသည် မိမိနှင့် လားလားမှ မသက်ဆိုင်အပ်သော အရာပေပဲ. . .၊ ထို့ကြောင့် ဒေါက်တာအောင်သာကို တတ်နိုင်သမျှ ရှောင်ရှားရန် ဆုံးဖြတ်သည်။







# အခန်း(၉)

မောင်. . . . .

အသစ်တွေ့နေပြီလား၊ သက် စာထည့်တာ ဒါပါနဲ့ဆိုရင် လေးစောင်ရှိပြီနော်၊ မောင့်ဆီက ပြန်စာမလာသေး တော့ သက်ရင်မှာ သံသယပွားနေရတယ်၊ မောင့်ဆီပဲ စာမ ရောက်လို့လား၊ မောင်ပဲ အသစ်တွေ့နေလို့လား၊ ဒါမှမဟုတ် သက်အကြောက်လန့်ဆုံးဖြစ်တဲ့မောင် သက်ကို စိတ်ဆိုးပြီးနာ သွားသလားဆိုတဲ့ သံသယတွေပါပဲ. . .၊



www.burmeseclassic.com

www.burmeseclassic.com



သက်အရမ်းစိုးရိမ်နေပြီ မောင်ရယ်၊ တောရဲ့ကြမ်းတမ်းမှုဒဏ်တွေကို မောင်စိတ်မပျက်သေးဘူးလားဟင်၊ ပြန်လာခဲ့ပါတော့မောင်၊ သက်ဆေးခန်းမှာ မကူညီချင်လဲနေပါ၊ မောင့် ဘာသာ ဘာမှမလုပ်ဘဲနေချင်နေ ရပါတယ်၊ ဒက်ဒီ မာမီတို့ကလည်း သက်ကိုကြည့်ပြီး စိတ်လျှော့လိုက်ပါပြီ၊ သက်သဘောပါတဲ့၊ ပြန်လာခဲ့တော့ မောင်ရယ်၊ သက်အရမ်းလွမ်းနေပြီ၊ မောင့်ကို လွမ်းလွန်းလို့ ရူးသွပ်သွားမလား၊ သေဆုံးသွားမလား သက် မတွေးတတ်အောင်ပဲ၊ အလွမ်းဒဏ်ကို သက်မခံစားချင်တော့ဘူး၊ စာရရချင်း မောင့်ဆန္ဒကို အကြောင်းပြန်လိုက်ပါ၊ သက် စိတ်ချမ်းသာပါရစေနော်၊ ဒါပါပဲမောင်. . .၊

သက်မောင့်ကို မျှော်လင့်စောင့်ကြိုလျက်ပါ။

မောင့်

သက်

"လွမ်းရင်လိုက်ခဲ့ပေါ့ မရွှေသက်၊ ကျုပ်က ခုတော့ လွမ်းဖို့တောင် အချိန်မရဘူး၊ အလွမ်းဆိုတာ အလုပ်မရှိသူတွေအတွက် ဇိမ်ခံပစ္စည်းတစ်ခုထင်တယ်. . . ဟင်းဟင်းဟင်း၊ လွမ်းလောက်စရာမရှိလို့ ကျုပ်မလွမ်းတော့ဘူး မရွှေသက်၊ မင်းလွမ်းရင် မင်းလိုက်ခဲ့၊ ကျုပ်မအားဘူး. . ."

ဟု ခပ်ပြတ်ပြတ်ပင် စိတ်ထဲ၌သာပြောလိုက်ရင်း စာကို အံဆွဲထဲပစ်ထည့်လိုက်သည်။

Second M. B.ကတည်းက ချစ်သူဘဝ ရောက်ခဲ့သော မြတ်သက်လျာနှင့်မိုးသည်လက်ထပ်ခါနီးကျမှ ရည်ရွယ်ချက်ချင်းမတူညီ၍ လက်တွဲဖြုတ်ခဲ့သည်။





ရန်ကုန်မြို့ပေါ်မှ တစ်ဖဝါးမှ မခွာလိုသော မြတ်သက်လျာနှင့် ဆရာဝန်လိုအပ်ရာ ကျေးလက်ဒေသများတွင် အမှုထမ်းသူနှင့် ရှေ့ဆက်ရန်မဖြစ်နိုင်တော့ဘူးထင်ကာ လက်တွဲဖြုတ်ခဲ့သည်။

ဝန်ထမ်းဖြစ်သော သူ့မိဘများကလည်း သူ့ဆန္ဒကို လိုက်လျောသည်။ မိုးခေါင်ရာအရပ်မှာ မိုးရွာသွန်းသော စေတနာဆရာဝန်သာ ဖြစ်စေချင်သည်။ စားနိုင်သောက်နိုင်ရုံသာ သင့်တင့်သော လူလတ်တန်းစား သူ့မိဘများပင် အသပြာကိုမမက်။ စေတနာကိုသာ အဓိကထားသည်။

"ငါ့သားကို အသပြာဆရာအဖြစ် ပညာသင်ပေးခဲ့တာ မဟုတ်ဘူး၊ စေတနာဆရာဝန်အဖြစ် သင်ပေးခဲ့တာ၊ မြို့ကြီးမှာ ဆေးခန်းထိုင်ပြီး အသပြာဆရာဝန် လုပ်မယ်ဆိုရင်လည်း ငါ့သားသဘောပေါ့လေ၊ ရွှေသမက် ငွေသမက်ဘဝကို မက်မောတဲ့ ငါ့သားဘဝကို ဖေဖေတို့နားလည်ပြီး ခွင့်လွှတ်လိုက်ပါ့မယ်"

ဖခင်စကားက သူ့ဦးနှောက်ကို သံမှိုနှင့် စွဲနှက်ပေးသကဲ့သို့ ခိုင်မြဲခဲ့လေသည်။

တစ်ဦးတည်းသော သူဌေးသမီး မြတ်သက်လျာကို သူ့မိဘများကလည်း မခွဲနိုင်ပါ။ ဆေးခန်းဖွင့်ပေးပြီး တတ်သည့်ပညာကို မမေ့ရုံ ဂုဏ်ရှိရုံသက်သက် ဆေးခန်းဖွင့်ပေးထားသည်။ သမားတော်ကြီးများ ပင့်ဖိတ်ကာ ဆေးတိုက်များ အကြီးအကျယ်ဖွင့်ကာ စီးပွားရှာလိုက်သေးသည်။ ငွေကို ငွေနှင့်လိုက်နေသော စီးပွားရေးသမားများပင်။ သူတို့ဆေးခန်း၌မထိုင်ဘဲ ကျေးလက်တောရွာများ၌ ဆရာဝန်သွားလုပ်မည်ဆိုပါက သူ့သမီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မပေးစားနိုင်ဟု ဆိုလေသည်။

မိန်းမတစ်ယောက်အတွက်နှင့်တော့ သူ့ ရည်ရွယ်ချက် အပျက်မခံနိုင်ပါ။ မပေးစားနိုင်လည်း မယူရုံပါပဲဟု ခပ်ပြတ်ပြတ်ပြောကာ ကျောခိုင်းခဲ့သည်။ သူမှားပါသလား၊ မြတ်သက်လျာကိုတော့ သူပြောခဲ့ပါသည်။

မောင့်ကိုချစ်ရင် ရွှေဘုံငွေနန်း ပြာသာဒ်ပေါ်က ဆင်းပြီး လိုက်ခဲ့ပါလားသက်ဟုတော့ ခေါ်ခဲ့ပါသည်။

မြတ်သက်ချက်ကလည်း. . .

"သက်ကိုချစ်ရင် မောင့်ရည်ရွယ်ချက် စွန့်လိုက်ပါလား မောင်ရယ်"

အပြန်အလှန် အချစ်လွန်ဆွဲပွဲ၌ အနိုင်အရှုံး မသိနိုင်ဘဲ သူ မြတ်သက်လျာကို ကျောခိုင်းပြီး ဝါသနာကို အကောင်အထည်ဖော်ခဲ့သည်။

မြတ်သက်လျာကတော့ သူ့အားသွေးဆောင်နေဆဲပဲ။

လူကို သွေးဆောင်၍ ရနိုင်သည်။ ခံယူချက် နှလုံးသားကိုတော့ သွေးဆောင်၍ မရနိုင်ပါ။

ဒေါက်တာအောင်သာ စာလုံးဝ မပြန်ခဲ့။

မချစ်၍ မဟုတ်။

မြတ်သက်လျာသည် အချစ်ဦးမို့ အရူးအမူးချစ်ခဲ့ပါသည်။ မြင်သူတွေအားကျလောက်ခဲ့သော အတွဲဖြစ်သည်။

ထို့ကြောင့် ခွဲခွာကာစ၌ အလွမ်းဝေဒနာသည် သူ့အား ပြင်းပြင်းထန်ထန် နှိပ်စက်ခဲ့သည်။

သို့သော် အချိန်ရှိသမျှ တာဝန်တည်းဟူသော လုပ်ငန်း





အပေါ်စေတနာပါ ရောဖက်လိုက်သောအခါ အလွမ်းဝေဒနာတို့သည် ပုန်းကွယ်ငုပ်လျှိုး နေတတ်သည်။

အလွမ်းရသဟူသည် ခံစား၍ ကောင်းသောအရာမှ မဟုတ်ပေပဲ။

အလွမ်းဝေဒနာကို မြတ်မြတ်နိုးနိုး သိမ်းဆည်းထားလောက်အောင် သူသည် ပျော့ညံ့သော သူတစ်ယောက်မဟုတ်ပေ။

စားပွဲပေါ်တွင် ထောင်ထားသော မြတ်သက်လျာပုံကို အံဆွဲထဲ ထည့်လိုက်သည်။ ထို့နောက် ဂျင်းဘောင်းဘီနှင့် တီရှပ်တစ်ထည်ကို လဲဝတ်ကာ လုပ်အားပေးပွဲသို့ ထွက်ခဲ့သည်။

မြတ်စောညီနောင်စေတီအနီး ရေကန်ကို ဖော်ဖို့ရာ စည်းရုံးမှု အောင်မြင်သွားလေပြီဖြစ်၍ သူနှင့် ကာလသားလူငယ်တို့ ဦးဆောင်မှုအောက်ဝယ် လူကြီးကလေးများပါ ပါလာကြသည်။

ပြီးလျှင် နံနက်စာကို ဒေါ်တိုးတက်နှင်းအိမ်၌ ထမင်းစားရပေမည်။

"တကယ့် မင်္ဂလာပါလား"

သူ့ရင်မှာ ကြည်နူးမှုဂယက်များ ရိုက်ခတ်လာသည်။ ဒေါ်တိုးတက်နှင်းက ကန်ဖော်နိုင်အောင် စည်းရုံးပေး၍ ထမင်းဒိတ်ကျွေးသည်ထင့်။

မည်သို့ဆိုစေ မျက်နှာလှလှလေးကို တစိမ့်စိမ့်ကြည့်ရင်း ထမင်းစားရသောသူလောက် ကံကောင်းသူ ရှိနိုင်ပါမလား

"ဆရာလေး လာပြီလား နောက်ကျတယ်၊ ဆရာမကြီး



www.burmeseclassic.com

www.burmeseclassic.com



တောင်ရောက်နေပြီ"

"အိုး ဆရာမကြီးကိုတော့ အရှုံးပေးပါတယ်ဗျာ၊ အမီမလိုက်နိုင်ဘူးဗျ"

သည်တစ်ခါ ဝန်တိုမှုများ လုံးဝကင်းစင်သွားသည်။

"ဟုတ်တယ်နော် ဆရာလေး၊ ကျုပ်တို့လို ယောကျ်ားရင့်မကြီးတွေ လိုက်မမီအောင် အလုပ်လုပ်နိုင်လွန်းလို့ အဘိုးအဘွားတို့က လူမှဟုတ်ရဲ့လား၊ မိုးကျနတ်မယ်လေးလားလို့တောင် ထင်ယောင်ထင်မှား စွပ်စွဲကြသေးတယ်၊ သိုက်ဆက်ကလာတယ်လို့လဲ ထင်ကြတယ်လေ၊ မြသိန်းတန်စေတီဘက်ဆိုတစ်ယောက်တည်း သွားရဲတယ်ဗျာ"

"ဟုတ်တယ်၊ မသိတဲ့ သူစိမ်းတွေသာ ခင်ဗျားတို့ ဆရာမကြီးကို ဘုရားမှာ တစ်ယောက်တည်းတွေ့ရင် ဥစ္စာစောင့်ဆိုပြီး လန့်ပြေးမှာ ကျိန်းသေတယ်"

ဒေါက်တာအောင်သာ ကိုယ်တွေ့ဖြစ် ထောက်ခံလိုက်သည်။ ဝိညာဉ်များ၏ ဆန်းကြယ်မှုကို သူယုံကြည့်ပါသည်။ သို့သော် ကိုယ်တွေ့တော့ မကြုံဖူးပါချေ၊ တွေ့ကြုံဖူးသူများ၏ ပြောပြချက်အရတော့ ဝိညာဉ်များ၏ လှုပ်ရှားသွားလာမှုမှာ ရှိပါလိမ့်မည်။

ရွာသူရွာသားများ၏ အလယ်တွင် ဒေါ်တိုးတက်နှင်းကို ထင်ရှားစွာ တွေ့မြင်လိုက်ရသည်။ ပါတိတ်လုံချည် တစ်ပတ်နွမ်းလေးနှင့် ဇင်ပြာသား ရှပ်အင်္ကျီနှင့် ဆံပင်ကိုထုံးကာ ပဝါကွက်ကလေးဖြင့် ပေါင်းထားသည်။ ဘယ်လိုနေနေ လှနေသော အမျိုးသမီးပါလား။





"လာ ဒေါက်တာ၊ ဒါလည်း သွေးပူလေ့ကျင့်ခန်း တစ်မျိုးပဲပေါ့နော်"

အမှိုက်သယ်ရန် ဝါးတောင်းကလေးယူလျက် လှမ်းပြောလိုက်သည်။

"နေပါ ဆရာမကြီးရယ်၊ ကျုပ်တို့ လုပ်နိုင်ပါတယ်၊ ဩဇာပေးရုံပဲ ပေးပါ"

ရွာသားတစ်ဦး၏ ရိုးသားသော စကားကြောင့် သူပြုံးလိုက်မိသည်။

"အို ဘယ်ဟုတ်မလဲ၊ ပါးစပ်ကလုပ်ရုံဆိုရင် ဝစီကံပဲပါတယ်၊ လက်တွေ့ဆိုတော့ ကာယကံပါပါပြီး ပိုပြီးအကျိုးသက်ရောက်တာပေါ့၊ မဟုတ်လားဒေါက်တာ"

"ဟုတ်တယ်၊ အဲ. . မဟုတ်ပါဘူး၊ ထိုင်ပြီး အမိန့်ပေးသည်း အရာရောက်ပါတယ်၊ ကိုယ်တိုင်ဝင်နေတော့ မမြင်ရဘူး၊ အကွက်စေ့အောင် မခိုင်းနိုင်ဘူးပေါ့၊ မဟုတ်ဘူးလား ဦးသံခဲရေ"

"ဟုတ်ပ. . ဟုတ်ပ၊ ဆရာမကြီး ဘာမှမလုပ်နဲ့ ကန်ဘောင်ပေါ်ကသာ ထိုင်ပြီး အမိန့်ပေးပါ"

"ဟုတ်တယ်"

"အဲဒီလိုဆိုရင် ကျွန်မပြန်မှာနော်၊ ကျွန်မစိတ်မကောင်းအောင်မလုပ်ကြပါနဲ့၊ ကျွန်မကို ဘဝတူလို့မှ သဘောမထားနိုင်ကြဘူးလား ဦးကြီးတို့က"

"အမယ်လေးတော် စကားကလည်း တတ်ပနဲ့ အနိုင်မယူချင်ပါနဲ့၊ လုပ်ချင်သပဆိုလည်း လုပ်ပါတော်၊ လက်ဖဝါးတော်



www.burmeseclassic.com

www.burmeseclassic.com



နုနု သွေးခြည်ဥမှာစိုးလို့ ပြောတာပါတော်၊ မဟုတ်ဘူးလား ဆရာလေး၊ အစ်မက ခေါင်းကျောမာမှမာပဲ၊ စကားကလည်း တတ်မှတတ်"

ဒေါ်စိမ်းဥက ဝင်ပြောလိုက်သည်။ ဒေါ်တိုးတက်နှင်းက သူ့ဘက်မှ စစ်ကူရသွားသဖြင့် ကျေနပ်သွားဟန်နှင့် ပြုံးပြုံးကလေးဖြစ်သွားပြီး ခြင်းကြားကိုယူကာ ဒိုက်ဝေဒါတို့ ထည့်ပေးရာဆီသို့ ဆင်းသွားသည်။

ပြောမရသည့်အဆုံးဖြစ်၍ ဒေါက်တာအောင်သာလည်း ကြည့်နေလိုက်သည်။ စိတ်ညစ်ညစ်နှင့် ပေဒါဒိုက်ဖက်တို့ကို ဆယ်ယူနေလိုက်သည်။

ဒေါက်တာအောင်သာ ဆယ်ယူထားသော အမှိုက်ကို ခံယူမည့်သူကို ကြည့်လိုက်သည်။

"အစ်မ. . ကြည့်စမ်း၊ ချွေးတွေနဲ့"

မောဟိုက်နေဟန်တူသော ဒေါ်တိုးတက်နှင်းက စကားပြန်မပြောနိုင်ရှာဘဲ ပြုံးပြုံးကလေးသာ တုံ့ပြန်နိုင်သည်။

သို့တိုင်အောင် ခေါင်းလေးခါယမ်းလိုက်သေးသည်။ မမောပါဘူး ဆိုသည့်သဘော။

"နေဗျာ. . ကျွန်တော် သွားပစ်လိုက်မယ်"

သူ မကြည့်ရက်သဖြင့် တောင်းကို မယူလိုက်သည်။

"အို. . . မဟုတ်တာ ကျွန်မ စိတ်မကောင်းအောင် မလုပ်ပါနဲ့၊ ကျွန်မနိုင်ပါတယ်"

"အုတ်တစ်ချပ် ထမ်းဆောင်နိုင်နေတဲ့သူအတွက်လည်း သဲတစ်ပွင့်မသယ်ရတာကို ဝမ်းမနည်းနေသင့်ဘူး ထင်တယ်





အစ်မ၊ သွားထိုင်နေတော့. . . ပေး"

သူက တောင်းကို သူမလက်ထဲမှ လွတ်ထွက်သွားစေရန် ဆွဲယူလိုက်သည်။ သူထပ်မံ လုယူမှာစိုးသဖြင့် သူသုတ်ခြေတင် ထွက်ခဲ့သည်။

အမှိုက်ပုံထားရာ နေရာသို့ သွားရောက်သွန်အပြီးတွင် ဒေါ်တိုးတက်နှင်းကို ရှာဖွေကြည့်မိသော်လည်း မမြင်ရတော့ချေ။ မနေသာသဖြင့်. . .

သူ့ထံမှ အမှိုက်လာထည့်သူ ဒေါ်သောင်းဥအား. .

"ဆရာမကြီးကော"

"မသိဘူး ဟုတ်ပါရဲ့ ဆရာမကြီး တွေ့မိကြသလား"

"စောစောကပဲ ဆရာလေးနား ရှိနေသေးတာ"

သူ့ရင်ထဲ စိုးထိတ်သွားသည်။

ကန်လယ်ထဲမှာ နစ်သွားသလား။

"ကန်ဖော်ရင် လူစားတတ်တယ်" ဟူသော အယူအဆကြောင့် ဟုတ်သော်ရှိ မဟုတ်သော်ရှိ စိုးထိတ်သွားသည်မှာ သေချာသည်။

"ရှာကြပါဦး"

"ဘာရှာတာလဲ"

တစ်ယောက်တစ်ပေါက်နှင့် လှုပ်လှုပ်ရှားရှား ဖြစ်သွား . . .

"တွေ့လိုက်ပါတယ်၊ အိမ်ခဏ ပြန်မယ် ပြောတာပဲ"

"ဘာများဖြစ်သွားပါလိမ့်"

ဒေါက်တာ အောင်သာစိတ်ထဲ မရှင်းပျတော့။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကောက်သွားတာလား၊ သို့တည်းမဟုတ် လူများတုန်း ခဏသွားခိုနေခြင်းလား။ မဖြစ်နိုင်ပါ။ ကလေးဆန်သော အပြုအမူမျိုး သူမ၌ မတွေ့ရပါ။

"ဆရာမကြီးကော၊ ဒီမှာ သူ့ဖို့ ကောက်ညှင်းပေါင်းနဲ့ ငါးရံ့ခြောက်လေး ဆီရွှဲရွှဲရော၊ ငါးကြော်ရော ဖယ်ထားတယ်။ ပူတုန်းစားလိုက်ရအောင်၊ ရှာပါဦး ဆရာလေးကော လာဗျာ ကြွပါ"

ပဲနှင့် ကောက်ညှင်းပေါင်း အုန်းသီးနိုင်းချင်းအပြင် ဆရာကြီးအတွက် သီးသန့် လုပ်လာပေးကြသေးသည်။

"ဆရာမကြီးက ကောက်ညှင်းပေါင်းဆိုရင် ငါးခြောက်တို့ ငါးကြော်တို့နဲ့မှ စားတာဗျ"

"ဦးသံဒိုင် အိမ်လိုက်သွားဗျာ၊ မောလို့ နားနေတာဆိုလဲ စားစရာတွေပေးပြီး ပြန်လာခဲ့"

သူမနေသာ၍ ဦးသံဒိုင်ကို ခိုင်းလိုက်ရသည်။

"ဟုတ်တယ်. . . ဟုတ်တယ် ဆရာလေးပြောတာမှန်တယ်"

ဦးသံဒိုင်သည် ကောက်ညှင်းပေါင်းနှင့် ငါးကြော်အချို့ကိုဆွဲကာ ဆရာမကြီးအိမ်ဘက် ထွက်သွားသည်။

"ဆရာလေး စားဗျ၊ ငါးကြော်နဲ့ ကြိုက်တတ်ရင် စားဗျာ"

ရောမ ရောက်မှတော့ ရောမသားလို ကျင့်ရပေမည်။ လက်ကို တတ်နိုင်သမျှ စင်ကြယ်အောင်ဆေးပြီး ကောက်ညှင်းပေါင်းကို ရွာသားများနှင့် ဝိုင်းဖွဲ့ကာ တပျော်တပါး ဝင်စားလိုက်သည်။





သို့သော် ကောက်ညှင်းတို့သည် လည်ချောင်းမှ ဆက်၍ ဆင်းနိုင်အောင် ဖြစ်နေသည်။

"အစ်မ ဘာဖြစ်သွားပါလိမ့်" ဟူသော အတွေးက စားမြိုမကျနိုင်အောင် ဖြစ်နေခြင်းဖြစ်သည်။ ဦးသံဒိုင်အလာကိုသာ လည်တဆန့်ဆန့်ဖြစ်နေရသည်။

အလုပ် ပြန်စစဉ်မှာပင် ဦးသံဒိုင် ရောက်လာသည်။

"ဘာတဲ့လဲ"

"ခေါင်းမူးလို့ အိပ်ပျော်နေတယ်လို့ ဒေါ်ရွှေအ ပြောတာ ကျုပ်တော့ မတွေ့ခဲ့ပါဘူး"

"ဩော်. . ."

သူအံ့ဩသွားရသည်။ စောစောက သူမဆီမှ ခြင်းထောင်းလှူယူစဉ်က သူမမျက်နှာသည် ဖျက်ယွင်းခြင်းမရှိဘဲ ရွှင်လန်းနေသည်။ ယခုချက်ချင်း မူး၍ အိပ်နေသည်ဆိုတော့. . .

သူ မစဉ်းစားတတ်အောင် ဖြစ်သွားသည်။

"ဆရာလေး လိုက်သွားလိုက်ပါလား"

"နေပါစေ၊ ဒီမှာ ပြီးအောင် လုပ်လိုက်မယ်"

ခေါင်းမူးရုံလောက်ကတော့ သူမလည်း ပညာတတ်တစ်ယောက်အနေဖြင့် သင့်တော်ရာ ဆေးသောက်ပြီးပေတော့မှာ သူယုံကြည်သည်။ ထို့ကြောင့် သိပ်ပူပန်မှု မဖြစ်တော့ဘဲ တာဝန်ဆည်မှုကိုသာ ဦးဆောင်ပြီး လုပ်နေလိုက်သည်။ သူ့စိတ်ကူးသည် ဒေါ်တိုးတက်နှင်းဆီ ရောက်နေ၏။

"ဒိုက်ပုံက ခြောက်သွားတဲ့အခါကျမှ မီးရှို့တာပေါ့"

လုပ်ငန်းအားလုံး ပြီးဆုံးသွားချိန်၌ နေမွန်းတည့်နေ

www.burmeseclassic.com



လေပြီ။

အိမ်ပြန် ရေမိုးချိုးပြီး ဒေါ်တိုးတက်နှင်းအိမ်သို့ ဦးတည်လိုက်သည်။

ထမင်းပွဲ အသင့်ပြင်ထားပြီး စောင့်နေသော ဒေါ်ရွှေအနှင့် ဆရာမလေး ဒေါ်စံပယ်ကို တွေ့လိုက်ရသည်။

"ဒေါက်တာလာရင် ဆာလာမှာပဲဆိုပြီး ဆရာမကြီးက အသင့်ပြင်ခိုင်းထားတယ်၊ လာပါ ဒေါက်တာ တစ်ခါတည်း ထိုင်လိုက်ပါ"

ဖော်မီကာ ကပ်ထားသော လေးယောက်ထိုင် စားပွဲလေး၌ နေရာလပ်မကျန်အောင် ဟင်းမျိုးစုံလင်နေသည်။

"အစ်မကော"

"အိပ်ပျော်နေတယ်၊ ဒေါ်ရွှေအ ဟင်းချိုထည့်တော့နော်"

သူ့ရင်ထဲ လစ်ဟာနေသည်။ မသိစိတ်အတွင်း၌လည်း ခိုးလိုးခုလု ဖြစ်နေသည်။ ဒေါ်တိုးတက်နှင်းကို မတွေ့ရခြင်းကပင် လျှင် မပြည့်စုံနိုင်ဟု သူထင်နေသည်။

"ဘာဖြစ်လို့လဲ ဆရာမ"

"နေမကောင်းလို့ပါ"

"ကျွန်တော် ဝင်ကြည့်မယ်လေ"

ဒေါ်စံပယ် မျက်နှာ တစ်မျိုးပြောင်းလဲသွားသည်။ စဉ်းစားနေဟန် သူစိတ်မရှည်တော့။

"ကျွန်တော် ဆရာဝန်တစ်ဦးဆိုတာ ဆရာမ မေ့နေသလား"





"ဒေါက်တာ သဘောလေ"

"ဆရာမပါ လိုက်ခဲ့ပါ"

ဒေါ်စံပယ်ကို အဖော်အဖြစ်ခေါ်ပြီး အပျိုကြီးအခန်းကို ဝင်လိုက်သည်။

ပန်းပေါင်းစုံ၊ နံ့သာပေါင်းစုံနံ့က သူ့နှာခေါင်းအား ဆီးကြိုသည်။

ဖြူဖပ်ဖြူရော်နှင့် တစောင်းလေးအိပ်ပျော်နေသော ဒေါ်တိုးတက်နှင်းကို ရွာသူရွာသားများသာ မြင်လျှင် ထိတ်လန့်ကြားများ ဖြစ်သွားလေမလား။

ခုတင်ပေါ်တွင် စံပယ်နှင့် ခရေပန်းကလေးများ ပြန့်ကျဲထားပြီး ၎င်းပေါ်တွင်မှ အိပ်ပျော်နေသည်။ စားပွဲပေါ်၌ နှင်းဆီပန်းအိုးတစ်အိုး ထိုးထားသေးသည်။ တော်တော်ပန်းကြိုက်ပါသား"

"မလုပ်ကောင်း လုပ်ကောင်း ပန်းခင်းပေါ်မှာများ အိပ်နေရတယ်လို့ဗျာ"

"မမက ပန်းကြိုက်တယ်"

ဇီဇဝါရုံကလည်း ပြတင်းပေါက်အနီးမှာ ရှိနေရာ လေဆင့်ရာ မွှေးနေလေပြီ။

စားပွဲပေါ်တွင် တင်ထားသော ဆေးများကို ယူကြည့်လိုက်သည်။

"ဟင်"

လက်မှ ဒက်ရာကို ပတ်တီးအထူကြီး စည်းနှောင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ ခြင်းလုလိုက်တုန်းက ရှသွားတာ"

"အစ်မရယ်"

ဒေါ်တိုးတက်နှင်းသည် လူကေးမီးယား(ခေါ်) သွေးကင်ဆာ ရောဂါသည်ပါလား။

လက်ကောက်ဝတ်ကို ကိုင်၍ သွေးတိုးစမ်းလိုက်စဉ်မှာပင် သူမမျက်ခွံ တံခါးပွင့်လာသည်။

"သြော်. . . ဒေါက်တာ"

"အစ်မရယ်"

သူမချိတင်ကဲ ဖြစ်သွားသည့်အလား သူမလက်ကိုခပ်တင်းတင်းလေး ဆုပ်ကိုင်လိုက်မိသည်။

"ကျွန်တော့်ကို ဆရာဝန်ပေါက်စဆိုပြီး မယုံကြည်လို့ မပြောတာလား"

သူမ ခေါင်းခါလိုက်သည်။ ထိုအခါ ပုလဲလုံးလေးများ လိမ့်ဆင်းလာသည်။

ကူညီဖေးမမည့်သူရှိလျှင် ဝမ်းနည်းပိုတတ်သည်မှာ မိန်းမသားတို့၏ သဘာဝထင်ပါသည်။

"အစ်မသွေး အမျိုးအစားဘာလဲ"

"အိုသွေးပါ ဒေါက်တာ"

ဒေါ်စံပယ်က ဝင်ပြောလိုက်သည်။

"ဒီလိုဆို အစ်မကို ကျွန်တော်သွေးသွင်းပေးမယ်"

"ရပါတယ် ဒေါက်တာ၊ ကျွန်မဆေးတွေ သောက်ပြီးပါပြီ"

တရုတ်ပိတ်အကျႌ ခပ်ပွပွလေး ဝတ်ထားသော ဒေါ်





တိုးတက်နှင်းသည် အသာထလိုက်ပြီး မျက်ရည်များ သုတ်တို့သည်။

"ဒေါက်တာ ထမင်းစားဖို့လုပ်ပါ"

"အဆင်သင့်ပဲ မမ၊ ဒေါက်တာက မမကို အရင်ကြည့်မယ်ဆိုလို့"

"ထမင်းက ဘယ်အချိန်စားစားရပါတယ်၊ အစ်မလုပ်ပုံတာ မဟုတ်သေးပါဘူး၊ သွေးထွက်လျက်နဲ့ ပြန်လာတော့ လမ်းမှာ တစ်ခုခုဖြစ်သွားရင် မခက်ဘူးလား"

"လူကြားထဲမှာ ဟိုးလေးတကျော် ဖြစ်မယ့်အစား ကိုယ့်အိမ်ကိုယ် အချိန်မီပြန်လာပြီး ဆေးထည့်ဆေးသောက်လုပ်လိုက်တာ ပိုကောင်းမယ်ထင်လို့ပါ။ ရွာကလူတွေကိုလည်း အသိမပေးချင်ဘူး၊ လူနာတစ်ယောက်လိုမြင်ပြီး လိုက်ညှာနေတာမျိုး မလိုချင်လို့ပါဒေါက်တာ၊ ကိုင်း. . စကားပြောရှည်နေတာနဲ့ ဒေါက်တာ ထမင်းစား နောက်ကျသွားပြီ၊ အလုပ်ကလည်း ပန်းလာတာ လာပါ ဒေါက်တာ"

သူမ အခန်းထဲ ဦးဆောင်ထွက်လာသောအခါ သူတို့ မနေသာဘဲ လိုက်လာရသည်။

ပိုးတောင့်တဲလေးနှင့်တူသော သူမကို မြင်စကတည်းက ရောဂါသည်လားဟု သူ ထင်ယောင်ထင်မှား ဖြစ်ခဲ့သေးသည်။

နောက် အသားဖြူလွန်းတာပါလေဟု သူထင်ခဲ့ပြန်သည်။ ယခုတော့ ပထမ တွေးထင်ချက်တို့ မှန်လေပြီ။

"စားပါဒေါက်တာ၊ ဒါက ငါးဖယ်သုပ်လေ၊ ဒါကငါးရံ့ အူဟင်း၊ ကျွန်မတော့ ငါးရံ့ အူဟင်းဆိုရင် ဖေးဖရိုဟင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ဒါက ကြက်သားဆီပြန်၊ ဒေါ်ရွှေအလက်ရာကို စားမိပြီးရင် မထ နိုင်ကြတော့ဘူး. . . ဟင်းဟင်း"

ဟန်ဆောင်၍ ဝေဒနာတို့ကို မေ့လျော့ထားဟန် တူ သည်။ သူ့ပန်းကန်ထဲကို ဟင်းတွေ တစ်မျိုးပြီးတစ်မျိုး ခပ်ထည့် ပေးရင်း ရွှန်းရွှန်းဝေ စကားဆိုနေလေသည်။

"စားမှာပါ မထနိုင်ရုံမကဘဲ ဒေါ်ရွှေအလက်ရာပဲ နေ့ တိုင်းစားချင်တယ်ဆိုရင်ကော"

"ဖြစ်ပါတယ်၊ ဒေါ်ရွှေအကို နေ့တိုင်းချက်ပြီး ပို့ခိုင်းပေး မှာပေါ့ မဟုတ်ဘူးလား စံပယ်"

ဘာမှ မခံစားရသူအလား ဒေါ်စံပယ်ကိုပင် ရှေ့နေငှား လိုက်သေးသည်။

"ဘာပဲဖြစ်နေဖြစ်နေ ထမင်းစားပြီး အနားယူပြီးတာနဲ့ ဆေးခန်းလာခဲ့ရမယ်၊ သွေးတစ်ပုလင်း သွင်းရမယ်"

"မလုပ်ပါနဲ့ဒေါက်တာ၊ ဘယ်သူဆီကမှ သွေးအလှူမခံ ပါနဲ့"

"မခံပါဘူး၊ ကျွန်တော့်မှာ အိုသွေး အဆင်သင့်ရှိနေလို့ ပါ"

"ဟုတ်ရဲ့လား ဒေါက်တာ"

"ကျွန်တော် ညာပါ့မလား အစ်မရာ"

"ဒါဖြင့် ညနေ ဆက်ဆက်လာနော်၊ မလာရင်ကျွန်တော် ပစ္စည်းကိရိယာတွေ ထမ်းပြီးလာခဲ့မှာ"

"စိတ်ချပါ၊ ကျွန်မ မညာတတ်ပါဘူး"

ဒေါ်တိုးတက်နှင်းသည် ကလေးဆိုးသဖွယ်ပြောလိုက်





သော ဒေါက်တာအောင်သာကို ပြုံးလျက်တုံ့ပြန်လိုက်ပြီး ထမင်း ဆို့စားလိုက်သည်။

ဒေါက်တာအောင်သာ ထင်သလောက် ထမင်းစား မ ဝင်တော့ပါ။

မျက်နှာလှလှလေးကို ကြည့်၍ ရင်ကိုအေးမြခဲ့ခြင်း နေ ရာ၌ ကရုဏာမိုးတွေပါ တိုး၍စွေလာသောအခါ ထမင်းစားခြင်း ကိုပင် အဟန့်အတားဖြစ်စေသည်။


လောကကြီး၌ လူတိုင်းကိုယ်စီ၌ သောကတစ်ခုစီတော့ အနည်းဆုံးရှိနေကြသည် ထင်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com








## အခန်း(၁၀)

"အစ်မ ဘာဖြစ်လို့ လိုက်လာတာလဲ၊ နားနေပါလို့ ပြောထားရဲ့သားနဲ့"

"ဪ သွေးလျှုတဲ့သူကတောင် မနားဘဲ ထွက်လာခဲ့သေးတာ၊ ကျွန်မက နားတယ်ဆိုတာ မတရားရာ ကျမနေဘူးလား"

"တရားတာတွေ မတရားတာတွေ နားမလည်ဘူး၊ လူနာဆိုတာ ဆရာဝန်စကား နားထောင်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ရှင့်၊ နောက်နားထောင်ပါ့မယ်၊ အခုတော့ ရောက်လာလက်စနဲ့ သင်ပေးပါရစေ"

ဆေးခန်း၌ သူ့သွေးတစ်ပုလင်းနှင့် ဒေါ်တိုးတက်နှင်းကို သွင်းပေးခဲ့သည်။ ညကျောင်းမလာဘဲ အနားယူလိုက်ပါဟုပြော သော်လည်း သူမနားမထောင်ပါ။ လိုက်လာသဖြင့် သူအဖြစ် တင်သည်။

သို့သော် သူမအလိုကျ အရှုံးပေးလိုက်ရသည်။

"လူ့ဘဝဆိုတာ ကျွန်မတို့အတွက် တိုတောင်းလွန်းပါ တယ် ဒေါက်တာ၊ ကျွန်မလုပ်ချင်တာလေးတွေ၊ လုပ်သင့်တာ လေးတွေ လုပ်ဆောင်သွားပါရစေ၊ ရောဂါဝေဒနာကို တသသ တယုတယထား သတိရနေမယ့်အစား မေ့ပျောက်ပြီး အချိန်တွေ ကို အကျိုးရှိရှိ သုံးသွားပါရစေ၊ ကျွန်မကို မဟန့်တားပါနဲ့ ဒေါက် တာ"

စာသင်သားတို့ မရောက်သေးသဖြင့် လွတ်လွတ်လပ် လပ် စကားပြောခွင့်ရရာ. . .

"အစ်မ ဘယ်အချိန်သွေးသွားသွင်းသလဲ"

"လိုအပ်ရင်တော့ တစ်လတစ်ခါသွင်းတယ်၊ မလိုအပ် ဘူးဆိုရင်တော့ နှစ်လတစ်ခါလောက်ပဲသွင်းတယ်"

"ဘယ်မှာ သွင်းတာလဲ"

"ပဲခူးမှာပဲ၊ လစာထုတ်သွားရင်း သွင်းတာ"

"နောက်ဆိုရင် ဒီမှာပဲသွင်းရမယ်၊ ရွာကလူတွေ အ လှည့်ကျ "

"တော်ပါ ဒေါက်တာ၊ ဒီစကားကို ဒီတင်ပဲရပ်ထား





လိုက်ပါ၊ ရိုးသားတဲ့အယူသည်းသူတို့ရဲ့ စေတနာကတော့ လျှို မှာပါ၊ ဒါပေမယ့် ကျွန်မလိပ်ပြာသန့်မှာ မဟုတ်ဘူး၊ ကျွန်မရဲ့ စေတနာနဲ့ လုပ်ဆောင်မှုအပေါ် ကြွေးနဲ့ အကြွေးသိမ်းသလို *ဖြစ်ပါစေနဲ့ ကျွန်မရယ်၊ ဒေါက်တာရယ်၊ စံပယ်၊ ဒေါ်ရွှေအရယ်* သိတဲ့ကိစ္စကို ဘယ်သူမှမသိပါစေနဲ့ ဒေါက်တာ"

ဒေါက်တာအောင်သာ မှင်တက်သွားရသည်။ ဒေါ်တိုး တက်နှင်းပြောတာ ဟုတ်ပေသားပဲ။ သူမကို မလိုလားသူများ ရှိပါက ရွာသားတွေရဲ့ သွေးကို အလှည့်ကျစုပ်ယူနေသူဟု စွပ်စွဲ လိုက်ပါက ရောဂါကြောင့်မသေဘဲ စိတ်ထိခိုက်ပြီး သေဆုံးသွား နိုင်သည်။ စေတနာကို ဝေဒနာအဖြစ် ရောက်ရှိခြင်းမျိုး လောက ၌ ရှိနိုင်ပါ့မလား. . .။

"နော်ဒေါက်တာ ကျွန်မထပ်ဆင့်တောင်းပန်ပါတယ်၊ ဘယ်သူမှ မသိပါစေနဲ့"

"စိတ်ချပါ၊ အစ်မ စိတ်ချမ်းသာစေရပါ့မယ်"

သက်ပြင်းမောနှင့်အတူ ဒေါက်တာအောင်သာ လိုက် လျောလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"သွေးလှူပေးတဲ့အတွက်ကိုပါ ဒေါက်တာက ကျွန်တော့် မှာ အိုသွေးရှိတယ်ဆိုတော့ ကျွန်မက အပိုတစ်ပုလင်း ရှိနေသ သားလို့ လာမိတာပါ၊ ဒေါက်တာ့ဆီက လှူမယ်မှန်းသိရင် ကျွန်မ မလာပါဘူး"

"ဘာလဲ ကျေးဇူးတင်ရမှာကြောက်လို့လား"

ဒေါက်တာ အောင်သာက ရယ်သွေးသွမ်းသော စကား



www.burmeseclassic.com

www.burmeseclassic.com



ကို ဆိုလိုက်သည်။

ထိုအခါ ဒေါ်တိုးတက်နှင်းက. . .

"ကျေးဇူးတွေ အခုဘဝမှာ ဆပ်လို့ မကုန်အောင် တင်နေရင် တမလွန်ဘဝအထိ ပါသွားမှာစိုးလို့လေ"

"တမလွန်ဘဝအထိ လိုက်တောင်းမှာပေါ့"

နှစ်ဦးသား ပြုံးမိလိုက်သည်။ စာသင်သားတို့နှင့်အတူ ဒေါ်စံပယ်ပါ ရောက်လာသဖြင့် စကားပြတ်သွားလေသည်။

ရွာသူရွာသားများက သူတို့နှစ်ဦးကို နီးစပ်စေချင်သော စေတနာရှိနေကြသည်။ မစသာသဖြင့် ငြိမ်နေကြရသည်။ စသောလျှင် နောက်ပြောင်ကျီစယ်မှာ သေချာသည်။

ညကျောင်းအပြန်ကို ထုံးစံအတိုင်း သူလိုက်ပို့ဟန် ပြင်သောအခါ. . .

"ကျွန်မဒေါ်သိမ်းစိန်တို့နဲ့ပဲ ပြန်မယ်၊ ဒေါက်တာ ပြန်နှင့်ပါ"

ဒေါက်တာအောင်သာ မျက်မှောင်ချို၍ ကြည့်လိုက်သည်။ စကားတစ်ခွန်းမှ မဆိုဘဲ ရှုတင်းတင်းရပ်နေဆဲပင်။

"ဒေါ်သိမ်းစိန် ကျွန်မလိုက်မယ်လေ"

ထိုအခါဒေါ်သိမ်းစိန်က ခေါင်းခါကာဒေါက်တာအောင်သာကို မေးငေါ့ပြပြီး. . .

"ဆရာလေးတစ်ယောက်လုံး ရှိနေရဲ့သားနဲ့ ကျုပ်တို့ကို ဆေးရိုးသည် မလုပ်ခိုင်းနဲ့နော်၊ လာဟော့ ယောက်ဖ. . တို့ သွားကြမယ်"

"ကြည့်"





ဒေါ်တိုးတက်နှင်းမျက်နှာ ရဲခနဲ ကျန်ခဲ့သည်။ ရှက်သွေးဖြာလိမ့်မည် မဟုတ်ဟု ထင်ခဲ့မိသော သူ၏မျက်နှာ၌ ရှက်သွေးရောင်လွှမ်းမှုကို မြင်ရသောအခါ ဒေါက်တာအောင်သာ ရင်ခုန်သွားသည်။

သူ့အား မကြည့်ဘဲ ရှေ့မှ ထွက်သွားသည်။

သူပြုံးလိုက်သည်။ သူမနောက်မှာ ညင်သာစွာ လိုက်ခဲ့သည်။

မိမိရောဂါကြောင့် တမင်တကာ နှလုံးသားရေးရာကို သတိလစ်လျူရှုခဲ့သည်။ ယခုမှ ဆယ်ကျော်သက်လေးလို ရင်ခုန်ခဲ့ရခြင်း၊ ရှက်ကိုးရှက်ကန်း ဖြစ်နေရခြင်းကိုပင် မကျေနပ်ဖြစ်မိသည်။

နောက်မှ သူကပ်ပါလာမှန်းသိသည်။

သူကလည်း စကားမစ။

မိမိကလည်း စကားစရန် ခက်နေသည်။

"မမ"

"အင့်"

ဒေါ်တိုးတက်နှင်းရင်ထဲ ထပ်မံ လှုပ်ရှားသွားရပြန်သည်။ အခေါ်အဝေါ် ပြောင်းသွားပြန်သည်။ 'အစ်မ' မဟုတ်တော့။ အစ်မတုန်းက သန့်စင်သည်။ တရင်းတနှီး ရှိသည်။ ယခု စိမ်းသွားသယောင်ယောင်နှင့် အရင်းနှီးဆုံးသော သူစိမ်းအဖြစ်ကို ကူးပြောင်းသွားလိုခြင်းလား၊ ဟန်မပျက်စေရန်. . .

"ဆို. . ဒေါက်တာ"

"မမ ဆေးမှန်မှန် သောက်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"သောက်ပါတယ်"

"နားနားနေနေ နေပါလားမမရာ၊ ဒီလိုဝေဒနာမျိုးဟာ အပင်ပန်းသိပ်ခံလို့ မရဘူး၊ စာတတ်မြောက်ရေးတွေ ဘာတွေ မမ မသင်နဲ့ စံပယ်လည်းရှိတယ်၊ ကျွန်တော်လည်းရှိတာပဲ"

စံပယ်နဲ့သူ နှစ်ယောက်တည်း သင်ချင်၍ စကားဆိုခြင်းဖြစ်ပေမည်။ မိမိတလွဲတွေးကာ ရင်ခုန်မိခြင်းကိုပါ ရှက်ရွံ့သွားပြန်သည်။

"နားနေခြင်းဟာ ကျွန်မကို သေမယ့်ရက် တွေးနေစေခြင်းနဲ့ အတူတူပဲ ဒေါက်တာ၊ ကျွန်မကိုယ်ကျွန်မ မဟန်နိုင်တဲ့နေ့ ဆိုရင် ကျွန်မနားနေတာပဲ၊ ဒေါက်တာ ကျွန်မကို ဘာဖြစ်လို့ နားခိုင်းနေတာလဲ၊ မျက်စိနောက်နေပြီလား"

"ဟောဗျာ. . ဘာကိစ္စ မျက်စိနောက်နေရမှာလဲ၊ မမကို မြင်ရလေ အသက်ပိုရှည်လေပဲ"

"မသိပါဘူးကွယ်၊ တို့များကို လူတွင်ကျယ်လုပ်တယ်ဆိုပြီး အမြင်ကတ်နေသလားလို့"

ဒေါက်တာအောင်သာ ကျွဲမြီးတိုသွားသည်။

"ကျွန်တော် ယောကျ်ားပါဗျ"

"သိသားပဲ"

"အစကတော့ လူအထင်ကြီးအောင် လျှောက်လုပ်နေတယ်ထင်ပြီး အမြင်ကတ်တာဗျ၊ ခုမှ ကျွန်တော်ထင်သလို မဟုတ်တဲ့ မမက တကယ့်ကို စေတနာနဲ့ လုပ်ဆောင်နေတာတွေ့ရတော့ မျက်စိမနောက်တဲ့အပြင် လေးစားသွားတယ်၊ မမ လုပ်ရှားမှုမှန်သမျှ ကျွန်တော့မျက်စိထဲမှာ လှပနေတာချည်းပဲ"





"ကျေးဇူးတင်ပါတယ်"

"ဘာအတွက်လဲ"

"ဒေါက်တာ့စကားအတွက်လေ"

"ခဏခဏ မတင်နဲ့ ထားစရာမရှိဘူး"

"ကိုင်း. . . အိမ်ရောက်ပြီလေ ပြန်နိုင်ပြီ"

"နှင်တာလား"

"ထင်ချင်သလိုထင်ပါကွယ်၊ ညဘက်ကြီး ဧည့်သည်ကို အလည်မခေါ်ရဲတာ ခွင့်လွှတ်လိမ့်မယ်ထင်ပါတယ်"

"နားလည်ပါတယ် မမ ကျွန်တော်ပေးတဲ့ ဆေးကို မှန်မှန်သောက်ကြည့်ဦးနော်"

"စိတ်ချ၊ ကျွန်မကိုချည်းပဲ သိပ်ဂရုမစိုက်နဲ့၊ ဒေါက်တာ့ ခန်းကျရင် အပြည့်အဝ ဂရုစိုက်ဖို့ ချန်ထားပါဦး"

"စေတနာ၊ မေတ္တာ၊ အကြင်နာတို့ဆိုတာ ကုန်ခန်းသွားတတ်တဲ့အရာမှ မဟုတ်ဘဲ၊ ခုချိန် မှတ်မိသမျှပြောရရင် ကျွန်တော် ဂရုစိုက်ဆုံးမိန်းမဟာ မမဖြစ်နေတယ်"

"အိုကွယ်. . သွားတော့မယ်"

ဒေါက်တာအောင်သာ၏ စကားအနက်အဓိပ္ပာယ်ကို အလည်အောင် မတွေးချင်တော့ပါ။ ထပ်မံဆက်လာမည့်စကားကိုလည်း မကြားလိုသဖြင့် အိမ်ဆီသို့ လျှောက်ခဲ့သည်။

ခြံတံခါး အိမ်တံခါးတို့ကို ဒေါ်ရွှေအ ပိတ်ပေးပေလိမ့်မည်၊ အိမ်ပေါ်ရောက်တော့ အိပ်ခန်းထဲ တန်းမဝင်နိုင်သေးဘဲ ခန်းမပေါ်သို့ ကြည့်လိုက်မိသည်။ လက်နှိပ်ဓာတ်မီးတစ်လက်နှင့် အေးဆေးစွာလှည့်ပြန်သွားသော ဒေါက်တာအောင်သာကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသည်။

သူ့စကားတို့သည် ရိုးသားကောင်း ရိုးသားနေပေလိမ့်မည်။ မိမိကသာ မခိုင်သော နှလုံးသား ယိုင်နဲ့နေခြင်းများလား။

သူနှင့်ပတ်သတ်၍ လှုပ်ရှားမြန်နေသော မိမိနှလုံးသားကိုသာ ဆုံးမရပေဦးမည်။

အချစ်ဟူသည် မိမိနှင့် မသက်ဆိုင်အပ်သော အရာပေတည်း. . .။







# အခန်း(၁၁)

သည်နေ့ညနေ. . . . ကျိုက်ပဒိုင်ဘက်မှ အရေးကြီးသူနာရှိသဖြင့် ဒေါက်တာအောင်သာ စာတတ်မြောက်ရေးသင်တန်းသို့ ရောက်မလာနိုင်ချေ။

ထိုအခါ ဒေါ်တိုးတက်နှင်းရင်ထဲ တစ်မျိုးဖြစ်သွားသည်။ မိမိတင်လားဆို မဟုတ်။ ဒေါ်စံပယ်ကော စာသင်သားတို့ပါ သတိတရ ရှိနေကြသည်။

"ဆရာလေးရှိနေကျ၊ မရှိတော့လဲ တစ်မျိုးကြီးပါလား"



www.burmeseclassic.com

www.burmeseclassic.com



သတိရခြင်းသည် မရှိခြင်းမှ လာသည်ထင်ပါသည် ယနေ့စာသင်ရသည်မှာ မောပန်းနေသကဲ့သို့ ခံစားရသည်။

စာသင်ချိန် ကုန်ဆုံး၍ အိမ်ပြန်ချိန်၌ သတိရမှုက ပို၍ တိုးလာသည်။ လက်နှိပ်ဓာတ်မီး ပြသည်ကအစ ဒေါက်တာ အောင်သာသည့် သူမရှေ့သို့သာ ထိုးပြပေးသည်။

"ရှေ့မှာ ခလုတ်"

"ချိုင့်ရှိတယ်နော်"

"ဒီနားက မြေမညီဘူး၊ သတိထား"

ဆူးညောင့် ဖန်ကွဲကလေးများကအစ သူကိုယ်တိုင် ဖယ် ရှားပေးတတ်သည်။

"ညကျောင်းကိုတော့ မလာစေချင်ဘူး၊ မတော်တဆ ထိခိုက်မှာစိုးတယ်ဗျာ"

"မစိုးနဲ့ ဒေါက်တာ၊ စာတတ်မြောက်ရေးပြီးရင် ဒီဇင်ဘာ ကစပြီး လေးတန်းနဲ့ ရှစ်တန်းအတွက်(. . . .)ဖွင့်ဦးမှာ၊ အဲ တော့ လာရဦးမှာပဲ"

"လုပ်လှချည်လား မမရယ်၊ သိပ်အပင်ပန်းမခံပါနဲ့ဗျာ"

စာတတ်မြောက်ရေးဝင်တန်းက တစ်ပတ်ပဲ ကျန်တော့ တာ. . . ပြီးပါပြီ၊ မိုးတွင်းဆောင်းတွင်းဆိုရင် သူတို့ရဲ့ အလုပ်ချိန် ရောက်ပြီလေ၊ ကျွန်မ သင်ပေးချင်လဲ မရတော့ဘူး၊ အားရ စာဖတ်ရဲ့လား ကျွန်မလိုက်စစ်မှာနော်လို့ ဆိုတော့လေ ချစ်စရာ ကောင်းကြသား၊ ကျွန်မရွာထဲ လမ်းလျှောက်ပြီဆိုရင် စာအံ တွေ ညံနေတာပဲ၊ ကလေးလေးတွေ ကျနေတာပဲ"

"သူတို့ရဲ့ရိုးသားပွင့်လင်းမှုဟာ ချစ်စရာကောင်းတယ်





နော်၊ မမလိုပဲ ကျွန်တော်လည်း တာဝနကနေ မခွာနိုင်ဖြစ်တော့မယ် ထင်ပါရဲ့"

သူနှင့် အပြန်အလှန် ပြောခဲ့သည်ကို သတိရနေမိသည်။

"ဆရာမကြီး လမ်းလျှောက်တာ နှေးတယ်ဝေ့၊ စောင့်ပါဦး"

"ရပါတယ် သွားနှင့်ပါ၊ ကျွန်မမှာ ဓာတ်မီးပါတာပဲ"

လယ်သူမကြီးများ၏ ခြေလှမ်းကို သူ အမီမလိုက်နိုင်ပါ။ ခလုတ်ကန်သင်း မတိုက်မိစေရန်သာ ဂရုတစိုက် လျှောက်ခဲ့သည်။ လွတ်ထွက်သွားသော စိတ်ကို မနည်းပြန်ထိန်းနေရသည်။

"မမ. ."

"ဟင်. ."

ညောင်ပင်ကြီးအောက် ဟိန္ဒူဘုရားကျောင်း အရောက်တွင် ဓာတ်မီးဖွင့်ချိမှိတ်ချိနှင့် အနားကပ်ပေါ်လာသော ဒေါက်တာအောင်သာကြောင့် ဒေါ်တိုးတက်နှင်း ထိတ်ခနဲ ဖြစ်ကာ ပျော်ရွှင်သွားသည်။

"ပြန်လာပြီးလား"

"ဟုတ်တယ်၊ ရောက်ရောက်ခြင်းလိုက်လာတာ မမီတော့တာနဲ့ ဒီနားမှာ လာစောင့်နေတာ"

"ဆရာလေး အကြိုတော်ထောက်နေပြီဆိုတော့ ကျုပ်တို့သွားပြီနော် ဆရာမကြီး"

"ဟုတ်ကဲ့"

"အလိုက်သိတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအောင်သာ့စကားကို တုံ့ပြန်ခြင်းမပြုဘဲ စကားလမ်းကြောင်း လွှဲလိုက်သည်။

“ကျိုက်မဒိုင်က ဘာလူနာလဲ”

“ထုံးစံအတိုင်း မွေးလူနာလေ၊ ယောကျ်ားလေး သားဦး ဆိုတော့ခက်တယ်၊ ကိုင်း . . . ဘာမေးဦးမလဲ၊ မေးစရာရှိရင် မေး”

ဒေါက်တာအောင်သာ၏ စိတ်မရှည်ဟန်ကို နားမလည်စွာ ကြည့်လိုက်သည်။

“မေးစရာမရှိရင် ကျွန်တော်ပြောမယ်၊ အောက်ကိုလည်း ကြည့်ဦး၊ ဟိုမှာ ခလုတ်”

ဒေါ်တိုးတက်နှင်း ရယ်ချင်သွားသည်။ ကျွဲမြီးတိုစရာမရှိ ကြံဖန်တိုနေသည့်ကြားက ခလုတ်ကိုတော့ သတိပေးရန် မမေ့မလျော့ ရှိနေပြန်သည်။

“ခုပဲ ရောက်တယ်၊ မနားဘဲ ဘာဖြစ်လို့ရောက်လာလဲ”

“ဒါကျွန်တော့်အလုပ်ပါ မမကိုကြိုရမယ်ဆိုတာ ကျွန်တော့်အလုပ်ဖြစ်နေတယ်၊ နှလုံးသားရဲ့စေခိုင်းချက်အရ မနားဘဲ လိုက်လာတယ်၊ အဲဒါဘာဖြစ်သလဲ”

ဒေါက်တာအောင်သာ၏ ဘုဆတ်ဆတ် စကားကြောင့် ဒေါ်တိုးတက်နှင်း စိတ်ဆိုးရခက်သွားသည်။ နှလုံးသားစကား ပြောသူက ခက်ထန်နေရသလား ရယ်ချင်သလိုလိုလည်း ဖြစ်သွားရသည်။ သို့သော် မရယ်ရဲ။ လှုပ်ရှားဟန်လည်း မပြရဲချေ။

“မမအတွက် ပေးဆပ်ရတဲ့ ကျွန်တော့်ကိုယ်ပိုင်အချိန်တွေ သိပ်တန်ဖိုးထားတယ်၊ ဒါကြောင့် လူနာစိတ်ချရတဲ့ အနေ





အထားရောက်တာနဲ့ အတင်းပြန်လာပြီး မမမျက်နှာ မြင်ရဖို့ အရေး ပြေးလာခဲ့ရတယ်၊ မမကတော့ ခံစားချက်ကင်းမဲ့သူ အတိုင်းပဲ၊ မတုံ့ပြန်ချင်နေပါ တစ်ဖက်သားရဲ့ ခံစားချက်ကိုတော့ ဥပေက္ခာမပြုပါနဲ့ဗျာ”

“ဟောတော် ကျွန်မက ရှင့်ကို ဘာပြောနေလို့လဲ”

“ဘာလာလုပ်တာလဲ နားပါတော့လားဆိုတာ ကျွန်တော့်ခံစားချက်ကို ဥပေက္ခာပြုလိုက်တာ မဟုတ်လို့ဘာလဲ”

ဒေါက်တာအောင်သာ အချစ်နတ်ဖမ်းစားနေပြီ။ အနေနီးခြင်းသည် အချစ်ကို ဖြစ်ပေါ်စေတတ်သလား။

ဘာကြောင့် ရယ်မသိ။ သူ့စိတ်ထဲ၌ မြတ်သက်လျာ လုံးဝပျောက်ဆုံးသွားသည်။ မမ၏အချစ်ရဖို့သာ အဓိကဖြစ်နေသည်။ မမကို ထာဝရပိုင်ဆိုင်ချင်သည်။ ယုယကြင်နာချင်သည်။ မမအတွက် သူ့ဘဝကြီးကို ဖွဲ့ပေးချင်လာသည်။ ဤသည်ခပ်သိမ်း အချစ်စစ်ကြောင့်ဟု ထင်ပါသည်။

“ဒေါက်တာ”

“ကျွန်တော်ဘာကို ဆိုလိုတာလဲဆိုတာ မမသိမှာပါ”

“ဒေါက်တာခေတ်လူငယ်ထင်တယ်၊ ခုမြင် ခုကြိုက် ခုကွဲ ရမယ့်အဖြစ်မျိုး လိုလားသလား”

“ခုမြင်ခုကြိုက်ဆိုတာ နှလုံးသားရဲ့ ဖြစ်ပေါ်လာတဲ့ အချစ်စွမ်းအားကြောင့်ပဲ ဖြစ်လိမ့်မယ်မမ၊ ခုကွဲဆိုတာ ဘာဖြစ်လို့ ကွဲရမှာလဲ၊ ချစ်ခြင်းမေတ္တာနဲ့ တည်ဆောက်ထားတဲ့ အိမ်ထောင်ရေးဟာ ဘယ်တော့မှ မကွဲပါဘူး”

“ကျွန်မရဲ့ ရောဂါအခြေအနေကို သိရဲ့သားနဲ့ ဒေါက်



www.burmeseclassic.com

www.burmeseclassic.com



တာ ဘာစကားတွေ ပြောနေတာလဲ"

"သိလို့ပြောနေတာပေါ့၊ ဒီရောဂါမျိုးက အိမ်ထောင်ပြုလို့ရတာပဲ၊ အိမ်ထောင်ပြုပြီး သွေးသားပြောင်းလွဲလို့ ပျောက်သွားတာတွေ တစ်ပုံကြီးပဲ"

"အို. . . မဟုတ်တာ"

ဒေါ်တိုးတက်နှင်း မျက်နှာထူပူသွားသည်။ ဒေါက်တာအောင်သာ၏ မျက်နှာကို မကြည့်ရဲတော့။

အိမ်ဝင်းကို လှမ်းမြင်ရသည်နှင့် အပြေးအလွှား သွားဟန်ပြင်လိုက်သည်။ သို့သော် မသွားဖြစ်။ ဒေါက်တာအောင်သာအပေါ် စော်ကားရာ ရောက်သွားမှာစိုးသည်။ ပြီးတော့ မိမိ၏ လှုပ်ရှားနေသော ခံစားမှုကို သူရိပ်မိသွားမှာ စိုးရိမ်ပြန်သည်။ ထို့ကြောင့် ခပ်မှန်မှန်ပင် လျှောက်ကာ. . .

"ကျွန်မတစ်သက် အိမ်ထောင်မပြုတော့ဘူး၊ ဒေါက်တာကို ကျွန်မမောင်တစ်ယောက်အနေနဲ့ ရဲရဲတင်းတင်း အားထားဆက်ဆံသွားချင်ပါတယ်၊ ဒါကြောင့် ဒေါက်တာ့စကားကို ပြန်ရုပ်သိမ်းပေးပါ"

"အဟင်းဟင်း အချစ်ဆိုတာ ဒြပ်ပစ္စည်းတစ်ခုမှ မဟုတ်ဘဲ ခုပေးပြီး ခုပြန်ယူလို့ရကောင်းတဲ့ အရာမှမဟုတ်တာ၊ ကျွန်တော် ထပ်ပြောမယ်၊ မမကို ကျွန်တော်ချစ်တယ်၊ အမြန်ဆုံး လက်ထပ်ယူချင်တယ်၊ ထာဝရစောင့်ရှောက်သွားချင်တယ်၊ ဒါ ကျွန်တော့်ရင့်ထဲက နှလုံးသားက ပေါက်ဖွားလာတဲ့ စကားပဲ၊ ဘယ်တော့မှ ပြင်မှာမဟုတ်ဘူးဆိုတာ မမမှတ်ထားလိုက်ပါ"

ရည်းစားစကားပြောတဲ့လူက မာရေကျောရေ နိုင်လှ





ည်လားဟု ဒေါ်တိုးတက်နှင်း တွေးမိသည်။

ဒီမျက်လုံးနှင့် ဒီအပြုအမူများကြောင့် တစ်နေ့ ဒီစကားပြောလိမ့်မည်ကို သူကြိုသိခဲ့ပါသော်လည်း ဤမျှမြန်ဆန်လိမ့်မည်မထင်ပါ။ ထို့ကြောင့် ငြင်းပယ်စရာ စကားလုံးလှလှတို့ကို ရှာဖွေယူ၍ မရသေးဘဲ. . .

"ကျွန်မကလည်း ထပ်ငြင်းပါရစေ ဒေါက်တာ၊ ကျွန်မ လက်ထပ်ဖို့ စိတ်မကူးဘူး"

"လက်ထပ်ဖို့ စိတ်မကူးသေးရင် ချစ်ဖို့ကော မမနှလုံးသားကို မမပြန်မေးပြီးမှ စကားပြန်ပါ၊ ကျွန်တော်အချိန်ပေးမယ်"

"မလိုပါဘူး ဒေါက်တာ၊ ကျွန်မဟာ ဘယ်သူ့ရဲ့ အသနား ကရုဏာကိုမှ မလိုချင်လို့ မခံနိုင်လို့ ဘယ်သူ့မှ အသိမပေးဘဲ သေမင်းနဲ့ ရင်ဆိုင်အနိုင်ယူနေတာပါ ဒေါက်တာ၊ ကျွန်မကို ဝေဒနာသည်မှန်းသိပြီးမှ ကရုဏာသက်ပြီး ဆိုတဲ့ အချစ်လားလို့ ကျွန်မစဉ်းစားဦးမယ်၊ သနားခြင်းဟာ ချစ်ခြင်းဟုတ်ချင်မှ ဟုတ်မယ်၊ သနားစရာကုန်သွားရင် ချစ်ခြင်းပြယ်သွားတတ်တယ်၊ ဒါကြောင့် ဒေါက်တာလည်း ပြန်စဉ်းစားပါ၊ ကျွန်မလည်း ပြန်စဉ်းစားဦးမယ်"

"ကျွန်တော် စဉ်းစားပြီးမှ ပြောတဲ့စကားပါ၊ စဉ်းစားစရာ မလိုတော့ဘူး၊ မမသာစဉ်းစား ကျွန်တော်ပြန်မယ်"

ဒေါက်တာအောင်သာက ပြောပြောဆိုဆို ချာခနဲ လှည့်ပြန်သွားသည်။

ဒေါ်တိုးတက်နှင်း ရပ်လျက်ကျန်ရစ်သည်။ တရွေ့ရွေ့ ဝေးသွားသော ဒေါက်တာအောင်သာသည် မိမိဘက်ကို အနီး



www.burmeseclassic.com

www.burmeseclassic.com



ကပ်ဆုံး စိုးမိုးခြယ်လှယ်နိုင်သောသူ တစ်ယောက်ဖြစ်လိမ့်မည်ဟု သူမ တစ်ခါမှ မတွေးထင်ခဲ့ဘူးပါလား။

မျက်ရည်များ ဝေ့သီလာသည်။

ချစ်ခြင်းဟူသော အရာသည် မစတင်မီကပင် ပူလောင်ခြင်းများနှင့် ပြည့်နှက်နေတတ်ပါလား။







# အခန်း(၁၂)

ပုံမှန်မပျက် သွားလာလှုပ်ရှားနေသော်လည်း အတွေးကိုယ်စီနှင့် ရှိကြသည်။ လူလစ်သည်နှင့်. . . .

"ကျွန်တော် ထပ်မပြောတော့ဘူးနော်၊ အမေးရှိနေတယ် အဖြေပေးရမှာက အစ်မတာဝန်ပဲ၊ အမေးရှိရင် အဖြေရှိရမယ်"

"အဖြေပေးပြီးပြီပဲ"

"အဖြေက မှားနေတာပဲ လက်မခံနိုင်ဘူး၊ ဦးနှောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တွက်ချက်တဲ့ အဖြေမျိုးမပေးနဲ့ နှလုံးသားကို သေချာတွက်ချက်ပြီးမှ တိကျတဲ့အဖြေပေး"

"ဒါဆိုလည်း စောင့်ပေါ့"

"စိတ်ရှည်စွာ စောင့်စားခြင်းဟာလည်း အချစ်ရဲ့ သက်သေပြချက် တစ်မျိုးဆိုရင်တော့ ကျွန်တော် စောင့်ပါမယ်"

"ဒေါက်တာဟာလေ ဆရာဝန်လုပ်ဖို့ မကောင်းဘူး၊ စာရေးဆရာပဲ လုပ်တော့"

"ပါရမီပါမယ်ဆိုရင်တော့ လုပ်ချင်ပါတယ်၊ ဒါပေမယ့် အဲ. . ပရိသတ်တစ်ဦးတည်းအတွက်ပဲ ရေးမှာ၊ မမဒိုင်ခံဖတ်နိုင်ပါ့မလား၊ ချစ်သူမမအတွက် အစီရင်ခံစာလေ"

နှစ်ယောက်တည်းဆိုပါက ဒေါက်တာအောင်သာသည် ကလေးဆိုးတစ်ယောက်လိုပင် သူ့အချစ်ကို တုံ့ပြန်ရန် တောင်းဆိုလေ့ရှိသည်။ သို့သော် မိမိသိက္ခာကျစေမည့် အပြုအမူမျိုးတော့မလုပ်ရှာပါ။ သို့သော် သူ့အနေရခက်အောင် ဂရုစိုက်လွန်းအားကြီးသည်။

ဒေါ်တိုးတက်နှင်း မစဉ်းစားချင်ပါ။

ဒေါက်တာအောင်သာအတွက် စဉ်းစားလာရသောအခါ ရင်ဝယ်လှုပ်ရှားမှုများ ပြင်းထန်လာသည်။

ယခင်က သူတစ်ဦးတစ်ယောက်တည်း သွားလာလှုပ်ရှားနေခဲ့စဉ်က ဘာမှ မခံစားခဲ့ရ။

ယခု ဒေါက်တာအောင်သာနှင့် ကျောင်းချိန် ဆေးခန်းမှတစ်ပါး အတူတူလို သွားလာလှုပ်ရှားလာသောအခါ တစ်ခါတစ်ရံ အကြောင်းမညီညွတ်၍ ဒေါက်တာအောင်သာရောက်မ





လာသည့်အခါမျိုး၌ နေထိုင်၍မရအောင် ရင်မှာ လစ်ဟာလွမ်းဆွတ်လျက်ရှိသည်။

"ဒေါက်တာက ရန်ကုန်ဇာတိလား"

"မဟုတ်ဘူး ပြည်ဇာတိပါ၊ မမကကော"

"ရန်ကုန်ကပါပဲ"

"ဪ မိဘတွေဆီ တစ်ခါမှ မပြန်ဘူးလား"

"မရှိကြတော့ပါဘူး"

"ဪ. . . ဒါနဲ့တစ်ခါ ဧရာကားပေါ်မှာ မမကိုတွေ့ဆိုက်ရတာကကော"

"အဲဒါ ပြည်က ညီမမီးဖွားလို့ ခဏသွားကြည့်တာပါ"

"ညီအစ်ကို မောင်နှမတွေ ရှိကြတယ်လား"

"ရှိတဲ့လူတွေလဲ ရှိပါတယ်၊ ဆုံးတဲ့လူတွေလဲ ဆုံးကုန်ပါပြီ ဒါပေမယ့် အရင်းအချာတွေ မဟုတ်ဘူး ဝမ်းကွဲတွေပါ"

"ဪ"

ညှိုးရိပ်ဆင်သွားသော သူ့မျက်နှာကြောင့် ဒေါက်တာအောင်သာ ဆက်မမေးတော့၊ မိမိမျက်နှာကို မှန်လိုပဲ အရိပ်တကြည့်ကြည့် ကြည့်နေတတ်သော သူ့အတွက် မိမိအကောင်းဆုံးသော လက်ဆောင်မွန် ပေးချင်ပါသည်။ သို့သော်. . .

"ဆရာလေး ရှိသလား"

"ရှိတယ်ဗျို့"

"ထင်သားပဲ ဆေးခန်းမှာမရှိရင် ဆရာမကြီးဆီရောက်နေတာပဲ ဖြစ်ရမယ်လို့၊ လူနာရောက်လာလို့"

"အေး. . လာပြီ. . လာပြီ၊ မမ သွားမယ်၊ ဆေးမှန်မှန်



www.burmeseclassic.com

www.burmeseclassic.com



သောက်ပြီး အိပ်ပျော်အောင်သာ အိပ်လိုက်ပါ၊ ကျွန်တော်အတွက် သိပ်မစဉ်းစားနဲ့၊ ကျန်းမာရေးကို ဂရုစိုက်ပါ”

“ဟုတ်ကဲ့ ဒေါက်တာ”

“မခနဲ့နဲ့ သွားမယ်”

“အကောင်းပြောတာပဲ”

“မမရာ”

မခွဲနိုင်မခွာရက်ကြားက ပြေးဆင်းသွားလေသည်။ ဒေါက်တာအောင်သာကို ပျော်ရွှင်စေမည့်စကားမျိုး ဖြေကြားလိုက်ချင်ပါသည်။

သို့သော် မရေရာသော အတွေးများသော တိမ်တိုက်နှယ် လွှင့်ပါလျက်ရှိသည်။

“သမီးလည်းသမီးအမေလိုပဲ မျိုးရိုးလိုက်တယ်၊ သမီးမေမေကလဲ သွေးကင်ဆာသမားလေ၊ သမီးမွေးပြီး မီးတွင်းမှာပဲ ဆုံးသွားရှာတယ်၊ သူ့အမွေအနှစ်ဖြစ်တဲ့ သမီးကိုထားခဲ့တယ်၊ ဒါတင်မကဘူး သမီးကိုပါ ရောဂါအမွေဆိုး ပေးထားခဲ့ပြန်တယ်”

ကြီးကြီးလက်ပေါ်မှာ ကြီးပြင်းလာရသော မိမိဘဝကို တရေးရေးမြင်ယောင်လာသောအခါ မျက်ရည်ဝဲပြန်သည်။

“သမီးအဖေကလည်း သမီးမေမေကိုသတ်တာ သူပါဆိုပြီး စိတ်ထိခိုက်၊ အရက်တွေ အလွန်အကျွံသောက်ပြီး ကားမောင်းရာက ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားခဲ့တာ၊ အဲဒါ စနေသမီး ဂြိုဟ်မွှေတယ်ဆိုပြီး သမီးကို အမျိုးတွေက ဘယ်သူမှမမွေးချင်ကြဘူး၊ ကြီးကြီးပဲ မွေးခဲ့ရတာ”

ကြီးကြီးအပျိုကြီးက ထူးဆန်းသည်။ ညီမဝမ်းကွဲ ဒေါ်





ရွှေအကို မွေးထားသကဲ့သို့ စနေဂြိုဟ်ဆိုကာ အမျိုးများပစ်ပယ်ထားသော သူ့ကိုလည်း မွေးခဲ့သည်။ အမွေတွေ မပျောက်ပျက်အောင်လည်း ထိန်းသိမ်းပေးခဲ့သည်။ သို့သော် ကြီးကြီးသည် သူနောက်ဆုံးနှစ်မှာပင် လေဖြတ်ပြီးကွယ်လွန်သွားသည်။

အထီးကျန်ခြင်းသည် မွေးလာကတည်းက စတင်လာခြင်းဖြစ်သည်။

ဤအထီးကျန်မှုကို ဒေါက်တာအောင်သာနှင့်တွေ့မှ ပို၍ထင်ရှားစေသည်။

မိမိလို ဝေဒနာမျိုး သားစဉ်မြေးဆက် ခံစားရစ်ကျန်ရစ်ရမှာလား၊ မိမိရင်သွေး မိမိလိုဝေဒနာမျိုး မခံစားစေလို့ . . .

သူ့ဘာ ကို ဆုံးဖြတ်ရမည်နည်း။

နှလုံးသားသည် တစ်ခါတစ်ရံစိတ်ကို အနှောင့်အယှက်ပေးနိုင်ဆုံးသော ရန်သူဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

ဘုရားအာရုံပြုအပြီးတွင် စိတ်ထဲမှာထင်သည့်အတိုင်း ဒေါက်တာအောင်သာ ရောက်နေသည်ကို တွေ့လိုက်ရသည်။

"မမ အိပ်ချိန်ကော ရှိသေးရဲ့လား"

သူ့နံဘေးတွင် သူဝင်ထိုင်ရင်း မေးလိုက်သည်။

"ရှိပါတယ်၊ စားချိန်သောက်ချိန်ကို ဂရုစိုက်ပါတယ်၊ ဆေးလဲမှန်မှန်သောက်ပါတယ်၊ ဘုရားလဲ မှန်မှန်ရှိခိုးတယ်၊ ဝဋ်ကြွေးရှိရင် ဒီဘဝနဲ့ ပြီးဆုံးပါစေလို့ ဆုတောင်းတာလေ"





"ဆုတောင်းရင် ပြည့်တယ်လား၊ ဒါဖြင့် မမ ခဏနေဦး၊ ကျွန်တော်ဆုတောင်းလိုက်ဦးမယ်"

ပြောပြောဆိုဆို ဘုရား၌ဦးသုံးကြိမ်ချပြီး တတွတ်တွတ်နှင့် မကြားတကြား ဆုတောင်းနေလေသည်။

"ဘုရားတပည့်တော် ချစ်ခင်နှစ်သက် စွဲလမ်းမြတ်နိုး တန်ဖိုးထားမိပါသော ချစ်သူမမနှင့် အမြန်ဆုံးမှသည် ရာသက်ပန် ဘဝဆက်တိုင်းဆက်တိုင်း အတူတကွ ပေါင်းဖက်နေထိုင်ရပါလို၏ အရှင်ဘုရား"

သူပြုံးလိုက်မိသည်။

"တကယ့် ကလေးလိုပါပဲလားကွယ်"

"အချစ်မရသေးတဲ့သူဟာ ကလေးဆိုးလိုပဲ ပူဆာသွားတတ်တယ်ထင်တယ် မမ"

"အရူးကျနေတာပဲကွာ၊ တို့များ စဉ်းစားနေတာပဲ"

"စဉ်းစားရမယ့် လူလားဗျာ၊ မမထားရာနေ စေရာသွား ကျွေးတာပဲ စားမယ့်သူပါဗျာ"

"ကျွေးတာစားမယ့်သူဆိုလို့ လာမယ့်လပြည့်နေ့ကျရင် တို့များမွေးနေ့လေ၊ ဘုန်းကြီးကျောင်းမှာ ဆွမ်းကပ်ပြီး တစ်ရွာလုံး မီးခိုးတိတ်ကျွေးဖို့ ဆုံးဖြတ်ထားတယ်၊ ဒေါက်တာနဲ့ မစံပယ်တော့ မနက်ကျောင်းမှာဝိုင်းလုပ်ပြီး ညနေစာပါ အိမ်မှာစားနော်"

"မမက သူဌေးပဲ"

"စေတနာဌေးရင် သူဌေးလို့ခေါ်မယ်ဆိုရင်တော့ မှန်တယ်၊ ဒါပေမယ့် တို့များထင်တာက စိတ်ချမ်းသာပြီး ပူပင်သော



www.burmeseclassic.com

www.burmeseclassic.com



ကကင်းတဲ့လူက သူဌေးလို့ပဲ ထင်တာပဲလေ"

"ဒါနဲ့ မမသွေးမသွင်းသေးဘူးလား"

"ဒီလ လစာသွားထုတ်ရင်းနဲ့ သွင်းခဲ့ပါမယ်"

"စာတတ်မြောက်ရေးဝင်တန်လဲ ပြီးပြီဆိုတော့ နားနား နေနေ နေနော်"

"ပြန်ကြရအောင် ဒေါက်တာ"

ထုံးစံအတိုင်း သူမပြုနေကျအတိုင်း စောင်ကလေးကို ခေါက်၊ စိပ်ပုတီးလေးနှင့် ခြင်းတောင်းထဲ ထည့်လိုက်သည်။

"ကျွန်တော် မမမွေးနေ့ကို ပြန်ရောက်ပါ့မလား မသိဘူး"

"ဟင်. . ဘာဖြစ်လို့"

"အိမ်ကသံကြိုးလာတယ်၊ အမေနေမကောင်းလို့ အမြန်ပြန်လာပါတဲ့"

"အို. . မသွားသေးဘူးလား"

"သွားမယ်လေ၊ မမကို လာနှုတ်ဆက်တာ"

"နှုတ်ဆက်တာ"

သူရင်၌ နင့်ခနဲခံစားလိုက်ရသည်။ ခွဲခွာခြင်း မစမီကပင် လွမ်းဆွတ်သကဲ့သို့ ခံစားလိုက်ရသည်။

"မမကို အသိမပေးဘဲ မသွားချင်လို့ လာအသိပေးတာ၊ နောက်ပြီး ပြန်လာရင်တော့ တိကျတဲ့အဖြေသိချင်ပြီဗျာ၊ မရေမရာဘဝနဲ့ မနေချင်တော့ဘူး၊ မမကို ပိုင်ပိုင်နိုင်နိုင် ဂရုစိုက်ချင်တယ်၊ ယုယကြင်နာချင်တယ်"

"မိခင် မကျန်းမမာဖြစ်နေတာကိုပဲ ဂရုစိုက်ပါလေ၊ ဘာ





မှုမတွေးနဲ့၊ လာ. . သွားကြရအောင်"

သူ့အနေဖြင့် ဒေါက်တာအောင်သာကို ဝမ်းသာစေမည့် စကားလက်ဆောင် ပေးလိုက်ချင်ပါသည်။ သို့သော် သက်ပြင်း ငွေ့ငွေ့ ချလိုက်သည်။

"ပေးလေ မမခြင်း"

"ပေ့ါပေါ့လေးပါ၊ မမနိုင်တဲ့ဝန်ကို မမထမ်းသွားပါရစေ၊ နေရာတကာ လိုက်ဂရုစိုက်နေရင် မလွဲသာလို့ ခွဲခွာကြရတဲ့အခါ အရာရာဟာ လွမ်းစရာတွေကြီး ဖြစ်ကုန်လိမ့်မယ်ထင်တယ်"

ဒေါက်တာအောင်သာနှင့် အတူယှဉ်တွဲပြီး မြသိန်းတန်ဘုရားကို ကျောခိုင်းခဲ့လေသည်။

တာဝရေတံခါးကိုကျော်ပြီး ရွာလမ်းရောက်သည်နှင့်. .

"ဆရာလေး အမေနေမကောင်းလို့ ပြန်မလို့ဆို"

"ဟုတ်တယ် ခဏပါ"

"ဟုတ်တယ်၊ ဆရာလေးရောက်တာပဲ သုံးလကျော်နေပြီ၊ ပြန်တာမတွေ့ရသေးဘူး၊ ပြန်တော့ပြန်လာနော်"

"ပြန်လာမှာပေ့ါ"

"ဆရာလေးမရှိရင် ကျုပ်တို့ရွာတော့ ဒုက္ခပါပဲ"

"သူနာပြုဆရာမတွေ ရှိတာပဲ"

"ဆရာလေးလောက်တော့ ဘယ်အားထားရမှာလဲ"

"စိတ်ချပါ၊ ကျွန်တော် ပြန်လာပါ့မယ်"

ဒေါက်တာအောင်သာ၏ ယောကျ်ားဆန်သော နှုတ်မှ ထွက်သည့်စကားဟု မိမိယုံကြည်မိသည်။ တစ်ဆက်တည်း ဒေါက်တာအောင်သာသာ မရှိခဲ့လျှင် နောက်ထပ်ဆရာဝန် ထပ်



www.burmeseclassic.com

www.burmeseclassic.com



ရနိုင်ပါ့မလား။

ကေန်းသေ ငစွေပေါ်လိမ့်မယ်ဟော့ဟူသော စကားသည် ကျေးလက်တောရွာ၌ အမှုထမ်းမည့်ဆရာဝန်များနှင့် မဆိုင်ဟု ထင်ပါသည်။

စိုးရိမ်စိတ်ကလေးဖြင့် လမ်းခွဲနားအရောက်တွင် ခြေလှမ်းအစုံရပ်ပြီး ဒေါက်တာအောင်သာကို မော့ကြည့်လိုက်သည်။

ယောက်ျားပီသခန့်ညားသော သူ့ရုပ်သွင်သည် အားကိုးချင်စရာ ကောင်းလှပါသည်။ သို့သော် မိမိအားကိုးလိုက်ခြင်းက သူ့ဘဝကို နစ်မွန်းစေနိုင်သည်။

"သွားတော့ဒေါက်တာ၊ ပြန်အလာကို တို့မျှော်နေပါ့မယ်"

"ပြန်လာမှာပါ၊ ကျွန်တော် နှလုံးသားရှိရာနဲ့ ဘဝရှိရာ အရပ်ကို ကျွန်တော်ပြန်လာမှာပါ၊ သွားမယ် မမ"

ဒေါက်တာအောင်သာက ဦးအောင်ကျော်ခိုင်းသွားသည်။ ညောင်ပင်ကြီးအောက်၌ မိမိတစ်ယောက်တည်း အထီးကျန်စွာ ခံစားလိုက်ရသည်။

သူ့နှလုံးသားသည် မိမိ။

သူ့ဘဝသည် ဤရွာသားများဟု သူဆိုလိုသွားသည်။ တွေ့စနှင့်မတူပဲ ရွာသားများနှင့် လိုက်လျောညီထွေစွာ နေတတ်လာပြီး တစ်ရွာလုံး ချစ်ခင်လေးစားမှုကို ရရှိလာသော စေတနာဆရာဝန်တစ်ဦး ဖြစ်လာသည်။

လူငယ်သော်လည်း စိတ်ဓာတ်ကြံ့ခိုင်မှုရှိသော ဤလူက





မိမိစွန့်လွှတ်နိုင်ပါ့မလား၊ မိမိအား ချစ်လွန်းသောသူကို မိမိစွန့်နိုင်ပါ့မလား။

လောကကြီးဆိုသည်မှာ တသမတ်တည်း ရပ်တည်၍မနေဘဲ၊ သုခ၊ ဒုက္ခ၊ သောက၊ ဗျာပါဒတို့နှင့် ရောပြွန်းနေတတ်သည်ပဲ။

ကံကြမ္မာ အလှည့်အပြောင်းဟူသည် ရှိတတ်သည်။

ကံဆိုသည်မှာ အလုပ်ဟုဆိုကြသည်။ လူကပဲ ပြုပြင်ဖန်တီးလုပ်ကိုင်သည်။

သို့ဆိုလျှင်. .

သက်ပြင်းမောချလိုက်သည်။

မိမိမြင်ကွင်းထဲ၌ ဒေါက်တာအောင်သာ ရှိမနေတော့ပါလား၊ ထိုအခါမှ ဒေါ်တိုးတက်နှင်း သူ့အိမ်လမ်းကြောင်းသို့ ဦးတည်လိုက်သည်။

ခဏတာ ခွဲခွာခြင်းအတွက်တောင် ရင်မှာနွမ်းလျ ခံစားနေရပါလျှင် တစ်သက်တာအရေးဆိုပါက. . .

သန်းခေါင်းထက်တော့ ညဥ့်နက်စရာ ရှိနိုင်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၄)

မြသိန်းတန် စေတီရှေ့တွင် မြင်တွေ့နေကျ အမွှေး
နှင့် နှင်းဆီပန်းအိုးကို တွေ့လိုက်ရသည်။ ဖယောင်းတိုင်မီး
လည်းရှိနေဆဲ၊ စေတီ၏ လေကွယ်ရာဘက်၌ သုံးဆယ့်ငါး
ထွန်းထားသည်ကိုကြည့်၍ . . .

"ဩော် မမအသက် သုံးဆယ်ရှိပြီကိုး"

သူ့ထက် ခြောက်နှစ်ကြီးသည်။

သက်စေ့အပြင် အနန္တောအနန္တငါးပါးကို ရည်စူး





ငါးတိုင်ပိုထွန်းထားခြင်းသည် မြန်မာလူမျိုးတို့၏ မည်သူစလိုက်
န်းမသိသော အလေ့အထ ထင်ပါသည်။

"မမ"

စေတီပတ်ပတ်လည်၌ မရှိသဖြင့် သူအသံပြုကြည့်
သည်။ တုံ့ပြန်သံမကြားရ။ မမရှိဦးမည်ဟု သူယုံကြည်ပါသည်။

မလှမ်းမကမ်းမှ ကုက္ကိုပင်ကြီးဆီသို့ မျက်စိရောက်သွား
သည်။ လူတစ်ကိုယ်စာကို ကောင်းကောင်းကွယ်ထားနိုင်သော
စည်ကြီးရှိနေသည်။ သူညင်သာစွာ လှမ်းလိုက်သည်။

"မမ"

အသံပြုလိုက်သည့်တိုင်အောင် တုံ့ပြန်မှုမပေးဘဲ ပင်
ည်ကို မှီကာ တမျှော်တခေါ် လယ်ကွင်းပြင်ကို ငေးမောနေ
သော သူ့မမကို တွေ့လိုက်ရသည်။

"မမ"

"ဘာဖြစ်လို့ ဒီလောက်ခေါ်နေရတာလဲ"

မာဆတ်ဆတ်လေး တုံ့ပြန်လိုက်သည်။ မည်သို့ဆိုစေ၊
ပျော်သွားသည်။ မမထံမှ တုံ့ပြန်သံကြားလိုက်ရ၍ ဖြစ်သည်။

"ထူးမှ မထူးဘဲ"

"အမေနေကောင်းသွားပြီလား"

မမသူ့အား မျက်နှာမူပြီး မေးလိုက်သည်။

"သက်သာသွားပါပြီ၊ ထုံးစံအတိုင်း သွေးတိုးပေါ့ . .
ည်း၀. . ငါးပိကလည်းကြိုက်ဆိုတော့ ဖြစ်တာပေါ့၊ မမ
နေ့အမိ ပြန်လာတာ၊ မနက်စာတော့ မမီတော့ဘူး၊ ညနေ



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် လာ၊ သွားကြရအောင်"

နေပါဦး ကျွန်တော် မမအိမ်ရောက်ခဲ့တယ်၊ မရှိဘူး ဆိုတာနဲ့ ဒီကိုလာမယ်ထင်လို့ မှန်းလိုက်လာတာ"

"ဘာဖြစ်လို့ အလောတကြီး ဖြစ်နေရတာလဲ"

"ဗျာ"

သူ့ရင်ထဲ ခံပြင်းသွားသည်။ သူ့ခံစားချက်ကို သူမသိတာလား။ သိလျက်သားနဲ့ တမင်ပဲ ဥပေက္ခာ ပြုထားတာလား။ မမ ရက်စက်သည်မှာတော့ သေချာသည်။

"မမ"

"နားထောင်နေပါတယ်"

"မမ ရက်စက်တယ်"

"အလို"

"တစ်ဖက်သားရဲ့ ခံစားချက်ကို ဥပေက္ခာပြုထားခြင်းဟာ ရက်စက်ခြင်း တစ်မျိုးပဲ"

"ကျွန်မက ရှင့်ကိုရက်စက်တယ်၊ မေတ္တာမတုံ့ပြန်သင့်ဘူးထင်လို့ မတုံ့ပြန်တာဟာ ရက်စက်တာလား"

သူ ကရုဏာဒေါသော ဖြစ်နေသည်။ ဂျာကင်အိတ်ကပ်ထဲတွင် အသင့်ထည့်ထားသော လျှောက်လွှာစာရွက်များကို ထုတ်ပြလိုက်သည်။

"ဒါတွေဟာလည်း ကျွန်တော့်အသည်းကို ခွဲပစ်လိုက်တဲ့ လျှောက်လွှာတွေလေဗျာ"

ပဲခူးတိုင်း မြို့နယ် ပညာရေးမှူးသည် သူ့ဦးလေးဝမ်းကွဲ ဖြစ်သည်။ ပြည်သွားခါနီးတွင် ဦးလေးဆီ အဝင်၌ မမ၏ ရာထူး





တိုးစေရာ လျှောက်လွှာများ တင်ထားခြင်းနှင့်ပတ်သတ်၍ ဦးလေးပြောပြသဖြင့် သူသိကာ. .

"မေ့နေလိုက်တာ၊ ကျွန်တော့်ကို အဲဒီလျှောက်လွှာ ယူခိုင်းလိုက်တာ၊ မတင်တော့ဘူးတဲ့"

"ဟုတ်ပါတယ်ကွာ၊ ပဲခူးတိုင်းရဲ့ စံပြကျောင်းတစ်ကျောင်း လျှော့သွားပါ့မယ်၊ ပြန်ယူသွား၊ တိုင်းထဲ ပရိုမိုးရှင်းအတွက် သူ့ကိုဦးစားပေး စဉ်းစားထားပါတယ်၊ လစာထုတ်ရက်လာမှ သူသဘောထား သေချာအောင် ထပ်မေးပြီးမှပါလည်း တင်ပေးမယ်စိတ်ကူးထားတာ၊ အတော်ပဲ မင်းပြန်ယူသွား"

"အပြန်ကျ မဝင်တော့ဘူးလား"

"အချိန်ရရင် ဝင်မယ် တိတိကျကျတော့ မပြောနိုင်ဘူး"

ဒေါက်တာအောင်သာသည် လျှောက်လွှာများ ရယူခဲ့သည်ကို ရှင်းပြလိုက်သည်။

"မမစိတ်ဆိုးလည်း ဆိုးပေတော့၊ မုသားမပါ လင်္ကာမချော်မို့လား၊ ကျွန်တော့် လိမ်ညာပြီး ရယူခဲ့ရတယ်၊ နောက်. . ကျွန်တော်ကို အသိမပေးဘဲ ဘာမှလုပ်လို့ မရဘူးမှတ်ပါ"

သူ၏ ဒေါသစွက်သော အပြောကို ငြင်းဆန်ရန် အင်အားမရှိသည့်အလား သက်ပြင်းတစ်ချက်သာ ချလိုက်သည်။

"အချစ်ဆိုတာ နီးနေလို့ ဖြစ်ပေါ်တယ်လို့ မမယူဆတယ်လား၊ မရဘူးမမ အချစ်ဆိုတာ နီးခြင်းဝေးခြင်းနဲ့ မဆိုင်ဘူး၊ ဒီကောင့်ရုပ်ကို မြဲမြဲကြည့်ထား၊ မမအခြားကမ္ဘာအထိ ထွက်ပြေးဦး. . လိုက်မှာပဲ၊ တွေ့အောင်ရှာဖွေမှာပဲ၊ ကျန်တာတွေဘာမှ မှုတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်အတွက်နဲ့ ဘဝတစ်ခုလုံးကို အဓိပ္ပာယ်မဲ့ မကုန်ဆုံးချင်ပါနဲ့ ဒေါက်တာ"

မမက တည်ငြိမ်စွာ ဆိုလိုက်သောစကားကြောင့် သူ့ရင်၌ မခံမရပ်နိုင်အောင် နာကျင်သွားကာ. . .

"မမ. . . ခင်ဗျားနော်"

မမပခုံးလေး နှစ်ဖက်ဆီသို့ သူ့လက်များအလိုလိုရောက်ရှိသွားပြီး ဆွဲကိုင်လှုပ်ယမ်းရန် အားယူလိုက်ပြီးမှ မမ၏ရောဂါဝေဒနာကို သတိရကာ မလုပ်ဘဲ ရပ်တန့်သွားသည်။

"အချစ်ကို ရယူပိုင်ဆိုင်ခြင်းဟာ ဘဝအတွက် အဓိပ္ပာယ်မဲ့ ကုန်ဆုံးခြင်းတဲ့လားမမ ဟုတ်လား၊ နှလုံးသားကင်းမဲ့စွာနဲ့ လောကကြီးမှာ စက်ရုပ်ဆန်ဆန် လှုပ်ရှားနေခြင်းဟာ ရှင်လျက်နဲ့ သေနေသလိုပဲ၊ အဲဒါမှ အဓိပ္ပာယ်မဲ့ ကုန်ဆုံးခြင်းခေါ်တယ်"

"စိတ်အလိုလိုက်လွန်းရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်မှာပေါ့"

"စိတ်ကိုတင်းကျပ်ထားလွန်းရင် ( . . )ခေါ်တဲ့ ထွက်ပေါက်ရှာပြီး ရူးသွပ်သွားတဲ့လူတွေလည်း ရှိတာပဲ၊ ကြည့်စမ်း. . မမကိုယ်ကို စိတ်ထိန်းချုပ်ထားလွန်းလို့ စိတ်ဝေဒနာခံစားပြီး ဟန်ဆောင်ပြုံးတောင် ဆင်နိုင်တော့လို့လား၊ မညာပါနဲ့ မမရာ၊ မမကျွန်တော့်ကိုချစ်တယ်မဟုတ်လား၊ ဟုတ်ပါတယ် မမ ဦးနှောက်က လက်မခံပေမယ့် နှလုံးသားက ချစ်နေတယ်ဆိုတာကျွန်တော်သိတယ်၊ မညာပါနဲ့ မမရာ"

မမက ပခုံးပေါ်မှ သူ့လက်များကို ဖယ်ရှားရန် ကြိုးစား





သည်။ သူ မလွှတ်ပါ၊ မမကို အလျော့ပေး၍ မရနိုင်တော့။ မမသည် လူပုံပျော့သလောက် အင်မတန်ခေါင်းမာသော မိန်းမတစ်ယောက်ဖြစ်သည်။ ခေါင်းမာပေမယ့် နှလုံးသား မမာပါ၊ မမနှလုံးသားသည် နူးညံ့ပျော့ပျောင်းလွန်းသည်။

မျက်ဝန်းရိပ်သည် ကရုဏာရောင်များ အမြဲလွှမ်းနေတတ်သည်။ လူတစ်ဖက်သားကို ကြင်နာတတ်သော မမသည် သူ့ကျမှ ဆန့်ကျင်ရန် ကြိုးစားနေသည်။

"အချစ်ဆိုတာ စက်ဆုပ်ရွံရှာစရာကောင်းတဲ့ အရာမှမဟုတ်ဘဲ၊ အဓိက ဘာအတွက် ရှောင်ရှားချင်ရတာလဲ၊ မမကိုကျွန်တော်သိပ်ချစ်တယ် မမရာ၊ ကျွန်တော်နဲ့ ခွဲခွာသွားဖို့ မကြိုးစားပါနဲ့"

မမသည် သူ့မျက်ဝန်းကို ကရုဏာသက်စွာနှင့် စူးစမ်းသာသည်။ ထို့နောက်. . .

"ချစ်စရာလူ ဒီလောက်ရှားသလား၊ တို့များကိုမှ ချစ်ချင်ရသလား"

"အချစ်ဆိုတာ ပစ္စည်းမဟုတ်သလို၊ ချစ်သူဆိုတာပစ္စည်းတွေ မဟုတ်ဘူး၊ ရွေးချယ်ပိုင်ဆိုင်လို့ မရဘူး၊ ဦးနှောက်နဲ့ကြည့်ပြီး အပြစ်တွေ၊ အနာအဆာတွေ၊ ရောဂါသည်မို့၊ ပိန်လို့ဝလို့ ဆိုပြီး ရွေးချယ်လို့မရဘူး၊ နှလုံးသားနဲ့ပဲကြည့်တယ်၊ နှလုံးသားကချစ်လာတာ ချစ်သူပဲ"

"ဘာတွေလဲကွယ် မမနားမလည်တော့ဘူး"

သူ့ရင်ထဲ လှိုက်ဖိုသွားသည်။ မမက သူ့ကိုယ်သူ မမဟုပြောင်းလဲသုံးလာပြီ။ သို့သော် မသိကျိုးကျွန်ပြုထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မတော်မဆ မမရှက်သွားမှာ စိုးရိမ်သည်။

"မမသိပါတယ်၊ မမနှလုံးသားကို မမသိနေတယ်၊ ဒါ ကြောင့် မမကျွန်တော်နဲ့ ဝေးရာကို ထွက်ပြေးနိုင်ဖို့ ကြိုးစားနေ တာပေါ့၊ မဟုတ်ဘူးလား"

"ဒါလည်း တို့မျှားမသိဘူး"

"ကိုင်း မသိသေးရင် အသာနေ၊ မမမွေးနေ့အတွက် ကျွန်တော် လက်ဆောင်ပေးရဦးမယ်"

"မွေးနေ့လက်ဆောင်လိုချင်လို့ မွေးနေ့ရယ်လို့ ဖွင့်ပြော သလိုဖြစ်သွားပြီးလားကွယ်၊ မမ စိတ်မကောင်းလိုက်တာ"

"ဟောဗျာ မမကလည်း မွေးနေ့မဟုတ်လည်း ကျွန် တော် မမအတွက် အမှတ်တရ ဝယ်လာမှာပဲ၊ လက်ခံပါမမရယ် ချစ်သူပေးတဲ့ အမှတ်တရပစ္စည်းဆိုတာ လက်ခံကောင်းတဲ့ အရာ တစ်ခုပါ၊ ယူနော်မမ"

သူ့အိတ်ကပ်ထဲမှာ အသာထုတ်လိုက်သည်။ အချွန်း တံဆိပ်နှင့် ရွှေထည့်သော ဘူးငယ်လေးတစ်ဘူး။

ဘူးကိုဖွင့်လိုက်သည်။ ပတ္တမြားလုံးချောများကို အ သည်းပုံဖော်ထားပြီး ရွှေနားကွပ်ကာ ရွှေမြားစိုက်နေသော ပုံဖြစ်သည်။ ပြည်သို့အသွားတွင် ဝင်မှာသွားပြီး အပြန်တွင် ရွေး ခြင်းဖြစ်သည်။

"ကျွန်တော့်အသည်းမှာ မမဆိုတဲ့ အချစ်မြားစိုက်ထား အမိပွာယ်လေ၊ တစ်သက်လုံးမမရင်မှာ တပ်ဆင်ထားရမယ် နော်"

ဝမ်းသာဟန်မပြဘဲ သူ့ထံမှ လှမ်းယူကာ ဘယ်ဘက်





ရင်၌ ထိုးစိုက်သည်။

သူ ဝမ်းသာကြည်နူးစွာ တစိမ့်စိမ့် ကြည့်မိသည်။

"မမ. . ကျွန်တော့်အချစ်ကို လက်ခံပြီနော်"

"ရင်ထိုးဟာ မင်းအချစ်လား"

ပြုံးစစနှင့် မမက မေးလိုက်ရာ သူက မဆိုင်းမတွင်. .

"မဟုတ်ဘူး၊ ချစ်သက်လက်ဆောင်"

"ဒါဆိုရင် သဘောပေါက်တော့ပေါ့"

"တိတိကျကျပြောပါ မမရာ၊ ချစ်သူဆီက ချစ်ပါတယ် ဆိုတဲ့ စကားကို တိုက်ရိုက်ကြားချင်တတ်ကြတာ လူ့သဘာဝ ဆင်တယ်"

"မမကငယ်ငယ်ကတည်းက. . အဲ အချစ်အကြောင်း နားလည်တဲ့ အရွယ်ကတည်းက ခံယူချက်တစ်ခုရှိနေတယ်၊ အဲဒါဟာ ဘာလဲဆိုတော့"

မမသည် သူ့အသည်းယားအောင် လုပ်တတ်သည်။ စကားကို တစ်ဆက်တည်းမပြောဘဲ သူ့ကိုပြုံးမြမြလေး လှမ်း ကြည့်ရာ သူက ရှုံးသိုးသိုးနှင့်. . .

"မမနော် ကျွန်တော် အသည်းယားလို့ တစ်ခုခု ကျူး လွန်မိရင် ကျွန်တော့်အဆိုး မဟုတ်ဘူးဗျနော်"

"ဩော် ချစ်သူပေးတဲ့ လက်ဆောင်မွန်ကလွဲလို့ ဘယ် သူစိမ်းယောကျာ်းလေးပေးတဲ့ လက်ဆောင်ကိုမှ လက်မခံဘူး တဲ့"

"ဟာ ဝမ်းသာလိုက်တာ မမရာ"

သူက ဝမ်းသာကြည်နူးစွာဖြင့် မမလက်မောင်းရင်း နှစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ကို ဆုပ်ကိုင်လိုက်မိရာ. . .

"ဟော့ ဝမ်းသာတာ ပါးစပ်ကပဲသာ. . လက်မပါလာနဲ့ တို့မှားမကြိုက်ဘူး"

"ကျွန်တော်က ကြိုက်တယ်"

"လယ်ကွင်းထဲမှာ လယ်သမားတွေ ရှိနေတယ်လေ၊ ပြီးတော့ မင်းနဲ့မမက ရွာကို ဦးဆောင်ပြီး တစ်ရွာလုံး လေးစားအားထားခံရတဲ့ သူတွေမဟုတ်လား၊ အမြင်မရိုင်းစေချင်ဘူး၊ အနေအထိုင်ဆင်ခြင်ပါကွယ်၊ ချစ်ခြင်းအပေါ် သန့်စင်စွာနဲ့ထားပါ"

သူ. . . မမစကားကို လက်ခံပါသည်။ မမအပေါ် သူအရိပ်တကြည့်ကြည့် တန်ဖိုးထား ချစ်ခဲ့သည်ပင်။

"စိတ်ချပါ"

"ပြန်ကြရအောင်နော်"

"ခြင်းပေး"

"မမသယ်နိုင်တယ်"

"သယ်နိုင်ပေမယ့် ချစ်သူအပေါ် အသေးအမွှားလေးတွေကအစ ယုယကြင်နာခြင်းဟာ ချစ်ခြင်းရဲ့သင်္ကေတပဲ"

"ဒါပေမယ့် မလိုအပ်ဘဲ ယုယခြင်းတွေ မလုပ်ပါနဲ့ ပတ်ဝန်းကျင် အမြင်ရိုင်းစေမယ်"

မမသည် ခေါင်းမာစွာပင် သူ့ခြင်းကို သူဆွဲသည်။

မမမျက်နှာလေးသည် မြင်နေကျအတိုင်းပင် အေးချမ်းနေသည်။ အချစ်ဟူသောအရာ ပိုင်ဆိုင်သောသူရဲ့ ကြည်နူးမှုများလည်း မတွေ့ရပါလား။

မျိုသိပ်နိုင်သော စွမ်းအားကြီးသည့် မမပါလား။





"ဟော့ လမ်းလည်းကြည့်လျှောက်ဦးလေ လဲနေဦးမယ်၊ ...ရင် ထားခဲ့မှာနော်"

သူ့အကြည့်ကြောင့် မမကပြုံးလျက် ကျီစယ်လိုက်သည်။

"ထားရက်ရင် ထားခဲ့ပေါ့"

"မလိုက်ဘူးဆိုရင်တော့ ထားခဲ့ချင်ပါတယ်"

"တော်ဗျာ၊ နောက် အဲဒီစကား မကြားပါရစေနဲ့"

"မင်း စိတ်မချမ်းသာဘူးဆိုရင် မပြောတော့ပါဘူး"

"မစဉ်းစားတော့ဘူးလား"

"ဘာကိုလဲ"

သူ၏ အဆက်မစပ်မရှိသော အမေးကြောင့် မမက ...ပ်တန့်ကာ သူ့အား ပြန်မေးလိုက်သည်။

ရေတံခါးပေါ်မှာဖြစ်သည်။ ရေတံခါးကို ဖွင့်ထားသဖြင့် ...ရေများ တသွင်သွင်စီးလျက်ရှိသည်။ မမကရေများ တဝေါဝေါ အရှိန်ပြင်းစွာ ပြောင်းလွဲမှုကို ငေးကြည့်နေသည်။

"ကျွန်တော်ကို သီးသန့်ခေါ်ဖို့ နာမ်စားတစ်ခု"

"ဆရာဝန်လေးလို့လား"

"ဟာဗျာ"

"ဒေါက်တာလေး"

"မမနော်"

"မမကြိုက်သလို ရေရွတ်ကြည့်မယ်၊ မင်းကြိုက်တဲ့အခါ ...ခေါင်းညိတ်လိုက်ပေါ့"

"ဆရာလေး"

"ဟင်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ကလေး"

"အသက် အစိတ်ထဲမှာဗျ"

"မောင်လေး"

"ဟင့်အင်း"

"အမောင်"

"တိုက်ဂေါကြီး"

"မောင်မောင်"

"ဗျာမထူးနိုင်ဘူး"

"အောင်သာ"

"နာမည်ဗျ"

"မောင်"

သူ့ရင်ထဲ တစ်မျိုးကြီးဖြစ်သွားသည်။ မြတ်သက်လျှာ ခေါ်ခဲ့တဲ့ အခေါ်အဝေါ်၊ သူခေါင်းခါလိုက်မိသည်။ ထိုအခါ မမ က စူးစမ်းသောအကြည့်ဖြင့် ကြည့်လာသည်။ ခေတ်အဆက်ဆက် မရိုးနိုင်သော အခေါ်အဝေါ်ကို ငြင်းဆန်လိုက်ခြင်းအတွက် အထူးအဆန်းသဖွယ် ဖြစ်နေသည်။

"ဒါဖြင့် အောင်"

"ဗျာ"

"ကြည့် . . . ကလေးလိုပဲ"

ရှင်လန်းစွာ ထူးလိုက်သော သူ့ကြောင့် မမမျက်နှာ ရွှန်းပသွားကာ အလှကြီး လှလျက်ရှိသည်။ မမမေတ္တာ ရေအလျှင်များသည် သူ့အပေါ် မြင်နေရသော ရေတံခါးမှ သွန်ထွက်လာသည့် ရေအလုံးအရှိန်များထက် ကြီးမားလိမ့်မည်ဟု သူယုံကြည်





ပါသည်။

မမသည် ကျောက်ဆစ်ရုပ်မဟုတ်ပါ။ ရောဂါ ဝေဒနာကြောင့် ပင်ကိုယ်သဘာဝကို ဖုံးကွယ်ကာ နှလုံးသားတံခါးပိတ်ပိတ်ကလေး နေခဲ့သူတစ်ဦးသာ. . .



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၅)

"မမ"

"........."

တုံ့ပြန်မှု မရှိသေး။

"မမ"

"........."

"အဲဒီလိုမလုပ်ပါနဲ့မမရာ အောင်မနေတတ်ဘူး၊ အောင့်နောက်ကို မမ မကြိုက်တာ မလုပ်တော့ဘူးနော်"





သူ မည်သို့ချော့ချော့ မမမျက်နှာတင်းမာမှုက လျော့ပါး၍မသွား။

သူ ကျူးလွန်မိသော ပြစ်မှုကလည်း ကြီးကြီးမားမားမဟုတ် ချစ်သူချင်း ခွင့်ပန်စရာမလိုသော ချစ်အနမ်းပွင့်လေးများကို မမပါးပြင်ပေါ်သို့ ညင်သာစွာ ခြွေချမိခဲ့သည်။

ဤသည်ကို စိတ်ဆိုးစွာ တွန်းဖယ်ပြီး သူ့အားကျောခိုင်းထားကာ ပြတင်းပေါက်မှာ ရပ်နေသည်။ ဘယ်လိုမှ တောင်းပန်၍မရ။

ကျောက်ဆစ်ရုပ်လို ငြိမ်သက်နေသည်။

"မမ အောင့်အပြုအမူဟာ အပြစ်လို့ယူဆရင် အောင့်ကိုရိုက်လိုက်စမ်းပါဗျာ အဲဒီလိုတော့ မနေနဲ့"

သူ့အနေဖြင့် လူတစ်ဖက်သားကို တောင်းတောင်းပန်ပန် ခယပြောဆိုခြင်းသည် ဤအကြိမ် ပထမဆုံး ဖြစ်ပေသည်။ အမှန်တော့ မိမိအပြုအမူသည် မမှားယွင်းပါ။ မည်သို့ဆိုစေ မငြိုငြင်သွားစေခြင်းသည် သူ့အမှားဟု မိမိကိုယ်မိမိ ခံယူလိုက်ပါသည်။ ထို့ကြောင့် ချော့မော့တောင်းပန်မိသည်။

ချစ်သူချင်း၌ သာသည်နာသည် အောက်ကျသည် အထက်စီးနိုင်သည် မရှိပါ။

"မမကျေနပ်အောင် အောင်ဘာလုပ်ပေးရမလဲ၊ ဒီလောက်ရှိလှတာ၊ အနမ်းကို အနမ်းနဲ့ပဲ ပြန်ချော့မယ်"

ပြောပြောဆိုဆို မမကို သူ့ဘက်သို့ ဆွဲလှည့်လိုက်သည်။ ပျော့ပျောင်းနူးညံ့လွန်းသော မမသည်သူ့လက်ထဲဝယ် အရုပ်ကလေးတစ်ရုပ်နှယ် ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . မမ ငိုနေတယ်"

မမမျက်ဝန်းတွင် မျက်ရည်များ အိုင်ဖွဲ့နေသည်။ ချစ်သူက ကြင်နာစွာ အနမ်းပေးခြင်းကို ငိုရလောက်အောင် စိတ်မထိခိုက်သင့်ဟု ထင်သည်။ သို့သော်. . .

သူ့ရင်ခွင်ဝယ် မျက်နှာအပ် ငိုရှိုက်လိုက်သော မမကြောင့် သူ အံ့အားအသင့်ကြီး သင့်သွားသည်။

"မမ"

"ငိုပါရစေဦး အောင်"

"ဩော် မမရယ်"

သို့ဆိုပြန်တော့လည်း မမသည် သနားစဖွယ်ကလေးငယ်တစ်ယောက်လိုပင် သူ့ရင်ခွင်တွင်း၌ မျက်ရည်မိုးရွာသွန်းနေသည်။ မမဆံစလေးများကို တယုတယ သပ်ပေးရင်း. .

"ပင်ပန်းမယ်မမ တိတ်ပါတော့၊ နောက်ကိုအောင် ဆင်ခြင်ပါ့မယ်"

"အောင် မမှားပါဘူး မမသာမှားတာ၊ အောင့်ဘဝဟာ မမကို ချစ်ရတဲ့အတွက် နစ်မွန်းမှုတွေ သိပ်များနေပြီ"

"မှားနေပြီ၊ မမအယူအဆတွေ သိပ်မှားနေပြီ၊ မမကိုယ်မမ ငါဟာရောဂါသည်ဆိုတဲ့ အစွဲအလမ်းကိုသာ မေ့ထားကြည့်လိုက်ပါ၊ မမမှာ သောကကင်းစင်သွားမှာပါ၊ မမကျန်းမာရေးအတွက်က အောင်ပဲ ဂရုစိုက်ပေးမယ်"

"အို အောင်ရယ်၊ မမကို ဒီလောက်တောင် ချစ်ရသလား"

မမက မျက်ရည်မသုတ်ဘဲ သူ့အားမြတ်နိုးစွာမော့ကြည့်





သည်။

ထိုအခါ သူကမမ၏ ပုလဲမြစ်ပင်လယ်များကို တယုတယ်ရှားပေးရင်း. .

"ဒီထက်ပိုတယ်ထင်တယ် အောင်မပြောပြတတ်လို့၊ အဲပြောတတ်ဘူး ဆိုပေမယ့် တစ်ခွန်းထပ်ပြောရဦးမယ်၊ မမကိုအောင်ချစ်တာလေ အောင့်အသည်း အောင့်အသက်လိုပဲ တန်သားချစ်တာဗျ သိရဲ့လား"

မမသည် သူ့ရင်ခွင်၌ ပါးလေးအပ်လိုက်သည်။

"အောင်အနမ်းခံရတာ မမရုတ်တရက် တုန်လှုပ်သွားယ်၊ မမကြောင့် အောင်များ သိပ်နစ်နာသွားမှာလား၊ တွေးတ်မိလို့ စိတ်မကောင်း ဖြစ်သွားတာ"

သူက မမနှုတ်ခမ်းနှစ်လွှာကို လက်ကလေးနှင့် အသာလိုက်သည်။

"မေ့ထားပါ မမ၊ လူပျို့နဲ့အပျို ချစ်ကြတာ ဘယ်သူကမှတယ် နာတယ်မရှိပါဘူး၊ အောင်တို့ အမြန်ဆုံးလက်ထပ်ရင်ပါ"

"ဝါတွင်းကြီး"

"ဒါဖြင့် ဝါကျွတ်တာနဲ့"

"စဉ်းစားဦးမယ်"

"မမအတွက် စဉ်းစားတာမဟုတ်ဘူး အောင့်အတွက် အောင့်ကို မမချစ်တာလေ မမကိုယ်မမ ချစ်တာထက်ပိုချင်တာ"

"အား. . . မမရယ်"

www.burmeseclassic.com



သူ စိတ်မထိန်းနိုင်ဘဲ မမျက်နှာအနှံ့ အနမ်းမိုး ရွာသွန်းလိုက်သည်။

"အို အောင်ရယ် လွှတ်ပါ"

ဟု ငြင်းဆန်သံလေးမှအပ ရုန်းကန်ခြင်း မရှိတော့ပါချေ။

ချစ်လာပြီးကြမှတော့ ချစ်သူ၏ ကြင်နာစွာ ပေးဆက်လာသော အနမ်းများကို ရှောင်ရှား၍ မရနိုင်ကြောင်းကို မမသိသွားပြီ ထင်ပါ၏။







# အခန်း(၁၆)

"ဟင်. . . သက်"

သူစားပွဲမှ ဝုန်းခနဲ ထရပ်လိုက်မိသည်အထိ အံ့အားသင့်သွားသည်။

မြတ်သက်လျာ။ သူ၏အချစ်ဦး မြတ်သက်လျာသည် သူ့ရှေ့ဝယ် ကိုယ်ထင်ပြနေသည်။

"မောင်"

"သက်. . မင်း ဘာလိုက်လုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ၏ ထိတ်လန့်တုန်လှုပ်မှုများက သူမရင်ကို ဓားနှင့် မွှန်းလိုက်သည့်နှယ် ဖြစ်သွားသည်။

"ဘယ်လို မေးလိုက်တာလဲ မောင်၊ ချစ်သူကို ချစ်လွန်းလို့ ရွှေဘုံပေါ်ကဆင်း၊ မိဘတွေရဲ့ စွန့်လွှတ်မှုကိုခံပြီး လိုက်လာတဲ့သက်ကို မောင့်ရဲ့ကြိုဆိုမှုက ဒါလားဟင်"

"သက် မင်းလိုက်လာဖို့ မသင့်တော့ဘူး၊ ငါ့ဆီက ဆက်သွယ်မှုမရှိဘဲ လိုက်လာတာ မင်းမှားတယ် သက်"

သူငယ်ချင်းတစ်ပိုင်း၊ ချစ်သူတစ်ပိုင်းဖြစ်သော မြတ်သက်လျာကို သူမညှာမတာနိုင်ဘဲ ပြောလိုက်မိသည်။ မြတ်သက်လျာမှာ အံ့အားသင့်မှုကြောင့် ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားဖြစ်နေသည်။

အိပ်မက်လား၊ သူမ ချစ်သောမောင်သည် သူမအပေါ် ဤမျှ စိမ်းကားလိမ့်မည်ဟု ယောင်၍မျှပင် မတွေးမိပါလား။

မျက်ရည်များပင် လည်လာရာ. . .

"ထိုင်ဦးသက်၊ ကိုယ် အေးအေးဆေးဆေး ရှင်းပြမယ်"

အရုပ်ကြိုးပြတ်ဖြစ်နေသော မြတ်သက်လျာ ထိုင်နိုင်ရန် ကုလားထိုင်တစ်ခုကို ဆွဲယူပေးလိုက်သည်။ ခရီးဆောင်အိတ်လွယ်လျက် ရောက်လာသော မြတ်သက်လျာကြောင့် သူ့ရင်နာရသည်။ သူ့ရင်ထဲ နေအစင်းတစ်ရာ ထွန်းလင်းနေပြီ။

"နှောင်းသွားပြီ သက်ရယ်၊ မင်းသာ အစကတည်းက လိုက်ခဲ့မယ်ဆိုရင် ဒီလိုဖြစ်လာမှာ မဟုတ်ဘူး၊ ခုတော့. . .

သူ မမနှင့် စတွေ့ရပုံ၊ မမကို ချစ်ခဲ့မိပုံများကို ရှင်းပြလိုက်သည်။





မြတ်သက်လျာ မျက်ရည်တွင်တွင်စီးကျရင်းမှ နားထောင်လျက်ရှိသည်။

သူမ ကြားမှကြားပါလေစဟု သူတွေးမိသည်။

"လူကေးမီးယား ရောဂါသည်တစ်ယောက်ရဲ့ အချစ်ကို လှည့်စားယူသလို ဖြစ်သွားမှာ ကိုယ် စိုးရိမ်တယ် သက်၊ ဆေးနဲ့ သူများသွေးတွေ လစဉ်သွင်းပြီး အသက်ရှင်နေရတဲ့ လူနာတစ်ဦးကို ကိုယ်မရက်စက်ပါရစေနဲ့၊ ကိုယ်မမကို လက်ထပ်ယူမယ် သက်နဲ့ဖြစ်ပြီးသမျှတွေမှာ ကိုယ်မှားခဲ့တယ်လို့ ယူဆလည်း တောင်းပန်ပါတယ်၊ သက်အပေါ် ထားရှိခဲ့တဲ့ မေတ္တာဟာသက်ကို တောခိုင်းထွက်ခွာသွားကတည်းက ကိုယ်ဖြတ်တောက်ခဲ့ပြီးပါပြီ"

မြတ်သက်လျာ မျက်ရည်တို့ ပိုးပိုးပေါက်ပေါက် ကျလာသည်။

"မေတ္တာဆိုတာ ပေးပြီးရုပ်သိမ်းလို့ရတယ်နော်"

"နာကြည်းမှုဝင်လာရင် ရတာပေါ့"

"သက်အပေါ် မောင်နာကြည်းခဲ့တယ်လား"

"ပြီးခဲ့တာတော့ မေ့ပစ်လိုက်ပါတော့ မြတ်သက်လျာ၊ ကိုယ့်ညီမတစ်ဦးအနေနဲ့ ရောက်တုန်းရောက်ခိုက်မှာ ကိုယ်ကျင်လည်နေတဲ့ ရွာသူရွာသားတွေရဲ့ ဘဝကို လေ့လာသွားပါဦး"

သူ့ရင်တွင်း မချိတင်ကဲဖြစ်နေသော စိတ်ကိုဟန်ဆောင်ထားရင်း မြတ်သက်လျာ သူ့အား ရက်စက်သူအဖြစ် နာကြည်းမုန်းတီးသွားစေရန် သူကြိုးပမ်းရပေတော့မည်။

အလာကောင်းပေမယ့် အခါနှောင်းသွားသော မြတ်သက်လျာအတွက် သူစိတ်မကောင်းနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်. .

သူနှုတ်လုံးသားတွင် မမ. . မမ. . ဖြစ်နေလေပြီ။

"ဒေါက်တာ ဆရာမကြီးလာနေပြီ"

သူတို့၏ သုံးပွင့်ဆိုင် ဇာတ်လမ်းကို သိမြင်လိုက်သော ဆရာမ မသိန်းကြည်က ခန်းဆီးမကာ သတိပေးပြောကြားလိုက်သည်။

"မင်းမျက်နှာနဲ့ အပြောတွေကို ပြင်လိုက်ပါ မြတ်သက် မမစိတ်အထိခိုက်ကို ကိုယ်လုံးဝ မခံနိုင်ဘူး"

ရက်စက်သူအဖြစ် မြတ်သက်လျာ မြင်သွားပါစေတော့။ သူ မြတ်သက်လျာကို မကြည့်ဘဲ ဖွတ်ပြောပြီး အခန်းပြင်ပြေးထွက်ခဲ့သည်။ ကျောင်းချိန်ကြီး အကြောင်းထူးမရှိဘဲ မမ မလာနိုင်ပါ"

"ဟင် မမ"

"အောင်ရေ၊ မမလက်ကို သစ်သားစ ထိုးမိသွားပြန်တယ်ကွယ်"

လက်ညှိုးကို လက်ကိုင်ပဝါ အထပ်ထပ်စည်းနှောင်ထားသည့်ကြားကပင် သွေးများချင်းချင်းနီနေသည်။

"ညှောင့်မထုတ်ရသေးဘူးအောင်"

ဒေါ်စံပယ်ပါ ပါလာသဖြင့် မမသည် အခေါ်အဝေါ်မပြောင်းတော့ပါ။

သူပြာနေပြီ။ ပတ်တီးဖြည်လိုက်စဉ် သွေးများဆက်လက်ယိုစီးလာသည်။ မမမျက်နှာလွှဲထားသည်။

"မြတ်သက်ကူပါဦး"





မြတ်သက်လျာအပေါ် ညှာတာမှု ကင်းမဲ့သွားလေပြီသားဟု တွေးလိုက်မသော်လည်း မတတ်နိုင်ပါ။ မမအသက်က အရေးကြီးနေသည်။

သစ်သားစလေးက သေးသေးလေးသာ၊ မြတ်သက်လျာက ဂွမ်းနှင့် ဆေးကိုဖိကပ်ပြီး ပလာစတာ စည်းနှောင်လိုက်သည်။ သို့တိုင်အောင် သွေးကစိမ့်၍ အနည်းငယ် ပြူထွက်လာသေးသည်။

"သွေးသွင်းမှ ဖြစ်မယ်ထင်တယ်၊ မမ သတိလစ်သွားပြီထင်တယ်၊ လုပ်ပါဦးသက် မမ. . မမ"

ခုတင်ပေါ်တွင် ပက်လက်ကလေး ဖြစ်နေသောမမမှာ မျက်လုံးမဖွင့်နိုင်သေးသည့်တိုင်. . .

"မလစ်ပါဘူး မူးလို့ပါ"

ဟု သူစိတ်မပူစေရန် လှမ်းပြောလိုက်သေးသည်။

"သွေးက ဘာအမျိုးအစားလဲ"

"အို. . . ကိုယ့်ဆီကယူလေ"

"ဒေါက်တာလှူပြီးတာ သုံးလကျော်ပဲရှိသေးတယ်"

ဆရာမဒေါ်သိန်းကြည်က သတိပေးလိုက်သည်။

"ရပါတယ်၊ တစ်ပုလင်းလောက် ထုတ်သွင်းပေးလိုက်ပါ"

မမအတွက်ဆိုလျှင် အသက်ပေးရန် ဝန်မလေးတတ်သောစိတ်ကို သူအံ့ဩသွားသည်။ ဒီအထိတောင် မမကိုချစ်နေသား။

"ကျွန်မလည်း အိုပါပဲ၊ ကြုံတုန်းကြုံခိုက် ကျွန်မလှူပါရ



www.burmeseclassic.com

www.burmeseclassic.com



စေ”

ပြောပြောဆိုဆို တစ်ဖက်ခုတင်ပေါ်သို့ မြတ်သက်လျှာ တက်လိုက်သည်။

သူ့ရင်ထဲ တုန်လှုပ်သွားသည် အံ့ဩဖွယ်ကောင်းသော မြတ်သက်လျှာပါတကား။

မြတ်သက်လျှာ၏စိတ်ကို မလေးစားဘဲ မနေနိုင်ပါ။

“ဆိုးသိုင့်ခ်”

“ကိစ္စမရှိပါဘူး၊ ဆရာဝန်တွေထားအပ်တဲ့ မေတ္တာစေတနာ ကျွန်မမှာ ရှိနေပါသေးတယ် ကိုအောင်သာ”

မြတ်သက်လျှာကို မကြည့်ရဲတော့၊ သစ္စာမဲ့သူ၏ မျက်နှာဘယ်နေရာ၌ သွားထားရမည်နည်း။

မြတ်သက်လျှာထံမှသွေးများသည် ပိုက်မှတစ်ဆင့် မမသွေးကြောထဲ စီးဝင်ကာ မမအသက်ကို ဆက်ပေးနေလေပြီ၊ မနာလိုဝန်တိုခြင်းကင်းသော ချစ်သူဟောင်းကို ယူကျုံးမရစွာ သူငေးကြည့်မိသည်။

မမ၏ နှုတ်ခမ်းသားများက တဖြည်းဖြည်း နီရောင်ပြေးလာသည်။ မြတ်သက်လျှာက မျက်လုံးစုံမှိတ်ကာ ငြိမ်သက်နေသည်။ တစ်ချီတစ်ချီ မျက်လုံးအိမ်တောင့်စွန်းမှ ငွေသားရောင်မိုးပြေးလေးများ လိမ့်ဆင်းလာတတ်သည်။

ချစ်သူနှစ်ဦးကို နှိုင်းယှဉ်ကြည့်ရင်း သူစိတ်မကောင်းပါ။

မမက သူ၏အကြောင်းကို ဘာမှမသိ၊ သိသည်မှာ ဒေါက်တာအောင်သာဆိုသည့် လူတစ်ယောက်မှလွဲ၍ ဘာကိုမှ မစုံစမ်း၊ မမလည်း အချစ်မျက်ကန်းတစ္ဆေ သူသည်လည်း . . .





သွေးယူပြီးသွားသည်နှင့် မြတ်သက်လျှာက ထရန်ကြိုးစားလိုက်သည်။

“ခဏမှိန်းပြီး နားလိုက်ပါဦး မြတ်သက်”

သူ မြတ်သက်လျှာ ခုတင်နားရပ်ကာ ပြောလိုက်မိသည်။ သူစိတ်မကောင်းနိုင်ပါ။

မြတ်သက်လျှာက အားပေးပြုံး ပြုံးပြရင်း. . .

“တအောင့်နားပြီး မြတ်သက်ပြန်မယ် ကိုအောင်သာ”

ချစ်သူဘဝမရောက်မီက အခေါ်အဝေါ်မျိုး သူတို့ပြောင်းလဲခေါ်လိုက်ကြသည်။ သူငယ်ချင်းလိုပဲ ဆက်၍ချစ်သွားကြတာပေါ့ မြတ်သက်ရာ’ဟု သူ့မျက်ဝန်းမှတစ်ဆင့် ပြောကြားလိုက်သည်။

မမရိပ်မိသွားမှာ သူစိုးရိမ်သည်။

“မမ ပရက်ရှာ မှန်လာပြီလား ကြည့်လိုက်ပါဦး”

မြတ်သက်လျှာက သူ့အားခွင့်လွှတ်ပြုံးဖြင့် ပြုံးပြပြီးလှမ်းသတိပေးလိုက်သည်။

“ကျေးဇူးတင်ပါတယ် မြတ်သက်”

မမကို သူစမ်းသပ်ကြည့်လိုက်သည်။ ဆေးအရှိန်များဖြင့် အိပ်ပျော်နေဟန်ရှိသော မမသည် သွေးအားကျဆင်းနေဆဲပင်။

“ပရက်ရှာကျတုန်းပဲ ဆရာမရေ၊ ကျွန်တော်ဆီက နည်းနည်းထပ်ယူလိုက်ပါဦး”

ဆရာမဒေါ်သိန်းကြည် မဟန့်တားတော့ပေ။ အထက်ဆရာသမားကို ဆရာထပ်မလုပ်ရဲတော့။

အချစ်အတွက်ဖြင့် အသက်ပင်သေသေ အသွေးအ



www.burmeseclassic.com

www.burmeseclassic.com



သားလျှဖို့ ဝန်မလေးအောင် ဒေါက်တာအောင်သာ ဖြစ်နေသည်မို့ ဒေါ်သိန်းကြည် ဘာမှမပြောသာတော့၊ ဒေါက်တာအောင်သာလက်မှ သွေးကိုဖောက်ပေးပြီး ဒေါ်တိုးတက်နှင်း ခန္ဓာကိုယ်ထဲဆက်ပေးလိုက်သည်။

မြတ်သက်လျာ ချစ်သူကို ယူကျုံးမရစွာ ငေးကြည့်မိသည်။ တော်တော်ချစ်တတ်လွန်းသူပါတကား။ မိမိနှင့် ချစ်ခဲ့စဉ်က ဤမျှအထိ ချစ်ခင်ယုယမှုမျိုး ရှိခဲ့ဖူးသလား တွေးကြည့်မိတော့. . ချစ်ခဲ့ပါသည်။ မိမိအား ငယ်သူငယ်ချင်းတစ်ယောက်လို ညီမတစ်ယောက်လို ချစ်သူတစ်ယောက်လို အမျိုးမျိုးအဖုံဖုံ ချစ်ခဲ့သည်။ သို့သော် ဘဝပေးအသက်ပုံ၍တော့ မချစ်ခဲ့ဟု ထင်ပါသည်။ ဒေါ်တိုးတက်နှင်း ကံကောင်းသည်။ ဒေါက်တာအောင်သာလို လူမျိုး၏အချစ်ကို ရရှိလိုက်၍ဖြစ်သည်။

"မြတ်သက်ပြန်မယ် ကိုအောင်သာ"

"နေပါဦးမြတ်သက် ကိုယ်ပဲခူးအထိ လိုက်ပို့ပေးပါ့မယ်"

"ရပါတယ် ကိုအောင်သာ၊ တစ်ယောက်တည်းလာခဲ့ပြီးမှ တစ်ယောက်တည်း ပြန်ဖို့ မြတ်သက်မကြောက်တော့ပါဘူး၊ နောက်ကို ဘဝတစ်လျှောက်လုံးလည်း တစ်ယောက်တည်းပဲ လျှောက်ရတော့မှာ မဟုတ်လား၊ ခုကတည်းက ကျင့်သားရအောင် တစ်ယောက်တည်းပဲ ပြန်ပါရစေတော့"

"ကိုယ့်ကိုနားလည်ပြီး ခွင့်လွှတ်ပေးပါမြတ်သက်"

"ခွင့်လွှတ်ပါတယ်၊ ဘယ်သူမပြု မိမိမှုပေပဲ မဟုတ်လား ကိုအောင်သာ၊ မြတ်သက်ပြန်မယ်"

"ခုရောက် ခုပြန်တော့မလို့လား၊ ရောက်တုန်းရောက်





ခိုက် နေသွားပါဦး"

"မြတ်သက်ကို ဒီလောက်နှိပ်စက်ရရင် ကျေနပ်တော့ပေါ့ ကိုအောင်သာ၊ မတော်တဆ ခံနိုင်ရည်မရှိတဲ့အခါမျိုး ပေါက်ကွဲထွက်သွားရင် မဖြစ်သင့်တဲ့အမှားတွေ ဖြစ်ကုန်မယ်၊ မြတ်သက်စိတ်နိုင်တုန်း ပြန်ပါရစေ"

ချစ်သူတစ်ယောက်လုံးကို လက်လွှတ်အရှုံးပေးလိုက်ရသူမြတ်သက်လျာ၏ ခံစားချက်ကို နားလည်ပါသည်။

ထို့ကြောင့်. . .

"ကျေးဇူးတင်ပါတယ်လို့ ထပ်ဆင့်ပြောပါရစေမြတ်သက်၊ ကိုယ့်ကိုလည်း မင်းကြိုက်သလိုယူဆပြီး မေ့ပစ်လိုက်တော့၊ လောကကြီးမှာ နေတတ်အောင်သာ ကြိုးစားပြီး နေလိုက်ပါလို့ မှာပါရစေ"

"ကောင်းပြီလေ မြတ်သက်သွားမယ်၊ တစ်သက်တာအတွက် နှုတ်ဆက်ခဲ့တယ်လို့ ယူဆလိုက်ပါတော့ သွားပြီ"

"သက်. . မြတ်သက်"

ဒေါက်တာအောင်သာ နှုတ်ဖျားမှ ယူကျုံးမရ ထွက်ပေါ်လာသောအသံများကို မြတ်သက်လျာကြားသော်လည်း ဥပေက္ခာပြုလိုက်သည် ခံနိုင်သောစွမ်းအား မရှိတော့ပါ။

"စံပယ် မြတ်သက်ကို ပွဲချိတ်ပေါ် တင်ပေးပြီးမှ ပြန်ခဲ့ပါ ဖြစ်မလား"

"ဖြစ်ပါတယ် ကျွန်မလိုက်သွားတော့မယ်၊ ဘာမှာဦးမလဲ"

"မမှာပါဘူး ဂရုစိုက်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ဒေါက်တာ"

ဒေါ်စံပယ်လည်း ချက်ချင်းပင်မြတ်သက်လျာနောက် ပြေးလိုက်သွားခဲ့သည်။

အခြေအနေ အရပ်ရပ်ကို ဒေါ်စံပယ်ကော ဒေါ်သိန်းကြည်ပါ သိရှိနားလည်သွားကြသည်။ မြတ်သက်လျာအပေါ် မိန်းမချင်း ကိုယ်ချင်းစာပါသည်။

ထို့ကြောင့် မြတ်သက်လျာကို အကူအညီလိုလိုချင်ချင် ပင်ပေးချင်ပါသည်။

"ဒေါက်တာ သွေးလှူထားတာဆိုတော့ သိပ်အားနည်းနေမယ်၊ ကျွန်မတို့အိမ် ဝင်နားပါဦး အိမ်မှာ ဘယ်သူမှမရှိကြဘူး၊ အဘကောအစ်မပါ လယ်ထဲဆင်းကြတယ်"

သောကကြောင့်ရော သွေးလှူထားခြင်းကြောင့်ပါ မူးဝေချင်သလို ခံစားနေရသောကြောင့် ဒေါ်စံပယ်၏ ဖိတ်ခေါ်ချက်ကို လက်ခံလိုက်သည်။

တောအိမ်ဖြစ်သော်လည်း ဒေါ်စံပယ်၏ အိမ်ကလေးသည် ရှင်းသန့်နေသည်။

ပက်လက်ကုလားထိုင်လေးပေါ်၌ ခေတ္တထိုင်စေပြီး နွားနို့လေးကို ထပ်နွေးလိုက်သည်။

မျက်ရည်များစီးကျမှုကို သူ မမြင်စေရန် သုတ်လိုက်သောမြတ်သက်လျာကို သနားမိသဖြင့် ရင်၌နာကျင်သွားသည်။

ထိုအတူ မိမိချစ်ခင်လေးစားရသော ဆရာမကြီးကိုလည်း သနားမိသည်။

"ဒေါက်တာ နွားနို့ပူပူလေး သုံးဆောင်လိုက်ပါဦး၊ ပွဲ





ချိတ်လာရင် လာခေါ်ဖို့ ကျွန်မ မှာထားပြီးပြီ"

"ကျေးဇူးတင်ပါတယ် ဆရာမ"

"ကြက်ဥ ဟတ်ဘွိုင်ကြော်ခဲ့တယ်၊ သွေးလှူပြီးရင် သွေးအားပြည့်အောင် နွားနို့တို့ ကြက်ဥတို့ စားရတယ်ဆိုလို့ ကျွန်မ လုပ်လိုက်တာ"

"ဆရာမကို ကျွန်မဘယ်တော့မှ မေ့တော့မှာမဟုတ်ပါဘူး၊ ကျွန်မလိပ်စာကတ်လေး ယူထားပါ၊ လိုအပ်တဲ့အကူအညီဆိုရင် ကျွန်မအချိန်မရွေး ပေးပါရစေ"

နှလုံးသား ပျက်ယွင်းနေသူ၏ မာန်တင်းပြောဆိုမှုကို စိတ်မကောင်းစွာဖြင့် ဒေါ်စံပယ် တွေ့နေရသည်။

"တစ်ခွက်လောက်ကုန်အောင် သောက်လိုက်ပါ ဒေါက်တာ"

ခေါင်းအညိတ်၌ မျက်ရည်ပွင့်လေးများ ခုန်ဆင်းသွားရှာသည်။

"ကျွန်မ မောင့်ဆီကို. . အဲ. . ကိုအောင်သာဆီကို စာတစ်စောင်လောက် ရေးခဲ့ချင်တယ်၊ ပေးပေးမလား ဆရာမ"

"ပေးပေးမှာပေါ့ ဒေါက်တာ၊ ဆရာမကြီး မထိခိုက်စေဘူးဆိုရင် ကျွန်မလုပ်ပေးဖို့ အသင့်ပါပဲ"

"လူနာတစ်ယောက် ထိခိုက်နစ်နာသွားအောင် ဘယ်ဆရာဝန်မှ မလုပ်ဆောင်ပါဘူး ဆရာမရယ်"

ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်သည်လည်း ဘယ်တင်ရှင်ပင် မဟုတ်ပါလား။ ဒေါ်စံပယ်ထုတ်ပေးသော အသာစာအုပ်၏ အလယ်စာရွက်ကို ဖြုတ်ကာ ခံစားနေရသမျှ



www.burmeseclassic.com

www.burmeseclassic.com



ကို ထွက်ပေါက်ပေးသည့် အနေဖြင့် ရေးနေမိသည်။ ထိုသို့မှ မရေးလိုက်ရလျှင် မိမိရူးသွပ်သွားလိမ့်မည်ဟု မြတ်သက်လျှာ ထင်နေသည်။

မျက်ရည်ကျရင် စာရေးနေရှာသော မြတ်သက်လျှာကို ငေးကြည့်မိသည်။ လှသည်။ ဒေါ်တိုးတက်နှင်းလောက် မချော သော်လည်း လှသည် . . . တောင့်တင်းစိုပြည်သည်။

ဒေါက်တာအောင်သာ ကံကောင်းတာလား၊ ကံဆိုးတာ လားမသိနိုင်။ လှပသောမိန်းမသားနှစ်ယောက်၏ အသည်းနှလုံး ကို ပိုင်ဆိုင်ခွင့် ရရှိခြင်းပင်။

ဒေါက်တာအောင်သာကိုသာ ဒေါ်စံပယ် အပြစ်တင်မိ သည်။

သူပေါ့ဆ၍ ဤသို့ဖြစ်ရတာ။

တကယ်ဆို မြတ်သက်လျှာဆိုသော ချစ်သူရှိပါလျက် ဆရာမကြီးကို သူမလိုက်သင့်။

ဆရာမကြီးနှင့် အတိအလင်း ချစ်ပြီးပါကလည်း မြတ် သက်လျှာကို ဖြတ်လိုက်သည့်အကြောင်း စာရေး၍ဖြစ်ဖြစ် အ ကြောင်းကြားသင့်သည်။

ယခုတော့ . . .

ဒေါက်တာအောင်သာဆီ တဖွဲဖွဲလာနေသော စာများ မှာ မြတ်သက်လျှာ၏ စာဖြစ်သည်ကို စာအိတ်ပေါ်မှာ လက်ရေး ကို ကြည့်ခြင်းဖြင့် သိလိုက်ရသည်။

ယခုတော့ တောင်ထိပ်ပေါ်ကလိမ့်ကျလာသူကို ဆီးကြို ၍ ဒေါက်တာအောင်သာ ရိုက်နှက်ခြင်းနှင့် တူနေလေပြီ။





စာအိတ်ကလေးကိုကိုင်ကာ မြတ်သက်လျှာ လိုက်ပါ သွားသော ပွဲချိတ်ကလေး ပျောက်ကွယ်သွားသည်အထိ ငေး ကြည့်မိသည်။

မြတ်သက်လျှာ၏ ကြိမ်အုံးမီးလို ပူဆွေးတောက်လောင် မှုသည် ဘေးမှသူတို့ကိုပင် ကူးစက်စေသည်ထင့်။

ဒေါ်စံပယ် စိတ်ထဲကျိတ်၍ ဆုတောင်းပေးလိုက်သည်။

"ချစ်ကံခေတဲ့ ဒေါက်တာမြတ်သက်ရဲ့ ကံဆိုးမှုဟာ ပထမဆုံးနဲ့ နောက်ဆုံးအကြိမ်ဖြစ်ပါစေ"





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၇)

"စောစောက အောင့်ညှော့်သည် ချောချောလေးကော"

အခြေအနေ ပြန်ကောင်းလာသည်နှင့် မမကသူ့အား မေးလိုက်သည်။ မုသားမပါ လင်္ကာမချောဟူသော စကားအရ မမသံ သယကင်းစေဖို့အရေး သူ မုသားသုံးရဦးမည်။

"အောင့်ကာစင်လေ၊ ပဲခူးရောက်နေတာ အောင်ဒီမှာ ရှိတယ်ဆိုလို့ လာလည်တာ"

"မမအိမ်မှာပဲ တည်းပါစေနော် ခုဘယ်သွားလဲ"

သူ့ရင်ထဲ နင့်သွားရသည်။ တစ်ဦးပေါ်တစ်ဦး အပြန်





အလှန် စေတနာထားကြသော မိန်းမသားနှစ်ဦးအတွက် သူစိတ်ကောင်းနိုင်ပါ။

"ပြန်သွားပြီ"

"ဟင်. . ဘာဖြစ်လို့လဲ"

"သူက တောမှာ တစ်ရက်ပြည့်အောင် နေနိုင်တဲ့ လူမျိုးတော့ဘူး၊ မီးမရှိ ဘာမရှိနဲ့ဆိုပြီး ချက်ချင်းပြန်သွားတယ်"

"မမကို သွေးလှူပေးသွားတဲ့အတွက် ကျေးဇူးလေးအောင် မတုံ့ပြန်လိုက်ရဘူးကွယ်၊ အောင် မတားဘူးလား"

"တားပါတယ် သူမှမနေချင်ဘဲ သွားပါစေတော့ပေါ့ မမရာ"

"အထုပ်အပိုးနဲ့ လာတာပဲ၊ နေမလို့ ရည်ရွယ်ချက်ကတော့ ပါလာမှာပါ၊ အောင်က နေချင်အောင်မှ မဆွဲဆောင်ဘဲ"

သူသက်ပြင်းချလိုက်သည်။ အကြောင်းရင်းမှန်ကို သိလျှင် မမမည်သို့ ရှိချေမည်နည်းဟု သူမခန့်မှန်းတတ်ပါ။ မြတ်ထက်လျာအတွက် စိတ်မကောင်းခြင်း ဖြစ်မိသည်မှာလည်း အမှန်ပင်။

"အောင်နေကောင်းရဲ့လား မျက်နှာလည်း မကောင်းပါလား သွေးထပ်ထုတ်ပေးရသေးသလား အောင်ရာ"

ကြင်နာယုယစွာ နဖူးလေးစမ်းပြီး မေးလိုက်သောအခါမှ ဖယောင်းသား လက်ကလေးကိုယူကာ အသာနမ်းလိုက်သည်။ မချိသော ရင်ကိုဟန်ဆောင်ဖုံးဖိပြီး ပြုံးကာ. . .

"ထင်လို့ပါ မမအတွက် သွေးပေးလိုက်ရလို့ ပျော့နုပ်နေတာ၊ မျက်နှာမကောင်းတာက မမအတွက် စိတ်ပူသွားလို့"



www.burmeseclassic.com

www.burmeseclassic.com



"အောင်ရာ. . ဒါကြောင့်. . မမအောင့်ကို ချစ်တဲ့ပြန်
အတော်စဉ်းစားခဲ့တာ၊ အောင်နဲ့ အဝေးဆုံးနေရာကို ထွက်ပြေ
ချင်တယ်. . . ဒါပေမယ့် အောင်မိသွားတော့ မရပြန်ဘူး. .
နောက်အောင့်အမေဆီ ခဏပြန်သွားတုန်းက ရက်တွေမှာလည်
အလူးအလဲပဲ အောင်ရယ်၊ အရမ်းသတိရတာ၊ ဘယ်သွားသွာ
ဘာလုပ်လုပ် အောင့်ကိုပဲသတိရနေတာ၊ ချစ်တဲ့စိတ်ဟာ
လောက်ဆိုးရွားလိမ့်မယ် မထင်ခဲ့ဘူး၊ အောင့်ကိုချစ်နေမှန်း မ
ကိုယ်မမ သိပေမယ့် ဦးနှောက်အရလေ မချစ်နိုင်အောင် ကြိုးစာ
ပေမယ့် မရခဲ့ဘူး၊ အောင်ပြောသလိုပေါ့ နှလုံးသားကို လိမ်ည
လို့ မရဘူး၊ မမလေ အောင့်ကို ချစ်ပါတယ်". . .

ကျောက်ဆစ်ရုပ်ကလေးလည်း အချစ်နှင့် ထိတွေ့
ကြောင့်လန်းဆန်းကာ သက်ဝင်လှုပ်ရှားလာပါပြီကောဟု တွေ
လိုက်မိသည်။

"အစတုန်းကတော့ ဝေဒနာခံစားရတဲ့အခါမျိုးမှာ သေ
သွားမှာ မကြောက်ဘူး၊ သေသွားရင် မြန်မြန်ဝဋ်ကျွတ်မှာပဲ
တွေးခဲ့မိတယ်၊ ခုတော့သေရမှာ ကြောက်သလိုပဲ အောင်
အောင်နဲ့ခွဲရမှာ ကြောက်လို့လေ"

"မမရယ်"

သူ သနားကြင်နာစွာ မမကိုထွေးပိုက်မိပြီး နဖူးမှ ဆံ
လေးများကို နမ်းရှိုက်လိုက်မိသည်။

"အောင်နားတော့နော်၊ မမကျောင်းတစ်ခေါက်ပြန်
ကြည့်လိုက်ဦးမယ်"

"နားရမှာ အောင်မဟုတ်ဘူး၊ မမနားရမှာ"





"စံပယ်ကောအောင်"

"မြတ်သက်ကို လိုက်ပို့တယ်"

ဒေါက်တာအောင်သာ နားလည်ပါသည်။ သူ့မမ အ
းမယူဘဲ ကျောင်းပြန်သွားဦးမည်။ ကျောင်းဆင်းချိန် ကျောင်း
ားအားလုံးကုန်မှ ပြန်မည်ကို အတတ်သိနေသည်။

"မြတ်သက်တဲ့လား"

"မြတ်သက်လေ"

"ကဲ. . မမ မြတ်သက်တွေ စံပယ်တွေ အသာထား အိမ်
နားလိုက်ဦးနော်"

"ကျောင်းကို ခဏသွားလိုက်ဦးမယ်နော်အောင်၊ စံပယ်
မရှိဘူးဆိုတော့ ကျောင်းမှာ ဆရာအင်အားနည်းနေတယ် မမ
းလိုက်ဦးမယ်"

"ပြောမရလဲ သွားပေါ့မမရယ်၊ ပြောရဆိုရခက်တဲ့ မမ
တော့ အောင်လက်ထပ်ချင်လှပြီဗျာ"

"လက်ထပ်မှ အချစ်တဲ့လား"

"လက်ထပ်ခြင်းဟာ အချစ်ရဲ့ အုတ်မြစ်ပါမမ"

"တော်ပြီကွာ၊ အောင့်ကို မမပြိုင်ရဲဘူး၊ အနိုင်ပဲပေး
တ်မယ်၊ သွားပြီနော်"

မမသည် သူ့အား ချော့မော့သောအပြုံးလေးနှင့် ပြုံးပြ
ညင်သာစွာ ကျောခိုင်းထွက်သွားသည်။

သူ အိပ်ခန်းထဲဝင်ကာ ခုတင်ပေါ်တွင် ခြေပစ်လက်ပစ်
ဆန့်လိုက်သည်။ သက်ပြင်းမော ချလိုက်မိသည်။

မော်တော်သံ သဲ့သဲ့ကို ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်သက်လျှာ ပါသွားပြီ ထင်ပါ၏။

မြတ်သက်လျှာအပေါ် သူအထင်သေးခဲ့မိသည်မှာ သူ ၏ မဟာအမှားဖြစ်သည်။

မြတ်သက်လျှာအချစ်သည် ပေါ့ပေါ့လေး မဟုတ်ပေ သူ့ကို ချစ်ခြင်းကြောင့် မိဘနှစ်ပါး၏စွန့်ပစ်ခြင်းကို ခံယူကာ ရွှေဘုံပေါ်မှ ဆင်းပြေးလာရဲသော သူမအချစ်သည် ဤမျှနိုင် မြနက်ရှိုင်းလိမ့်မည်ဟု သူယောင်၍မျှပင် မတွေးမိခဲ့ဖူးချေ။

ချစ်သူအတွက် စွန့်စားရဲသော၊ သတ္တိရှိခဲ့သော မြတ် သက်လျှာ အခါနှောင်းသွားခဲ့လေပြီ။

"မောင့်ကို နာကြည်းစွာ မုန်းတီးပစ်လိုက်ပါတော့ သက် ရာ၊ ဒါမှသက်အတွက် အကောင်းဆုံးဖြစ်လိမ့်မယ်"

တွယ်တာရစ်ပတ်နှောင်ဖွဲ့ခဲ့ဖူးသော သံယောဇဉ်ကြီး ဟောင်းကြောင့် သူစိတ်ထိခိုက်စွာ ရင်တွင်းမှကျိတ်၍ ဆုတောင်း လေသည်။

"ဒေါက်တာရှိသလား"

"ရှိတယ်၊ အနားယူနေတယ်"

"ဆရာမကြီးကော"

"ကျောင်းပြန်သွားပြီ"

"ဒေါက်တာနဲ့ တွေ့ချင်လို့"

သူလှဲနေရာမှ ထလိုက်သည်။ ဒေါ်စံပယ်၌ အကြောင်း တစ်ခုတော့ သယ်ဆောင်လာပေလိမ့်မည်။ မြတ်သက်လျှာ ဘာ မှာ လိုက်သနည်း။

သူအခန်းပြင် ထွက်လိုက်သည်နှင့် တီးတိုးပြော





သော မိန်းမသားနှစ်ဦး နှုတ်ဆိတ်သွားပြီး သူ့အား စူးစမ်းသော မျက်လုံးများဖြင့်ကြည့်ရင်း လူမှုရေး ဝတ္တရားအရ ပြုံးပြလေ သည်။

"ဆို... စံပယ်၊ မြတ်သက် ပြန်သွားပြီလား"

"ဟုတ်ကဲ့ဒေါက်တာ၊ ကျွန်မအိမ်မှာ မော်တော်မလာခင် ခဏနားပြီး ပြန်သွားပါတယ်"

"ကျေးဇူးတင်ပါတယ် စံပယ်၊ ကိုယ်ပျက်ကွက်တဲ့ ဝတ္တ ရားအပေါ် မင်းဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဒေါက်တာ့ကို စာပေးသွားပါတယ်"

ဒေါ်စံပယ် ကမ်းပေးသောစာကို လှမ်းယူလိုက်သည်။

"အခြား ဘာမှာသွားသေးသလဲ"

"မမှာပါဘူး၊ စာပဲပေးသွားပါတယ်"

နှလုံးသားပျက်သုဉ်းပြီး တစ်ဦးတည်းပြန်သွားသော မြတ်သက်လျှာအတွက် စိုးရိမ်ခြင်း ဖြစ်မိသော်လည်း တမင်ပင် မေ့ဖျောက်ထားလိုက်ရသည်။ စာအိတ်ကိုကိုင်ကာ ငိုင်နေမိ သည်။

"ကျွန်မသွားတော့မယ် ဒေါက်တာ"

"ဩော် စံပယ်ကော ဒေါ်သိန်းကြည်ကိုပါ ကျွန်တော် မှာပါရစေ"

"ဘာကိုလဲ ဒေါက်တာ"

မိန်းမသားနှစ်ဦး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ သံပြိုင်ထွက်သွားလေသည်။

"ကျွန်တော်နဲ့ မြတ်သက်လျှာကိစ္စကို မမ မသိစေချင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတွက် ကျွန်မတို့ နားလည်သဘောပေါက်ပြီးသား ပါ ဆရာ"

"စိတ်ချပါဆရာ၊ ကျွန်မတို့ဘက်ကတော့ မပေါက်ကြား စေရပါဘူး"

"ဆရာမတို့ နှစ်ယောက်စလုံးကို ကျေးဇူးတင်ပါတယ် ဗျာ၊ တကယ်တော့ မမကော သက်မှာပါ အပြစ်မရှိပါဘူး၊ ကျွန် တော့် အပြစ်ကြီးပါပဲ"

"ဖြစ်လာပြီးမှာတော့ ဘယ်တတ်နိုင်တော့မလဲ ဆရာ၊ ရှေ့လျှောက် အမှားအယွင်းတွေ ထပ်မဖြစ်ဖို့ဘဲ ဂရုစိုက်ရမှာပေါ့"

ဒေါ်သိန်းကြည်ကတော့ သူ့ထက်အသက်ကြီးပြီး အိမ် ထောင်သည်တစ်ဦးလည်း ဖြစ်သဖြင့် အတွေ့အကြုံအရ အကြံ ပေးစကား ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော်ပိုဂရု စိုက်ရတော့မှာပေ့ါဗျာ"

"ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ ဒေါက်တာ"

ဒေါ်စံပယ်တို့ကို ကျောခိုင်းကာ သူ့အခန်းထဲ ပြန်ဝင် လိုက်သည်။ ခုတင်ပေါ်ပြန်လဲလျောင်းရင်း မြတ်သက်လျာ စာ လေးကို မဖတ်ရက်အောင် ဖြစ်နေသည်။ အချစ်အတွက် ဤမျှ စွန့်စားရဲလိမ့်မည် မထင်ခဲ့ခြင်းသည် သူ၏မဟာအမှား ဖြစ်ခဲ့ရ ပြီ။







# အခန်း(၁၈)

မောင်. . .

နောက်ဆုံးအနေနဲ့တော့ နှလုံးသားထဲက သုံးစွဲခဲ့တဲ့အ သုံးအနှုန်းကို ဆက်လက်သုံးစွဲခွင့်ပြုပါလို့. . .

မောင့်ကို သစ္စာမဲ့သူအနေနဲ့ သက်အပြစ်မယူရက်ပါ ဘူးမောင်၊ ကံကြမ္မာကိုသာ ယိုးမယ်ဖွဲ့လိုက်ပါတော့မယ် မောင် ရယ်။

မမဆိုတဲ့ ဆရာမကြီးနဲ့ မောင့်ဇာတ်လမ်းကို သတိနား လည်ပါတယ်၊ ခွင့်လည်းခွင့်လွှတ်ပါတယ်၊ ကိုယ့်ကိုယ်ကိုယ်သာ



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ပုံမိတယ်။

သက်ရဲ့မောင်က အချစ်သစ်ကို မြန်မြန်ရှာဖွေလိမ့်မယ်လို့မှ သက်မတွေးခဲ့ဘဲ လိုက်လာခဲ့မိတာ သက်အမှားပေါ့နော် မောင်။

မောင့်အချစ်က မီးဝေးချိတ်လို မာသွားတတ်တာကိုး။ အချစ်နားနီးမှ အချစ်လားမောင်။

သက်ကတော့ ဝေးတစ်သက်မို့ ဝေးနေရလည်း ချစ်နေဆဲ၊ တမ်းတနေဆဲ၊ လွမ်းနေဆဲပဲဖြစ်ခဲ့ရတာကိုး မောင်ရယ်၊ သက်စိတ်နဲ့နှိုင်းပြီး မောင့်ဆီကို လိုက်လာခဲ့တာ သက်ရဲ့တစ်ဖက်သက်ယူဆချက်အမှားလို့ပဲ မှတ်ယူခွင့်ပေးပါတော့မောင်။

ဘာကြောင့်လဲဆိုတော့ သက်ကြောင့် မောင်စိတ်ထိခိုက်သွားရတာကိုး သက်တွေ့လိုက်ရလို့ပဲ။

တစ်ချိန်တုန်းက မောင်နဲ့အတူ ကျေးလက်ဒေသကို မလိုက်ဖို့ငြင်းပယ်တုန်းက မောင့်အတွက်ခံစားခဲ့ရတယ်၊ ခုတော့လဲ သက်ကမောင့်အလိုကျ မိဘတွေရဲ့ အမျက်သိုမှုကိုခံယူပြီး ရွှေဘုံပေါ်က ပြေးဆင်းခဲ့ပြီး မောင့်ရင်ခွင်ကို နားဖို့လာခဲ့ပါတယ်၊ ဒါပေမယ့် မောင့်ရင်ခွင်မှာ သက်အတွက် နေရာမရှိတော့ဘဲကိုး။

နားခိုရာရင်ခွင်ပျောက် မိန်းမသားတစ်ဦးရဲ့ တွယ်ရာမဲ့ခံစားချက်ကို မောင်နားလည်ရဲ့လား။

ရွှေဘုံငွေဘုံပေါ်မှာ စံစားပြီး ပန်းခင်းလမ်းကို လျှောက်လှမ်းနေရပေမယ့် မပျော်ရွှင်နိုင်ဘူး၊ မေတ္တာသာ ပဓာနဆိုတာ သက်နားလည်ခဲ့ပါပြီ။

မောင်ပြောခဲ့သလို မိုးခေါင်ရာအရပ်မှာ မိုးရွာသွန်းမယ့်





ဆရာဝန်အဖြစ် သက်လေ မောင်နဲ့လက်မတွဲရပေမယ့်လည်း မောင့်စိတ်ဆန္ဒကိုသာ ပါရမီဖြည့်တဲ့အနေနဲ့ လုပ်ဆောင်တော့မယ်လို့ ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင် ချလိုက်ပါပြီမောင်။

အက်ကွဲခြောက်သွေ့နေတဲ့ သက်နှလုံးသားကို အလုပ်လုပ်ခြင်းနဲ့ပဲ ကုစားရတော့မှာပေါ့ မောင်ရယ်။

ဒီစာရေးလိုက်တာကလည်း သက် နှလုံးသားအပူမီးကြောင့် သက်ရင်မှာ မခံမရပ်နိုင်အောင် နာကျင်ခံစားနေရပါတယ်မောင်။ ဒါကြောင့် လေထွက်ပေါက်ပေးတဲ့အနေနဲ့ သက်ရေးလိုက်ပါတာပါ။ မောင်နဲ့ မောင့်မမကြားမှာ အနှောင့်အယှက်အဟန့်အတား ဖြစ်စေလိုတဲ့ရည်ရွယ်ချက် လုံးဝမပါပါဘူး၊ ဖတ်ပြီးရင် မီးသာရှို့လိုက်ပါမောင်။

မြန်မာလူမျိုးတွေကတော့ အယူအဆရှိတယ် မဟုတ်လား။ 'စာမီးရှို့ရင် တစ်ဖက်လူမှာ ပူလောင်နေပါ့မယ်' တဲ့။ အဟင်း. . သက်ကိုတော့ ပူလောင်မှာမစိုးပါနဲ့မောင်။ ပူပြီးသားပဲ၊ မီးလောင်ကျွမ်းလို့ ပြာကျနေတဲ့ နှလုံးသားဟာ ထပ်ပြီး ပူလောင်စရာ မရှိတော့ပါဘူး။

မောင်နဲ့ မောင့်မမ သတင်းကိုသာ အဝေးတစ်နေရာကနေ သက်စောင့်နားထောင်နေပါ့မယ်။

ရုတ်တရက် ပြန်သွားတဲ့သက်ကြောင့် မောင့်မမ သံသယရှိကောင်းရှိနေမယ်၊ မောင်ဖြေရှင်းတတ်လိမ့်မယ်လို့ သက်ယုံကြည်ပါတယ်။

မိမိအသည်းနှလုံးကို တစ်ပါးသူရဲ့ရင်မှာ အမြဲတနိုးဆင်မြန်းပေးနေတာကို ကြည့်ရဲလောက်အောင် သက်စိတ်က



www.burmeseclassic.com

www.burmeseclassic.com



မမာဘူးမောင်။

မိမိအမြတ်နိုးဆုံး မောင်က တစ်ပါးသူကို အသက်ယူယူ သွေးသားကုန်စန်းချင် ကုန်ခန်းပါစေ ကြည်ဖြူနေတဲ့ မောင်ကို သက်ကြည့်ရဲ့တဲ့ အင်အားမရှိဘူး။ ဒါကြောင့်သက် အမြန်ဆုံး ပဲပြန်ခဲ့တာပါ မောင်. . . .

ရယူပိုင်ဆိုင်လိုခြင်းမဟုတ်တဲ့ အချစ်နဲ့တော့ သက် မောင့်ကို ထာဝရချစ်သွားနေမှာပါ။

အလွမ်းဝေဒနာကိုတော့ အလုပ်လုပ်ရင်းနဲ့ပဲ မြှုပ်နှံကု စားကြည့်ရမှာပေ့ါ မောင်ရယ်။

မောင်စိတ်ချမ်းသာနေမှာကို တွေးမိပြန်တော့လည်း မောင့်အတွက် သက်ရင်နာတဲ့ကြားက ပြုံးမိမှာပါ။

စွန့်လွှတ်လိုက်ရတဲ့အတွက် ရလဒ်ကတော့ မျက်လုံး တစ်ဖက်က ငိုကြွေးပြီး ကျန်တစ်ဖက်က မောင့်အတွက် ပြုံးနေ မယ်နော်. . .

လောကကြီးက ဖြစ်ချင်သလို ဖြစ်လို့မရဘူးနော်၊ ဖြစ် သင့် ဖြစ်ထိုက်တာပဲ ဖြစ်ရမှာပေ့ါလို့ ကံကိုသာ ယိုးမယ်ဖွဲ့လိုက်ပြီ မောင်။

သက်လည်း အရမ်းခံစားရလွန်းလို့သာ လျှောက်ရေးနေ ရတယ်၊ ဘာတွေရေးမှန်း မသိတော့ဘူးမောင်။

သက်ရင်ထဲမှာ ရှိတဲ့အတိုင်းသာ ရေးရရင် မောင်. . မောင်. . မောင်လို့သာ ရင်ပွင့်မတတ် အောင်ငိုပစ်လိုက်ချင် တယ် မောင်ရယ်။

နောက်ဆုံးပါ၊ ဒီစာနဲ့အတူ မောင်ရဲ့ သက်ဆိုတာ မောင့်





ဘဝရဲ့ နောက်ဆုံးအရိပ်လို့ပဲ သတ်မှတ်လိုက်ပါတော့၊ မေ့လိုက် ပါမောင်။

သက်ကတော့ မောင့်ကို သက်ရဲ့နောက်ဆုံးထွက် သက်လေးအထိ ချစ်သွားမှာပါ။

ဒါပါပဲ မောင်. . .

မောင်တို့ရဲ့ မင်္ဂလာပွဲသတင်းကို မျက်ရည်ကြားကနေ ပြုံးလျက်စောင့်နေပါ့မယ်။

မောင့်ရဲ့သက် မဟုတ်တော့တဲ့
မြတ်သက်လျှာ

ဒေါက်တာအောင်သာလက်မှစာလေး ရင်ဘတ်ပေါ်သို့ မှောက်ချလိုက်သည်။ရင်မှာဆို့နင့်သွားသည်။

အချစ်ဦးမို့ ချစ်ခဲ့ဖူးပါသည်။

သူငယ်ချင်းလိုလည်း ချစ်ခဲ့ဖူးသည်။

ချစ်ဖူးသူ၏ ခံစားမှုအတွက် သူ့ရင်မှာ နာနာကျင်ကျင် လေးခံစားလိုက်ရသည်။

သို့သော် မမထံမှ 'အောင်ရေ' ဟူသောအသံလေးသာ ကြားလိုက်ရလျှင် ဘဝတစ်ခုလုံး ပြည့်စုံသည်ဟု မှတ်ယူလိုက်ရ သည်။

"ဆရာလေး. . . ခရေတွေရပြီ"

"အေး . . . လာပြီ လာပြီ"

ခရေကြိုက်တတ်သော မမအတွက် ပန်းဆွတ်သမား ဖြစ်ခဲ့ရသည်မှာ မမထံမှ ချစ်အဖြေရပြီးကတည်းကဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်စောစော သွေးပူလေ့ကျင့်ခန်းယူရင်း ခရေပန်းကောက်နေသော ကလေးတစ်ဦးထံမှ ခရေပန်းကြွေများကို သူ့အတွက် လက်တစ်ဆုပ်လာပေးရန် မှာကြားထားခဲ့သည်။ မုန့်ဖိုးတစ်ရာ သူပေးခဲ့သည်။ နေ့စဉ်အလုပ်ပင်။

အပြေးလေ့ကျင့်ပြီး ပြန်ရောက်သည်နှင့် ရေမိုးချိုးပြီးလျှင် နံနက်စာစားရင်း မမအတွက် သန့်စင်လတ်ဆတ်သော ခရေပန်းလေးများကို ရွေးသီခဲ့သည်။

ထို့နောက် မမကျောင်းအလာကို စောင့်မျှော်က ခရေပန်းကုံးဆက်သသော ပန်းဆက်သမားဘဝကို အလိုလိုရောက်ရှိသွားသည်။

သူပေးသော ခရေကုံးကလွဲ၍ မည်သည့်ပန်းမှ မပန်ရဟု ချစ်လောဘကြီးစွာ အမိန့်ပေးခဲ့သည်။ ထိုအခါ မမသည် သူ့ခေါင်းမှာရှိပြီးသား ကိုယ်တိုင်သီခဲ့သော ပန်းကုံးကို ဖြုတ်ကာ သူပေးသော ပန်းကိုသာ မြတ်နိုးစွာ ခွေဖွဲ့ပန်ဆင်ခဲ့သည်။

"ဆရာလေး၊ ရော့လေ. . . . ပန်း"

ဖိုးခွေးကလည်း စေတနာ ဗလပွနှင့် ပန်းသုံးလေးဆုပ်ကို နှိုက်ပေးသည်။

"တော်ပါပြီကွ၊ ရော့မုန့်ဖိုး"

"မယူပါဘူး ဆရာလေးရာ ဆရာမကြီးအတွက်ပဲဟာ၊ ကျွန်တော်တို့တောင် သီပေးရဦးမှာ"

"မင်းက ဘာသိလို့လဲ ယူကွ၊ မင်းလုပ်အားခကို ချီးမြှင့်တာ"

သူအတင်းပေးပြီး ပန်းများကို ရေစင်ကြယ်အောင် ခပ်





လေးဆေးပြီး ပလတ်စတစ် ဆန်ခါလေးနှင့် စစ်ယူလိုက်သည်။

ထို့နောက် စိတ်ရှည်လက်ရှည် အပ်နှင့်အပ်ချည်ကြိုးများသုံးပြုကာ ပန်းကုံးရှည် သီကုံးပေးလိုက်သည်။ မမအရပ်နှင့်ညီရှိသော ပန်းကုန်းပင်။ မမအရပ် ငါးပေလေးအတိုင်း တိတိ သူသီကုံးပေးခဲ့သည်။

"ဟော့ မောင်ဗျတ္တ၊ ဒီနေ့ပန်းဆက် နောက်ကျပါလား"

"ဟော. . . မမ"

မမက ဆေးခန်းတံခါးဝမှ ပြုံးပြုံးကြီးရပ်ကာ သူ့အား မြင်းပြောလိုက်သည်။

"ပြီးခါနီးပြီ၊ ခဏနော်"

"ရပါတယ်၊ မမက လေးမိနစ် စောသွားတာကိုးကွယ့် င့်ရမှာပေါ့ မဟုတ်ဘူးလား၊ ပန်းပန်လှအောင် ဆံယဉ်သခဲ့ တာကိုး"

"မမ စကားတတ်တယ်"

"လူတွေဟာ အချစ်နဲ့ ထိတွေ့တဲ့အခါ စကားတွေ အလို တတ်လာကြတယ် ထင်တယ်အောင်၊ ယခုခေတ်နဲ့ ပြောရင် ာလီးယား စကားတွေများလား၊ မဟုတ်ပါဘူးနော် မမက ဘာ့ ကိုယ့်ချစ်သူအပေါ် နွဲ့တာ၊ ချစ်လို့နွဲ့ပြီး စကားဆိုခြင်း င်တာပဲ"

သူ ပန်းကုံးသီပြီးသွားပြီမို့. . .

"လာ အောင်ကိုယ်တိုင် ပန်ပေးမယ်"

မည်သူမှမရှိလျှင် သူကိုယ်တိုင် ပန်ပေးသည်။ ရှိလျှင်



www.burmeseclassic.com

www.burmeseclassic.com



တော့ မမကိုယ်တိုင်ပန်ဆင်ပြီးမှ ကျောင်သို့ဆက်သွားစေသည်

ပန်းပန်ပေးရင်း. . . .

"မွှေးလိုက်တာ မမရာ"

"သွား ပန်းဆက်ခကလည်း ကြီးမားလိုက်တဲ့ အဖိုးအခ

"သူပန်းပန်ပေးရင်း အနမ်းသူခိုးလေးဖြစ်သွားသည်

မမက မသိမသာလေး ရှန်းဖယ်ထွက်သွားသည်။

အပါးမှာ ထာဝရထားချင်သော်လည်း လူနေမှုစည်းကမ်းများအရ သူ့အသာတကြည်ပင် လွှတ်လိုက်ရသည်။ မမ ထုံး၌ သူ့ကိုယ်စား ခရေပန်းကုံးလေးက ဖွဲ့ခွေကာ နေရာ လိုက်ပါသွားလေပြီ။

မမပျောက်ကွယ်သွားသည်နှင့် မမရှိစဉ်က ငုပ်လျှိုး သော သက်ကို သတိရစိတ်လေးက ဟုန်းခနဲ ပြန်ထလာသည်

ခွင့်လွှတ်တော့ သက်ရယ်. . ချစ်မေတ္တာတရားဆိုတာ မြစ်ရေအလျင်လိုပဲ ကုန်ခန်းခြင်းမရှိဘဲ အမြဲတမ်းစီးဆင်း တတ်တဲ့သဘောတရား ရှိနေတယ်ထင်တယ်၊ ဒါကြောင့် သ ကို မမုန်းတဲ့ကြားက မမအပေါ် ချစ်လာမိတာပဲ ထင်တယ်သ မောင့်ကိုခွင့်မလွှတ်ရင်လဲ မုန်းတီးပစ်နိုင်ပါစေတော့ကွာ"

စိတ်တွင် တောင်းပန်ရင်း တစ်နေ့တာ လုပ်ရှားမှု စတ ရန် ပြင်ဆင်လိုက်သည်။ လူဆိုတာ အလုပ်လုပ်ခြင်းနှင့် အသ ရှင်နေရသည်ပင်။







# အခန်း(၁၉)

ကလေးငယ်တစ်ယောက်လို ဟန်ဆောင်မှုမရှိဘဲ ပကပျော်ရွှင်မြူးတူးခြင်းနှင့် ခုန်ပေါက်ကာ ခရေကိုင်းလေးများကို ရှုသပ်ခါလိုက်သည်။

"အား. . ဟား. . . ဟား. . ပျော်လိုက်တာ မမရာ"

"အို. . ပတ်ဝန်းကျင်ကိုလည်း ကြည့်ပါဦး အရှူးလိုပဲ"

"အချစ်နဲ့တွေ့ရင် လူတိုင်းရူးတာပဲ၊ မရူးတဲ့လူ ရှိသေးသ . . ရှိရင်စိမ်ခေါ်ရဲတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်ရယ် မသိတဲ့လူတွေသာဆိုရင် မင်းကိုဆရာဝန် တစ်ယောက်လို့ မြင်မှာမဟုတ်ဘူး၊ ကျောင်းသားတစ်ယောက်စာ မေးပွဲအောင်လို့ ပျော်နေတယ်လို့ပဲ မြင်မှာပဲ"

"ဟုတ်တာပဲ၊ အချစ်စာမေးပွဲအောင်လို့ ပျော်မြူးနေတဲ့ အချစ်ကျောင်းသားလေးဗျာ မဟုတ်ဘူးလား၊ ဒါကို မမငြင်းနိုင် မလား"

"အရှုံးပေးပါတယ် ဒေါက်တာဦးအောင်သာရယ်၊ အိမ် ပြန်ရအောင်ပါ"

"နေပါဦး မမရာ၊ အောင့်အပျော်လေးနဲ့ အောင်ပျော်နေ ပါရစေဦး"

သူ့ထံမှ ဝါကျွတ်လျှင် လက်ထပ်ပါ့မည်ဟူသော ကတိစ ကားကိုကြားလိုက်ရသော ဒေါက်တာအောင်သာသည် ဤမျှ ပျော်ရွှင်မြူးတူးသွားလိမ့်မည်ဟု မိမိမထင်ခဲ့ပါ။

ယခုတော့ သူ့ထံမှအပျော်သည် မိမိထံသို့ပင် ကူးဆက် လာသည်။ မိမိ၏ဝေဒနာကိုမိမိ မေ့လျော့သွားသည်။ ဂုဏ်ပ ကာသံနတွေ မေ့သွားသည်။

ခုန်ပေါက်မြူးတူးနေသော ချစ်သူလက်မောင်းကို ဆွဲ ချိတ်တွဲခိုခြင်းဖြင့် ဟန့်တားလိုက်သည်။

"ပြန်ရအောင်ကွာ တော်ကြာ နေဝင်တော့မယ်"

"မဝင်ပါဘူး၊ ချစ်သူတွေအတွက် နေဝင်ချိန်ဆိုတာ မရှိ ဘူး"

"ဘာစကားတွေလဲအောင်၊ ပြန်ရအောင်"

"အောင့်မိဘတွေကို အကြောင်းကြားလိုက်တော့မယ်





နော်"

"စောပါသေးတယ်ကွာ"

"သီတင်းကျွတ်ဖို့ တစ်လပဲ ကျန်တော့တာ၊ စောပါသေး သလား"

"စောတာပေါ့၊ ရွာထဲလည်း လျှောက်မပြောနဲ့နော် မမ က်တယ်"

"ချစ်လို့လက်ထပ်တယ်ဆိုတာ ရှက်စရာမှ မဟုတ်တာ"

"မသိဘူးကွာ၊ မမတစ်သက် လက်မထပ်ဘူးလို့ စိတ်ဆုံး ထားတာ၊ အောင်နဲ့တွေ့မှ ဆုံးဖြတ်ချက်တွေ ပြင်လိုက်ရတာ တာပေါ့"

"နဖူးစာ ရွာလည်တယ်ဆိုတာ တကယ်မှန်တယ်နော်၊ မြို့သား ကျွန်တော်အောင်သာနဲ့ ရန်ကုန်သူမမဟာ ပဲခူး က တာဝရွာလေးမှာ နဖူးစာလာဆုံတယ်၊ ဘယ်လောက် ကြယ်သလဲ"

"ပြည်သွားတုန်း ရောကားပေါ်မှာ တွေ့တုန်းကတော့ အောင်ဟာ တကယ့်ကို ပေကတ်ကတ်နဲ့ လူခွစာပုံပေါက်နေ အဲဒီတုန်းက မမအမြင်ကတ်နေလို့ ဘာဘူကြီးနဲ့ နေရာ င်းပစ်လိုက်တာ၊ အောင်မအီမသာ ဖြစ်သွားတာကိုကြည့်ပြီး ိုတ်ရယ်ခဲ့ရသေးတယ်"

"မမကလည်း အိုးရွဲ့ကိုစလောင်းရွဲ့နဲ့ ဖုံးတတ်သားပဲ"

"မေးမယ် မေးမယ်နဲ့ မမေးမိဘူး၊ အဲဒီတစ်ခါပဲ အောင် ရှက်သောက်တာ တွေ့ဖူးတာ၊ ခုရွာမှာ ပြန်တွေ့တော့လုံးဝ က်တော့ဘူးနော် ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအောင်သာ ရုတ်တရက် ငိုင်သွားသည်။

"အဲဒီတုန်းက အလွမ်းဝေဒနာကို စီးကရက်နဲ့ အဖော်ပြု ကြည့်တာ"

ဟုသာ ဖြေလိုက်ရလျှင် မမမည်သို့ရှိချေမည်နည်း။

"ခရီးသွားရင်း ရှိုးလုပ်ကြည့်တာလေ၊ ဂိုက်ကောင်းမ လားလို့ အမြင်ကတ်စရာ ကောင်းသွားမှန်း မသိပါဘူး"

ရယ်သွမ်းသွေးလိုက်ခြင်းဖြင့် နာကျင်သွားခဲ့သော နှလုံး သားကြောင့် ပျက်ယွင်းသွားသည့် မျက်နှာကိုလည်း ပြင်လိုက် သည်။

"နှမြောနေတာတော့ မဟုတ်ပါဘူးနော် ဦးကပ်စေး"

"အဲဒါလည်း မှန်တယ်၊ ဆေးလိပ်ကို ခုံခုံမင်မင်သောက် တဲ့ လူမဟုတ်တော့ စီးကရက်ကို နှမြောတာတော့အမှန်ပဲ၊ ဒါ ကြောင့် အကုန်သောက်ပစ်တာ"

"ကဲ. . ကဲ. . . စကားသိပ်ကောင်းနေလို့ မဖြစ်ဘူး အောင် ပြန်ကြရအောင်နော်၊ အောင်လိုချင်တဲ့ကတိလဲ ပေးပြီး ပဲ၊ မမစကား နားထောင်နော်"

"အိုကေ အောင့်မျက်နှာကို အခန်းထဲရောက်တာနဲ့ မှန် အရင်ကြည့်ရမယ်"

"ဘာဖြစ်လို့"

"မှိုရတဲ့မျက်နှာဆိုတာ ဒါမျိုးပါလားလို့ သိအောင်လေ"

"အောင်ဟာလေ"

မမ၏ ချစ်စဖွယ်ပြုံးရယ်မှုလေးကို သူကအမြတ်တနိုး ငေးကြည့်လိုက်မိသည်။





"လမ်းကြည့်လေကွာ"

မမ၏ ချစ်မျက်စောင်းသည်လည်း သူ့အသည်းစိုင်ကို ချောင်ဖွဲ့နိုင်လိုက်ခြင်းဖြစ်သည်။

ချစ်တတ်လာပြီဆိုတော့လည်း ချစ်သူဘာလုပ်လုပ် သ ဘောကျနှစ်ခြိုက် မြတ်နိုးနေတတ်သည်ချည်းသာ။

မမနှင့်သူ မြသိန်းတန်စေတီလေးကို ကျောခိုင်းခဲ့သည်။

မြသိန်းတန်စေတီလေးကို လွမ်းစေတီဟုလည်း ခေါ်ကြ သည်။ လယ်ကွင်းတို့အလယ်၌ ထီးတည်းရှိနေပြီး အုံ့ဆိုင်းဆိုင်း လေးဖြစ်နေသည်။ အထီးကျန်ဆန်သကဲ့သို့ရှိသည်။ ထိုနေရာသို့ အဖော်မဲ့သူတို့သွားလျှင် လွမ်းစရာကောင်း၍ လွမ်းစေတီဟု ခေါ်ခြင်း ဖြစ်ပေမည်။

သူ့အတွက်တော့ မြသိန်းတန်စေတီသည် တကယ့်ကို ဆုတောင်းပြည့်စေတီဖြစ်သည်။

မမအချစ်ကိုရဖို့ အကြိမ်ကြိမ်ဆုတောင်းခဲ့ရသော. . နေရာဖြစ်၍ ဆုတောင်းပြည့်စေတီဟုသာ ဆိုချင်သည်။

မိုးများ ရွာသွန်းလာသည်။

"ထီး မပါလာပါလား"

"အောင့်ဆေးခန်းမှာ ထီးယူပြီး လိုက်ပို့ပေးမယ်"

မိုးရွာချသည်နှင့် ညနေစောင်းပင် ပျောက်ကွယ်သွား သော ညအမှောင်ရိပ်က ချက်ချင်းလို ကြီးစိုးလာသည်။ ထိုစကား ကြောင့်၍ သူ့ရင်ကို အမှောင်ခွင်းသွားစေသည်က. . .

"အောင်နဲ့မမ လက်ထပ်ရင်လေ တစ်ရွာလုံးကို ကျက်ဖွဲ့ ပြီးတဲ့ မင်္ဂလာဆွမ်း ကျွေးလိုက်မယ်နော်၊ ပြီးတော့ အောင့်ညီမ



www.burmeseclassic.com

www.burmeseclassic.com



မြတ်သက်လျာကိုလည်း ဖိတ်ရမယ်”

မိမိတို့ မင်္ဂလာပွဲသည် မြတ်သက်လျာ၏ နှလုံးသားကို မီးပုံရှို့သော ပွဲဖြစ်ကြောင်း မမ မသိရှာ၍ပြောခြင်းဖြစ်ပေမည်။

သူ့ရင်ထဲ အတတ်နိုင်ဆုံး မြတ်သက်လျာကို မေ့ဖျောက်ထားလိုက်ခြင်းသည် အကောင်းဆုံး ဖြစ်ပေမည်။

နှလုံးသားအချစ်နှင့် အချစ်လမ်းခရီး၌ ချစ်ဦးသူဟူသော အရိပ်မည်း၏ ခြောက်လှန့်မှုသည် ကာလမည်မျှကြာအောင် ပိုင်စိုးထားဦးမည်ကို မသိနိုင်အောင် ဖြစ်နေရလေပြီ။

တိုက်ဆိုင်မှုလေးတွေ ကြုံတွေ့လာတိုင်း သတိရခြင်းနှင့်အတူ ရင်နာရခြင်းက ဖြစ်ပေါ်နေစမြဲပင်။

“အောင် ဘာတွေတွေးနေတာလဲ. .၊ မျက်နှာလည်းမကောင်းပါလား”

“မဟုတ်ပါဘူး၊ မေမေတို့ဆီပြန်ပြီး အကြောင်းကြားတဲ့ရက်မှာ ခွဲခွာရဦးမယ့်အရေးအတွက် အောင်ကြိုလွမ်းသွားလို့ပါ”

“ပိုလိုက်တာကွယ်”

အပြစ်ရှိသူများသည် မိမိ၏အပြစ်ကို ဖုံးကွယ်ရန်အတွက် ချစ်သူအပေါ် မလိုအပ်သော အပိုစကားများနှင့် ကြင်နာယုယပြခြင်းဖြင့် ဖုံးကွယ်တတ်သည် ထင်ပါသည်။









## အခန်း(၂၀)

“ဟင်”

ဒေါ်တိုးတက်နှင်း တုန်လှုပ်သွားသည်။ သွေးမြစ်ချောင်းရှိ စီးဆင်းလှည့်ပတ်မှု ရပ်ဆိုင်းသွားသလား ထင်မှတ်လိုက်ရသည်။ ခေါင်းထဲ မိုက်ခနဲဖြစ်ကာ မျက်စိများ ပြာဝေသွားသဖြင့် ကုလားထိုင်ပေါ် ထိုင်ချလိုက်ရသည်။

အောင်သည် မိမိအပေါ် လိမ်ညာဖုံးကွယ်ထားလိမ့်မည်ဟု တစ်ရံတစ်ခါမှ မတွေးခဲ့မိပါလား။ မိမိအပြစ်ပေပဲ။

အောင့်အပေါ် လေ့လာစဉ်းစားမှု မရှိခြင်းက မိမိအပြစ်



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါသည်။ တကယ်တော့ အောင့်အကြောင်းကို မေးသင့်
သည်။ ယခုတော့ မမေး၊ မလေ့လာဘဲ အောင့်အချစ်ကို မျက်
ကန်းတစ္ဆေ မိမိက ယုံစားလက်ခံခဲ့သည်။

အပြစ်ခပ်သိမ်း ဟူသမျှတို့သည် မိမိအမှားပင်ဖြစ်၏

ချစ်သူအပေါ် အပြစ်မယူရက်အောင် ချစ်တတ်သော
မိမိကိုယ်မိမိ အံ့အားသင့်သွားသည်နှင့်အမျှ ချစ်လွန်းအားကြီး
သော မိမိနှလုံးသားကို နားလည်သွားသည်။

မိမိအောင့်ကို သိပ်ချစ်ပါသည်။ အသည်းအသက် အ
သွေးအသား ဘဝလုံး ပုံပေးမတတ် ချစ်နေပြီ။

သို့သော် မြတ်သက်လျာတည်းဟူသော မနောဖြူ
လေး၏ နှလုံးသားတို့ကို မိမိက မီးလောင်မြိုက်သွင်းခဲ့လေ
ကော။

မြတ်သက်လျာသည် မိမိအား သူ့အချစ်ကို လုယူသွား
သည့် ရန်သူဟုမမြင်ရာသည့်အပြင် ဆရာဝန်ကောင်းပီသစွာ
သူ့ထံမှ သွေးကိုပင် ကြည်ကြည်ဖြူဖြူ ပေးဆက်ကာ လှူဒါန်းသွား
ခဲ့လေသည်။

ဤမျှသဘောဖြူသော မနောဖြူမလေး၏ ရင်တွင်းဝေ
ဒနာသိလျက်နှင့် ဥပေက္ခာပြုလိုက်ပါက မိမိလောက်မိုက်မဲသူ
ကမ္ဘာမှာ မရှိဘဲ ဖြစ်သွားလိမ့်မည်။

တုန်ယင်သောလက်နှင့် မြတ်သက်လျာ၏ ဓာတ်ပုံလေး
ကို ထိုင်ကြည့်လိုက်သည်။ ကြည်လင်ဝင်းပစွာ ပြုံးပြနေသည်
ကိုယ့်အချစ်ကို လုယူမည့်သူမှန်း မသိ၍ပြုံးပြနေခြင်း
လော။





ဒေါ်တိုးတက်နှင်း တုန်လှုပ်မှုနှင့်အတူ ဓာတ်ပုံမှန်လေးကို အံ့ဩတွေဝေ ပြန်မှောက်ထည့်လိုက်သည်။

နှစ်ပတ်တစ်စောင်ခန့် ချစ်သူထံ အမျက်တော်ပြေစေရေးအတွက် ရွှေနားတော်သွင်း အမျက်ပြေလက်ဆောင်စာများကို တစ်စောင်ခြင်းဖတ်ရင်း မျက်ရည်တာကျိုးရလေသည်။

အောင့်အသည်း ဤမျှအပြောင်းအလဲမြန်လိမ့်မည်ဟု မိမိ မသိခဲ့ပါတကား။

မြတ်သက်လျာ၏ နောက်ဆုံးစာကလေးဖတ်ပြီးသည်နှင့် တစ်ပြိုင်နက် ဒေါ်တိုးတက်နှင်း ဘာကိုမှမမြင်တော့။ သည်းထန်စွာ ငိုကြွေးရင်း စားပွဲပေါ် မှောက်ကာ ခေါင်းငိုက်စိုက်ကျသွားခဲ့လေသည်။

ဒေါ်သိန်းကြည်က ဒေါက်တာအောင်သာ အခန်းထဲမှ ဆရာမကြီး၏ ကျိတ်၍ငိုရှိုက်သံကြားလိုက်ရပြီး ပျောက်ကွယ်သွားသံကြောင့် ချောင်းကြည့်လိုက်သည်။

စားပွဲပေါ် ခေါင်းငိုက်စိုက်ချကာ ငြိမ်သက်နေသည်ကို တွေ့လိုက်ရသဖြင့်

"ဆရာမကြီး"

ကမန်းကတန်းပြေးဝင်ကာ ထူမလိုက်သည်။

စိတ်မထိခိုက်ကာ သတိမေ့မြောသွားသည် ထင်ပါရဲ့။

"မောင်သောင်းတို့၊ ဖိုးအေးတို့ လာပါဦးဟဲ့၊ ဖိုးအေးက ဒေါ်စံပယ်ကို သွားခေါ်ခဲ့မြန်မြန်"

ဒေါ်သိန်းကြည်သည် ဆေးခန်းအကူလုလင် မောင်သောင်း အကူအညီဖြင့် ဒေါ်တိုးတက်နှင်းကို ဒေါက်တာအောင်



www.burmeseclassic.com

www.burmeseclassic.com



သာ အိပ်ရာပေါ်သို့တင်ပေးပြီး သွေးလှည့်ပတ်နှုန်း မြန်ဆန်မှန်ကန်စေရန် ကြိုးပမ်းလိုက်သည်။

"မောင်သောင်း သွား၊ ကျိုက်ပဒိုင်ကိုလိုက်သွား၊ ကိစ္စပြီးတာနဲ့ အမြန်လာခဲ့ဖို့သွားခေါ်"

"ဘယ်သူ့ကိုလဲ"

"နင့်လင်. . ၊ သေတော့မှာပဲ ဆရာလေးကိုပေါ့ဟဲ့"

"ဟဲဟဲ. . လူတောင်ခြောက်ချင်သွားပြီ"

"သေနာကျ၊ အရေးထဲ နောက်နေပြန်ပြီ၊ သွားစမ်း မြန်မြန်"

မောင်သောင်းက အခြောက်အမူအရာလုပ်ကာ ပြေးထွက်သွားလေသည်။

ဒေါ်သိန်းကြည်သည် သက်ပြင်းမောကိုချလိုက်သည်။

ဒေါ်တိုးတက်နှင်း သတိရလာသည်။

သို့သော် အပူမျက်ရည်များက တလိမ့်လိမ့်စီးလျက်ရှိသည်။

ဒေါ်တိုးတက်နှင်းသည် တစ်ကိုယ်ကောင်းသမား မဟုတ်။ ကိုယ်ကျိုးထက် အများအကျိုးကို ကြည့်တတ်သူဖြစ်ရာ မြတ်သက်လျာအတွက် သူမ အဘယ်မျှ စိတ်ထိခိုက်မည်ကို ခန့်မှန်းကြည့်ကာ ဒေါ်သိန်းကြည်ပင် စိတ်မကောင်းဖြစ်ရသည်။

မြတ်သက်လျာ၏ စာများကို သိမ်းဆည်းကာ အံဆွဲထဲ ပြန်ထည့်ကာ ပိတ်လိုက်သည်။

ဒေါက်တာအောင်သာသည် အင်မတန်ပေါ့ဆသည့်လူစားပဲဟု ဆရာသမားကိုပင် အဖြစ်တင်လိုက်မိသည်။ တကယ်





ဆို မြတ်သက်လျာနှင့် ပတ်သက်လာသမျှပစ္စည်းများကို ဖျောက်ဖျက်ထားသင့်သည်။

သြော် အချစ်ဦးသူ၏ စာများဖြစ်၍ မဖျောက်ဖျက်ရက်ဘူး ထင်ပါရဲ့။

ဘေးလူဖြစ်သော ဒေါ်သိန်းကြည်တို့ပင်လျှင် သူတို့သုံးဦး၏အချစ်ရေးပြဿနာအတွက် ဦးနှောက်ခြောက်နေလေပြီ။ စဉ်းစား၍မရနိုင်၊ စိတ်ထိခိုက်သလိုပင် ခံစားနေရသည်။ သို့ဆိုပါက ကာယကံရှင်များ၏ ကြိမ်မီးအုံးဖွဲ့နေသော ခံစားမှုများ မည်မျှ ပြင်းထန်လိမ့်မည်ကို မခန့်မှန်းနိုင်အောင် ဖြစ်နေမိသည်။

သူ ထိုးပေးထားသော အိပ်ဆေးအရှိန်ဖြင့် အိပ်ပျော်သွားသော ဆရာမကြီး ဒေါ်တိုးတက်နှင်းကို စူးစိုက်ကြည့်မိသည်။

ရှားပါးသော ရုပ်ရည်အလှကို ပိုင်ဆိုင်ထားသလောက် ထောင်သောင်းမှာတစ်ယောက်ဖြစ်ခဲသော ရောဂါကို ပိုင်ဆိုင်ထားသူလည်း ဖြစ်ပြန်သည်။

သူနာပြုဆရာမ ဒေါ်သိန်းကြည်သည် ဒေါ်တိုးတက်နှင်းကိုကြည့်ပြီး လေးလေးနက်နက်တွေးတောကာ မှတ်ချက်ချလိုက်မိသည်။

တစ်ခါတစ်ရံ လူ့လောက၌ အဆိုးရွားဆုံးသော ကံတရားနှင့် အကောင်းဆုံးသော ကံတရားနှစ်ခုကိုတွဲ ပိုင်ဆိုင်နေတတ်သူများလည်း ရှိပါသေးတကားဟု။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၁)

ဒေါ်တိုးတက်နှင်း၊ ဒေါက်တာအောင်သာကို ယူကျုံးမရနိုင်သည့်အလား ငေးကြည့်နေရာမှ မျက်ရည်များ သွင်သွင်စီးကျလာသည်။

"မမရယ် တိတ်ပါ၊ အောင် ရှင်းပြပါ့မယ်"

ဒေါက်တာအောင်သာက သူမ၏မျက်ရည်များကို ယုယစွာသုတ်ပေးရင်း ဖြေသိမ့်ရန် ကြိုးစားလိုက်သည်။

ဒေါ်တိုးတက်နှင်း မခံရပ်နိုင်အောင် အလူးအလဲခံစား





နေသော ဝေဒနာကြောင့် စကားပြောခြင်းအတတ်ကိုပင် မေ့လျော့သွားသည်။

ပြောချင်သည်။ ပြော၍မရ ရင်မှာဆို့နင့်ကာ ခုတင်ဘေးတွင် တင်ပါးလွှဲထိုင်ရင်း သူ့အား အုပ်မိုးကြည့်နေသော ဒေါက်တာအောင်သာ လည်ကိုဆွဲနှိမ့်ကာ မျက်နှာချင်းအပ်ကာ ငိုကြွေးလိုက်သည်။

ဒေါက်တာအောင်သာ အံ့အားသင့်ရာမှ ကြေကွဲဆို့နင့်သွားသည်။ စိတ်ဓာတ်ကြံ့ခိုင်သော ယောကျာ်းဖြစ်သည့်သူသည် မငိုပါ။ သို့သော် မျက်ရည်စက်များက သူ့မျက်နှာပြင်ကို ကူးစက်လာသဖြင့် နှလုံးသား ပျက်သုဉ်းမတတ် ခံစားလိုက်ရသည်။

မမမျက်ရည်စက်ကို ကြည့်ရက်သောအင်အား သူ့မှာမရှိပါ။

"မမ. . မငိုပါနဲ့"

"ဟင့်အင်း. . ငိုပါရစေ၊ မမ. . ငိုပါရစေဦး အောင်"

"သိပ်ပင်ပန်းနေပြီလေ မမရယ်၊ အောင့်စကား နားထောင်ပါ"

မျက်ရည်ဗွက်ထနေသော မျက်နှာပြင်အနှံ့ကို အနမ်းများနှင့် သိမ်းဆည်းကြည့်သည်။ မရသေး။

သူပြန်ရောက်သည်နှင့် ဒေါ်သိန်းကြည်၏ အကျိုးအကြောင်း ရှင်းပြချက်အရ သူနှင့် မြတ်သက်လျာအခြေအနေကို မေ သိသွားခဲ့လေပြီ။ မမအတော်ထိခိုက် ခံစားရသဖြင့် သတိလစ်သွားခဲ့သည်ဟု သိရသည်။ ညနေစောင်း မမသူ့အိမ်ပြန်သွားခဲ့သည်ဟု သိသိချင်း ဒေါက်တာအောင်သာ အပြေးလိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ မမသည် မစားမသောက်ဘဲ အိပ်ရာထဲတွင် သဲသဲမဲမဲ ငိုပွဲဆင်နွှဲနေဆဲပင်။

သူရောက်လာပြန်တော့ ပို၍ဆိုးသွားသည်။ ချော့မည့်သူရှိလျှင် ပို၍ ငိုချင်သည်မှာ မိန်းမသားများ၏ သဘာဝဖြစ်သည်။

"အောင်အမှားပါ၊ အောင့်ကြောင့် မမစိတ်ထိခိုက်ရတာပါ၊ အောင့်အမှားပါ"

"အပြစ်တစ်ခုကို တောင်းပန်ရုံနဲ့ ကျေအေးသွားလို့ ရသလားအောင်"

ဒေါက်တာအောင်သာကို ဖက်ထားသော လက်များကို ရုပ်သိမ်းလိုက်သည်။

"ချစ်လွန်းလို့ မှားခဲ့တဲ့အမှားတစ်ခုကို အပြစ်တစ်ခုလို့ မမယူဆခဲ့လို့ရှိရင် အောင်တောင်းပန်ပါတယ်၊ မကျေအေးနိုင်ဘူးဆိုရင် မမကြိုက်တဲ့အပြစ်ပေးပါ၊ အဲ. . ချစ်လို့ ခွဲခွာရမှာကြောက်လွန်းလို့ ဖြစ်ပေါ်လာတဲ့အမှားတစ်ခုအတွက် ခွဲခွာခြင်းဆိုတဲ့ အပြစ်ကလွဲရင် ကျန်တဲ့အပြစ် ပေးနိုင်တယ်၊ အောင်ခံယူဖို့အသင့်ပဲ"

ဒေါက်တာအောင်သာ ခုတင်ပေါ်မှ အသာခွာကာ ကုလားထိုင်၌ ထိုင်လိုက်သည်။

ဒေါ်တိုးတက်နှင်းက ခုတင်ပေါင်ကိုမှီကာ ထိုင်လိုက်သည်။

လူတစ်ရပ်ကျော်မြင့်သော မှန်တင်ခုံတွင် ချိတ်ဆွဲထားသော ခရေပန်းခြောက်များက သူမ၏အချစ်ကို ဖော်ပြနေလေ





ပြီ၊

သူပေးသောပန်းကုံးများကို မပစ်ရက်သဖြင့် ဆံထုံးဖြည်တိုင်း မှန်တင်ခုံတွင် ခရေပန်းကို ချိတ်ဆွဲထားခဲ့ရာ အကုံးများများနေလေပြီ၊ မပစ်ရက်သေး၊ ဒေါ်ရွှေအကိုတော့ မှာထားသည်။

"တိုးတက်သေရင် အဲဒီပန်းခြောက်လေးပါ ရောမြှုပ်ပေးနော်"ဟု. . .

ပန်းကုံးခြောက်လေးများကို ဒေါက်တာအောင်သာက အယုတယ အသာကိုင်ကြည့်နေသည်ကို မြင်ရပြန်တော့ ဒေါ်တိုးတက်နှင်းရင်၌ မချိမဆန့်သော ဝေဒနာရပ်ကို ခံစားလိုက်ရပြန်သည်။

ချစ်သူပေးသော ပန်းခြောက်ကလေးတွေကိုတောင်မှ မပစ်ရက်သော သတ္တိမရှိသည့် မိမိသည် မိမိချစ်သူကို စွန့်ရမည်ဆိုတော့

"အောင်"

"ပြောပါမမ၊ အောင်နားထောင်နေတယ်"

"လူတွေဟာ ပြဿနာတစ်ရပ်ကို အဖြေရှာရခက်ခဲတဲ့အခါ ဖြစ်ဖြစ်၊ လုပ်ချင်တဲ့အရာတစ်ခုကို ဘယ်လိုလုပ်ရမယ်ဆိုတာလဲသိတယ်၊ လုပ်လိုက်လို့ရှိရင် မိမိကိုယ်ကိုမိမိပဲဖြစ်ဖြစ်၊ သူတစ်ပါးကိုပဲဖြစ်ဖြစ် ဘယ်အတိုင်းအတာအထိ ထိခိုက်သွားစေနိုင်သလဲဆိုတာကို သိနေတယ်၊ ဒါပေမယ့် လုပ်ကိုင်ရမယ်၊ လုပ်သလိုလုပ်ချင်ဘူး၊ တွေဝေစဉ်းစားနေမယ်၊ အဲဒီအချိန်တွေမှာလေ ခေါင်းထဲမှာ တအုံနွေးနွေးနဲ့ ပေါက်ကွဲမတတ် ရှူးမတတ် ခံစားနေရ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မမရင်ထဲမှာ အရမ်းကို ခံစားနေရတယ်အောင်"

"မမက ဘာကိုဒီလောက် စိတ်ဆင်းရဲခံ တွေးတောနေတာလဲ အောင်နဲ့ကွဲလို့ မြတ်သက်လျှာ. . ."

"သက်လို့ပဲ သုံးပါအောင်"

"မြတ်သက်ပဲ သုံးပါရစေ၊ မြတ်သက် အောင့်ကို စွန့်လွှတ်ရလို့ ခံစားရတဲ့ဝေဒနာဟာ အစားထိုးကုလိုက်ရင် ပျောက်သွားမှာပဲ၊ အစားမထိုးတဲ့တိုင်အောင် အချိန်က စကားပြောပါလိမ့်မယ်မမ၊ အလွမ်းဆိုတဲ့အရာကို ကုစားနိုင်ဆုံးသော သမားတော်ဟာ အချိန်ပါပဲမမ၊ မြတ်သက်အတွက် ကျွန်တော်မပူဘူး မမလည်း စဉ်းစားစရာ မလိုဘူး၊ ကံကြမ္မာဆိုတဲ့ တရားသူကြီးက ချမှတ်ပေးတဲ့ လမ်းကြောင်းပေါ်မှာ မမနဲ့ကျွန်တော် ဆက်လျှောက်ရုံပဲရှိတယ်"

"တော်. . တော်တော့အောင်"

ဒေါ်တိုးတက်နှင်းက ကရုဏာဒေါသ ဖြစ်သွားသည်။

"ပြီးဆုံးသွားတဲ့ ပြဿနာတစ်ခုကို အစဖော်ဖို့ မကြိုးစားနဲ့တော့ မမ၊ ပိုနေမြဲ ကျားနေမြဲပဲ ကောင်းပါတယ်"

"ဒီမှာအောင်၊ အောင့်ကို မမအထင်ကြီးခဲ့တာတွေ အလကားပဲ၊ တစ်ခါတစ်ရံ ပညာတတ်လူတန်းစားတွေ မိုက်တဲ့အခါကျရင် ပညာမတတ် လူတန်းစားတွေ မိုက်မဲခြင်းထက်များစွာ ပိုတတ်ကြတယ်ဆိုတာ မမတော့ လက်ခံရမလို ဖြစ်နေပြီ"

"အောင်. . မိုက်မဲတယ်လို့ မမက ဆိုချင်သလား"

"ဆိုချင်တာမဟုတ်ဘူး၊ ဆိုလိုတာ၊ မင်းလည်းမိုက်တယ် မမလည်းမိုက်မဲတယ်၊ မစူးစမ်းဘဲ မဆင်ခြင်ဘဲ အချစ်မျက်





ခွေလို ချစ်ခဲ့မိတယ်၊ သက်ရယ် အောင်ရယ် မမရယ်မှာ အ
တင်းစင်တာ သက်ပဲ"

"မမရယ်"

ဒေါက်တာအောင်သာ ဒေါ်တိုးတက်နှင်းဘေးသို့ ကူးပြောင်းထိုင်လိုက်သည်။

"မမရာ"

ဆို့နင့်နေသော ဝေဒနာကို မျိုသိပ်ခံစားရင်း တစ်ခုခု ပြတ်ရန် စဉ်းစားနေသော မမသည် မျက်ရည်များတလိမ့် ဆင်းရင်း သူ့အား မခွဲနိုင်မခွာရက်သကဲ့သို့ ငေးကြည့်နေ. . .

"မမရာ"

သူ. . သူမ၏ ပခုံးနှစ်ဘက်ကို ဆွဲယူကာ ရင်ခွင်တွင်း သွင်းလိုက်သည်။

"မမလည်း အပြစ်မရှိဘူး၊ သက်လည်းအပြစ်မရှိဘူး၊ အောင် တစ်ဦးတည်းသာ တရားခံပါ၊ ဟင်ဆိုရင် လှည့်မကြည့် တဲ့ အောင့်ဉာဉ်အရ မြတ်သက်နဲ့လမ်းခွဲပြီး မြတ်သက်ကို အောင့်ဘဝက အပြီးတိုင်ထုတ်ခဲ့တာ အောင်မှားသလား"

"ရန်သူတောင် လက်နက်ချရင် ကျေအေးသေးတာပဲ၊ အပေါ် ဒီလောက် မရက်စက်သင့်ဘူး"

"မကျေအေးတာ မဟုတ်ပေမယ့် အောင်က မမကို မြင် ည်းက စိတ်ဝင်စားပြီး စွဲစွဲလမ်းလမ်းဖြစ်နေပြီကိုး မမရယ်"

"အပြောင်းအလဲမြန်လှတဲ့ အောင့်ကို မမ မယုံရဲတော့"



www.burmeseclassic.com

www.burmeseclassic.com



“အပြောင်းအလဲ မြန်တယ်မမြန်ဘူးဆိုတာ အောင်နားမလည်ဘူး၊ ချစ်တဲ့သူကို ရအောင်ယူချင်တယ်၊ ကြိုးစားတယ် ဒါ အောင်မိုက်မဲသလား”

“မမဘာမှ မပြောတတ်တော့ဘူးအောင်၊ သက်ကို မမသနားတယ်၊ စာနာပါတယ်၊ အချစ်ရေးတစ်ခုမှာ မမဟာ တစ်ကိုယ်ကောင်းသမားအဖြစ် ထင်ကျန်ရစ် မနေစေချင်ဘူး”

“မေ့ထားလိုက်ပါ၊ မြတ်သက်ကို အောင်တို့ဘဝထဲက အပြီးတိုင် ထုတ်ပြီး မေ့ထားရစ်လိုက်ပါ မမ”

အောင့်ပခုံးထက်၌ သူမ နားခိုလိုက်သည်။

“ကိုယ့်ရဲ့ ကျေးဇူးရှင်လည်း ဖြစ်ခဲ့ဖူး၊ ပြီးတော့ ကိုယ့်လို စွဲစွဲလမ်းလမ်းချစ်တတ်တဲ့ မိန်းမသားတစ်ယောက်ရဲ့ နှလုံးသား ကျေပျက်သွားခြင်းကို မေ့ရမယ်တဲ့လား၊ ဘယ်တော့မှ မေ့ရမှာ မဟုတ်ဘူးအောင်”

“ဒီလိုဆိုရင် မမကိုသိပ်ချစ်တဲ့ အောင့်နှလုံးသား မွမွ ကြေပျက်သုဉ်းသွားခြင်းကိုကော မမကြည့်ရက်မှာလား”

“အို. . အောင်ရယ်”

ဒေါ်တိုးတက်နှင်း တုန်လှုပ်သွားသည်။ ချစ်သူ၏ ပါးစပ်ကို သူမလက်ချောင်းကလေးများဖြင့် အသာပိတ်လိုက်သည်။

“မပြောပါနဲ့”

ချစ်သူမျက်နှာ ညှိုးလျှင်ပင် မနေတတ်သော မိမိသည် ချစ်သူနှလုံးသား မွမွကြေ ပျက်သုဉ်းတာ ခံစားနေရခြင်းကို ကြည့်ရက်နိုင်ပါ့မလား။

“မမနဲ့သာ ခွဲရရင်တော့ အောင့်စိတ်ကိုအောင် လွှတ်





ပေးလိုက်တော့မှာ၊ လုပ်ချင်ရာ လျှောက်လုပ်ပစ်မယ်၊ မြတ်သက်ကိုလည်း မယူဘူး၊ ဘယ်လောက်လှတဲ့ မိန်းမဖြစ်ဖြစ် မယူဘူး၊ မမကလွဲရင် ဘယ်သူမှ မယူဘူး၊ ဒီမှာ ဒေါ်တိုးတက်နှင်း”

မျက်ရည်ကျရင်း သူ့ကိုယူကျုံးမရစွာ ကြည့်နေသော သူ့ မမမျက်နှာကို ဆွဲယူ၍ မော့စေသည်။

“မမကို မရလို့ မြတ်သက်ဆီ ပြေးကပ်ရအောင် ပျော့ညံ့တဲ့ ယောက်ျားစားမျိုးထဲ ကျုပ်မပါဘူး၊ အချစ်ဆိုတာ ကစားရာ မဟုတ်ဘူးဗျ၊ အမိတို့ မိန်းမသားတွေဟာ ခွင့်လွှတ်အနစ်နာခံခြင်းဆိုတဲ့ ကြီးမားတဲ့မေတ္တာတရားကို ပိုင်ဆိုင်သူတွေအဖြစ် ကိုယ့်ကိုယ်ကိုယ် မြင့်မြတ်တဲ့ မဟာကရုဏာတော်ရှင်ကြီးအဖြစ် ထက်ယူချင်လို့ ကျုပ်တို့ယောက်ျားတွေကို ပစ္စည်းသဘောထားပြီး ညီမလိုချင်ယူလေ၊ ရော့. . အင့်. . လို့ ပေးချင်လို့လား၊

ဟတ်. . ဟားဟား. . မရဘူးဆရာမကြီးဒေါ်တိုးတက်နှင်း၊ အမိကိုပဲ ကျုပ်ချစ်တယ်၊ အမိကလွဲရင် ကျုပ်ဘယ်တော့မှ မယူနိုင်ဘူး၊ ကိုင်း. . ထ. . မျက်နှာသစ်၊ ထမင်းစားရအောင်၊ အောင်လည်း ဘာမှမစားရ သေးဘူး၊ မမလည်း ဘာမှမစားရ သေးဘူးလို့ ဒေါ်ရွှေအ ပြောတယ်”

ဒေါ်ရွှေအ လက်ဟန်ခြေဟန် စကားတို့ကိုပင် သူနားလည်နေပြီ။

ပြောချင်ရာစကားတို့ကို စိတ်လိုက်မာန်ပါပြောပြီး တအီအီငိုရှိုက်နေသော ချစ်သူကို ချော့ကာ ထမင်းစားခေါ်လိုက်သည်။

“မစားတော့ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"အောင်ဆာပြီ"

"အောင်ပဲသွားစားပါ"

"မမ မစားရင် အောင်လည်း မစားတော့ဘူး"

"အောင်ရယ်"

"မမကို အောင်သိပ်ချစ်တယ်၊ အောင့်ကိုအောင် ချစ် တာထက်ပိုချစ်တယ်၊ ခွဲခွာစကား မပြောနဲ့တော့မမရာ၊ မိဘတွေ ဆီတောင် စာနဲ့အကြောင်းကြားထားပြီးပြီ၊ တစ်ရွာလုံးကလဲ သိနေကြပြီ၊ မြတ်သက်အတွက် ခေါင်းထဲမထည့်နဲ့၊ သူ့ရုပ်သူ့ ရည်၊ သူ့ဂုဏ်၊ သူ့စည်းစိမ်အတွက် (One go two come)ပေ့ ဆရာမရာ"

"အချစ်ဆိုတာ ရုပ်ရည်၊ ဂုဏ်တွေ၊ ငွေတွေနဲ့ မဆိုင်ပ ဘူးအောင်ရာ၊ ဒီလိုတော့ မစွပ်စွဲပါနဲ့"

"မမဟာ အောင့်ထက် မြတ်သက်အပေါ် စေတနာပို နေတာလား"

"မိန်းမသားတွေရဲ့ ခံစားမှုအစွဲအလမ်းကို မိန်းမသား ချင်းပဲ နားလည်တယ်"

"ကဲပါ. . ထတော့မမရာ ထမင်းစားမယ်၊ မမကို ဆေး ထိုးဆေးတိုက်ပြီးမှ အောင်ပြန်မယ်"

ဒေါ်တိုးတက်နှင်း နာရီကိုကြည့်လိုက်သည်။

"ကိုးနာရီတောင် ကျော်နေပြီကိုး၊ အောင် အပြန်မိုးချု တော့မှာပဲ၊ မိုးတွေကလည်းရွာလို့၊ လာလာ ထမင်းစားမယ်"

ဒေါ်ရွှေအသည် အဆင်သင့်ပင် ပူနွေးသော ထမင်း ဟင်းများကို ခူးခပ်ပေးသည်။ စောင့်ဆိုင်းပြီး နွေးထားပေးသည်





ဤမျှ တိုးတက်နှင်းအပေါ် ချစ်ရှာသည်။

ဒေါ်တိုးတက်နှင်းနှင့် ဒေါက်တာအောင်သာ ထမင်းထ စားမှ သူ့မျက်နှာဝင်းပသွားသည်။

မိုးတွေက သဲသဲမဲမဲ ရွာလာသောအခါ ဒေါ်ရွှေအ တံခါး များကို လိုက်လံပိတ်လိုက်သည်။

"မိုးသည်းလိုက်တာ"

"အောင် မပြန်နဲ့တော့၊ ဒီမှာပဲ အိပ်"

ဒေါက်တာအောင်သာက ချစ်သူမျက်နှာကို လှမ်းကြည့် လိုက်သည်။ မမမျက်နှာ တည်တည်ငြိမ်ငြိမ်မင်၊ ဆုံးဖြတ်ချက်တစ် ခုကို ပိုင်ပိုင်နိုင်နိုင်ချထားသည့်အလား ရှိသည်။

တစ်ခါတစ်ရံ တချို့သော မိန်းမများသည် ယောကျ်ား များထက်ပို၍ တစ်ဇွတ်ထိုးနိုင်ကာ မိုက်မဲတတ်ကြသည်။

သို့သော် ချစ်သူများ၏ ရာဇဝင်တွင်တော့ ချစ်၍ မိုက် ခြင်းကို ချစ်တတ်လွန်းသူ အချစ်သူရဲကောင်းများအဖြစ် ရာဇ ဝင် စာတင်ရစ်ကြသည်ထင့်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၂)

မိမိဆုံးဖြတ်ချက်တို့သည် မှားယွင်းသွားလေပြီလား။

ဝေခွဲမရစိတ်ဖြင့် ဒေါ်တိုးတက်နှင်းသည် မိမိရင်ခွင်ထဲ အိပ်ပျော်နေသော ဒေါက်တာအောင်သာကို အသာလေး ကြည့် လိုက်သည်။ နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။

တာဝတစ်ရွာတည်းမဟုတ်။ ပတ်ဝန်းကျင်ရွာများက အားထားရသော စေတနာဆရာဝန်လူငယ်တစ်ဦး ယခုတော့ ကလေးငယ်က မိခင်ရင်ခွင်တွင် အိပ်ပျော်ခြင်းနှင့်အတူ အိ





ပျော်နေသည်။

မိမိညာလက်မောင်းကို ခေါင်းအုံးထားသဖြင့် ကျဉ်နေသည်။ သို့သော် မလှုပ်ရှားဝံ့။

ချစ်ရလွန်းသူခမြာ ပင်ပန်းနေရှာသည်။

နီးစပ်ရာရွာများက အရေးပေါ် ပင့်ဖိတ်သည့်အခါသည်း ပေါ့ပါးစွာ လိုက်ပါသွားလေ့ရှိသည်။ အချိန်အခါ ရွေးမနေတော့. . .။

ဂျင်းဘောင်းဘီဝတ်၊ ရိမ်းကုတ်ပြာတစ်ထည်နှင့်သယ်သမားသုံးဦးထုပ်ဆောင်းကာ လိုက်ပါသွားတတ်သော အောင့်အသွင်သည် တကယ့်တောပျော်သမားတော်လေးနှင့် တူနေသည်။ အမြင်သည် ကိုးလိုးကန့်လန့်နိုင်သည်။ တစ်ခါတစ်ရံ ဘုကလန့်နိုင်သော စကားတို့ကို ဆိုတတ်သည်။ သို့သော် စေတနာသည် ပိတ်ဆို့မှုမရှိ၊ တာဝရေတံခါးဝမှ လွှတ်လိုက်သော ရေထုံးထုထည်ကြီးနှယ် အရှိန်အဟုန် ပြင်းထန်လှသည်။

လေးစားမြတ်နိုးရသော ချစ်သူအောင်၏ ဆံစလေးများကို ဖွဖွကလေး နမ်းရှိုက်လိုက်မိသည်။

ထိုအခါ ရင်တွင်းမှခံစားချက်၏ ဖော်ကောင်ဖြစ်သော မျက်ရည်စတို့ ချီတက်လာပြန်သည်။

"ဟင်. . မမ"

"အင်"

မျက်ရည်ကြားက ပြုံးပြလိုက်သည်။ ချစ်သူ၏ အိပ်ရာမှ နိုးလာချိန်ကို မင်္ဂလာအပြုံးလေးနှင့်သာ ကြိုချင်ပါသည်။

"မမ"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်အနမ်းနှင့်အတူ. . မျက်ရည်သုတ်ပေးပြီး အောင်က ထလိုက်သည်။

"အာ. . ."

"ဘာဖြစ်လို့လဲ"

"လက်ကျဉ်လို့"

"အို. . . ဟုတ်သားပဲ အောင်ဖိအိပ်ထားတာ၊ အောင် နှိပ်ပေးမယ်"

အောင်က မိမိညာလက်ကို ဖွဖွကလေးနှိပ်ကာ ခါပေး လိုက်သည်။

"ဒီနေ့ ပဲခူးရုံးသွားပြီး လက်ထပ်ကြရအောင်နော် မမ"

"အင်"

အလန့်တကြားနှင့် အောင့်ကို ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲအောင်"

"ဟာဗျာ မမကလည်း ဒီအခြေအနေရောက်ပြီးမှ မေ နေရသေးသလား"

"ဒီအခြေအနေ၊ ဘာကိုဆိုလိုတာလဲ"

မိမိ၏ ကိုးကိုးကတ်ကတ်နိုင်သော အမေးကြောင့် အောင်စိတ်တိုသွားသည်။ ထိုအခါ သူပြုမူနေကျအတိုင်း လက် မောင်းရင်းနှစ်ဖက်ကို တင်းတင်းလှုပ်ယမ်းလိုက်ရင်း. . .

"မမနော်၊ အောင်အသည်းယားအောင်မလုပ်နဲ့"

"ချစ်သူကို ကြည်ဖြူလို့ အသွေးအသား ဖလှယ်တဲ့ကိစ္စ ကို ပြစ်မှုကြီးတစ်ခုလို့ အောင်ကြောက်လန့်နေသလား"

"ဒါအနောက်နိုင်ငံတွေ မဟုတ်ဘူးမမ၊ မြန်မာပြည်ဗျ





မြန်မာမိရိုးဖလာ ထုံးတမ်းအစဉ်အလာတစ်ခုကို မမက ပျက်ရယ် ပြုတဲ့သဘောလား၊ လက်မထပ်ရသေးတဲ့ မမအပေါ် အောင် အခွင့်အရေးယူရာ ကျသွားပြီ၊ မမသိပ်နစ်နာသွားမှာပေါ့၊ လက် ထပ်ရအောင်နော် မမ"

"အဟင်းဟင်း အောင်ရယ်၊ မြန်မာလူမျိုးလေ၊ အောင် ကောမမပါ မြန်မာလူမျိုးဆို ဝါတွင်းကြီး လက်မထပ်ရဘူးလေ၊ သီတင်းကျွတ်ဖို့ ရက်ပိုင်းပဲ လိုတော့တာ၊ အဲဒီတော့မှ လက်ထပ် မှာပေါ့ မဟုတ်ဘူးလား၊ အောင်က သဲသဲလှုပ်နေတာကိုကြည့်ပြီး မမကျိစယ်မိတာပါ"

"အောင် စိတ်မထိန်းနိုင်လို့ ဖြစ်သွားရတဲ့အတွက် ခွင့် လွှတ်နော်၊ ကိုယ့်ချစ်သူအပေါ် ဘယ်ယောကျ်ားကမှ အနိုင်မယူ ချင်တတ်ကြပါဘူး၊ ဆုံးရှုံးနစ်နာသွားမှာကို စိုးရိမ်တတ်ကြတယ်"

"ဒါတွေ မပြောပါနဲ့အောင်၊ မမလေ ချစ်ခြင်းမေတ္တာ တရားအပေါ် အနိုင်အရှုံးမတွက်ဘူး၊ ဒီကိစ္စမှာ မမကိုယ်တိုင် ကလည်း အောင့်ကိုလေ မမကိုယ် မမချစ်တာထက် ပိုချစ်တယ် ဆိုတာ အောင်ယုံကြည်ထားလိုက်ပါကွယ်"

"ဩော် ချစ်မမရယ်၊ မမကို အောင်သိပ်ချစ်ပါတယ်၊ အောင့်ကြောင့် မမဘဝ ဘယ်သောအခါမှ မနစ်နာစေရပါဘူး"

"ယုံပါတယ် အောင်ရယ်၊ မမကိုယ်တိုင်ကလည်းလေ အောင်နဲ့အတူနေရတဲ့ စက္ကန့်လေးရဲ့ ဆယ်ပုံတစ်ပုံမပြောနဲ့ မျက် တောင်လေးခတ်လိုက်ရတဲ့ အချိန်လေးတောင် နှမြောတယ်သိ သား၊ လာ. . ဒီနေ့ စနေနေ့၊ မြသိန်းတန် စေတီသွားမယ်၊ ရောင် နီတောင် ပျို့လာတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ မမရာ"

မျက်နှာအနှံ့သို့ မခွဲနိုင်ရက်သည့်အလား နမ်းရှုံ့လာသောအောင့်ကို မရုန်းရက်ရုန်းရက် ရုန်းထွက်လာပြီး. . .

"အောင်ရယ် တော်ပြီကွာ"

"မမရာ၊ အောင်လေ မမကို စက္ကန့်လေးတွေ တိုးတိုးလာတာနဲ့အမျှ အချစ်တွေကလဲ ရှိရင်းစွဲထက် ပိုပိုပြီးတိုးလာတယ်ဗျ သိရဲ့လား"

"ကဲ. . တော်ပါတော့ ကိုကိုပိုလေးရာ"

ဒေါ်တိုးတက်နှင်းသည် ဒေါက်တာအောင်သာအား ဆွဲထူလိုက်ပြီး ရေချိုးခန်းလုပ်ထားရာ အိမ်နောက်ဖေးဘက်သို့ ဆွဲခေါ်သွားရသည်။

ဒေါ်ရွှေအကြီးသည် သူတို့နှစ်ဦးကို မြင်သော်လည်း မမြင်ဟန်ပြုကာ တောက်ပြီးသား မီးသွေးဖိုကို ယပ်ခတ်နေလေပြီ။ မျက်နှာပူရှာသည်ထင့်။

နှစ်ဦးသား အိမ်ကထွက်လာချိန်တွင် လယ်သမားများ လယ်ဆင်းနေကြပြီ။

သူတို့အတွဲအား ဝမ်းသာကျေနပ်သော မျက်နှာများနှင့် ကြည့်ကာ သွားများကို အစွမ်းကုန်ဖြဲလျက် ရယ်ပြနေသည်။

ဘယ်လဲဟု နှုတ်ခွန်းဆက်ရမှန်း သူတို့မသိ၊ ထိုမျှရိုးသားကြသည်။ သို့သော် သူတို့ထင်နေသည်။

ဆရာမကြီးနှင့် ဆရာလေးမျက်နှာသည် ခါတိုင်းနှင့်မတူပို၍ ရွှန်းလက်တောက်ပြောင်နေသည်။ သို့သော် အမြဲတစေ နို့နှစ်ရောင်ပြေးနေသော ဆရာမကြီး၏မျက်နှာသည် ယနေ့ပန်း





ဆီရောင် ပြေးနေသကဲ့သို့ ရှိနေသည်ဟု ထင်လိုက်ရသည်။

"ဘုရားသွားကြမလို့ဦးကြီး၊ ဘာဆုတောင်းပေးရမလဲ"

"မလိုပါဘူးကွယ်၊ သွားကြ. . သွားကြ"

ဒေါက်တာအောင်သာက နှုတ်ပေါ့ပါးစွာ လှမ်းနှုတ်ဆက်လိုက်သေးသည်။

ဦးကြီးများ၏မျက်စိဝယ် ရိုင်းများရိုင်းနေမလားဟုတွေးကာ ဒေါက်တာအောင်သာ ဆွဲထားသောလက်ထဲမှ မိမိလက်လေးကို ရုပ်သိမ်းယူသည်။ သို့သော် ဒေါက်တာအောင်သာက မလွှတ်ပေ။

"ဆရာလေး ဆရာလေး"

နောက်မှ တဖုတ်ဖုတ်ပြေးလိုက်လာသော အသံနှင့် ခေါ်သံကြောင့် ဒေါက်တာအောင်သာတို့ ခြေလှမ်းတုန့်သွားသည်။ မောင်သောင်း. . .။

"ညက ဆေးခန်းမှာ ဆေးလာယူတာ ဆရာလေးမရှိဘူး။ ည ဆယ့်တစ်နာရီရှိနေပြီ၊ ဘယ်သွားအိပ်သလဲ. ."

"ဟ. . ဒီကောင်"

နှစ်ဦးသား မျက်နှာရှိန်းခနဲ ဖြစ်သွားသည်။ မောင်သောင်းသည် အရှုးအပေါ်ဖြစ်သည်။ အရိပ်အကဲမသိတတ်။

"ဒါနဲ့ ဆရာမကြီးအိမ် လိုက်တော့လည်း တံခါးတွေပိတ်၊ မီးရောင်လည်း မှိတ်နေတာနဲ့ အားနာပြီး မခေါ်တော့တာ"

"ဘာဆေးလဲ၊ ဘယ်သူ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ ဝမ်းနှုတ်ဆေးပါ"

"ခွေးမသား သွားစမ်းကွာ၊ ရော့. . ဆေးခန်းသော့



www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းရေး လုပ်ထားနှင့်၊ ခရေပန်းလာပို့ရင် မုန့်ဖိုးတစ်ရာပေး ပြီး ယူထားလိုက်"

"ဟုတ်. . ဟုတ်ကဲ့၊ ဘယ်သွားကြမှာလဲ"

"ဘုရား"

"သတိထားသွားနော် ဆရာလေး၊ ဥစ္စာစောင့်တွေနဲ့ တွေ့. . ."

"တွေ့လည်း အရေးမကြီးဘူး၊ ငါ့ဘေးမှာ သူတို့ထက်လှ တဲ့ သူရှိနေပြီပဲ သူတို့ရှုံးလိမ့်မယ်"

"ဗျာ"

"ဘာတွေ လျှောက်ပြောနေတာလဲ၊ လာ. . သွားမယ်"

မောင်သောင်း ပါးစပ်အဟောင်းသား ကျန်ခဲ့သည်။

အရှက်ဦး၏ လေခြည်နုထွေးက သူတို့နှစ်ဦးကိုဆီးကြို လိုက်သည်။

ဆည်းလည်းသံလေး တချွင်ချွင်ကလည်း ခံစားခဲ့ရသမျှ သော သောကများကို ချေဖျက်ပေးလိုက်သည့်အလား ကြည်လင် သွားစေသည်။

ဘုရားရိပ်သည် နားခိုရာအကောင်းဆုံးနှင့် အအေးမြ ဆုံးနေရာပါလားဟု ဒေါ်တိုးတက်နှင်း သဘောပေါက်လိုက်မိ သည်။

အချစ်ကြောင့် သတိလက်လွတ်ဖြစ်ကာ အမှားအမှန်ကို ဝေဖန်ပိုင်းခြားမှုမရှိဘဲ စိတ်အလိုလိုက်ခဲ့မိသည်။ ဆင်ခြင်တုံတ ရားနှင့် ကင်းကွာခဲ့သည်။ ပရိဒေဝမီး တောက်လောင်ခဲ့သည်။

ဘုရားရိပ် ခိုဝင်လိုက်ရသည့်တဒင် အေးချမ်းသွား





သည်။

အေးချမ်းမှုကို ဆာဝရလိုချင်သော်လည်း သမု[illegible] တင်းနိုင်သည့် ပုထုဇဉ်မိမိသည် ပါရမီကံ မရင့်သန်သေး၍ မ[illegible] လုံနိုင်သေးပါလား။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၃)

"ဆရာ ညက ဘယ်ရွာသွားအိပ်နေတာလဲ"

ချစ်မိပြီဆိုတော့လဲ မခွဲနိုင်မခွာရက်ဖြစ်ကာ ညစဉ်ပင် ဒေါက်တာအောင်သာ ဒေါ်တိုးတက်နှင်းရင်ခွင်၌ အနားယူအိပ် စက်ခဲ့သည့် သုံးရက်မြောက်နေ့၌. . .

ဒေါ်သိန်းကြည်က သူတို့ မြသိန်းတန်စေတီမှ ပြန်အလာ ဆီးကြိုမေးလိုက်သည်။

ဒေါ်တိုးတက်နှင်းမျက်နှာ စတော်ဘယ်ရီရောင် ပြေး သွားသည်။ ဒေါက်တာအောင်သာက ရှက်ရယ်ရယ်ရင်း. . .





"ကျွန်တော်တို့ လက်ထပ်တော့မယ် ဆရာမ"

"ကွန်ဂရက်ကျူလေးရှင်းပါ ဒေါက်တာ၊ မင်္ဂလာသတင်း ပဲ တစ်ရွာလုံး မျှော်လင့်တဲ့အတိုင်း ဖြစ်လာပြီဆိုတော့ တကယ့် ...လာပဲ၊ ကျွန်မရွာထဲ မောင်းခတ်လိုက်ဦးမယ်"

"အိုး. . ဒေါ်သိန်းကြည်"

ဒေါ်တိုးတက်နှင်း ဆရာမဒေါ်သိန်းကြည်လက်ကို ဆွဲ ...ာ တားဆီးလိုက်သည်။

"မကြေညာပါနဲ့ဦး၊ အောင့်မိဘတွေ ရောက်လာမှပဲ ကြေညာလိုက်ပါ၊ သူ့အလိုလို သိကြပါစေ၊ ကျွန်မမျက်နှာပူလို့ ...ါ"

"ပူမနေပါနဲ့တော့ ဆရာမကြီးရယ် တစ်ရွာလုံးလည်း ...နေပါပြီ၊ ညက တောင်ပိုင်းက ဖိုးသာခိုင်ဖျားလို့ ဒေါက်တာကို ...ာပင့်ကော့ ဒေါက်တာမရှိတာနဲ့ ကျွန်မဆီရောက်လာတယ်၊ ဒေါက်တာတပည့်ကျော် မောင်သောင်းက ဆရာမကြီးအိမ်မှာ ...မှာပေါ့လို့ ပြောလိုက်တယ်တဲ့၊ အားနာတာနဲ့ ကျွန်မဆီပဲ လာ ...တ်တာတဲ့လေ၊ ကျွန်မပဲ လိုက်သွားလိုက်ပါတယ်၊ ဒေါက်တာ ...ားကြည့်လိုက်ပါဦး"

"အင်း. . မမရေ သိပ်နစ်နာနေပြီဗျာ၊ ရွာက လူကြီးတွေ ...မှာပဲ လက်မှတ်ထိုးထားလိုက်ကြရအောင်နော်၊ ဆွမ်းတော့ ...မေတို့လာမှ ကျွေးတာပေါ့ ဟုတ်လား"

"အောင့်သတောလေ ရပ်ရွာကို အလေးမထားရာ ...ာက်နေမှာလည်း စိုးရတယ်၊ ကောင်းပါတယ် မိဘတွေတော့ ...ချင်းမခေါ်လိုက်နဲ့ဦး၊ စာမေးပွဲရက် တန်းလန်းကြီးမှာ မမ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘာမှမလုပ်ချင်သေးတာ အမှန်ပဲ၊ ဒါပေမယ့် ရပ်ရွာအမြင် ကြည်လင်သွားအောင်တော့ အသိပေးထားတာ ကောင်းပါတယ် လေ”

ဒေါ်တိုးတက်နှင်း စိတ်ကို လျှော့ချလိုက်သည်။ မိမိသည်လူအများစုကို အုပ်ချုပ်နေရသော သူတစ်ဦးဖြစ်သည့် အားလျော်စွာ အကျင့်စာရိတ္တပိုင်း၌ကော စံပြဖြစ်နေသင့်သည်။ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းလိုက်နာကျင့်ကြံဖို့၊ ရိုးရိုးကျင့် မြင့်မြင့်ကြံရန် ပြောဆိုဆုံးမတတ်သော ဆရာမကြီးက( )ခေါ် အနောက်တိုင်း အယူအဆကို လက်ခံကျင့်သုံးနေသည်ဟု မြင်သွားပါက မကောင်းပေ။ အမြင်မကြည်မလင် ဖြစ်သွားခြင်းထက် အတုခိုးမှားသွားပါက ရင်ကျိုးဖွယ်ရာ ဖြစ်တော့မည်။

“ကျောင်းပိတ်ဖို့ လေးငါးရက်ပဲလိုတော့တာဆိုတော့ ကျောင်းပိတ်မှပဲ တစ်ခါတည်း စီစဉ်ရင် မကောင်းဘူးလား”

“ဟောဗျာ လေးငါးရက်ဆိုတဲ့ အတိုင်းအတာကလည်း နစ်နာစရာရှိ မမပဲနစ်နာသွားမှာ အောင့်မမကို အနစ်နာမခံနိုင်ဘူး”

“ဟုတ်သားပဲ ဆရာမကြီးရယ်၊ နစ်နာစရာရှိရင် ကျွန်မတို့မိန်းမသားတွေဘက်ကပဲ နာတယ်၊ ဆူးကျလည်းဖက်၊ ဖက်ကျလည်း ဖက်ပဲ မဟုတ်လား”

“ဘာပဲပြောပြော ဒေါ်သိန်းကြည်ရယ်၊ ကျွန်မ အောင်ကိုချစ်တဲ့အပေါ်မှာ အမြတ်အရှုံး တွက်မထားပါဘူး၊ ကျွန်မအတွက် ကျွန်မ မတွက်ဘူး၊ ရွာအတွက် ကျောင်းသားအများစုရဲ့ မျက်လုံးလိုဖြစ်နေတော့ သူတို့အမြင်မမှားဖို့အရေး လက်ထပ်





ယ် လောလောတော့ စာချုပ်စာတမ်းမလိုပါဘူးအောင်၊ ရပ်ရွာလူကြီး အနည်းအကျဉ်းကို အိမ်မှာပဲ လက်ဖက်ရည်သောက်ရင်းပြီး အသိပေးလိုက်ရအောင်နော်”

“အာ. . . ဝမ်းသာလိုက်တာ မမရာ”

ဒေါက်တာ အောင်သာက သတိလက်လွတ်ဖြစ်သွား ချစ်သူကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

“အို. . .”

“ဒေါက်တာ ကျွန်မရှိသေးတယ်လေ”

“ဆောရီး. . ဆောရီး၊ ဝမ်းသာလို့ဗျာ”

“သွား. . အရှက်နည်းလိုက်တာအောင်၊ ဩော် စံပယ်နဲ့ ဆရာမပဲ စီစဉ်ပေးပါနော်”

“စိတ်ချပါ ဆရာမကြီး”

“လူတွေလည်း ဆရာမပဲ ဖိတ်ပေးဦး”

“ရက်ရာဇာတို့ ပြဿဒါးတို့. . မကြည့်တော့ဘူးလား ဒေါက်တာ”

“မလိုပါဘူး ဒေါ်သိန်းကြည်၊ အချစ်နဲ့ ဒီရေက လူကို စောင့်ဘူးတဲ့”

“အချိန်နှင့် ဒီရေပါအောင်”

“သိသားပဲ တမင်ပြောတာ၊ ခုနေချိန်မှာတော့ အောင့်အတွက် အရာရာဟာ အချစ်ပဲရှိနေတယ်”

“ဗိုလိုက်တာ၊ ကဲပါ ညကလူနာ ဖိုးသာခိုင်ဆီ သွားကြည့်ရအောင်ဦး”

“မမပါလိုက်ခဲ့လေ”



www.burmeseclassic.com

www.burmeseclassic.com



"ခက်လိုက်တာအောင်ရာ"

"လိုက်ခဲ့ပါမမရယ်၊ အောင်တစ်ယောက်တည်း မ...
တော့ဘူး၊ အချစ်ပါမှ"

အတွင်းသိ အစင်သိ ဖြစ်နေသော ဒေါ်သိန်းကြည်...
တော့ ဒေါက်တာအောင်သာ မမူတော့ပါ။ ဒေါ်သိန်းကြည်...
အသည်းအသန် အချစ်ကဲနေကြသော ချစ်သူနှစ်ဦးကို ကျေ...
စွာကြည့်ရင်း. . .

"လိုက်သွားလိုက်ပါ ဆရာမကြီးရယ်၊ ဒီအတိုင်းသာ...
ရင် ဖိုးသာခိုင်ဆီ ဒေါက်တာရောက်တော့မှာ မဟုတ်ဘူး၊ ည...
အတွက် ကျွန်မအားလုံး စီစဉ်ပေးထားပါ့မယ်"

"ကောင်းပြီလေ"

"ဆိုးသင့်ခ် ဒေါ်သိန်းကြည်"

"ရပါတယ် ဒေါက်တာ၊ ဒါမျိုးဆိုတာ ကုသိုလ်ရတဲ့...
လုပ်ပဲဟာ"

"သွားမယ်"

ဒေါက်တာ အောင်သာ လက်တွဲခေါ်ရာသို့ ကြည်ဖြူ...
ပင် လိုက်လာခဲ့လေသည်။ ပတ်ဝန်းကျင်ကိုလည်း မေ့သွား...
အချစ်သည် အရာရာကို မေ့နိုင်စွမ်းရှိသည် ထင်ပါသည်။

သို့သော် ကြည်နူးခြင်းတစ်ဝက်၊ ရှုပ်ထွေးခြင်းတစ်ဝ...
ဖြစ်နေကြောင်းကို မိမိကိုသာလျှင် အသိဆုံး။

အောင်မြင်စာပေ





# အခန်း(၂၄)

မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ အရှေ့ခုနစ်အိမ် အ...
...ောက်ခုနစ်အိမ်မှ သူတို့နှစ်ဦး အတူတကွနေထိုင်ခြင်းကို အသိ...
...မှတ်ပြုသည်ဆိုတော့ တရားဝင်လင်မယားအရာ မြောက်သွား...
...ပြီ။

သို့သော် ဒေါက်တာအောင်သာစိတ်တွင် အလိုမကျေ...
...သေး ပေ။

ကြွေရုပ်ကလေးနှယ် ချောမောလှပပြီး စေတနာဖြူစင်

အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကာ ဂုဏ်ရည်ရှိ အမျိုးသမီးတစ်ဦးဖြစ်သော သူ့မမကို လက်ထပ် လိုက်ရခြင်း၌ ဤမျှလောက်နှင့် မကျေနပ်နိုင်။

"အောင်"

"မမ"

"အောင့်မျက်နှာ ညှိုးနေသလားလို့ မမထင်တယ်"

"မမကို လက်ထပ်လိုက်ရတာ ဒီမျှလောက်နဲ့ အောင် ကျေနပ်နိုင်ဘူး၊ အောင်လေ မမကို ကမ္ဘာပေါ်မှာ အလှဆုံး အကောင်းဆုံး၊ အဖိုးအတန်ဆုံးပစ္စည်းတွေဆင်ယင်ပြီး လက်ထပ် ယူချင်တာ၊ ခုလိုအနေအထားမျိုးနဲ့ဆိုတော့ အောင်စိတ်မချမ်း သာနိုင်ဘူး"

"ဟောရှင်. . ဟောဒီအောင်ဟာလေ"

ဒေါ်တိုးတက်နှင်းသည် ဒေါက်တာအောင်သာ၏ ရင် ခွင်သို့ ခိုဝင်ကာ မျက်နှာညှိုးနွမ်းနေသော မျက်နှာကို လက် ချောင်းကလေးများနှင့် အသာပွတ်သပ်ကိုင်တွယ်ရင်း. .

"အောင်ရယ်၊ ချစ်သူကို တန်ဖိုးထားခြင်းကို ဂုဏ် ငွေတွေနဲ့ တန်ဆာဆင်ခြယ်မှုန်းပြမှ မဟုတ်ပါဘူး၊ ချစ်သူ လိုအင်ဆန္ဒတွေကို ဖြည့်စွမ်းပြီး တစ်သက်လုံး ကြင်နာယုယမြတ် နိုးပြီး သစ္စာထားသွားရင် လုံလောက်ပါပြီ"

"မမရယ် မင်္ဂလာဆွမ်းကျွေးနေ့ရောက်ရင် တစ်ရွာ ညမနက် မီးခိုးတိတ်ဗျနော်၊ နောက်ပြီး ရွာနီးချုပ်စပ်က ရွာ က အောင့်လူနာမိတ်ဆွေတွေကိုလည်း ဖိတ်မှာနော်၊ လက်ဖွဲ့ သည်းခံပါလို့ စေတနာထားပြီး အတင်းအကျပ်လာပေး ပစ္စည်းတွေကို ဘုန်းကြီးကျောင်း အကုန်လှူပစ်ရမယ်"





ဒေါ်တိုးတက်နှင်းသည် အားကြိုးမာန်တက် ပြောနေ သော ချစ်သူမျက်နှာကို မော့ကြည့်ရင်းမှ ရင်ထဲသို့ ဆို့နင့်လာ သည်။ တုံ့ပြန်မပြောနိုင်။

"မေမေတို့သာ မမကိုမြင်ရင် သိပ်အံ့ဩသွားမှာ၊ တော တွေ့တဲ့ ဆရာမဆိုတော့ ဒီလောက်လှမယ်ထင်မှာ မဟုတ် ဘူး ခုလည်း လူလွှတ်အကြောင်းကြားထားတယ်၊ ရွေ့အပတ်ထဲ လာခဲ့ဖို့"

"အောင်ရယ်"

ဒေါ်တိုးတက်နှင်း ရင်တွင်းမချိအောင် ခံစားလိုက်ရ သည်။

"အောင် မမကို သိပ်ချစ်တယ်ဗျာ"

ဒေါက်တာအောင်သာ ချစ်သူပါးပြင်ကို ငုံ့အနမ်းတွင် မျက်ရည်တည့်သက်သော အသားစိုင်နုနုနှင့် ထိတွေ့သွားသဖြင့် အ လိတ်တလန့် ဆွဲယူကာ ငုံ့ကြည့်လိုက်သည်။

"ဟင်. . မမငိုနေတယ်၊ ဘာဖြစ်လို့လဲ"

ဒေါ်တိုးတက်နှင်းသည် မျက်ရည်များကို ဖယ်ရှားရန် ကြိုးစားတော့ဘဲ အပြုံးနှင့်သာ တုံ့ပြန်ကာ. .

"ဝမ်းနည်းမှ ငိုတတ်တာ မဟုတ်ပါဘူး အောင်၊ ဝမ်းသာ ရင်လည်း ငိုတတ်တာပါပဲ၊ မမကို သိပ်ချစ်တဲ့ အောင့်လိုလူ မရလိုက်တဲ့အတွက် ဝမ်းသာလွန်းလို့ ငိုတာပါ"

"မမရယ် မငိုပါနဲ့ဗျာ"

ဒေါက်တာအောင်သာက သူ့မျက်ရည်များကို ယုယုတ သုတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် နောက်ပြီး . . မမကိုပြောဖို့ မေ့နေတယ်"

"ဘာများလဲအောင်"

"မနက်ဖြန် ကိုစိန်ကုလားတို့ ရန်ကုန်သွားရင် လက်ထ... ပြီးစီးကြောင်းသတင်း သတင်းစာတိုက်မှာ သွားထည့်ပေးဖို့ ... လိုက်ပြီ"

"ဘာ် . . မမ မကြိုက်ဘူးအောင်၊ မမကို မတိုင်ပင်ပဲ... တာလား၊ ခုသွားပြန်ပြော မထည့်ဘူး"

ဒေါ်တိုးတက်နှင်းသည် သူ့ရင်ခွင်မှ ရုန်းထွက်ပြီး ... အား စေ့စေ့ကြည့်ကာ ခပ်မာမာလေး ပြောလိုက်သည်။

ဒေါက်တာအောင်သာ အံ့အားသင့်သွားသည်။

"သတင်းစာထဲထည့်တာ ဘာဖြစ်လို့လဲမမ၊ တစ်တိုင်... တစ်ပြည်လုံး သိသွားမှာစိုးလို့လား၊ မမမှာ နောက်ကြောင်းမရှ... တာ ရှိလို့လား"

"မင်း တို့များကို စော်ကားတဲ့စကား ပြောတာပဲ မမ... မတိုင်ပင်ပဲ ဘာလို့ထည့်ခိုင်းရတာလဲ"

"မမရာ ဒါစိတ်ဆိုးစရာကိစ္စ မဟုတ်ပါဘူး၊ မမဘာဖြ... လို့ မထည့်ချင်တာလဲ၊ ခိုင်လုံတဲ့အကြောင်းရှိရင် အောင်အ... ချက်ချင်း ကိုစိန်ကုလားကို သွားပြောလိုက်ရင် ရပါတယ်၊ ကို... ပြော . . ဘာဖြစ်လို့ မထည့်ချင်တာလဲ"

"မင်းဟာလေ ကိုယ့်အတွက်ပဲ ကိုယ်ကြည့်တယ်နော်... သက်အတွက် မစဉ်းစားတော့ဘူးလား၊ သတင်းစာထဲ... မင်္ဂလာသတင်းတွေ့သွားရင် ဘယ်လောက်ခံစားရရှာမလဲ... တာ မင်းမစဉ်းစားတော့ဘူးလား၊ အရှုံးပေးသွားသူအပေါ်...





...မယူချင်ပါနဲ့အောင်"

"ဆောရီးမမရယ်၊ အောင်အခုပဲ သွားပြောလိုက်မယ်"

ဒေါ်တိုးတက်နှင်းသည် နာရီကို လှမ်းကြည့်လိုက်သည်။ ...ယ်နာရီခွဲနေပြီ။

"မိုးချုပ်နေပြီ"

"ရပါတယ်၊ မမစိတ်ချမ်းသာဖို့ အရေးကြီးတယ်၊ တော်... ...ိုးနိမ့်ပြီး အိပ်မပျော်ဘဲဖြစ်နေလို့ ကျန်းမာရေး ထိခိုက်နေဦး...

ပြောပြောဆိုဆို ဒေါ်တိုးတက်နှင်းနဖူးကို နမ်းရှိုက်လိုက် ...တက်နှိပ်မာတ်မီးယူကာ ဒေါက်တာအောင်သာ ထွက်သွား... ...သည်။

ထိုအခါကျမှ ဒေါ်တိုးတက်နှင်းသည် အားရပါးရ ငိုချ... ...ိုက်သည်။

ဒေါ်ရွှေအက သူတို့အခန်းထဲ ရောက်လာပြီး သူ့အား ...ညှော်လာသုတ်ပေးသည်။

"တိုးတက် နားလည်ပါတယ် ဒေါ်ရွှေအရယ်၊ အခုအ... ...ာ တိုးတက်ဘာလုပ်လုပ် ဘာမှမဟန့်တားပါနဲ့၊ တိုးတက် ...ချမ်းသာသလို နေပါရစေ၊ တိုးတက် စိတ်ချမ်းသာမှုကိုသာ ...လေး မငြင်းမဆန်နဲ့ လိုက်လုပ်ဆောင်ပေးပါနော်"

"အ. . အ. ."

ဒေါ်ရွှေအ ခေါင်းညိတ်လေသည်။ သူသိပါသည်။

ဒေါ်ရွှေအသည် မိမိဆန္ဒဟူသမျှကို တစ်သဝေမသိမ်း ...နာကာ ပိပိရိရိ ဆောင်ရွက်ပေးတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အ. . အ. ."

လက်ဟန်ခြေဟန်ပြကာ သူ့အား မငိုပါနဲ့ စိတ်ချမ်း သလိုနေပါ၊ သူ့ဆန္ဒမှန်သမျှ လိုက်လျောပါမည်ဟူသော သ ဖြင့်ပြောကာ အိပ်စေပြီး အခန်းပြင်ထွက်သွားသည်။

ဒေါ်ရွှေအထွက်သွားပြီး မကြာခင်အချိန်အတွင်း ဒေ တာအောင်သာ ပြန်ရောက်လာသည်။

ဒေါက်တာအောင်သာအပြုံးက တောင်းပန်တိုး သောအပြုံးဖြစ်သည်။

"မပြောမပြီး မတီးမမြည်မို့ ပြောရဦးမယ် မမရယ်"

နဖူးပြင်ကို အသာနမ်းရှိုက်လိုက်ပြီး ပြောလိုက်သ

"ဘာလဲအောင် မတွေ့ခဲ့ဘူးလား"

"ဟုတ်တယ်မမ၊ စိန်ကုလားက ညနေက စာပို့ရထ လိုက်သွားပြီတဲ့လေ၊ ဖြစ်သမျှဘေးဒဏ် ပုဏ္ဏားခံပါ့မယ်၊ မကျေနပ်ရင် အောင့်ကို ကြိုက်တဲ့အပြစ်တွေသာ ပေးပါ

"အောင်ရယ် အပြစ်မရှိအပြစ်ရှာ လမင်းကိုခွေးဟေ သလိုများ မမဖြစ်နေပြီလားအောင်"

"မဆိုင်ပါဘူး မမရယ်၊ အောင့်အမှားပါ အောင် စေသွားမိတာ အောင့်အမှား၊ အောင့်ကို ခွင့်လွှတ်ပါ၊ မနက် အောင်လိုက်သွားပြီး သတင်းစာတိုက်မှာ သွားစောင့်လိုက်မ

"ဖြစ်သမျှအကြောင်း အကောင်းကြီးပဲလို့သာ မှတ် လိုက်တာပေါ့အောင်ရယ်၊ မလိုက်သွားပါနဲ့တော့၊ ကိုယ်ရေး တာ ကိစ္စတစ်ခုအတွက်နဲ့ အောင့်ရဲ့အဖိုးတန်တဲ့အလုပ်ချိန် ထိခိုက်သွားမှာ မမ မလိုလားဘူး"





"မမရာ အောင်လေ မမကိုလေးစားမြတ်နိုးပြီး ချစ်ခဲ့မိ တာ၊ လင်မယားရယ်လို့ ဖြစ်လာပြီပဲ တန်ဖိုးထား လေးစားလျက် ပါပဲဆိုတာ မမယုံကြည်ထားပါ"

"ချစ်သူရဲ့ကောင်းသောစကားဟူသမျှတို့ဟာ ယုံကြည်စ ရာပဲပေါ့အောင်၊ မမတစ်ခုပဲ ဆုတောင်းလိုက်တော့မယ်၊ မမတို့ မင်္ဂလာသတင်းကို မြတ်သက်လျှာတစ်ယောက် မဖတ်မိပါစေနဲ့ လို့လေ"

"မမရယ် ထောင့်ငါးရာအချစ်ဆိုတာ ခွဲခြမ်းစိတ်ဖြာလို့ မှ မရဘဲ၊ ကံဆုံရင်စား ကံကုန်ရင်သွားရမှာ ဓမ္မတာပဲလို့သာ မှတ်ယူလိုက်ပြီး မြတ်သက်လျှာကို မေ့ပျောက်နိုင်အောင် ကြိုးစား လိုက်ပါနော် မမ"

"အောင်ရယ် သူတည်းတစ်ယောက် ကောင်းဖို့ရောက် မူ၊ သူတစ်ယောက်မှာ ပျက်လင့်ကာသာ ဓမ္မတာတည်းတဲ့၊ မမ ကောင်းဖို့အတွက် တစ်ယောက်သူ ပျက်သွားခြင်းကို မမ မလို လားပါဘူး၊ မမကသာ တစ်ပါးသူကောင်းဖို့အတွက် ပျက်ပေး လိုက်ချင်ပါတယ်၊ ဒါဟာ မမရဲ့ စိတ်ရင်းစေတနာပါ"

"မမရယ် မမရဲ့စကားတွေဟာ အောင်ကို တိုးပြီးမေတ္တာ နှောင်ကြိုးတွေနဲ့ ရစ်ပတ်လိုက်သလိုပဲ ခိုင်မြဲစေတယ်၊ မမဘာပဲ ပြောပြော ဘာပဲလုပ်လုပ် အောင်သေမှ. . အောင့်အသည်း အောင့်ဘဝကနေ မမကို ခွဲထုတ်တော့မယ်ဆိုတာ အောင်ပြော ရဲတယ်၊ အောင် မမကို ချစ်တဲ့အချစ်က သွေးသားနှောင်ဖွဲ့ခြင်း နဲ့မတူတဲ့ ချစ်ခြင်းနဲ့ကိုချစ်တာ၊ အောင်မပြောပြတတ်တဲ့ အချစ် နဲ့ကို ချစ်တယ်လို့ပဲ ပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မပြောတတ်ရင်လဲ မပြောနဲ့တော့ တစ်ခါတစ်ရံ စကား မပြောဘဲနေခြင်းဟာ ပြောခြင်းထက် အရာရောက်စေတယ်တဲ့ ဟုတ်လား"

ဒေါ်တိုးတက်နှင်းက ရယ်သွေးသွမ်းကာ ချစ်သူအား စကားစ ဖြတ်လိုက်သည်။

အတူနေရသမျှကာလပတ်လုံး၌ ချစ်သူအား စိတ်ချမ်းအသာဆုံးဖြစ်စေရန် ဖန်တီးပေးလိုက်မည်ဟူသော ဆုံးဖြတ်ချက်နှင့် သောကဟူသမျှတို့ကို ချေဖျက်ပစ်လိုက်သည်။

ချစ်သူနှစ်ဦး အတူတကွနေရသော အချိန်ကာလထက် ကောင်းသောအချိန်ကာလများ လောက၌ ရှိနိုင်ပါ့မလားဟု အခုမှ ချစ်ဖူးသူ ဒေါ်တိုးတက်နှင်းက တွေးတောလိုက်မိသည်။







## အခန်း(၂၅)

ငါးစာသည် ငါးများချိတ်ကိုဖုံးကွယ်ထားသကဲ့သို့ မမသည် လိမ်ညာလှည့်ဖြားမှုကို အချစ်ဟူသောချိတ်ဖြင့် ဖုံးကွယ်ကာ သူ့အား လှည့်စားသွားလေသည်။

အောင်

နာကြည်းမုန်းတီးခြင်းဆိုတာ အချစ်ကြောင့်ဖြစ်ပေါ်လာတဲ့ အလွမ်းဝေဒနာဆိုးတွေကို ကုစားလို့အကောင်းဆုံးသော အရာတွေပါ။ လိမ်ညာလှည့်ဖြားတတ်တဲ့ မမကို နာကြည်းမုန်း



www.burmeseclassic.com

www.burmeseclassic.com



တီးလိုက်ပါတော့လို့သာ . . .

မမ

မမစာလေးသည် တိုတိုရှင်းရှင်းလေးပင်။

"အဲ့ဩစရာ သိပ်ကောင်းတာပဲဒေါက်တာ၊ ဘယ်အချိန်မှာ ဘယ်ကိုထွက်သွားတယ်ဆိုတာ ဘယ်သူမှ မသိလိုက်ဘူး၊ တစ်ရွာလုံးပြောစမှတ်ပဲ၊ ဒါပေမယ့် ညက မြင်းဟီးသံကြားလိုက်တယ်"

ဒေါ်သိန်းကြည်စကားကို မကြားတစ်ချက်ကြားတစ်ချက်ဖြစ်နေသည်။

"သား"

မိခင်ဖြစ်သူက စိတ်မကောင်းကြီးစွာဖြင့် သားဖြစ်သူ၏ လက်ကို ဆွဲကိုင်လှုပ်ယမ်းလိုက်သည်။

အဝတ်အစား အနည်းငယ်အပ ဘာတစ်ခုမှ ယူမသွားဘဲ ခြေရာလက်ရာမပျက် ကျန်ရှိနေလေသည်။

ဒေါ်ရွှေအ ပစ္စည်းများလည်း ထိုနည်းအတူပင်။

ရွာအပေါ် သံယောဇဉ်ကြီးလွန်းသော၊ ကျောင်းသားများအပေါ် သံယောဇဉ်ကြီးလွန်းသော မမသည် မည်သူကိုမှ နှုတ်မဆက်ဘဲ တိတ်တဆိတ်ထွက်ခွာသွားခဲ့သည်။

နှုတ်ထွက်စာ တင်သွားခဲ့သည်။

"ဒါကြောင့်ကိုး ဒေါက်တာ၊ ကျွန်တော်ကို ပီတီအေတွေလွှဲ၊ သော့တွေအပ်နဲ့ တစ်ပတ်လောက်ကတည်းက တစ်စတစ်စ အကုန်လွှဲခဲ့တာကိုး၊ ကျွန်တော်မေးတော့ ဟန်းနီးမွန်း ထွက်မလို့





တဲ့လေ၊ တော်တော်ပိရိတဲ့ ဆရာမကြီး"

မှန်တင်ခုံပေါ်၌ ခရေပန်းခြောက် အကုံးများကား မရှိတော့ချေ။

"ချစ်သူကိုယ်တိုင်ကိုယ်ကျ သီကုံးပန်ဆင်ပေးခဲ့သော အမှတ်တရ ပန်းကုံးခြောက်များကိုတော့ အရသယ်ဆောင်သွားရသလားမမ"ဟုသာ ဟစ်အော်ငိုကြွေး မေးလိုက်ချင်ပါသည်။

"သား . . ဒီမှာ ငွေတွေပါလား"

ခေါင်းအုံးအောက်လှန်လိုက်သည်နှင့် ငွေများအထပ်လိုက်ကို တွေ့ရသည်။

စာရွက်ခေါက်လေးလည်း တွေ့လိုက်ရာ ယူဖတ်လိုက်သည်။

အောင် . . . .

ကတိအတိုင်း ကြေညာပြီးတဲ့အတိုင်းမမ မရှိလည်း ရွာလုံးကျွတ်ဆွမ်းကျွေးပြီး ရပ်ရွာဆေးပေးခန်းအတွက် တစ်သိန်း၊ ကျောင်းအတွက် တစ်သိန်းနဲ့ ဘုန်းကြီးကျောင်းအတွက် တစ်သိန်းကို ဆွမ်းကျွေးတဲ့နေ့မှာ အောင်နဲ့ မမနာမည်နဲ့ ရေစက်ချလှူဒါန်းလိုက်ပါ၊ အောင့်မိဘတွေရှိတုန်း သတ်မှတ်ရက်မှာပဲ တောင်းပန်ကန်တော့လိုက်ပါတယ်လို့ ပြောပြလိုက်ပါနော်. .

ကွယ်ရာပေမယ့် ချစ်သူစကားနားထောင်ခြင်းဟာလည်းချစ်သူကို ချစ်ရာရောက်ပါတယ် အောင်. . .

ချစ်ခဲ့ဖူးတဲ့. .

မမ



www.burmeseclassic.com

www.burmeseclassic.com



"ငါးသိန်းတိတိသား"

ငွေများကို လွှင့်ပစ်ပြီး အရူးတစ်ယောက်လို ဟစ်အော်ထွက်ပြေးသွားလိုက်ချင်သော စိတ်များကို မနည်းချုပ်တည်းထားရသည်။

မိဘများကို ချိန်ထားသောရက်၌ ရန်ကုန်ဆင်းကြိုစဉ် မမပျောက်သွားခဲ့သည်။ မမသည် ကြိုတင်ပြင်ဆင်မှုများနှင့် သူ့အား သွေးအေးအေးနှင့် ရက်စက်သွားလေပြီ။

"အမိပွဲါယ်မရှိလိုက်တာမမရယ်၊ မမ ဒီလိုထွက်သွားတော့ကော ကျွန်တော်က မြတ်သက်လျာကို ယူမှာတဲ့လား ဖေးသေး"

"သားရယ် သူ့ဆန္ဒအရ လုပ်ဆောင်ပေးလိုက်တာပေါ့ကွာ၊ စိတ်လျှော့လိုက်ပါ"

မေးကြောကြီးများ ထောင်ထနေသည်အထိ အံကိုတင်းတင်းကြိတ်ကာ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားသောသားကို ဖခင်ဖြစ်သူက ပခုံးပုတ်ကာ အားပေးလိုက်သည်။

သူတုံ့ပြန်စကားမပြောနိုင်သေး။ ရင်မှာဆို့နင့်ကာ သောကအပူမီးသည် နှလုံးသားအား လောင်မြိုက်လျက်ရှိချေပြီ။

"ပျောက်သောသူ ရှာလျှင်တွေ့ပါတယ် သားရာ၊ ဖေဖေတို့ ကြိုးစားပြီး ရှာဖွေကြတာပေါ့"

"သတင်းစာထဲကလည်း ခေါ်ကြတာပေါ့၊ စိတ်လျှော့လိုက်သား"

"ဟုတ်ပါတယ်သား၊ သူ့ဆန္ဒအတိုင်း လုပ်စရာရှိတာတွေလုပ်ပေးနိုင်အောင် သားရဲ့စိတ်ကို လျှော့ချလိုက်ပါ"





"ခုချက်ခြင်း ရန်ကုန်ဆင်းပြီး ဘူတာကြီးတို့၊ အဝေးပြေးဂိတ်တို့မှာ ပိတ်ဆို့ရှာဖွေ ကြည့်ပေးပါဦး"

"အေးပါသား၊ ဖေဖေ သားညီကိုလွှတ်ပြီး ချက်ချင်းရှာခိုင်းလိုက်ပါမယ်၊ မင်းမမဓါတ်ပုံသာ ပေးလိုက်သား"

အလ်လဘန်တစ်ခုမှ မမဓါတ်ပုံကို ထုတ်ပေးလိုက်သည်။

"သားစွဲမယ်ဆိုလဲ စွဲလောက်ပါတယ်၊ အတော်လှမယ့်မိန်းကလေးပဲ"

မမအလှအတွက် မိဘများ ချီးကျူးမှုကိုပင် ဂုဏ်မတက်နိုင်တော့ပါ။ အရာရာသည် အလှအပဆိတ်သုဉ်းကာ အလွမ်းဟူသမျှတို့ကို ဖိတ်ခေါ်နေသယောင်ရှိသည်။

ချစ်ဦးသူသက်နှင့် ခွဲခွာစဉ်ကထက် ပို၍ရင့်သောအလွမ်းကို ခံစားနေရသည်။

အလွမ်း၏အနုအရင့်သည် အချစ်၏ အတိမ်အနက်နှင့်ဆိုင်သည်ထင်ပါသည်။ ကိုယ်လက် မလှုပ်ရှားချင်လောက်အောင် အရုပ်ကြိုးပြတ် ခံစားလိုက်ရသည်။

အချို့ရွာမှ သက်ကြီးရွယ်အိုများက. . .

"ပြောတယ် မဟုတ်လား၊ ဆရာမကြီးဟာ လူမှဟုတ်ရဲ့လား မသိဘူး၊ ရွာထဲမှာလည်း ကင်းတွေရှိရဲ့သားနဲ့ ညဘက်ကြီးထွက်သွားတယ်ဆိုတာ၊ ဘယ်သူမှမတွေ့လိုက်ဘူးဆိုတော့ မထူးဆန်းဘူးလား"

"မြင်းဟီသံနဲ့ မြင်းခွာသံ ကြားလိုက်ရတယ်လေ မြင်းနဲ့ထွက်သွားတာလား"



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့သိမ်မွေ့သောမမသည် မြင်းစီးတတ်လိမ့်မည်ဟု သူမထင်ပါ။ သို့သော် လျှို့ဝှက်သိပ်သည်းစွာ နေတတ်သော မမသည် စီးတတ်လျှင်လည်း စီးတတ်နေမည်။

"ကန်ဆည်ပြီးကတည်းက တစ်ခုခုတော့ ဖြစ်လိမ့်မယ် ထင်သလား၊ ခုဆရာမကြီးပျောက်တာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား"

အယူသည်းသော ရှေးအဘိုးအဘွားကြီးများစကားကို သူဥပေက္ခာပြုလိုက်သည်။ သူ့၌ အယုံအကြည်မရှိပါ၊ ဖြစ်လည်း မဖြစ်နိုင်။ မမစာများက သက်သေခံနေသည်။

အချစ်ပွဲတစ်ပွဲတွင် ရှုံးနိမ့်စွာကျန်ရစ်သူကိုသာ အသနား ပိုကြပေသည်။

တစ်ရွာလုံးက သူ့အား ကရုဏာသက်သော အကြည့်များနှင့် ရင်ဆိုင်နေရခြင်းကိုပင် စက်ဆုတ်ရွံ့ရှာ. . .

သူသည် တကယ်ပင် အသာနားခံပုဂ္ဂိုလ် ဖြစ်နေပြီလား။

ထိုသို့ဖြစ်အောင် မမပြုရက်သည်။

မမကို နာကြည်းမုန်းတီးလိုက်ရမလား။

သူ့အား အသွေးအသားကိုပင် ကြည်ဖြူစွာပေးဆက်ပြီးကာမှ ထွက်ပြေးပုန်းကွယ်သွားသော မမ၏ လုပ်ရပ်ကို စဉ်းစား၍ မရနိုင်အောင် ဖြစ်နေသည်။

နေရာတကာ၌ မမအရိပ်တို့ ကြီးစိုးလွှမ်းလှသည်။

မမဆန္ဒအရ လုပ်သင့်လုပ်ထိုက်သည်တို့ကို လုပ်ဆောင်ပေးအပြီးတွင် သူရွာမှ ထွက်သွားချင်ပါသည်။

သို့သော် ရွာသူရွာသားများ၏ ရိုးသားအပြစ်ကင်းစင်မှု





ဆောက်ထားကာ သူတစ်နှစ်တိတိ အမှုထမ်းရန် ဆုံးဖြတ်သည်။

မြသိန်းတန်စေတီကို လွမ်းစေတီဟု ပြောင်း၍တင်စား နက်တိုင်းလိုလိုသွားကာ ဆုတောင်းရင်း ယောကျ်ားတန် တိတ်တခိုး မျက်ရည်ကျရသည်ကို မြသိန်းတန်စေတီစောင့် များနှင့် ကာယကံရှင်သာလျှင် အသိဆုံးဖြစ်ပေမည်။

"ဘုရားတပည့်တော်၏ ချစ်ဇနီးမမနှင့် အမြန်ဆုံးပြန် ဆုံစည်းခွင့်ရအောင် ဆောင်မပေးတော်မူပါ အရှင်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၆)

"ဟော. . . ကိုအောင်သာ"

"ဩော်. . မြတ်သက်"

ကံကြမ္မာသည် တစ်ပတ်လည်လာပြန်သလော [illegible] ဒေါက်တာအောင်သာ တွေးလိုက်သည်။

လက်ထောက်မြို့နယ်ဆရာဝန် စာမေးပွဲကို ဖြေဆို[illegible] အထွက်တွင် မြတ်သက်လျာနှင့် တန်းတိုးသည်။

"ဖြေနိုင်သလား"





"ဖြေနိုင်ပါတယ် မြတ်သက်ကော"

"ဖြေနိုင်တယ် ကိုအောင်သာ၊ ဒါထက် မမကောင်းကောင်းသလား"

သူ့မျက်နှာသည် ပြုံးမယောင်မိုးနှယ် ညှိုးဆင်းသွားလိမ့်မည်ကို သူသိပါသည်။ သူသည် ဟန်ဆောင်တတ်သော လူစားမဟုတ်ပေဘဲ။ မမနှင့်သူ လက်ထပ်ပြီးစီးကြောင်း သတင်းကို မြတ်သက်လျာ တွေ့၍မေးခြင်း ဖြစ်ပေမည်။

"ဆောရီး ကိုအောင်သာ၊ မမဘာဖြစ်လို့လဲ"

စကားမပြောနိုင်အောင် ဆွံ့အပြီး မျက်နှာအကြီးအကျယ်ပျက်နေသော သူ့အသွင်ကြောင့် မြတ်သက်လျာ အကင်း[illegible]ရှာ ရိပ်မိပြီး ထပ်ဆင့်မေးလိုက်သည်။

"မမကို. . ဘာပြောရမှန်းတောင် မသိတော့ဘူး မြတ်သက်"

သူ့အသံသည် မူမှန်သံမဟုတ်ဟု သူသိနေသည်။

"ဘာပြောရမှန်းမသိလဲ မပြောနဲ့ဦး၊ ခု ကိုအောင်သာ ဘယ်မှာတည်းသလဲ"

"(၃၅)လမ်းက မိတ်ဆွေအိမ်မှာ"

"မြတ်သက်လိုက်ပို့ပေးမယ်၊ အဲဒီတော့မှ ကိုအောင်သာရဲ့မမအကြောင်းတွေ ပြောပြနော်"

မြတ်သက်လျာ မျက်နှာသည် အပြုံးတို့ကို ဖန်တီးထားသည်၊ သို့သော် အပြုံးက နွမ်းနေသည်။ မချိပြုံးဟု သူသိနေသည်။

"နားထောင်နိုင်သော အင်အားရှိနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲပေါ့၊ အဆိုးရွားဆုံးသော အခြေအနေကို ရင်ဆိုင်ပြီးမှာတော့ ကျန်အခက်အခဲတွေကို ကျော်လွှားဖို့ရာ သာမည ဖြစ်သွားပါပြီ ကိုအောင်သာ"

"ကိုယ်လည်း ပြောပြချင်နေပါတယ်"

"ဒါဖြင့်လာ၊ ကားထားတဲ့ဆီ သွားရအောင်"

မြတ်သက်လျှာနှင့်အတူ ဒဂုံ(၂) ကျောင်းဝင်းထဲမှ ထွက်ခွာခဲ့လေသည်။

မမနှင့်သူ၏ အကြောင်းကို အသေးစိတ် ရှင်းပြလိုက်သည်။

"ပျောက်သောသူ ရှာရင်တွေ့တယ်ဆိုပေမယ့် တမင်ပုန်းအောင်းနေသူကိုတော့ ရှာရခက်တယ် မြတ်သက်"

"သတင်းစာထဲ မထည့်ဘူးလား"

"ထည့်တော့ ထည့်တယ်"

"မြတ်သက်မတွေ့မိပါလား၊ လက်ထပ်ပြီးစီခြင်းသတင်းပဲ တွေ့လိုက်တယ်"

"မမရဲ့ ဂုဏ်သိက္ခာကို ထိခိုက်မှာစိုးတာရယ်၊ မမဟာ ဘယ်နေရာ ဘယ်ဒေသ ရောက်နေမှန်းမှ မသိတာရယ်ကြောင့် နာမည်တွေနဲ့ တိုက်ရိုက်မသုံးစွဲဘဲ ထည့်ခဲ့တာကြောင့် မတွေ့ဖြစ်တာ ဖြစ်လိမ့်မယ်"

"မမဘာကြောင့် ဒီလိုလုပ်သွားတာလဲ"

"အဲဒါကိုက မြတ်သက်ကိုမေးရမှာ"

"ဘာကြောင့်လဲ"

"မြွေမြွေချင်း ခြေမြင်တဲ့ သဘောလိုပေါ့၊ မိန်းမသားချင်း





ရဲ့ ဆန္ဒကို မမတို့မိန်းမသားချင်းသာ နားလည်နိုင်မှာပေါ့၊ ဒါကြောင့် မြတ်သက်ကို ကိုယ်မေးရမှာလို့ပြောတာ"

မြတ်သက်လျှာသည် ကားကို ဂရုစိုက်မောင်းရင်းမှ သူ့အား ငုံ့စောင်းကြည့်လိုက်သည်။

သူမ၏ မျက်ဝန်းတွင် ကြေကွဲရိပ်များကို တွေ့လိုက်ရသည်။

ချက်ချင်းပင် သူမအကြည့်ကို ပြန်ရုပ်သိမ်းပြီး ရှေ့တူရူသို့ကြည့်လိုက်သည်။

"မြတ်သက်အဲဒီက ပြန်အပြီးမှာ ချင်းတောင်ကို ရောက်သွားသေးတယ်၊ သမဝါယမ ဆေးခန်းတစ်ခုမှာ ခြောက်လအမှုထမ်းပြီး ဒီစာမေးပွဲလာဖြေတာလေ၊ အောင်ရင် ပိုစတင်ချတဲ့ဆီသွားမယ်"

"ကိုယ်လည်း ဒီလိုပဲ"

"ခု တာဝန်ရှာမှာ မလုပ်တော့ဘူးလား"

"မလုပ်တော့ဘူး၊ ဆယ့်တစ်လပြည့်ပြီး ဒီစာမေးပွဲ လာဖြေတာနဲ့ အပြီးနှုတ်ဆက်ခဲ့တာပဲ"

"သြော် . . ."

"မြတ်သက်လည်း ဝိုင်းစုံစမ်းပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး ကိုအောင်သာ၊ မြတ်သက်နဲ့ ကိုအောင်သာကြားမှာ သူစိမ်းဆန်တဲ့ ကျေးဇူးဆိုတဲ့စကား မထားအပ်ပါဘူး"

"ဖြစ်သမျှ ကိစ္စအဝဝအတွက်လည်း ကိုယ်တောင်းပန်ပါတယ် မြတ်သက်၊ တစ်ခါတစ်ရံ အချို့မိန်းမသားတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



ယောကျာ်းသားတွေထက် ပိုပြီး မြင့်မြတ်တဲ့စိတ်ဓါတ် ရှိတယ်ဆို တာ ကိုယ်လက်ခံရမလို ဖြစ်နေပြီ"

"ဘာဖြစ်လို့လဲ"

"မြတ်သက်နဲ့ မမတို့ရဲ့ ခွင့်လွှတ်နိုင်တဲ့ စွမ်းအားကြီး မှုကြောင့်ပဲ"

"လူသားချင်းချင်း မေတ္တာတရားဆိုတာ ထားအပ်ပါ တယ် ကိုအောင်သာ၊ မေတ္တာလိုသူကို မေတ္တာပေးတယ်၊ မှားသူ လို့မှားသွားပြီးတဲ့ကိစ္စအတွက် ခွင့်လွှတ်လိုက်တယ်၊ ခွင့်လွှတ် အနစ်နာခံခြင်းလောက် အေးချမ်းတဲ့မေတ္တာတရား မရှိနိုင်ပါဘူး"

"မြတ်သက် ဒီလိုပဲ နေသွားတော့မှာလား"

"ဘာ့ကို ဆိုလိုတာလဲ"

"တစ်ကိုယ်တည်းကိုလေ"

"မေတ္တာဆိုတာအောင်တို့ ယောကျာ်းသားတွေအတွက် အစားထိုးလို့ ရကောင်းတဲ့ အရာတစ်ခုလို မှတ်ယူပြီး မေးတာ လား"

"ငါးခုံမတစ်ကောင်ကြောင့် တစ်လှေလုံး မပုပ်လိုက်ပါနဲ့ မြတ်သက်၊ ကိုယ့်ကြောင့် ယောကျာ်းအများစုကို ဆွဲမထည့်လိုက် ပါနဲ့"

"မြတ်သက်က ယောကျာ်းတွေကိုမှ ဆိုလိုတာမဟုတ် ပါဘူး အချို့ပေါ့၊ အစွဲအလမ်းကြီးတတ်တဲ့ ယောကျာ်း မိန်းမ အချို့ဟာ မေတ္တာကို အစားထိုး မယူတတ်ကြပါဘူး"

"ဟင်း"

သူ သက်ပြင်းမော တစ်ချက်ချလိုက်သည်။ မြတ်သက်





လျာသည် ယခင်ကထက်စာလျှင် အနည်းငယ် ချောင်သွားသည် မှအပ ယခင်အတိုင်းလှနေဆဲပင်။

ဤမျှလှပသော မိန်းမသားတစ်ယောက်သည် အချစ်ကို အသစ်တစ်ဖန် ရယူခြင်းမရှိပဲ နေနိုင်သည်။

အချစ်ဆိုသည်မှာ အစားထိုး၍ ရကောင်းသော အရာ တစ်ခု မဟုတ်ဘူးဆိုသည်မှာ ဟုတ်ပေမည်။

မမနေရာ၌ မည်သူ့ကိုမှ အစားထိုးစဉ်းစား၍ မရနိုင်ပါ မမကို သူမသေမချင်း လိုက်လံရှာဖွေနေမည်။ မြတ်သက်လျာက အရပ်ကို မေးလိုက်သည်။

"ဘယ်ဘလောက်လဲ"

"အောက်ဘလောက်ပါ"

"ပို့စတင်ချတဲ့အထိ ကိုယ်အောင်သာ ဒီမှာပဲရှိနေဦးမှာ လား"

"မရှိဘူး ကိုယ့်မိဘတွေဆီ ခဏပြန်ပြီး မမကိုတွေ့နိုး နိုးလိုက်ထွက်နေဦးမှာပဲ"

"တွေ့ပါစေလို့ မြတ်သက်ဆုတောင်းပေးပါ့မယ်"

"မမဟာ သိပ်ကိုလျှို့ဝှက်နိုင်တယ်၊ သူ့ရဲ့ ကြိုတင်ကြံ စည်မှုကို ကိုယ်လုံးဝ မရိပ်မိခဲ့ဘူး"

မြတ်သက်လျာက သက်ပြင်းခိုးချလိုက်သည်။ လူနာ အဖြစ်နှင့်သာ တွေ့လိုက်ရသော မမကို စိတ်ကူးဖြင့် မြင်ယောင် ကြည့်သည်။

နှစ်သက်စွဲလမ်းမည် ဆိုပါကလည်း စွဲလမ်းလောက် သည်။ ဝေဒနာသည်သာ မဟုတ်ပါက မမသည် ဘယ်မျှ



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းရွှန်းတောက် ပျော်ရွှင်တက်ကြွနေသော အမျိုးသမီးဖြစ်ပြ
ကို ခန့်မှန်း၍မတတ်နိုင်ပါ။

"ရှေ့နားက ကားပြာလေး ရပ်ထားတဲ့နေရာမှာ ဖ
လိုက် မြတ်သက်၊ အဲဒီတိုက်ခန်းပဲ ဝင်ပါဦးလား"

"မဝင်တော့ပါဘူး၊ မြတ်သက်ကို ဖုန်းနံပါတ်သာ
ထားလိုက်ပါ၊ လာရင်ကြိုဆက်မယ်လေ"

"အိုကေ. . သင့်ခ်"

ဒေါက်တာအောင်သာက အိတ်ကတ်ထဲမှ သူ့နေရ
ရာ သူငယ်ချင်းလိပ်စာကတ်လေးကို ထုတ်ပေးလိုက်သည်။

မြတ်သက်လျာက ကမ်းယူရင်း. . .

"မြတ်သက်ရဲ့ ဖုန်းနံပါတ်ကော ပေးရဦးမလား"

"ကိုယ်မေ့ မသွားသေးပါဘူး"

"ဩော်. . တော်သေးတာပေါ့"

"မခန့်ပါနဲ့ မြတ်သက်၊ နှလုံးသားရေးရာမှာ တစ်ကြိ
တစ်ခါမှားဖူးတဲ့ ကိုယ်ဟာ လူမှုရေးနဲ့ ပတ်သက်တဲ့ အသိတ
တွေချို့ယွင်းရလောက်အောင်တော့ မမိုက်မှားသေးပါဘူး"

"မြတ်သက်ဆိုလိုတာ အဲဒီလိုမဟုတ်ပါဘူး ကိုအော
သာ၊ ကိုအောင်သာရဲ့ ဦးနှောက်ထဲမှာ မြတ်သက်ဆိုတဲ့ အ
ရှိနေသေးတာကိုပဲ ဝမ်းသာလှပါပြီ"

"ကိုယ့်အသိတရားမှာ မြတ်သက်ဟာ မေ့သင့်မေ့ထိုက်
တဲ့သူတစ်ယောက်မှ မဟုတ်ဘဲ မြတ်သက်၊ အဲ. . နှလုံးသား
နေရာမပေးနိုင်ရုံ တစ်ခုတည်းနဲ့ မေ့ပစ်လိုက်ရမယ်ဆိုတ
အဓိပ္ပာယ်မရှိပါဘူး၊ တိုက်ဆိုင်မှုလေးတွေရှိတဲ့အခါတိုင်း က





မြတ်သက်ကို သတိရခဲ့ပါတယ်၊ သတိရတိုင်းလည်း စိတ်ထိ
ခိုက်ရင်နာခဲ့ရတာ အမှန်ပါပဲ"

စတီယာတိုင်ပေါ် တင်ထားသော မြတ်သက်လျာ၏
လက်သည် တုန်ယင်နေသည်။ မျက်ရည်မကျစေရန် သတိထား
လိုက်ရသည်။ မျက်ရည်ကျခြင်းဖြင့် တစ်ဖက်လူ၏ အသနား
ကရုဏာသက်မှုကို မြတ်သက်လျာ မလိုချင်ပါ။

"အဟင်းဟင်း ကိုယ့်ရဲ့ပေါ့ဆမှုကြောင့် မြတ်သက်နှလုံး
သားကို မီးလောင်တိုက်သွင်းခဲ့တဲ့ ကိုယ်ဟာ ဝဋ်လည်ပြီထင်ပါရဲ့
မြတ်သက်ရယ်၊ ကဲ. . . သွားတော့နော် ဂွတ်နိုက်"

"ဂွတ်လပ်ခ် ကိုအောင်သာ"

မြတ်သက်လျာသည် အသံမတုန်ယင်စေရန် သတိထား
နှုတ်ဆက်ပြီး ကားမောင်းထွက်သွားသည်။

ဒေါက်တာအောင်သာသည် မြတ်သက်လျာ၏ ကားကို
မျက်စိတဆုံး ငေးကျန်ခဲ့သည်။

ကံမဆုံ၍ ဝေးခဲ့ရသော ချစ်ဦးသူ မြတ်သက်လျာ၏
မြင့်မြတ်သော သဘောထားလေးကို သိရလေ စိတ်မကောင်း
ဖြစ်ရလေဖြစ်သည်။

လှသော မိန်းမသားအချို့သည် အချစ်ရေး၌ ကံခေ
တတ်သည်ဟု လူအချို့ပြောသံကို ကြားဖူးသည်။ ဟုတ်များဟုတ်
နေရော့သလားဟု မြတ်သက်လျာနှင့် မမကိုကြည့်ပြီး ကောက်
ချက်ချရမလိုဖြစ်နေသည်။

မမ. . . ချစ်သူဘဝထက် ကျော်လွန်ကာ ဇနီးမယား
ဘဝအဖြစ် ကူးပြောင်းချစ်ရည်မျှခဲ့ပြီးကာမှ ထွက်ပြေးတိမ်း



www.burmeseclassic.com

www.burmeseclassic.com



ရှောင်သွားသည်။

ချစ်တတ်သော သူ့နှလုံးသားကို ဥပေက္ခာပြုသွားရက်သည်။

လိမ်ညာလှည့်ဖြားရက်တဲ့ မမကို နာကြည်းမုန်းတီးလိုက်ပါတော့တဲ့လား မမ။

မမကို နှလုံးသားမှာ နက်ရှိုင်းစွာ ကမ္ပည်းတင်ထားပြီးကတည်းက ချစ်ခြင်းကိုသာ ပိုင်ဆိုင်သွားခဲ့ပါပြီ။ ချစ်ခြင်းကိုပိုင်ဆိုင်သွားပြီး နောက်ကွယ်က ဖြစ်ပေါ်လာတဲ့ အရာမှန်သမျှဟာ မြူမျှမထင်တော့ပါဘူး. . .

နာကြည်းခြင်း၊ မုန်းတီးခြင်း၊ မေ့ပစ်လိုက်နိုင်ခြင်း ဆိုတဲ့ အရာတွေအားလုံးကို ချစ်ခြင်းနဲ့ပဲ ချေဖျက်ပစ်လို့ ရပါတယ်မမ။

မမက နာကြည်းအောင် တမင်လုပ်သွားလည်း အောင်ကတော့ ချစ်နေမှာပါ။ မုန်းတီးခြင်းတော့ ဖြစ်ပေါ်မလာဘူးမမ။ ချစ်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ အရာမှာ နင့်နင့်သီးသီး လွမ်းဆွတ် တမ်းတသတိရနေခြင်းပဲ ဖြစ်ပေါ်နေတယ်မမ. . .

"ဟော့ကောင် အောင်သာ"

"အင်"

"ရပ်နေတာကြာပြီ၊ ကျောက်ဆစ်ရုပ်များဖြစ်သွားပြီးလားလို့ ငါခေါ်ကြည့်ရတာ"

သူငယ်ချင်း စိုးထိုက်က သူ့ပခုံးကို ပုတ်ခတ်ပြီး ပြောလိုက်မှ သူ့လက်ရှိအနေအထားကို သတိရသွားရသည်။ စိုးထိုက်တိုက်ခန်းရှေ့လှေကားထစ်၌ ရပ်ကာ သူတွေဝေစဉ်းစားနေမိသည်။ စဉ်းစားခြင်းထက် မမကို သတိရသော ဝေဒနာဖြင့် သတိ





လက်လွတ်ဖြစ်သွားခြင်းဆိုလျှင် ပိုမှန်ပေလိမ့်မည်။

"ကျောက်ဆစ်ရုပ် ဖြစ်သွားရင်လဲ အကောင်းသားပဲ၊ ဒါမှ ငါ့နှလုံးသားလဲ ကျောက်သားဖြစ်သွားပြီး ခံနိုင်ရည်ရှိသွားတာပေါ့ကွာ၊ မဟုတ်လား"

"စောစော အမျိုးသမီးက"

"မြတ်သက်လျာလေ၊ ချစ်ဦးသူ မြတ်သက်လျာဆိုတာ သူပဲ စိုးထိုက်"

"ဩော် သံသရာ တစ်ပတ်ကျော့လည်လာပြန်ပြီ၊ ဆန်စွန်တော့စား ကုန်တော့သွားပေ့ါ မဟုတ်လား"

"မဟုတ်ဘူး စိုးထိုက်၊ 'တစ်နေ့တစ်လံ ပုဂံ ဘယ်ပြေးမလဲ' မမကို တစ်နေ့ ပြန်တွေ့ရမှာပါ၊ ငါတွေ့အောင်ရှာကြည့်လိုက်ဦးမယ်၊ မြတ်သက်လျာ ဖုန်းဆက်ရင်သာ- မင်းပဲပြောပြလိုက်ပေါ့"

"မင်းက ဆက်လိုက်ဦးမှပေါ့"

"မဆက်တော့ပါဘူး၊ ဒဏ်ရာရထားပြီးသား သူ့နှလုံးသားကို နောက်ထပ် အနာတရဖြစ်အောင် မျှော်လင့်ချက်တွေဖြစ်စေတဲ့အရာမျိုး ငါမလုပ်ပါရစေနဲ့တော့"

"အောင်သာရာ မင်းက ရေကန်ထဲက လမင်းကိုမှ ဆယ်ချင်သူကိုး"

"ငါ ရေကန်ထဲက လမင်းကို မဆယ်ရက်ဘူး၊ ဆယ်လိုက်ရင် လမင်းလည်းပျောက် ရေကန်လည်း နောက်သွားမယ်လေ၊ ဒါကြောင့် ကောင်းကင်ပေါ်က လမင်းကိုပဲ ရအောင်ယူတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်လေဝေးလေ ဆွေးမပြေဖြစ်တော့မှာ မြင်ယောင်
သေးတယ်"

"ကြည့်နေ စိုးထိုက်၊ ငါ့ရဲ့မေတ္တာဆွဲအားကြောင့် မမဟာ
တစ်နေ့ ငါ့ရင်ခွင်ထဲ ပြန်ရောက်မှာပါ"

"ဒီလိုဆို မြတ်သက်လျာလေး အထီးကျန်ဖြစ်နေဦးမယ်
သနားပါတယ်၊ ငါနာချင် နာပါစေတော့ အဖြည့်ခံအဖြစ် "

"ဟော့ကောင်. . တော်"

ရုတ်တရက် စိတ်ဆိုးမာန်ဆိုးဖြင့် အော်လိုက်မိသည်။
စိုးထိုက်လို ရည်းစားများကာ အချစ်ကို အလေးအနက်မထား
တတ်သူက မြတ်သက်လျာအပေါ် ခပ်ပေါ့ပေါ့ ပြောဆိုလိုက်ခြင်း
ကို သူမခံချိအောင် နာကျင်သွားသည်။

"ဘာဖြစ်လို့လဲ မင်းကထွေးပြီးသား တံတွေးကို နမြော
နေတာလား"

"ဘာကွ စိုးထိုက် မင်းလွန်လာပြီနော် မြတ်သက်လျာ
ဟာ တံတွေးမဟုတ်ဘူးကွ မမဆိုတဲ့ မိန်းမသာ ငါ့ဘဝမှာ ပေါ်
ပေါက်မလာဘူးဆိုရင် ငါတန်ဖိုးအထားရဆုံး မိန်းမဟာ မြတ်
သက်လျာပဲ မင်းအခြားစကားတွေနဲ့ ငါ့ကိုစပါ၊ ဒါပေမယ့် မြတ်
သက်လျာကိုတော့ မင်းမကြိုးစားနဲ့ သူငယ်ချင်း၊ မင်းလို အချစ်ကို
ကစားစရာလို သဘောထားတတ်တဲ့ကောင်က မြတ်သက်လျာ
အပေါ် ဝေဒနာထပ်တိုးပွားအောင် မလုပ်ပါနဲ့ကွာ၊ ငါတောင်း
ပန်ပါတယ်"

"ငါကစတာပါ သူငယ်ချင်း၊ မင်းစိတ်ကို သိချင်လို့ စတာ
အမှန်တော့ မင်းဟာ လှေနံနှစ်ဖက်နင်းသလို ဖြစ်နေပြီကိုး၊ မြတ်





သက်လျာအပေါ် လည်း မင်းသံယောဇဉ် မကုန်သေးပါဘူး"

"ချစ်ခဲ့တယ်ဆိုကတည်းက မုန်းဖို့မှ မဟုတ်တာကွာ"

သူ့ရင်ထဲ မြတ်သက်လျာအတွက် ရင်လေးသွားသလို
ခံစားလိုက်ရသည်။

သို့သော် မမမျက်နှာ မြင်ယောင်လာသောအခါ ခေါင်း
ကို တွင်တွင်သာ ခါယမ်းလိုက်သည်။

"ငါ မမကိုပဲချစ်တယ်၊ မမကလွဲရင် ငါဘယ်သူ့ကိုမှ
ယူနိုင်ဘူး မမကို တွေ့အောင်ရှာမယ်"





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၇)

"ကိုယ်တို့ဟာ ဆေးပညာလောက မောင်နှမနှစ်ဦးပါ မြတ်သက်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကိုယ်တို့ ပြန်ဆုံစည်းကြဦးမှာပါ"

"ဆုံစည်းခြင်းမတိုင်ခင် ခွဲခွာခြင်းတွေက ကိုအောင်သာနဲ့မြတ်သက်ကြားမှာ များလွန်းလို့ပါ"

"ဪ ဆုံစည်းခြင်းဟာ ခွဲခွာခြင်းအပေါ် အခြေခံပြီးမှ ဖြစ်ပေါ်လာတာ မဟုတ်လား၊ များမှာပေါ့ မြတ်သက်ရာ"





"ခွဲခွာခြင်း သုံးကြိမ်ရှိနော် ကိုအောင်သာ"

ဒေါက်တာအောင်သာသည် ချစ်ခဲ့ဖူးသော ချစ်ဦးသူ၏ မျက်နှာကို ကရုဏာသက်စွာ ကြည့်လိုက်သည်။ သုံးကြိမ်တိတိ ခွဲခွာမှုတွင် ဤအကြိမ်ခွဲခွာမှုက အေးချမ်းနေသည်။

ယခင်အကြိမ်များကဲ့သို့ ပူလောင်ခြင်းမရှိတော့၊ သို့သော် ဝေဒနာကိုယ်စီတော့ ရှိကြမည်သာဖြစ်သည်။

"ဒီတစ်ကြိမ် ခွဲခွာမှုက ကောင်းသော ခွဲခွာခြင်းပါ မြတ်သက်၊ တူညီသောရည်ရွယ်ချက်၊ မွန်မြတ်သော စိတ်ထားတွေနဲ့ ကိုယ်တို့ဟာ ကျေးရာဒေသမှာ တာဝန်ထမ်းဆောင်ကြဖို့ ခွဲခွာခြင်းမဟုတ်လား၊ မြတ်သက်အပေါ် ကိုယ်လေးစားခြင်းနဲ့ ခွဲခွာရတာပါ၊ ချစ်သူတစ်ဦးလို သဘောမထားနိုင်တဲ့တိုင်အောင် ဘဝတူ လုပ်ဖော်ကိုင်ဖက် ညီမသားချင်းတစ်ဦးလို ထာဝရအောက်မေ့ အမှတ်ရနေမှာပါ"

မျှော်လင့်ခြင်းဟူသော ဝေဒနာကို မြတ်သက်လျာအပေါ် ထပ်မံမတိုးပွားစေရန်အတွက် စေတနာထားကာပြောကြားလိုက်သည်။

"မြတ်သက် ဘူတာဆင်းမယ့်နေ့ရောက်ရင် ကိုယ်လိုက်မပို့တော့ဘူးနော်"

"မြတ်သက် နားလည်ပါတယ်၊ ကိုအောင်သာလည်း ဖလမ်းအထိသွားရမှာဆိုတော့ သွားဖို့လာဖို့ ပြင်ဆင်ရဦးမယ် မဟုတ်လား"

"တော်သေးတာပေါ့ မြတ်သက်က တောင်ကြီးဆေးရုံတင် ရောက်လို့၊ သိပ်ဝေးဝေးလံလံဆိုရင် အန်ကယ်နဲ့ အန်တီတို့



www.burmeseclassic.com

www.burmeseclassic.com



တော်တော် စိတ်မကောင်းဖြစ်နေမှာ၊ ခုသွားရင် လိုက်ပို့မှာလား"

"မာမီတော့ လိုက်လိမ့်မယ်၊ ဟိုမှာ မြတ်သက်နေထိုင်ဖို့ စီစဉ်ပေးပြီးမှ ပြန်လိမ့်မယ်"

ပို့စတင်တွေ သိရပြီးနောက် မြတ်သက်လျာနှင့် သူသည် အင်းလျားကန်ဟိုတယ်၌ သူငယ်ချင်းများနှင့် အတူညစာစားပွဲ တက်ရောက်ခဲ့သည်။ အခြားသူငယ်ချင်းများက သူနှင့်မြတ်သက်လျာကို ကျောင်းတုန်းကကဲ့သို့ပင် တမင်လွှတ်ထားကြသဖြင့် နှစ်ဦးသား တစ်စားပွဲတည်း ထိုင်ခွင့်ရသည်။

လွပ်လပ်စွာ ပြောဆိုခွင့်ရှိသော်လည်း သူတို့စကားတို့သည် ရှင်းသန့်နေကြပြီ။

မြတ်သက်လျာ၏ အတွင်းသဘောကို သူမသိနိုင်သော်လည်း သူ့ရင်ထဲ၌တော့ မမသည်သာ နေရာအပြည့် စိုးမိုးနေကြပြီဖြစ်၍ . . .

"ဩော်. . မြတ်သက်"

"ပြောပါကိုအောင်သာ"

"မြတ်သက်သွားရင်းလာရင်း"

"သိပြီ. . သိပြီ. . ကိုအောင်သာ"

မြတ်သက်လျာ ပြုံးရယ်ကာ လက်ကာတားဆီးလိုက်သည်။

သူမြတ်သက်လျာမျက်နှာကို ငေးကြည့်မိသည်။ ရင့်ကျက်ခြင်းတို့ကို မြတ်သက်လျာ မျက်နှာပေါ်၌ တွေ့ရှိနေရပြီကော။

"မြတ်သက်လျာ သွားရင်းလာရင်းနဲ့ မမကို တွေ့ခဲ့ရင်





ကိုယ့်ဆီ ချက်ချင်းအကြောင်းကြားပါလို့ ပြောမလို့ မဟုတ်လား"

"အသေအချာပဲ မြတ်သက်တောင် ကိုယ့်စိတ်ကို အ…ာ်လေ့လာမိနေပြီပဲ"

"လေ့လာမိတာမဟုတ်ပါဘူး ကိုအောင်သာ၊ သိနေတာ …အရင်ကတည်းကသိတယ်၊ ဟင်. . ဆိုရင် လှည့်မကြည့်တတ်… ကိုအောင်သာရဲ့ ဇွဲနဲ့စိတ်ကိုသိလို့ မြတ်သက် စွန့်စားပြီး …တ်လာခဲ့တာပါ၊ ဒါပေမယ့်"

မြတ်သက်လျာ အသံတုန်ကာ တိမ်ဝင်သွားသည်။

"ကိုယ့်အမှားပါ။ ကိုယ်မြတ်သက်အပေါ် ပြတ်ပြတ်သား…သား စာရေးလိုက်ဖို့ ကောင်းတယ်၊ မြတ်သက်စွန့်စားရမယ် …ည်း မထင်လို့ပါ"

"ချစ်လာမိပြီဆိုရင် စွန့်စားရပြတာ မိန်းမသားတွေရဲ့ …တ္တိထင်ပါတယ် ကိုအောင်သာ၊ ဒါပေမယ့် စွန့်စားခြင်းရဲ့ ရ…်ကတော့ မြတ်သက်လျာအတွက် အသည်းနှစ်ခါ အကွဲခံ…တ်ရခြင်းပဲပေါ့နော်"

"ပြီးခဲ့တဲ့ကိစ္စတွေအတွက် ကိုယ်ထပ်ဆင့်ပြီး တောင်း…ပါတယ် မြတ်သက်"

"တောင်းပန်ခြင်းဆိုတာ ခွင့်လွှတ်ကျေအေးခြင်း မရှိတဲ့ …တွေအတွက် ဖြစ်ပေါ်လာတဲ့စကားပါ ကိုအောင်သာ၊ မြတ်…တ်က ကိုအောင်သာအပေါ် ထာဝရခွင့်လွှတ်ပြီးသားပဲ"

"မြတ်သက်ရာ ကိုယ်ဘာပြောရမှန်းတောင် မသိတော့…"

"မပြောတတ်ရင်လည်း မပြောပါနဲ့တော့ ကိုအောင်သာ

www.burmeseclassic.com



တစ်ခါတစ်ရံ စကားများများပြောခြင်းထက် မပြောဘဲနေလိုက်
ခြင်းက အရာရောက်ပါတယ်"

"ကိုယ်ပြောစရာမလိုတော့ဘူးထင်လို့ မြတ်သက်
အကြိမ်ကြိမ်လာတဲ့အပေါ်မှာ တုံ့ပြန်မှုမပေးလိုက်တဲ့အတွက်
အမှားအယွင်းဖြစ်သွားခဲ့ဖူးတယ်မဟုတ်လား၊ တစ်ခါတစ်ရံ ဆိတ်
ဆိတ်နေခြင်းဟာလဲ တစ်ဖက်သားအပေါ် အင်မတန် ဒုက္ခပေး
တတ်ပါတယ်လေ"

"မြတ်သက်အမှားပါ ကိုအောင်သာ အစားထိုးတာ
လိမ့်မယ် မထင်လို့"

"ဘာ. . . ဘယ်လိုပြောလိုက်တယ် မြတ်သက်"

သူရုတ်တရက် အံ့အားသင့်ကာ ပြန်မေးလိုက်ခြင်း ဖြစ်
သည်။

မြတ်သက်လျာက သူ့အား နားမလည်ဟန်ဖြင့်ကြည့်
ပြီး. . .

"အချိန်ကာလတိုတိုလေးအတွင်းမှာ အချစ်သစ်အစား
ထိုးလိမ့်မယ် မထင်ခဲ့မိဘူးလို့ မြတ်သက်ဆိုလိုတာပါကိုအောင်
သာ ဒီတော့ ဒီစကားအတွက် မှားတယ်ဆိုရင် ခွင့်လွှတ်ပါ"

"အချိန်ကာလတိုတိုလေးအတွင်းမှာ ချစ်မိတယ်ဆိုတာ
မှန်တယ်၊ အချစ်ဆိုတာ အချိန်ကာလ အနည်းအများပေါ် မူ
တည်ဘူး၊ အဲ အစားထိုးတယ်ဆိုတာမှားတယ်၊ ကိုယ် မမကို
တဲ့အချစ်ဟာ မြတ်သက်ကိုလွှမ်းဆွေးသတိရနေလွန်းလို့
ဆည်ရာရှာပြီး အစားထိုးချစ်လိုက်တာ မဟုတ်ဘူး၊ ကိုယ်ဘဝ
ခုလို ပုံအပ်ချင်လောက်အောင် မြတ်နိုးပြီး နက်နက်ရှိုင်းရှိုင်း





ချစ်မိသွားတာ၊ ဘယ်လိုပြောမလဲကွာ ဟိုလေ မမကသေဆိုရင်
သေအောင် ကိုယ့်အသက်ကိုပေးဖို့ ဝန်မလေးတဲ့ ချစ်ခြင်းနဲ့ကို ကိုယ်
ချစ်သွားတာ၊ သနားချစ်လဲ မဟုတ်ဘူး၊ သနားချစ်ဆိုတာ သနား
စရာ ကုန်သွားရင် အချစ်ပေါ့သွားတတ်တဲ့ အရာမျိုး၊ မမကို
ဝေဒနာသည်မှန်း မသိခင်မှာကတည်းက လေးစားမြတ်နိုးပြီး
ချစ်ခဲ့တာ၊ ဝေဒနာသည်မှန်း သိတော့ ကရုဏာတိုးပြီး ချစ်ရပြန်
တယ်၊ ဒါပဲ ကိုယ်ပြောတတ်တော့တယ်၊ အသေအချာပြောရတာ
က မြတ်သက်ပြောသလို မမကို အစားထိုးအချစ်နဲ့ ချစ်ခဲ့တာ
မဟုတ်ဘူးဆိုတာ. သေချာတယ်၊ ဒါ ကိုယ့်ရဲ့ သစ္စာစကားပါ
မြတ်သက်"

ထိုစကားတို့ကို သူ့ရင်တွင်းပေါက်ကွဲမတတ် ခံစားနေ
ရသော ဝေဒနာဖြင့် သူပြောလိုက်မိသည်။

ထိုအခါ မြတ်သက်လျာ ပါးပြင်ပေါ်၌ မျက်ရည်တို့သည်
လက်တောက်ပလာသည်။ သူမ အသည်းနာရှာပေလိမ့်မည်။
အချစ်ဦးသူက သူမထက် တစ်ပါးသူကို ပိုချစ်ကြောင်း
ပြောသောစကားတို့ကို သူမနှလုံးသားကို ဓားနှင့် အမွှန်းခံရ
သည့်နှယ် ဖြစ်သွားရှာလိမ့်မည်။

"ဆောရီးမြတ်သက်၊ ကိုယ့်စကားတွေဟာ မြတ်သက်
ကိုဝေဒနာရသွားစေဖို့ ရည်ရွယ်ပြောဆိုတာ မဟုတ်ပါဘူး ကိုယ်
မမကို အစားထိုးချစ်ခဲ့ခြင်းမဟုတ်ကြောင်းကို ရှင်းပြမိတာပါ၊
. . . ကိုယ်တို့မကြာခင် ခွဲခွာကြရတော့မှာ၊ သောကဝေဒနာ
သွားစေမယ့် စကားတွေအစား အခြားစကားတွေ ပြောရ
အောင်နော်. . . တိတ်"



www.burmeseclassic.com

မြတ်သက်လျာ၏ မျက်ရည်များကို အသာပင် လှမ်း သုတ်ပေးလိုက်သည်။

"မြတ်သက် စကားမှားသွားတာပါ"

"မမှားဘူး၊ ကိုယ့်အပေါ် လူတိုင်းက မြတ်သက်လို မြင်မှာပါ၊ ကိုယ်မမှုပါဘူး၊ မြတ်သက်အပေါ် သစ္စာမဲ့သလိုဖြစ် ခဲ့တာ တစ်ခုအတွက်ပဲ ကိုယ်စိတ်မကောင်းတာပါ၊ ဒါပေမယ့် မေတ္တာတရားဆိုတာ ပုံစံခွက်နဲ့ ပုံသွင်းလို့ရတဲ့အရာမှ မဟုတ် ပေပဲ အလိုအလျောက် ဖြစ်ပေါ်လာတဲ့ အကြောင်းတရားတွေ မေ့လိုက်ပါ၊ ပြီးခဲ့တာတွေကို မေ့ထားလိုက်ပါ၊ ကိုယ့်ရဲ့ရင်ထဲ အနာတရ ဖြစ်စေနိုင်တဲ့ အကြောင်းတရားတွေဆိုတာ မေ့ထား လို့အကောင်းဆုံးပဲ၊ ကိုယ်ဟိုကောင်တွေဝိုင်း ကူးလိုက်ဦးမယ်"

ဘီယာဝိုင်းဖွဲ့နေသော သူငယ်ချင်းများထံသို့ သူကူး လိုက်သည် တမင်မြတ်သက်ကို ရှောင်ခွာလိုက်ခြင်းဖြစ်သည်။

ထိုအခါ မြတ်သက်လျာဝိုင်းသို့ အမျိုးသမီးသူငယ်ချင်း များရောက်လာပြီး နောက်ပြောင်စနေသောအခါ မြတ်သက်လျာ ၏ မျက်နှာလေး ရယ်ပြုံးလာသည်ကို မြင်လိုက်ရသည်။

တစ်ခါတစ်ရံ အချစ်ကြောင့် သောကဝေဒနာ ကိုယ်စီ ရနေသောသူနှစ်ဦး အတူတကွရှိမနေခြင်းက အကောင်းဆုံး ပင်ဖြစ်ချေလိမ့်မည်။

မြတ်သက်လျာအပေါ် မမလောက် မချစ်နိုင်တော့သည် မှအပ၊ ကြင်နာခြင်းနှင့်အတူ သူမအတွက် စိတ်မကောင်းနိုင် ခြင်းက သူ့ရင်မှာ အမြဲရှိနေသည်။

ဖြစ်နိုင်လျှင် နှစ်ကိုယ်ခွဲလိုက်ချင်ပါသည်။





မချိပြုံးနှင့် ရယ်မောနေသော မြတ်သက်လျာကို မြင်နေ ရခြင်းကပင်လျှင် သူ့ရင်အား ကျွဲခတ်သည့်နှယ် ခံစားလိုက်ရ သည်။

ထပ်မံခွဲခွာခြင်းသည်သာ သံယောဇဉ်ရှိနေဆဲ ဖြစ်သော သူတို့နှစ်ဦးအတွက် အကောင်းဆုံးထင်ပါသည်။

စစ်တိုက်ရာတွင် နှစ်ကြိမ်မှားခွင့် မပြုပါ။ သို့ဆိုလျှင်. .

စစ်ရေးနှင့် အချစ်ရေးသည် တူညီသည်ဆိုပါက. .

အချစ်ရေးတွင်လည်း နှစ်ကြိမ်မှားခွင့်မပြုပါ. .

သူ၌ ထပ်မံ၍ အမှားတွေ ဆင့်ကဲခြင်းမဖြစ်ချင်တော့ ပါ။

မမကလွဲပြီး သူဘယ်သူ့ကိုမှ မယူနိုင်တော့ပါ။ ဒီကမ္ဘာ လောကကြီး၌ မမအပြီးတိုင် စွန့်ခွာသွားသည့်တိုင်. . .

သူတစ်ယောက်တည်းသာ အထီးကျန်ခြင်းနှင့်အတူ ဝန် ဆမ်းခရီးသည်ဘဝဖြင့် မြန်မာပြည်အနှံ့ လျှောက်သွားနေလိုက် တော့မည်ဟုသာ. . .



www.burmeseclassic.com

www.burmeseclassic.com








## အခန်း(၂၈)

လူ့ဘဝသက်တမ်းဟူသည် တိုတိုကလေးပင်။ သို့သော် ထိုလူ့ဘဝ သက်တမ်းတစ်လျှောက် ဖြတ်သန်းစဉ်ကာလ၌ ကြုံတွေ့နေရသော လူ့လောက သံသရာကား ရှုပ်ထွေးများမြောင်လွန်းလှပါတကားဟု မြတ်သက်လျှာ သဘောပေါက်မိသည်။

"ဒေါက်တာ မြတ်သက်လျှာအတွက်တော့ ရောဒ်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလို ဖြစ်နေပြီ၊ အင်္ဂလိပ်ဂျာစီကော့စ်လေ၊ ခွဲစိတ်ခန်း ဝင်လိုက်ပါဦး"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဝက်ဖြစ်လာမှတော့ မစင်ကြောက်လို့ရမလား၊ ဆရာဝန်နဲ့ ခွဲစိတ်ခန်းဆိုတာ ကင်းကွာလို့ရတဲ့ နေရာမှမဟုတ်တာ မြတ်သက် သွားလိုက်ဦးမယ်"

သတင်းပေးလာသော မေထရွန်ကြီးကို နှုတ်ဆက်ကာ မြတ်သက်လျာ ခွဲစိတ်ခန်းဘက်သို့ လျှောက်လာခဲ့သည်။

ခွဲစိတ်ခန်းပြင်ပတွင် ပုတီးတစ်ကုံးနှင့်ထိုင်ရင်း မျက်ရည်ကျနေသော အမျိုးသမီးကြီးတစ်ဦးကို တွေ့လိုက်ရသည်။ လူနာရှင် ဖြစ်ဟန်တူသည်။

မီးဖွားလူနာ ခွဲမွေးရမည်ဟုသိရသည်။ မြတ်သက်လျာက ကူညီရုံသာရှိသည်။ အသစ်ရောက်လာသော လက်ထောက်ဆရာဝန်တစ်ဦးဖြစ်၍ ပညာရစေရန် တမင်ခေါ်လိုက်ခြင်းဖြစ်ဟန်တူသည်။

"သွေးလိုနေတယ်၊ အိုသွေးတဲ့၊ အမြန်ရှာပါ"

"အ. . အ. . . အ"

"ခက်တော့တာပဲ၊ လူနာရှင်ကလဲ ဆွံ့အနေတယ်"

စစ္စတာတစ်ဦး ထွက်လာပြီး ညည်းညူပြောဆိုသ်ကြောင့် မြတ်သက်လျာ ခြေလှမ်းတုန့်ဆိုင်းသွားသည်။

လူနာရှင်က ဆွံ့အနေသည်တဲ့။ ဘုရား. . ဘုရား. . မမများလား၊ ကိုအောင်သာ ပြောပြသည့် မမအကြောင်းများတွင် ဆွံ့အနေသော အဒေါ်ကြီးတစ်ဦးနှင့်သာ နေသည်တဲ့။

စစ္စတာအား. . .

"နာမည်က ဘယ်သူလဲ"

"ဒေါ်တိုးတက်နှင်းတဲ့"





"အို. . ကျွန်မအစ်မပဲ ဆရာဝန်ကြီးကော ဘယ်မှာလဲ"

"အခန်းထဲမှာရှိပါတယ် ဒေါက်တာ"

မြတ်သက်လျာသည် ခွဲစိတ်ဆောင်ဝင် အဝတ်အစားနှင့်ပင်၊ ဆရာဝန်ကြီးကို ဝင်တွေ့လိုက်သည်။

"ကျွန်မအိုသွေးပါ၊ ကျွန်မသွေးလှူချင်ပါတယ်ဒေါက်တာ၊ ကျွန်မနေရာမှာ အခြားသူတစ်ဦး အစားထိုးဝင်လို့ ရမလား ဆရာကြီး"

"အိုကေ၊ ဝေဿန္တရာ သွေးပိုင်ရှင်ဆိုတော့ ကြုံတုန်းကုသိုလ်ယူလိုက်ဦးပေါ့၊ ရပါတယ် သမီး၊ တမင် အတွေ့အကြုံရအောင် ဝင်ခိုင်းတာပါ၊ အစားထိုးစရာ မလိုဘူး"

"ကျေးဇူးတင်ပါတယ်၊ ဆရာကြီး ပေးရှင်းက မြတ်သက်တာစင်ပါ"

"အိုး. . ပိုအဆင်ပြေသွားတာပေါ့၊ ပေးရှင်းက လူကေးမီးယားဖြစ်ခဲ့ဖူးတော့ နည်းနည်းတော့ ခက်လိမ့်မယ်၊ ကြိုးစားရတာပေါ့၊ ဖစ်တီးပါစင့်ရှိနေတယ်"

"ကြိုးစားပေးပါဆရာကြီး"

မြတ်သက်လျာ မျက်ရည်များ ဝေ့သီလာသည်။ သည်မျှအထိ အနစ်နာခံကာ စွန့်စားရဲသည့်မမကို သူသနား၍ မဆုံးနိုင်တော့ချေ။

"သိပ်လည်း ဝါရီတွေ ဖြစ်မနေပါနဲ့သမီး၊ ဆရာတို့ဘက်မှာ ကြိုးစားမှုက အလေးသာနေပါတယ်၊ လိုအပ်တဲ့ သွေးကိုလည်း ချက်ချင်းရလိုက်နိုင်ပြီပဲ၊ လာသွားကြရအောင်"

ဆေးရုံအုပ်ကြီးက သူမကိုပင် ပြန်လည်အားပေးနှစ်သိမ့်



www.burmeseclassic.com

www.burmeseclassic.com



ကာ ခွဲစိတ်ခန်းသို့ ခေါ်ဆောင်ခဲ့သည်။

ခွဲစိတ်ခုတင်ပေါ်၌ မေ့မြောနေသော ဒေါ်တိုးတက်နှင်း၏ ဖွေးဆွတ်နေသော မျက်နှာကိုမြင်တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် ပုလဲမျက်ရည်ကြည်ဥများ ပါးပြင်ထက် တလိမ့်လိမ့်ဆင်းလာသည်။

ကိုအောင်သာနှင့်ရခဲ့သော ရင်သွေးကို မွေးဖွားရဲသော မိခင်၏ မေတ္တာတရားက သူမ၏မျက်နှာပြင်ပေါ်တွင် မာနများ ထင်ကျန်နေသည်။

“ကာယကံရှင် လူနာကပဲ မိခင်နဲ့ကလေး အသက်ယူရမှာဆိုရင် ကလေးအသက်ပဲယူဖို့ ဆိုင်းထိုးပေးထားပါတယ်ဆရာကြီး”

“ဩော် မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးကြီးလှ မိနှင့်ဖတဲ့၊ မိဘမေတ္တာဟာ သားသမီးအပေါ် အသက်ပေးဖို့ ဝန်မလေးဘူးဆိုတဲ့ အကြောင်းပေးရှင့်က မိဘတွေကို ပစ်ပယ်ထားတဲ့သူတွေ သတိရဖို့ မီးမောင်းထိုးပြ ပေးထားတယ်နော် ဆရာတို့ ဆရာမတို့၊ ဇနီးသားသမီးတွေ အလုပ်တွေနဲ့ချည်း အချိန်ကုန်မနေနဲ့၊ မိဘတွေကိုလဲ သတိရကြဦး”

ဆရာကြီးက ပြောလည်းပြော လက်ကလည်း သွက်လက်စွာပင် လှုပ်ရှားတော့သည်။ မြတ်သက်လျာကတော့ တစ်ဖက်ခုတင်မှနေ၍ လိုအပ်သော သွေးများကို ပေးဆပ်ရင်း ရသမျှ ဘုရားစာများ ရွတ်ဖတ်ခြင်းဖြင့် မမအတွက် ဆုတောင်းပေးနေမိသည်။

ကိုအောင်သာ သာသိခဲ့ပါလျှင် မည်မျှစိုးရိမ်ပူပန်ခံစား





နေရရှာမည်နည်း။

အို့ . . မိမိအချစ်ကို လုယူသွားသောသူ၏ အသက်ရှင်ရေးကို မိမိပေးဆက်နေပါလား၊ မမသည် သူ့ရန်သူလား။

မဟုတ်ပါ။ မမသည် ပိုင်ရှင်ရှိမှန်းမသိ၍ ဒေါက်တာအောင်သာကို ချစ်ခဲ့မိခြင်းပါ။ ဒေါက်တာအောင်သာ၌ ချစ်သူရှိမှန်း သိသည်နှင့်တစ် ပြိုင်နက် သူမစွန့်ခွာသွားခဲ့သည်။

အချစ်ခြင်းတူညီ၍ မမက မိမိတို့အား အရှုံးပေးစွန့်လွှတ်သွားခြင်းဖြစ်ပေမည်။ မမကိုသူ မုန်း၍မရပါ။

ချစ်တတ်သူ၊ အချစ်ကြီးသူ၊ အစွဲအလမ်းကြီးသူ အချင်းချင်းဖြစ်၍ စာနာစိတ်ဖြင့် မမကိုပင် သနားမိသည်။

ယခုကြည့်၊ ဒေါက်တာအောင်သာကို ချစ်သောအချစ်ကြောင့် အသက်စွန့်၍ ဒေါက်တာအောင်သာ ရင်သွေးကို လူ့လောကသို့ ခေါ်ဆောင်ရန် ကြိုးပမ်းနေသည်။

မည်သို့ဆိုစေ၊ ဆရာဝန်သည် လူနာ၏အသက်ကို ကယ်တင်ရန်မှာ အထူးအရေးကြီးဆုံးသော တာဝန်ဖြစ်သည်။

မမအသက်ကို သူ့သွေးဖြင့် ဒုတိယမွှ ကယ်တင်လိုက်နိုင်ပြန်သည်။ ကမ္ဘာလောကကြီးဟာ ကျဉ်းကျဉ်းလေးပါ ဟူသောအဆိုကို သူလက်ခံလိုက်ပြီ။

အူဝဲ . . အူဝဲ

“ဘာလေးလဲ ဘာလေးလဲ”

မြတ်သက်လျာ အငမ်းမရ မေးမိလိုက်သည်။

“ယောက်ျားလေး”

ဟူးခနဲ သက်ပြင်းမောနှင့်အတူ စစ္စတာလက်မှာ နီနီ



www.burmeseclassic.com

www.burmeseclassic.com



ထွေးထွေးလေးကို လှမ်းကြည့်မိသည်။

"ကိုယ်လက်အင်္ဂါ စုံရဲ့လား"

"စုံတယ်၊ ခြေဆန်လက်ဆန် ကောင်းမှကောင်း"

နာရီကိုလှမ်းကြည့်လိုက်တော့ ကိုးနာရီနှင့် ဆယ်မိနစ် သို့ဆိုလျှင် ကိုးနာရီ ကိုးမိနစ်၌ မွေးသည်။

"ဘာနေ့ပါလိမ့်"

"ဗုဒ္ဓဟူးနေ့လေ"

မြတ်သက်လျာ ရင်၌ ပျော်ရွှင်သွားသည်။ သူ့အမေက အမည်အရဆိုလျှင် စနေ၊ အဖေက တနင်္ဂနွေ၊ သားက ဗုဒ္ဓဟူး ဆိုတော့ ကောင်းသည်။ သူ့အမေအတွက် လာခြင်းကောင်း သော သားရတနာလေးဖြစ်ပေမည်။

သူ့အမေဆိုမှ မမကို သတိရလိုက်သည်။

"မိခင်ကော"

"အသက်လုနေဆဲပဲ"

"အို. . ."

"သွေးထပ်ရှာထားတယ်"

"မရသေးရင် မြတ်သက်ဆီကပဲ ရနိုင်သလောက် ယူထားပါ"

"ဆရာကြီးကို ပြောပြလိုက်ပါမယ်"

ဆရာမက ဆရာကြီးကို ပြောပြီး တစ်ဦးက ထွက်သွား သည်။ သွေးထပ်ရှာခြင်း ဖြစ်ပေမည်။

မြတ်သက်လျာ ဘုရားစာများကို ထပ်ရွတ်လိုက်သည်။ အစအလယ်အဆုံး နေရာအထားအသို တွေမှန်ကန်ခြင်းမရှိ





တော့. . . ကဘောက်ထိ ကဘောက်ချာနှင့် ဖြစ်နေသည်။

"ကလေးကြည့်ချင်လိုက်တာ"

မေထရွှန်ကြီးက သူ့အားကလေးလာပြသည်။

"လူကေးမီးယားပေးရှင့် ဗိုက်ထဲက ကလေးနဲ့တောင် မတူဘူး၊ ဖွံ့တယ်. . ကိုးပေါင်နဲ့ ကိုးအောင်စရှိတယ်"

"အို"

နီတာရဲ ဖွံ့ဖွံ့ထွားထွားကလေးငယ်သည် သူ့အားချစ် ခြင်းများကို စုပုံသက်ရောက်စေရန် ဖိတ်ခေါ်လိုက်သည့်နှယ် ရှိချေသည်။

"အဲ . . . အဲ"

"ကိုင်း. . ခေါ်သွားတော့မယ်၊ နောက်မှပဲကြည့်တော့"

"ဟုတ်ကဲ့ မေထရွှန်"

ကလေးကို မြင်လိုက်ရပြီး တစ်ခဏ မြတ်သက်လျာရင် ၌ တောက်လောင်ခဲ့သော အပူမီးတို့သည် ငြိမ်းချမ်းသွားသည်။

မမကို စိတ်ချရသော အနေအထား ရောက်သည်နှင့် ပထမ ဦးဆုံးလုပ်ဆောင်ရမည်မှာ ဒေါက်တာအောင်သာဆီ သံ ကြိုးရိုက်လိုက်ရန်ဖြစ်သည်။

"လူနာအခြေအနေက. . ."

"အိတ်တီးပါစင့်ကျော်လာပါပြီ"

ဟင်းခနဲ သက်ပြင်းမောကို ချလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၉)

"တော်တော်ပင်ပန်းသွားသလား သမီး"

"သမီးသွေးလှူခဲ့တယ် မာမီ"

"အို. . . ဆေးရုံမှာ သွေးမရှိလို့လား"

"အိုသွေးက လောလောဆယ်မရှိဘူး၊ လူနာကအရေး ကြီးနေလို့ လှူလိုက်တာ"

"ဩော် ဘယ်ကလူနာလဲ"

"ဒေါက်တာအောင်သာရဲ့ဇနီး ဒေါ်တိုးတက်နှင်းပါ"





"အို. . . ဘုရား. . . ဘုရား"

မာမီက သူ့ရင်ဘတ်ကို လက်နှစ်ဖက်နှင့် အုပ်ဆိုင်းကာ ဘုရားတလိုက်သည်။ မျက်လုံးအစုံသည် အံ့သြခြင်း၊ ရှုပ်ထွေးခြင်းဖြင့် ပြူးကျယ်နေသည်။

"ဘာဖြစ်လို့လဲမာမီ"

"ဟင်း"

မာမီသည် ရုတ်တရက် စကားမဆိုနိုင်ဘဲ မိမိအားတွေတွေကြီးကြည့်ကာ စဉ်းစားနေသည်။

မာမီ မျက်လုံးများသည် မိမိအား တစ်စုံတစ်ရာကို ပြောသင့်မသင့် စဉ်းစားနေဟန်။

"မာမီ"

"အင်"

"မာမီက ဒေါ်တိုးတက်နှင်းကို သိလို့လား"

"သိတယ်"

"ရှင်"

"ဒေါ်တိုးတက်နှင်းလွန်ခဲ့တဲ့ ကိုးလခန့်က၊ အဲ. . သမီး လှိုင်ကော်ကိုထွက်သွားပြီး တစ်လလောက်ရှိမယ်ထင်တယ် အိမ်ကိုရောက်လာတယ်"

"သမီးကို မာမီဘာဖြစ်လို့ မပြောပြတာလဲ"

မာမီ မျက်လုံးများသည် ကရုဏာခိုးများ ဝေနေသည်။

"ဘာလို့ မပြောသလဲဆိုတာ သမီးနောက်တော့ သိလိမ့်မယ်၊ မာမီ့စကားဆုံးအောင် နားထောင်ပါ"

မြတ်သက်လျှာသည် ဆိုဖာထက်၌ ခြေပစ်လက်ပစ် မှီ



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်သည်။

"ဒေါ်တိုးတက်နှင်းက သမီးကို တွေ့ချင်တဲ့အကြောင်း ပြောတယ်"

"သူ့နာမည်ပြောပြလို့လား"

"ပြောလို့ မာမီသိလိုက်တာပေါ့၊ ကျွန်မ တိုးတက်နှင်းပါ မြတ်သက်လျာနဲ့ တွေ့ပါရစေလို့ ခွင့်တောင်းလို့ မာမီသိလိုက်တာ၊ မာမီလည်း ချက်ချင်းပဲ မှတ်မိလိုက်တယ်"

မြတ်သက်လျာသည် မာမီ့ကို တအံ့တသြငေးကြည့်မိသည်။ ခေတ်ဆန်ကာ သူရုံးနှင့်သူ၊ သူ့အပေါင်းသင်းများနှင့်သူ ထာဝရအလုပ်ရှုပ်နေတတ်သော မာမီသည် မိမိအား သိပ်ဂရုတစိုက်မရှိဘူးဟု ထင်ထားခဲ့ခြင်းသည် မှားနေလေပြီ။

"ဒေါ်တိုးတက်နှင်းဆိုတာ ဒေါက်တာအောင်သာ လက်ထပ်လိုက်တဲ့ မိန်းကလေးလို့ သိလိုက်တယ်၊ ဒါနဲ့ မာမီလည်း ဉာဏ်ဆင်ရတာယ်၊ သမီးသူငယ်ချင်းထင်တယ်၊ ထိုင်ပါ ဘာကိစ္စများ ရှိပါသလဲ၊ သမီးခရီးထွက်သွားတယ်လို့ ပြောလိုက်တယ်"

"ဘာဖြစ်လို့ မာမီက အဲဒီလိုပြောလိုက်တာလဲ သမီးလိပ်စာ ဘာလို့မပေးလိုက်သလဲ"

"လိပ်စာပေးရင် သမီးဆီလိုက်သွားမှာပေါ့ သမီးဆီလိုက်သွားရင် သမီးတို့ဇာတ်လမ်း မာမီမသိလိုက်ရဘဲ ဖြစ်သွားမယ်၊ အမှားအယွင်းတွေ ဖြစ်သွားနိုင်တယ်၊ တိုးတက်နှင်းဆိုတဲ့ မိန်းကလေးမျက်နှာဟာ အေးချမ်းပြီး သဘောထားကြီးတယ် သနားတတ်တဲ့ မျက်နှာမျိုး၊ ကရုဏာရှင် မျက်ဝန်းလေးကို တွေ့ရတယ်၊ ဒါကြောင့် မာမီတမင်ပဲ သမီးလိပ်စာ မပေးလိုက်တာ"





"ဒီတော့ သူကဘာပြောသလဲ"

"ဘာပြောမလဲ၊ ဘယ်တော့ ပြန်လာမှာလဲတဲ့"

"မာမီက မပြောတတ်ဘူး စိတ်ပြေလက်ပျောက်ဆိုပြီး ခရီးထွက်သွားတာပဲလို့ ပြောလိုက်တယ်လေ၊ အဲဒီတော့ သူက စဉ်းစားပြီး ဒါဖြင့် ကျွန်မစာတစ်စောင်ပေးခဲ့မယ်၊ အန်တီသူရှိနေရာအရပ်ကို ဆက်သွယ်ပြီး ပေးပေးပါတဲ့"

"ဟင် မာမီက သမီးကိုလည်းမပေးပါလား"

"ဘယ်ပေးမလဲ၊ မာမီဟာ မိခင်ဖြစ်နေလို့ သမီးကို အဲဒီစာမပေးတာ"

"မိခင်ဖြစ်နေလို့၊ ဘာကိုဆိုလိုတာလဲမာမီ"

မြတ်သက်လျာ နားရှုပ်သွားသည်။

မာမီက အေးဆေးစွာပင်. .

"မိခင်ဆိုတာ သားသမီးတွေရဲ့အကျိုး ပျက်စီးရာပျက်စီးကြောင်း မလိုလားလို့ပဲပေါ့ကွယ်၊ တိုးတက်နှင်း ပြန်သွားပြီး ချက်ချင်းပဲ မာမီစာကို ဖောက်ဖတ်လိုက်တယ်၊ ဒါကို သမီးက မာမီ လူမှုရေးစည်းကမ်းဖောက်ဖျက်တာပဲလို့ ဆိုချင်သလား၊ ဆိုချင်ရင်လည်းဆိုနိုင်တယ်၊ ဒါဟာ မိဘတွေ သားသမီးအကျိုး လိုလားပြီး ဖောက်ဖျက်တဲ့ လူမှုစည်းကမ်းပဲလို့ ဆိုချင်တယ်"

"မာမီရယ်"

ဗဟိုတရားရုံးရှေ့နေ မာမီကို သူဘာမှ စောဒကမတက်ခဲ့တော့။

"တိုးတက်နှင်းဟာ ဒေါက်တာအောင်သာအချစ်ကို ဆက်ခံခဲ့တာ မြတ်သက်လျာဆိုတဲ့ ချစ်သူရှိမှန်းမသိလို့ လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်ဆိုတဲ့ အကြောင်းနဲ့ သူနဲ့ဒေါက်တာ တရားဝင်ကွာရှင်း
ပြီမို့ ဒေါက်တာအောင်သာဟာ လွတ်လပ်သူဖြစ်သွားပြီ၊ မြ
သက်လျာ ပြန်ပြီးလက်ခံသင့်တဲ့အကြောင်းနဲ့ သမီးနဲ့ ဒေါက်
အောင်သာ လက်ထပ်သတင်းတွေ့မှ သူပြန်လာမယ်ဆိုတဲ့
ကြောင်း ရေးထားပြီး သမီးကို မြလက်စွပ်တစ်ကွင်း လက်ဖွဲ့
တယ်၊ သမီးသွေးနဲ့ သူ့အသက်ကယ်ခဲ့တဲ့ ကျေးဇူးကို ထာဝ
မေ့တဲ့အကြောင်းတွေ စုံနေတာပဲရေးထားတယ်"

မြတ်သက်လျာ မျက်ရည်များစို့လာသည်။ ဒီနေ့တစ်
လုံး သူ ငိုနေရပါလား။

"ဒါဖြင့် လက်စွပ်က"

"သမီးလက်ထဲက မြလက်စွပ်က၊ ပြန်လာပြီး သမီး
နေ့လက်ဆောင်ဆိုပြီး မာမီဉာဏ်ဆင်ဝတ်ပေးခဲ့တာပေါ့"

"ဩော် မာမီရယ်"

"မငိုပါနဲ့သမီး၊ တကယ်လို့ သမီးကို မာမီစာပေးခဲ့
သမီး တစ်နည်းမဟုတ်တစ်နည်း မောင်အောင်သာဆီသွားမ
အကျိုးအကြောင်းပြော ဆက်သွယ်မိကြမယ်၊ တစ်ခုလပ်နဲ့ သ
အပျိုစင်ကို မာမီတို့ သဘောမတူနိုင်တာကတစ်ကြောင်း နော
တစ်ကြောင်းက သမီးက သဘောထားကြီးကြီးနဲ့ ဒေါ်တိုးတ
နှင်း ပြန်လာဖို့အရေးကို ဟန်ဆောင်ပြီးလက်ထပ်သတင်းထ
လိုက်ရင် သမီးဟာအပျိုစင်စစ်စစ်ကနေ နာမည်အိုသွားရ
မယ်၊ ဒါတွေတွေးပြီး မာမီအဲဒီစာကို မပေးခဲ့တော့တာ"

"အဲဒီစာကော"

"မာမီဖျောက်ဖျက်ပစ်လိုက်ပြီ၊ ဒါပေမယ့် အခုတ





သမီးက သွေးထပ်လှူပေးရပြန်ပြီဆိုတော့ လောကကြီးဟာ
တယ်လည်းဆန်းကြယ်ပါလား"

"မမ. . အဲ. . ဒေါ်တိုးတက်နှင်းဟာ ကိုယ်ဝန်ဆောင်
ပြီးနောက်ပိုင်းမှာ လူကေးမီးယားဝေဒနာ အရိပ်အယောင်
ပျောက်ကွယ်သွားတယ် မာမီ"

"ကိုယ်ဝန်ဆောင်တယ်"

"ဒီနေ့ပဲ သားယောကျ်ားလေးဖွားမြင်တယ် မာမီ၊ ချစ်စ
ရာလေး သမီးသွေးလှူပေးခဲ့တယ်၊ သွေးသားပြောင်းလဲမှုဖြစ်ပြီး
ရောဂါပျောက်ကွယ်သွားနိုင်တယ်လို့ ဆရာကြီးကပြောတယ်"

မြတ်သက်လျာ အသွင်သည်ပြန်လည်လန်းဆန်းလာ
သည်။ လက်သန်းကြွယ်မှ စိန်ရန်ထားသော မြလက်စွပ်ကို
အသာပွတ်ကြည့်ရင်း. . .

မမသည် သူနှင့်အနီးကပ်ဆုံး၌ ထာဝရရှိနေပါလား။

ဒေါက်တာအောင်သာကို မမလို လူမျိုးအတွက် စွန့်
လွှတ်လိုက်ရခြင်းအတွက် သောကမီးတောက်လောင်ခြင်း မရှိ
တော့ပေ။

" ဒီလိုဆို မောင်အောင်သာကကော ဒီအကြောင်းသိပ့်
မလား"

"ဘယ်သိမလဲမာမီ၊ ဒါပေမယ့် မကြာခင် သိလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"သမီးဆေးရုံကအပြန် သံကြိုးရိုက်ခဲ့လို့ပဲ၊ သမီး နား
တော့မယ်မာမီ၊ ညနေလူနာကြည့်ချိန်ရောက်ရင် သမီးဆေးရုံ
တစ်ခေါက်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဂျူတီရှိသေးလို့လား"

"ဟင့်အင်း၊ မမနဲ့ သားလေးကို သွားတွေ့မလို့"

"ဒါဖြင့် မာမီလည်းလိုက်မယ်"

မြတ်သက်လျှာ မိခင်ကို မယုံကြည်နိုင်သလို မော့ကြည့်လိုက်သည်။

"ဘာလဲ သမီးက မာမီကို မယုံလို့လား၊ မာမီအဖြစ်အတွက် မာမီတောင်းပန်ရင်း လိုအပ်တဲ့အကူအညီတွေ ပေးမလို့ပါ၊ သမီးကော မာမီကို ခွင့်လွှတ်တယ်မဟုတ်လား"

"ဘာကိုလဲမာမီ"

"တိုးတက်နှင်းစကို ဖျောက်ဖျက်ပြီး ထိန်ချန်ထားခဲ့တဲ့အတွက်လေ"

"အဲဒါ အမှားအယွင်းမှုမဟုတ်ဘဲမာမီ၊ မာမီလုပ်တာမှန်တယ်၊ အဲဒီတုန်းက ထူပူနေတဲ့သမီးက အမှားအမှန်ကို ချင့်ချိန်ချင်မှ ချင့်ချိန်နိုင်မယ်၊ ခုလို သွေးအေးသွားတဲ့အချိန်မျိုးရောက်မှ ခေါင်းအေးအေးထား စဉ်းစားနိုင်ပြီလေ၊ မာမီလုပ်တာမှန်ပါတယ် သမီးနားတော့မယ်နော် မာမီ"

"ဪ ဘာစားဦးမလဲ၊ ဘာသောက်မလဲသမီး၊ စကားကောင်းနေတာနဲ့ သွေးလှူခဲ့တဲ့သမီးအတွက် အာဟာရ ရှိမယ့်အစားအစာ မာမီဘာမှ မလုပ်ပေးမိပါလား"

"ဆေးရုံကင်တီးမှာ စားခဲ့ပြီးပါပြီ၊ မာမီ ရေချိုးပြီး အိပ်လိုက်တော့မယ်"

"အေး. . အေး. ."

မြတ်သက်လျှာ မာမီကို ကျောခိုင်းပြီး အပေါ်ထပ် တက်





ခဲ့သည်။ လက်တန်းကို ကိုင်လိုက်သော လက်ချောင်းများက မြလက်စွပ်ဆီသို့ မျက်စိရောက်သွားသည်။

မြ၏အရောင်သည် အေးမြနေလေသည်။

ထို့အတူ သူ့ရင်၌လည်း အေးမြသွားပြီး တစ်သက်တာအတွက် မှန်ကန်သော ဆုံးဖြတ်ချက်နှင့် အေးချမ်းမှုကို ရရှိနေလေပြီ။

"တွေ့ချင်လိုက်ပါဘိ ကိုအောင်သာရယ်"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၀)

"ဟောတော့၊ ဒါက ဘယ်လိုဖြစ်လာရတာလဲ"

ကလေးနီတာရဲလေးကိုပိုက်ပြီး ကားပေါ်မှဆင်းလာသော မြတ်သက်လျာကို မာမီက အူယားဖားယား ပြေးလာကာ ဆီးကြိုရင်း မေးလိုက်သည်။

"ချီပါဦး မာမီ"

မာမီက ကားနောက်ခန်းသို့ ချောင်းကြည့်သည်။ တိုးတက်နှင်းကို မတွေ့ရ၊ ဒေါ်ရွှေအကိုသာ တွေ့ရသည်။

"တိုးတက်နှင်းကော"





"ဆုံးသွားပြီ"

ဖြေရင်း မြတ်သက်လျာ၏ မျက်လုံး၌ မျက်ရည်များ ဝိုင်းဖွဲ့လာသည်။

"အို. . ဖြစ်ရလေဟယ်"

မာမီက ကလေးကို ရင်ခွင်ပိုက်ရင်း စိတ်မချမ်းမြေ့သံဖြင့်ပြောလိုက်သည်။

မြတ်သက်လျာ ပူဆွေးမနေနိုင်ရှာ။

"ဒေါ်လေးအ ဆင်းလေ၊ ဒါ မြတ်သက်အိမ်ပဲ ဆင်းပါ"

ဒေါ်ရွှေအမှာ မျက်ရည်စမ်းစမ်းနှင့် ဆင်းလိုက်ရှာသည်။

အိမ်ဖော်ကောင်မလေးနှင့် ဒရိုင်ဘာက အထုပ်အပိုးများကိုချရင်း ကလေးနှင့် မြသက်လျာကို ကွက်ကြည့်ကွက်ကြည့် လုပ်နေသည်။

သားလေး၏ ဒေါသတကြီး ဟစ်အော်ငိုမှုကြောင့် မြတ်သက်လျာ မျက်ရည်ဝိုင်းရသည်။

"ဒုက္ခပါပဲ မောင်ဒွေး၊ သွား မေထရွှန်ကြီးဆီသွား၊ ဒီစာ ပေးလိုက်"

"ဟုတ်ကဲ့"

မြတ်သက်လျာ စာတစ်ကြောင်းနှစ်ကြောင်း ကောက်ခြစ်ပြီး ဒရိုင်ဘာကို ခိုင်းလိုက်သည်။

မေထရွှန်. . .

မြတ်သက်သား တအားငိုနေတယ်၊ နို့ဘူးတိုက်လို့



www.burmeseclassic.com

www.burmeseclassic.com



လည်း မရဘူး၊ သင့်တော်မယ့် နာ့စ်တစ်ယောက်ယောက်အမြန် လွှတ်ပေးပါ။

ကျေးဇူးတင်စွာဖြင့်
မြတ်သက်လျာ

"မြန်မြန်လေး ပြန်လာနော် မောင်ဒွေး"

"ဟုတ်ကဲ့မမလေး"

"တော်သေးတယ် မာမီရှိလို့"

ကလေးသည် တစ်ကိုယ်လုံး နီရဲသည့်အထိ အော်ငို ပြီး မောပန်းစွာဖြင့် ရေကျက်အေးဘူးကို အနည်းငယ်သာ စို့ပြီး အိပ်ပျော်သွားသည်။

"မိခင်နို့ကနေ နို့ဘူးပြောင်းမစို့တတ်ဘူး ထင်ပါတယ်"

ရင်ခွင်မှာ ပုခက်သဖွယ်ပွေ့ပိုက်သိပ်ရင်း မြတ်သက် လျာ ပြောလိုက်သည်။

တော်သေးသည် အိပ်သွား၍ မြတ်သက်လျာ တစ်ခဏ တွင်းခြင်း အိုစာသွားသည်။

ဒေါ်တိုးတက်နှင်း သေဆုံးမည့်အစား သူသေသွားလိုက် ချင်သည်။ သားလေး ငိုနေသောအခါ မြတ်သက်လျာ ရင်ထဲနာ ကျင်ကာ ဘာလုပ်ရမှန်း မသိဖြစ်နေတတ်သည်။

ချစ်ခဲ့ဖူးသူ ချစ်ဦးသူ၏ ရင်သွေးလေးကို သူ့သွေးသား နှယ်ချစ်နေပြီ။ ထို့ကြောင့် ကလေး၏ မျက်ရည်တစ်စက်သည် သူ့နှလုံးသွေး တစ်စက်ပါ။

"ချသိပ်လိုက်ပါ သမီး"





"ရှုး. . တိုးတိုး. . မာမီ၊ နိုးသွားပါ့မယ်၊ သမီးပဲပွေ့ထား ပါ့မယ်"

မြတ်သက်လျာ မလှုပ်ရှားရက်ဘဲ ပွေ့လျက် လမ်း လျှောက်နေစမြဲပင်။

အငှားမေတ္တာနှင့် မိမိသည် ဤမျှချစ်သည်ဆိုပါက သွေး သားရင်းဖြစ်သော မိခင်သည် အဘယ်မျှ ချစ်ပါလိမ့်မည်နည်း။

တွေးရင်း ပုလဲမြစ်ပြင်တို့ သူ့မျက်ဝန်း၌ ဖြစ်ပေါ်လာပြန် သည်။

မာမီသည် ခေါင်းကို တဆတ်ဆတ်ညိတ်ကာ. .

"ဪ. . မိဘမေတ္တာဆိုတာ အဲဒါပဲ သမီး၊ ဒါတောင် သမီးကအငှားပူ မိဘမေတ္တာပဲ ရှိသေးတာနော်၊ မိခင်ရင်းဆိုရင် ဘယ်လောက် ချစ်ရှာမလဲဆိုတာတွေးကြည့်ပါ၊ မိခင်တွေ မှားခဲ့ တဲ့အမှားဟာ သားသမီးအတွက် မှားခဲ့တာချည်းပဲလို့ မှတ်ယူ လိုက်ပါသမီး'

"မြတ်သက် နားလည်နေပါပြီ မာမီ"

"ဘာကိုလဲ"

"ဒီကလေးအတွက်. . ."

"ဒီကလေး ဘာဖြစ်သလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ဒီကလေးအပေါ် ဆက်နွှယ်ပြီး ဖြစ်ပေါ်လာမယ့် မောင်အောင်သာနဲ့ သမီးတို့ရဲ့ ရှေ့ရေးပဲ"

"ဒါတွေလောလောဆယ် သမီးမတွေးနိုင်သေးဘူး မာမီ၊ ကလေးနို့ဘူးစို့ သွားဖို့နဲ့ မငိုဖို့ဘဲ အရေးကြီးနေတယ်"

"မာမီ ရင်လေးပါတယ် သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ပါဦး သားလေးက ချစ်စရာ မကောင်းဘူးလား မာမီ"

"ကလေးပဲ ကလေးဆိုတာ အားလုံးလိုလို ချစ်စရာကောင်းတယ်၊ အပြစ်ကင်းစင်နေတာကိုးကွယ့်၊ ချစ်စရာကောင်းနေတာပေါ့။ ဒါပေမယ့် ကိုယ့်သားသမီးရင်းထက်တော့ ဘယ်သူ့ကိုမှ ပိုမချစ်နိုင်ဘူး၊ ဒါလူ့လောကရဲ့ နိယာမတရားပဲ"

"ဒါပေမယ့် မေတ္တာတရားဆိုတာ လူတိုင်းအပေါ် ထားတတ်ရင် မကောင်းဘူးလား မာမီ"

"မိချောင်းမင်း ရေခင်းပြနေတာလား သမီး"

"မဟုတ်ပါဘူး မာမီ၊ သမီးက စကားအဖြစ်ပြောတာ သွေးသားမဟုတ်ပေမယ့် မေတ္တာငတ်မွတ်နေသူကို မေတ္တာပေးတာ သမီးမှားသလား၊ လူသားဆန်တဲ့ ဝတ္တရားတစ်ခုဟာ မေတ္တာလိုသူကို မေတ္တာပေးဝေခြင်းဟာ မွန်မြတ်တဲ့ ပါရမီတစ်ခုပါ မာမီ သမီး ဒီကလေးလေးကို မမကိုယ်စား မွေးပါရစေ၊ မမ မဆုံးမီ သမီးလက်ထဲကို အပ်နှံသွားလို့ပါ"

"သမီးရယ်"

မာမိက ယူကျုံးမရနိုင်သည့်အလား သူ့အားငေးကြည့်နေသည်။

"မောင်အောင်သာက ဘာပြောဦးမယ် မသိဘူး"

"ကိုအောင်သာက ယောကျ်ားပဲ ကလေးတစ်ယောက်ကို တာဝန်ယူပြုစုဖို့ဆိုတာ ပိုပြီး မတတ်သေးတာပေါ့။ သမီးတောင်းမယ် သမီးကိုပေးမှာပါ"

မြတ်သက်လျာ တက်ကြွမျှော်လင့်ခြင်း ကြီးစွာဖြင့် ပြောလိုက်သည်။





ထူးဆန်းအံ့ဩဖွယ်ရာတော့ ကောင်းလွန်းလှပါသည်။ ခဏအတွင်း၌ပင် ကိုအောင်သာထံမှ မေတ္တာဆုံးရှုံးရခြင်းကိုလည်း အရေးမစိုက်တော့။ ကလေးကို ကိုအောင်သာက မပေးဘူး၊ သူပဲမွေးမည်ဆိုပါက မည်သို့ ရှိချေမည်နည်း။

မျက်ရည်များအတားအဆီးမဲ့စွာ ခုန်ဆင်းလာသည်။ ရင်သွေးမိရုံနှင့်တောင်ဤမျှ ခံစားရပါလျှင် တကယ်တမ်း ခွဲခွာရပါက. .

"သားလေးရယ် မင်းကတော့ ဘာမှမသိဘူးနော်"

"သံယောဇဉ်ဆိုတဲ့ နွယ်ကြိုးဟာ မြင်မရအောင် သေးသွယ်ပေမယ့် ခိုင်မာဆုံးသော အရာပဲသမီး၊ အမြစ်မတွယ်ခင်က အရစ်ပတ်မခံတာ အကောင်းဆုံးပါပဲ၊ ကြာလေလေ ခိုင်မြဲလေလေဖြစ်ပြီး သမီးဘဝ နစ်မွန်းသွားမှာ မာမီမလိုလားလို့ပါ"

"မာမီရယ် ဆောက်ဖြစ်မှ ကျောင်းဒကာပါ။ ကိုအောင်သာကသာ သားကိုပေးမယ် မပေးမယ် မသိသေးဘဲနဲ့ ယုန်မမြင်ခင် သံပရာရည်ရှာမနေချင်စမ်းပါနဲ့၊ စိတ်အေးအေးထားပါ၊ သမီးစဉ်းစားပါ့မယ်"

လောလောဆယ်တော့ မာမီအပူမီးငြိမ်းစေရေးအတွက် မြတ်သက်လျာ ဖြေသိမ့်စကား ဆိုလိုက်သည်။

နုထွေးညံ့သက်ပြီး ဝါဂွမ်းစိုင်လေး ပွေ့ထားရသည့်နှယ် ချစ်စရာကောင်းသော သားငယ်ကို ကိုအောင်သာလက်ထဲထည့်ရမည့်အရေး၌ ရတက်မအေးနိုင်အောင်ဖြစ်နေရသည်။

"တိုးတက်နှင်းကကော မောင်အောင်သာကို ဘာမှ မှာ



www.burmeseclassic.com

www.burmeseclassic.com



မသွားဘူးလား"

"မှာသွားနိုင်ပါတယ် စာတစ်စောင်ရေးပေးသွားတ"

"ရေးနိုင်သေးလို့လား"

"ပါးစပ်ကပြောတာကို နာ့စ်ကလိုက်ရေးရတာပေါ့ မာမီ"

"ဩော်. . အဲဒီစာကော"

"သိမ်းထားတယ် မာမီ၊ ဖျောက်ဖျက်ချင်သေးလို့လား ဒါကလည်း မာမီ့သမီးလည်း မဟုတ်ဘူးနော်၊ သူစိမ်း သေသူ ဆန္ဒအတိုင်းပဲ ကိုအောင်သာလက်ထဲကို သမီးစာထည့်လိုက်မယ်"

"သူမှာတာတွေ သမီးသိမှာပေါ့"

"သိပါတယ်"

"ဘာတွေမှာသလဲ"

"မာမီ၊ ကျေးဇူးပြုပြီး တရားခွင်မှာ အမှုစစ်သလို မေး နေပါနဲ့တော့၊ ကိုအောင်သာ လာရင် ရှင်းသွားမှာပါ ကိုအောင် သာ တစ်ရက်နှစ်ရက်အတွင်း ရောက်လာလိမ့်မယ်လို့ သမီး မျှော် လင့်တာပဲ"

မြတ်သက်လျာ စိတ်ရှုပ်ထွေးစွာဖြင့် မိခင်အားပြော လိုက်သည်။

အမှန်တကယ်လည်း ကိုအောင်သာကို လာစေချင်ပြီ မမှာသွားသော စကားများကိုသာ မာမီ့ကိုသာ ပြောပြလိုက် လျှင် မာမီအကြီးအကျယ် ကန့်ကွက်ပေမည်။

လူပျိုဘဝကလည်း. . .





မောင့်အောင်သာတို့က ရွှေဘုံပေါ်စံရတာ မြင့်လွန်း ယ်ထင်ပြီး ခုန်ချမယ့် လူတန်းစားကွယ်၊ ရွှံ့တစ်ပိသာလောက် မှ ထမင်းစားဝင်မယ့် လူမျိုးထင်ပါတယ်၊ ကြီးပွားမယ့် အရိပ် ယောင်မမြင်ဘူးဟု ကန့်ကွက်ခဲ့ဖူးသည်။

တစ်ခုလပ်ဘဝနှင့် ပို၍ဆိုးသွားခဲ့သည်။

ယခုလို မုဆိုးဖို ကလေးတစ်ယောက်အဖေ ဘဝမျိုးနှင့် ဘယ်နည်းနဲ့မှ သဘောတူနိုင်မည် မဟုတ်ကြောင်း. . ကောင်းကောင်း သဘောပေါက်သည်။

"အဲ. . . အဲ"

"ဟော နိုးပြီ၊ ဘာလဲ လူလေး"

"အူဝဲ. . . အူဝဲ . . . အူဝဲ"

လောကကြီးကို ငိုခြင်းနှင့် စတင်ရောက်လာသော က လေးများသည် ယခုလည်း ငိုခြင်းဖြင့်သာ သူ့ဆန္ဒရပ်များကို ပြောကြားနေသည်။

"ရော့. . ရော့. . နို့ဘူးလေးစို့ပါ ကလေးရယ်နော်၊ နို့ဘူး လည်း ကောင်းပါတယ်. . အေ့. . အေ့"

"အူဝဲ. . အူဝဲ. . "

အာခေါင်နီတာရဲလေး ခြောက်သွေ့မတတ်ငိုရှာပြီ။

မိခင်နို့ကိုမှ စို့ချင်ရှာ၍ ငိုသလား ကလေးရယ်ဟု တွေး ရင်း မြတ်သက်လျာ မျက်ရည်များ စီးကျလာသည်။

ဒေါ်ရွှေအကလည်း ထိုနည်းတူပင်။

ကလေးကို ဝိုင်းဝန်းအငိုတိတ်ရန်ကြိုးပမ်းရင်း မျက် ရည်ကျကာ တမ်းတမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးမိခင် သက်ရှိထင်ရှားရှိနေလျှင် အဘယ်မျှ ကောင်းလိမ့်မည်နည်း။

သားသမီးများ အငိုတိတ်ရေးကို အစွမ်းဆောင်နိုင်ေ သော ပုဂ္ဂိုလ်မှာ သူတို့မိခင်ရင်းသာ ဖြစ်လိမ့်မည်ထင့်...







# အခန်း(၃၁)

"ကိုယ် ဘယ်နည်းနဲ့မှ မယုံနိုင်ဘူး မြတ်သက်"

"ရှင်"

"မမသေတယ်ဆိုတာ ကိုယ်မယုံဘူး"

မြတ်သက်လျာ ခရေပန်းကုံးခြောက်လေးများကိုကိုင် တာ ငိုင်နေမိသည်။

ဒေါက်တာအောင်သာသည် ကလေးငယ်ကို ပွေ့ချီကာ အသာအယာ နမ်းလိုက်ရှုံ့လိုက်သည်။ အံ့ဖွယ်တော့ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



သည် ကလေးငယ်သည် သူ့ဖခင်လက်ထဲအရောက်၌ အငိုတိတ်သွားခဲ့သည်။

"မြတ်သက် အဖြစ်မှန်ကို ကိုယ်သိချင်တယ်"

"မြတ်သက် မပြောချင်ဘူး ကိုအောင်သာ၊ စာကိုအရင်ဖတ်လိုက်ပါ၊ ပေး. . သား. . မြတ်သက်ကိုပေး"

ဒေါက်တာအောင်သာ လက်မှ ကလေးကို မြတ်သက်လက်ပြောင်းယူလိုက်သည်။ ကလေးသည် မြတ်သက် ဒေါ်မွေးအ လက်မှလွဲ၍ အခြားသူလက်၌ မနေ။ သို့သော် နို့စို့ခါနီးလျှင်တော့ ငိုကြွေးပြီး ဘူးကိုမစို့ဘဲ အတန်ကြာအောင် နေတတ်ပြီးမှ မောမောနှင့် အနည်းငယ်သာစို့ပြီး အိပ်ပျော်သွားတတ်သည်။

"အာဂ ကလေးပဲ၊ အဖေတူလား အမေတူလား"

ဟု မြတ်သက် အမြဲမေးမိသည်။

ဒေါက်တာအောင်သာသည် စာကိုဖွင့်ဖတ်လိုက်သည်။

"မမလက်ရေးပါလား၊ သေခါနီးလူက စာရေးသွားနိုင်သလား"

မြတ်သက်လျာ ဘာမှမပြော၊ သားငယ်ကိုသာ ဂရုတစိုက် ငုံ့ကြည့်ရင်းမှ စဉ်းစားနေမိသည်။

အောင်. . . .

မမမျှော်လင့်ရည်မှန်းချက်တွေဟာ သဲထဲရေသွန် ဖြစ်ခဲ့ရတယ်။

မမလေ အောင်နဲ့ မြတ်သက်လျာကို လက်ထပ်စေချင်လို့ တမင်ရှောင်ပေးခဲ့ပေမယ့် မင်းတို့ လက်မထပ်ဖြစ်ကြပါလား။





ဒီအချိန်မှာ အောင့်ရင်သွေးရှိကြောင်း မမသိလာရပြီး နောက် မမကို မင်းတို့တွေ့မှာစိုးလို့ ရှမ်းပြည်ဘက်မှာ ရှောင်ပုန်းခတ်မြုပ်နေခဲ့လိုက်တာပဲ။

အောင်ရယ်. . .

ကြမ္မာစက်ဝန်းက တစ်ပတ်လည်လာပြန်ပြီ။ မမမီးဖွားစဉ်မှာ မမအသက်ကို သွေးနဲ့ပေးဆပ်ပြီး သက်က ကယ်တင်ပြန်တယ်ကွယ်။

သက်ဟာ တကယ့်မိန်းမမြတ်လေးပါ။

မမလေးစားချစ်ခင်လို့ မဆုံးနိုင်အောင်ဖြစ်မိတယ် သက်အတွက် မမပေးဆပ်ချင်လိုက်တာ။

အောင် သံသရာဝဋ်ကြွေးရဲ့ လောင်မြိုက်တဲ့ မီးရဲ့ဒဏ်ကို မမ မခံနိုင်တော့ဘူးထင်တယ်၊ မမလူ့လောကက အပြီးတိုင်စွန့်လွှတ်ရတော့မယ်။

ဒီတော့ မစွန့်လွှတ်ခင် မမမှာခဲ့မယ်၊ အောင်လိုက်နာရမယ်။ မမကိုချစ်ရင် အောင်လိုက်နာရမယ်။ လိုက်နာခြင်းနဲ့ သက်သေပြရမယ်၊ မမရဲ့ ဝိညာဉ်ဟာ မင်းတို့အပေါ်မှာ အမြဲရှိနေလိမ့်မယ်၊ မမစောင့်ကြည့်နေမှာ. . ဘာတွေ လိုက်နာရမှာလဲဆိုတော့. . . .

၁။ သားလေးနာမည်ကို တိုးတက်အောင်လို့ ပေးရမယ်။

၂။ သားလေးရဲ့ မိဘရင်းနေရာမှာ ဒေါက်တာအောင်သာနဲ့ ဒေါက်တာမြတ်သက်လျာလို့ မွေးစာရင်းလုပ်ထားရမယ်။ ဒီအချက်က ဘာလို့ တောင်းဆိုတာလဲဆိုတော့ မိရွှေဆိုတဲ့ အချက်တစ်ချက်တည်းနဲ့ မြတ်သက်လျာဆိုတဲ့ မိန်းမမြတ်လေး



www.burmeseclassic.com

www.burmeseclassic.com



အပေါ် သားလေးက သံသယပွားပြီး စိတ်မှာအနာတရဖြစ်မှာ လို့ပဲ။ များသောအားဖြင့် ကလေးသူငယ်တွေရဲ့ စိတ်ပညာအား နည်းမှု ဖြစ်ပေါ်စေတတ်တာ မိရင်းဖရင်းနဲ့အတူ မနေရခြင်း ဆိုတဲ့အရာပဲ။ သူတို့အမိသော်လည်းကောင်း၊ အဖသော်လည်း ကောင်း ချို့တဲ့ခြင်းဟာ သူတို့ရဲ့စိတ်မှာ ကွက်လပ်ဖြစ်ပေါ်စေ တတ်တယ်။ သားလေးဘဝမှာ ကွက်လပ်မဖြစ်စေချင်ဘူး. . . အဖြစ်မှန်သိတဲ့ ပတ်ဝန်းကျင်နဲ့ ဝေးရာမှာ အောင်နဲ့သက် ဆိုတဲ့ မိဘနှစ်ပါးရဲ့ ရင်ခွင်နဲ့ သားလေးကြီးပြင်းစေရမယ်။ သားလေးရဲ့ သက်တမ်းကုန်ဆုံးတဲ့အထိ သက်ဟာ သူ့မိခင်အရင်းလို့ပဲ ထာဝ ရသိသွားပါစေ။

၃။ အောင်နဲ့ သက် လက်ထပ်လိုက်ပါ။

၄။ နောက်ထပ်သားသမီးတွေရတဲ့တိုင် သားကြီးအပေါ် ထာဝရ မပြောင်းမလဲ ချစ်သွားပေးပါ ဂရုစိုက်ပါ။

၅။ မမရဲ့ ပိုင်ဆိုင်မှု ဟူသမျှကို သားကြီးမိန်းမယူတဲ့အခါ လွှဲပြောင်းပေးဖို့ ရှေ့နေမှာ အပ်နှံထားခဲ့ပြီးပါပြီ။

၆။ လစဉ် သားအတွက် လုံလုံလောက်လောက် သုံးစွဲ နိုင်ဖို့နဲ့ ဒေါ်ရွှေအအတွက်ပါ ထောက်ပံ့ကြေးငွေ မှန်မှန်ပို့ပေးဖို့ ဘဏ်မှာ အောင့်နာမည်နဲ့လွှဲထားခဲ့တယ်၊ ထုတ်ယူနိုင်ပါတယ်။

၇။ သားလေးကို စာရိတ္တကောင်းမွန်တဲ့ လူတော်လူ ကောင်းတစ်ယောက်ဖြစ်အောင် ဆုံးမပြဆုံးမပေးရမယ်။( ဆုံး မပြဆုံးမပေးတဲ့ နေရာမှာတော့ ပုံစံခွက်ထဲက ဘောင်ကျဉ်းတဲ့ ဆုံးမနည်းနဲ့တော့ မဆုံးမစေချင်ဘူး။ လွတ်လပ်ကျယ်ပြန့်တဲ့ အတွေးအခေါ်တွေနဲ့ ကြီးပြင်းပါစေ)





၈။ အရွယ်ရောက်လာလို့ အသက်မွေးဝမ်းကျောင်း ရှာတဲ့အခါ ဆရာဝန်လိုင်းရမှ အင်ဂျင်နီယာလိုင်းရမှဆိုတဲ့ ကျဉ်း မြောင်းတဲ့ဘောင်ကျပ်ကြီးနဲ့ သားကို လှောင်ပိတ်မထားရဘူး။

၉။ သူနှစ်သက်ရာ ဝါသနာပါရာလိုင်းကို ယူပါစေ။

၁၀။ ကိုယ်ကျိုးကိုသာကြည့်တတ်တဲ့ တစ်ကိုယ်ကောင်း သမားတော့ မဖြစ်ပါစေနဲ့။ ဒီအချက်က စိုးရိမ်ကြီးပြီး မှာမိတာပါ။ သားဟာ တစ်ကိုယ်ကောင်းသမားတော့ မဖြစ်လာနိုင်ပါဘူး။

၁၁။ ဒီစာဖတ်ပြီးတာနဲ့ ဖျောက်ဖျက်ပစ်လိုက်ပါ။ သား ဘဝမှာ ဒေါ်တိုးတက်နှင်းဆိုတဲ့နာမည် တစ်ခါမှ မကြားမိအောင် ထိန်းသိမ်းပေးပါ။

၁၂။ ဒါပါပဲ အောင်နဲ့သက်တို့ ဇနီးမောင်နှံဟာ တိုး တက်အောင်ဆိုတဲ့ မမရဲ့သွေးသားရင်သွေးလေးကို ထာဝရ ဆက်ဆောင်အဖြစ် လက်ဖွဲ့ခဲ့ပါတယ်။

သက်ထက်ဆုံး လက်တွဲနိုင်ပါစေ။

ဘဝပြောင်းသွားတဲ့
မမ. . . .

"အဟတ်ဟတ်. . . ဟားဟားဟား"

ဒေါက်တာအောင်သာက ခြောက်ကပ်စွာရယ်မော လိုက်သည်။

မြတ်သက်လျာက သူ့အား ရူးများရူးသွားလေသလား ဟူသော မျက်လုံးဝိုင်းဖြင့် လှမ်းကြည့်လိုက်သည်။

"မြတ်သက်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ကိုယ့်ကို မညာပါနဲ့"

"ဘာကိုလဲ"

"မမ. . . မသေဘူး"

"ဘာကို ကြည့်ပြီးပြောနိုင်သလဲ"

"သေခါနီး လူက ဒီလောက်အထိ မရေးနိုင်ဘူး နော ပြီး. . ."

"ပြောပါ မြတ်သက်လည်း ကိုအောင်သာကို ပြော စကားတွေ ရှိနေတယ်၊ ကိုအောင်သာရဲ့ ဆန္ဒကို သိချင်တ ပြောပါ"

"မမတစ်စုံတစ်ရာဖြစ်ရင် ကိုယ်အလိုလိုသိမှာပေါ့ ဝိညာဉ် ကိုယ့်ဆီရောက်လာမှာပါ၊ အိမ်မက်ဖြစ်ဖြစ် ကိုယ် မှာပဲ၊ မမဘာမှမဖြစ်ဘူးလို့ ကိုယ်ထင်နေတယ်၊ နောက်ပြီး ရောဂါမျိုးက သွေးသားအပြောင်းအလဲဖြစ်ပြီး ပျောက်သွားတ တယ်၊ ဖွံ့ထွားပြီး ကျန်းမာတဲ့လက္ခဏာနဲ့ ပြည့်စုံတဲ့သားကို ကြ ပြီး မမ ကတိမ်းကပါး မဖြစ်နိုင်ဘူးလို့ ကိုယ်ယုံကြည်တ အချိန်ကြာတယ် မြတ်သက်၊ မမဘယ်မှာလဲ အမြန်ဆုံးပြေ ကိုယ်သိချင်တယ်"

"ဘဝပြောင်းသွားပြီဆိုရင်ကော"

မြတ်သက်လျာ တည်ငြိမ်နေလိုက်သည်။

"ဘာကိုဆိုလိုတာလဲ"

"မမကို ကိုအောင်သာ ယူလို့မရတော့ဘူးဆိုရင် ပြေ တာပါ"





"သေမှ ယူလို့မရတာ၊ သေပြီလို့ မင်းထပ်လိမ်ညာဖို့ ကြံစားနေသလား မြတ်သက်"

"မြတ်သက်မေးတာ အရင်ဖြေပါ ကိုအောင်သာ၊ မမ သေပြီဆိုပါတော့ ကိုအောင်သာ ဘာလုပ်မလဲ"

"ဘာလုပ်မလဲ ဟုတ်လား မင်းငါ့ကိုသွေးတိုးစမ်းနေ တာလားမြတ်သက်၊ မင်းကိုငါ မိန်းမမြတ်အဖြစ် အထင်ကြီးလေး စားခဲ့ပါတယ်၊ ဒါပေမယ့် အချစ်ကို ပြန်ပေးလောက်အောင်တော့ ဖြစ်တော့ဘူး၊ ဘာဖြစ်လို့လဲသိလား၊ မမကို တစ်သက်မှာ တစ် ခါပဲဖြစ်ပေါ်ဖူးတဲ့ ထူးထူးကဲကဲအချစ်နဲ့ ချစ်မိသွားလို့ပဲ ဒီမှာ မြတ်သက်"

မြတ်သက်လျာလက်မှ သားကို ဒေါက်တာအောင်သာ ယူငင်ပွေ့ပိုက်လိုက်သည်။ အရူးတစ်ယောက်လိုပင် သူ့အသိတ ရား ကင်းကွာနေသည်။ သို့သော် ကလေးနှင့် အရူးစကားသည် အမှန်ဖြစ်သည်ဆိုသကဲ့သို့ သူသည် မှန်သောစကားကို သာဆို လေပြီ။

"ကျန်စစ်သားကို မျှကြီးမတ်ရာတွေက မင်းဖြစ်မြောက် တင်ပေမယ့် သူလက်မခံခဲ့ဘူး၊ စောလူမင်းရှိနေတာကို ရည်ရွယ် ပြီး သူရဲကောင်းဆန်တဲ့ စကားနဲ့ ဘာပြောသလဲဆိုတော့. . ."

"အေ့. . အေ့. . တိတ်ပါလူလေး သားမောင်ရယ်"

သူ့စကားတို့သည် ဆိုင်၏မဆိုင်၏ နားမလည်ချင် တော့။ သူရင်၌ မီးတောက်နေပြီ။ ကလေးကို ချော့ရင်း. . .

"ငါ့အရှင် အသက်ရှင်နေသမျှ ကာလပတ်လုံးမင်းအ ဖြစ်ကို ငါမယူဘူးလို့လေ၊ အဟင်းဟင်း ကိုယ်ဟာကျန်စစ်သား



www.burmeseclassic.com

www.burmeseclassic.com



နဲ့တော့ မနှိုင်းအပ်ပါဘူး ဒါပေမယ့် ချစ်သူအပေါ် ချစ်တတ်တဲ့ ကိုယ်ဟာ အချစ်သူရဲ့ကောင်းဆန်စွာတော့ သစ္စာစကားတင်ပြောခဲ့ပါရစေ၊ အဲဒါဘာလဲဆိုတော့”

ဒေါက်တာအောင်သာ စကားကို ခေတ္တရပ်နား၍ ပင့်သက်ရှူလိုက်သည်။

မြတ်သက်လျာ ပါးပြင်၌ မျက်ရည်မြစ်တို့ တသွင်သွင် စီးလာသည်။

မမသည် ကမ္ဘာပေါ်၌ ကံအကောင်းဆုံး မိန်းမတစ်ဦး ဖြစ်ချေသည်။ မိမိကို တအားချစ်တတ်သာ ယောကျ်ား၏ အချစ်ကို ပိုင်ဆိုင်ခွင့်ရခြင်းလောက် ကံကောင်းသောမိန်းမသား ရှိနိုင်ပါ့မလား။

“မမသေသည်ဖြစ်စေ မသေသည်ဖြစ်စေ မမပေးသော ဟောဒီအမွေအနှစ်လက်ဆောင်ကြီးကိုလေ ကိုယ်အသက်ရှင်သမျှကာလပတ်လုံး ဘယ်မိန်းမကိုမှ မိထွေးအဖြစ် မတော်စေရဘူး၊ ဒေါက်တာအောင်သာနဲ့ ဒေါ်တိုးတက်နှင်းသားအဖြစ်နဲ့ ကိုယ်သာအဖ၊ ကိုယ်သာအမိအနေနဲ့ သက်ထက်ဆုံးပြုစုစောင့်ရှောက်သွားမယ်၊ ဒါပါပဲ မြတ်သက်၊ အစစအရာရာအတွက် ကျေးဇူးတင်ပါတယ် ကိုယ့်ကိုခွင့်ပြုပါ. . .”

“နေဦးလေ ကိုအောင်သာ၊ မြတ်သက် စကားတွေ နားမထောင်တော့ဘူးလား”

“ကိုယ်ရှိနေခြင်းဟာ မြတ်သက်ရဲ့ ဂုဏ်သိက္ခာကို ထိပါးညှိုးနွမ်းစေနိုင်ပါတယ်၊ မုဆိုးဖိုနဲ့ အပျိုစင်ဆိုတာ မထိုက်တန်ပါဘူး၊ ကိုယ့်ကြောင့် မြတ်သက် မနစ်မွန်းစေရဘူး”





“မေတ္တာမှာ ဒါတွေအရေးမပါဘူး၊ အရေးပါတာက သုံးသားထဲက ဖြစ်ပေါ်လာတဲ့ မေတ္တာတရား ခိုင်မြဲဖို့ပဲ၊ ပြန်ထိုင်ပါဦး ကိုအောင်သာ”

“မမအကြောင်းကလွဲပြီး ကိုယ်ဘာကိုမှ နားမထောင်ချင်ဘူးနော်”

ကလေးဆိုးကြီးနှင့် တူနေသော ချစ်ဦးသူကို မြတ်သက်လျာ ခွင့်လွှတ်ပြုံးနှင့် ပြုံးကြည့်ကာ ခေါင်းညိတ်လိုက်သည်။ မျက်ရည်ပွင့်များ သူ့မပေါင်ပေါ်သို့ ခုန်ပေါက်ဆင်းသွားသည်။

ထို့နောက် သူ့ပိုက်ဆံအိတ်ထဲတွင် သိမ်းထားသော စာတစ်စောင်ကို ထုတ်ပေးကာ. . .။

“သားကို ခဏပြန်ပေးပါဦး”

“သားအိပ်နေတယ်၊ မလှုပ်စေချင်ဘူး၊ နိုးသွားလိမ့်မယ်၊ မြတ်သက်ပဲ ဖတ်ပြပါ”

မိဘမေတ္တာသည် ဒေါက်တာအောင်သာ၌ အပြည့်အဝရှိနေပေသည်။

မြတ်သက်လျာ မျက်ရည်များကိုသာ အသာအယာ သုတ်လိုက်သည်။ ထို့နောက် သူ့အားပေးခဲ့သော မမစာကို ဒုတိယမ္ပိ ဖတ်ပြလိုက်သည်။

ညီမလေး ‘သက်’

ညီမလေးရဲ့ သွေးကျေးဇူးကြောင့် မမအသက်ရှင်ရပြန်တယ်၊ မမသွေးကြောလေးတွေ လည်ပတ်နေတိုင်း၊ သွေးတစ်ချက်ခုန်လေတိုင်း မမညီမကို သတိရနေတယ်၊ တကယ့်တော့



www.burmeseclassic.com

www.burmeseclassic.com



မမသားဟာလည်း ညီမသားလို့ဆိုရင် မမှားပါဘူး။

မမလေ ရောဂါဝေဒနာကို အပြင်းအထန်ခံစားရပြီး နောက် ဘာကိုမှ မတွယ်တာချင်တော့ဘူး၊ လူ့လောကကြီးကို ငြီးငွေ့သွားပါပြီ၊ ဒါကြောင့် လူ့ဘောင်လောကက အပြီးတိုင် စွန့်ခွာပြီး သာသနာ့ဘောင်ဝင်ဖို့ ဆုံးဖြတ်လိုက်ပြီလေ။

မမသားလေးကို ညီမရဲ့သွေးရင်းလို သဘောထားပြီး ဒေါက်တာအောင်သာနဲ့ လက်တွဲလိုက်ပါတော့လို့ မမ တိုက်တွန်း ပါရစေ။

ညီမကိုဖွင့်ပြောရင် တားမှာစိုးလို့ မမတိတ်တခိုးပဲ ထွက် ခွာသွားတော့မယ်၊ ဒေါ်ရွှေအကိုလည်း သားလေးကို ဝိုင်းကူ ထိန်းဖို့ ထားရစ်ခဲ့တယ်။

မမကို လုံးဝလိုက်မရှာပါနဲ့၊ နိဗ္ဗာန်ရောက်ကြောင်းတရား အားထုတ်မယ့်မမကို ပါရမီဖြည့်တဲ့အနေနဲ့ နောက်ကြောင်း အေးအောင် ကူညီပေးပါ။ အောင့်ကိုတော့ မမကိုယ်စား သူကိုယ် တိုင် သီကုံးပန်ဆင်ပေးခဲ့တဲ့ ခရေပန်းကုံး အခြောက်လေးတွေနဲ့ သားကိုပေးအပ်ပြီး မမသေဆုံးသွားပြီလို့သာ ပြောပေးပါ ဒါမှ သူ့ဘဝက မမပျောက်ကွယ်သွားမှာ။

သံသရာစက်ဝန်းက သံယောဇဉ်အပူမီးတွေနဲ့ ကင်းဝေး ရာ အရပ်ကို စွန့်ခွာသွားပြီးဖြစ်တဲ့. . .

မမ

တိုးတက်နှင်း

"မမ မသေဘူး၊ အား. . ဝမ်းသာလိုက်တာ၊ ဘယ်သွား





သလဲ၊ ဘယ်ကိုထွက်သွားသလဲ"

ဒေါက်တာအောင်သာက အားတက်သရော မေးလိုက် သည်။

မြတ်သက်လျာ ပြောပြလိုက်ချင်ပါသည်။ သို့သော် ကိုယ်တိုင်မသိလေပဲ. . .။

"မြတ်သက် မသိဘူး ကိုအောင်သာ၊ နောက်နေ့ဂျူတီ ဝင်သွားတော့ မမလက်မှတ်ထိုးဆင်းသွားပြီ၊ နောက် မြတ်သက် အတွက်စာနဲ့ သားကိုထားခဲ့တဲ့အကြောင်းသာ သိလိုက်ရတာပါ"

"မရှာဘူးလား"

"ဘယ်နေမလဲ ကိုအောင်သာရယ် သားကိုဆေးရုံမှာ ပဲအပ်ထားပြီး ဘုတာတို့ ကားဂိတ်တို့မှာ စုံစမ်းရတာပေါ့ မရဘူး ညနေ နေအေးမှ သားနဲ့အတူ အိမ်ပြန်လာရတာ"

"ဘယ်နှရက်ရှိပြီလဲ"

"သားအိမ်ရောက်တာ လေးရက်ဆိုတော့ မမထွက်သွား တာငါးရက်ရှိရောပေါ့၊ သီလရှင်ဝတ်မယ်ဆိုရင် များသောအား ဖြင့် စစ်ကိုင်းတို့၊ မန္တလေးတို့ သွားမှာပေါ့၊ ဒေါ်ရွှေအကို နည်း နည်းပါးပါး မေးကြည့်ပါလား"

"ဒါဖြင့် ကိုယ်တို့ပြန်မယ်"

"ကိုယ်တို့ပြန်မယ်ဆိုတာ သားကိုတစ်ခါတည်း ခေါ်သွား တော့မှာလား"

"သားရယ် ဒေါ်ရွှေအရယ်လေ၊ တစ်ခါတည်း ခေါ်သွား မယ်၊ ကိုယ်ကားစီးလုံးငှာပြီး လိုက်လာခဲ့ရတာ"

"သားအတွက် ခရီးမကြမ်းဘူးလား ကိုအောင်သာ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲထားပြီး မမကိုတွေ့မှ. . ."

"ကျေးဇူးတင်ပါတယ် မြတ်သက်၊ အောင်သာနဲ့ ဒေါ်တိုးတက်နှင်းသားဟာ ခရီးကြမ်းဒဏ်ကို ခံနိုင်ရည်ရှိမှာပါ၊ သားသူ့မိခင်ရဲ့ရင်ခွင်ရောက်မှ အတိုးချ အပမ်းဖြေပါစေတော့. . . ကိုယ့်ကိုခွင့်ပြုပါ ဒါထက်အန်တီကော"

"တမင်လေ. . ပင်းတယ ဘုရားဖူးလွှတ်ထားတယ်၊ ကြောင့်ကြမှုတွေများပြီး သမီးပြန်ပါသွားမှာ စိုးနေတယ်လေ"

"မိဘတွေရဲ့ သားသမီးအပေါ်ထားတဲ့ မေတ္တာတရားတွေပေါ့၊ ကိုယ်လည်း သားက မုဆိုးမ တစ်ခုလပ်ကိုယူမယ်ဆိုရင် မဖြစ်ဖြစ်တဲ့နည်းနဲ့ တားဆီးရမှာပဲ၊ ဟတ်ဟားဟား"

ဒေါက်တာအောင်သာ ယခုမှ ရယ်မောနိုင်တော့သည်။ သို့သော် သူ့ရယ်ခြင်းသည် အပြည့်အဝရွှင်လန်းမှုမပါ။ မမကိုမှ မတွေ့ရလေဘဲ၊ သို့သော် ဒေါ်ရွှေအကိုမေးမြန်းပြီး ပြည်ကညီမဆီ အရင်စုံစမ်းလျှင် ရနိုင်လိမ့်မည်ထင်ပါသည်။

သားငယ်နှင့်အတူ ဒေါက်တာအောင်သာ ကားပေါ်သို့တက်လိုက်ချိန်တွင် မြတ်သက်လျာ ဖြေမဆည်နိုင်ဘဲ မျက်ရည်တာကျိုးလေပြီ။

သို့သော် သူမမျက်နှာ၌ အပြုံးရိပ်များ ခိုတွဲနေသည်။

"မြတ်သက် ညီမ"

ဒေါက်တာအောင်သာ၏ ကရုဏာသံလေးက မြတ်သက်လျာကို အားအင်ပြည့်ဖြိုးစေသည်ထင်။

ယခင်ဘဝက ဆုတောင်းနည်းတာ သူတစ်ပါးချစ်ခြင်းဖြိုခွင်းခဲ့ဖူး၍ ဤဘဝ၌ အကြိမ်ကြိမ်အလီလီ ချစ်ခြင်း၌ ခွဲခွာခြင်း





များနှင့်သာ ကြုံနေရသည်။

ငါးရာနှစ်ဆယ့်ရှစ်မေတ္တာနှင့် တွယ်တာမိသော သားငယ်ကိုတောင်မှ ရင်ခွင်၌ အငှားမေတ္တာဖြင့် ကြာရှည်အောင်ပိုက်ခွင့်မရသော ဘဝပါတကား။

"နှုတ်ဆက်စကားလည်း ကိုယ်မဆိုချင်တော့ဘူး၊ ပြီးတော့ ကျေးဇူးတင်ကြောင်းလည်း မပြောချင်ဘူး၊ ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားနဲ့တောင် မတန်အောင်များလွန်း၊ နက်ရှိုင်းလွန်းလှတဲ့ မြတ်သက်ရဲ့ ဖြူစင်မြင့်မြတ်လှတဲ့ စိတ်ရင်းကိုလေကိုယ့်အသည်းမှာ ထာဝရကမ္ပည်းတည်ရစ်မှာပါ"

"သွားပါတော့ ကိုအောင်သာ၊ သားကို နမ်းပါရစေ"

ဒေါက်တာအောင်သာ ရင်ခွင်မှ သားငယ်၏နီနီရဲရဲ ပါးမို့မို့ကို ဖွဖွကလေးနမ်းရှိုက်လိုက်သည်။

"သွားပေဦးတော့ ကလေးရယ်၊ မင်းမေမေရဲ့ ရင်ခွင်မှာ ထာဝရ နားခိုနိုင်ပါစေလို့ အန်တီဆုတောင်းပေးလိုက်ပါတယ်"

"သွားမယ်"

"ဩော်. . ကိုအောင်သာ"

"ဘာလဲ မြတ်သက်"

"ဒီလက်စွပ်လေး မမကို ပြန်ပေးလိုက်ပါ"

"ဟင်"

"ယူလိုက်ပါကိုအောင်သာ မမသိပါတယ်"

မမက ကိုအောင်သာအတွက် လက်ဖွဲ့အဖြစ်ပေးသောပစ္စည်းဖြစ်၍ မိမိဝတ်မထားသင့်၊ ကိုအောင်သာနှင့် လက်ထပ်သော မမသာလျှင် ပြန်ဝတ်သင့်သည်။ ကိုအောင်သာကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဤအကြောင်းတွေ ရှင်းပြမနေတော့။

ဒေါက်တာအောင်သာ၏လက်သန်း၌ ဝတ်ပေးလိုက်သည်။

အတော်ပဲဖြစ်နေသည်။ ဒေါက်တာအောင်သာက မြတ်သက်လျာ၏ မျက်ရည်တို့ဖြင့် ရွှန်းလက်နေသော မျက်ဝန်းအစုံကို စိုက်ကြည့်ကာ. .

“မိစုံဖစုံ ခြွေရံသင်းပင်း အပြည့်အစုံကြားမှာ နေထိုင်ပြီး မြတ်သက်ရဲ့ အဖိုးတန်တဲ့ဦးနှောက်၊ စေတနာဖြူတဲ့နှလုံးသားနဲ့ ပြည်သူတွေအတွက် ထာဝရ အလုပ်အကျွေးပြုနိုင်ပါစေလို့ ကိုယ်ဆုတောင်းပေးခဲ့ပါတယ်”

“မြတ်သက်တော့ ကိုအောင်သာ မမကို အချိန်မီရှာဖွေ တွေ့ရှိနိုင်ပါစေလို့သာ ဆုတောင်းပေးလိုက်ပါတယ်”

“အကောင်းဆုံးဆုပါမြတ်သက်၊ အရမ်းကို ကျေးဇူးတင်ရပြန်ပြီကွာ၊ သွားမယ် အခုအချိန်မှာ ကိုယ့်အတွက် စက္ကန့်လေးရဲ့ အစိတ်အပိုင်းလည်း အရေးကြီးနေတယ်လေ၊ အဟင်း. . သွားပြီကွာ”

“သွားပေဦးတော့ အချစ်သူရဲကောင်းကြီးရယ်”

ဟုသာ စိတ်ထဲ၌ မချိတင်ကဲ ရေရွတ်လိုက်မိသည်။

ကားလေးသည် သူ့မြင်ကွင်းမှ ဝေး၍သွားသည်ကို ငေးကြည့်ရင်း မိစုံဖစုံခြွေရံသင်းပင်း အပြည့်အစုံကြားတဲ့လား မောင်၊ နှလုံးသားမှာတော့ ထာဝရကွက်လပ်ဖြစ်သွားတဲ့ သူတစ်ယောက်ကို ပြည့်စုံခြင်းလို့ ခေါ်ဆိုနိုင်ပါသေးလားမောင် ဟုသာမေးလိုက်ချင်ပါသော်လည်း မမေးလိုက်တော့ချေ။





ဒီဘဝမှာ နှလုံးသားမှာ အနာတရရှိလျက်ကနေ ထားရှိလုပ်ဆောင်ပေးခဲ့ရသော စိတ်စေတနာများကြောင့် မိမိ၏နောင်တမလွန်ဘဝဆက်တိုင်းမှာတော့ ချစ်ကံခေမည့်သူ မဖြစ်တန်ပါဘူးလေ။

အချစ်ဦးမို့ အရှူးအမူးချစ်ခဲ့ဖူးသော ချစ်ဦးသူကို သယ်ဆောင်သွားခဲ့သောကားသည် သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားလေပြီ။

ထိုအတူ ထင်ကျန်ရစ်နေသော သူ့နှလုံးသားမှ မောင့်ကို ပျောက်ကွယ်သွားစေရန် ထွင်းထုတ်ပစ်ရပေဦးမည်။

နှလုံးသားမှာ ကမ္ပည်းတင်ရစ်ပြီးသား ချစ်ဦးကိုဖောက်ထွင်းပစ်၍ ရနိုင်ပါမည်လား။



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(၄)

"ယခုအခါ ငါ၏သားမြတ်အစုံသည်လည်း နို့ရည်ဖြင့် ပြည့်ကုန်၏" ဟု မဒ္ဒီဒေဝီ၏ သားသမီးတို့ကို နို့ချိုတိုက်ကျွေး လိုလျက် မကျွေးရသောအခါ ကြီးစွာသော ဒုက္ခရောက် နေပုံကို ဒသမတန်း မင်ရင်းစကားပြေ ပါမင်းခူးဦးကြီးဘာသ၏ "မိခင်ဝေဒနာ" အကြောင်း သင်ပေးခဲ့စဉ်တုန်းက ခံစား ချက်ကို မသိရှိခဲ့။

ယခုတော့....

နို့ရည်များတင်းကာ နာကျင်ခံရခက်သော ဝေဒနာအစုံစုံ ကြောင့် သားလေးကို တမ်းတမ်းတတ သတိရမှ ဝေဒနာကား မဒ္ဒီဒေဝီ၏ ခံစားချက်ဝေဒနာထက် လျော့နည်းနိုင်ပါအံ့နည်း။





# အခန်း(၃၂)

"မမရယ်၊ ချက်ချင်းကြီး မဆုံးဖြတ်ပါနဲ့၊ နေကောင်း သေးတာလဲမဟုတ်ဘဲနဲ့"

ညိမ ခင်လေးဖြူ၏ တားဆီးချက်ကြောင့် သီလရှင်ဘဝ သို့မကူးပြောင်းရသေးပါ။

သားငယ်ကို သတိရစိတ်ကြောင့် မစားနိုင်၊ မအိပ်နိုင် သော ဝေဒနာတို့က ကျန်းမာရေးကိုပင် ထိခိုက်စေမည်။

သားမြတ်အစုံမှ နို့ရည်တို့ပြည့်ကာ တင်းလာတိုင်းနို့များ



www.burmeseclassic.com

www.burmeseclassic.com



နှင့်အပြိုင် မျက်ရည်တို့ ဖြိုင်ဖြိုင်ကျရလေပြီ။

သားလေး နို့ဘူးမှစို့တတ်ရဲ့လား။

သားလေး နို့ဆာ၍ ငိုနေပြီလား။

သက်က သားလေးကို ချစ်မှချစ်ရဲ့လား။ အလုပ်သွားနေတုန်း သားလေး ငိုနေပါက ဒေါ်ရွှေအကြီးနဲ့သာ ရှိနေမည်လား။

သက်မာမီကကော မြေးလေးတစ်ယောက်လိုမှ သဘောထားနိုင်ပါရဲ့လား။

သူစိမ်းတို့အလယ်၌ သားလေး မျက်နှာငယ်နေပြီလား။

သားအဖေကကော ရောက်လာရဲ့လား။

"မမနဲ့သာ ခွဲရရင် အောင့်စိတ်ကို အောင်လွှတ်ပေးလိုက်တော့မှာ၊ လုပ်ချင်ရာ လျှောက်လုပ်ပစ်မယ်၊ မြတ်သက်ကိုလဲ မယူဘူး၊ ဘယ်လောက်လှတဲ့မိန်းမဖြစ်ဖြစ် မယူဘူး၊ မမကလွဲရင် ဘယ်သူ့မှမယူဘူး" ဟု အောင်ပြောခဲ့ဖူးသည်။

ဂျစ်ကန်ကန်နိုင်သောအောင်သည် အပြောနှင့်အဟောညီတတ်သူပီပီ တကယ်ပဲ မြတ်သက်လျာကို မယူခဲ့လျှင်. .

"မမကို မရလို့ မြတ်သက်ဆီ ပြေးကပ်ရအောင် ပျော့ညံ့တဲ့ယောက်ျားစားမျိုးထဲ ကျုပ်မပါဘူး၊ အချစ်ဆိုတာ ကစားစရာမဟုတ်ဘူးဗျ"

အောင့်စကားများကို ပြန်တွေးမိတိုင်း နောက်ကြောင်းမအေးသော ခံစားမှုဖြင့် သောကဖိစီးရလေပြီ။

အချစ်စစ်ပွဲတစ်ခု၌ သားလေးက ဓားစာခံဖြစ်နေပြီလား။ အနိုင်ယူလိုသော စစ်ပွဲမဟုတ်ဘဲ အရှုံး ပေးအနစ်နာခံလို





သော အချစ်စစ်ပွဲသည် ဤမျှအထိ ရှုပ်ထွေးနက်နဲစွာ ဖြစ်ပေါ်လိမ့်မည်ဟု မိမိမထင်မှတ်မိခဲ့ပါ။

သားလေးဘဝ ကောင်းစားရေးအတွက် မိမိလုပ်ရပ်များသည် အမှန်အကန်မှ ဟုတ်ပါလေစ။ တစ်ဖက်စွန်းများ ရောက်နေပြီလား။

နို့သက်လာသဖြင့် နို့များကို ညှစ်ထုတ်ရင်း စဉ်းစားလိုက်သည်။

စဉ်းစားတိုင်း မျက်ရည်အပြိုင်ပြိုင်ကျရသည်။

"မမရာ၊ မမကိုကြည့်ပြီး ဖြူတော့ငိုချင်လာပြီ၊ သံယောဇဉ်ပြတ်နိုင်တာလည်း မဟုတ်ဘဲနဲ့၊ မမ ဒီလိုနို့သက်ပြီး ခံစားနေရတဲ့အချိန်မှာ မမသားလေးကလည်း မိခင်နို့ကို တမ်းတပြီး ငိုနေလောက်ရောပေါ့"

"အဲဒီလိုပဲ ဖြစ်တတ်သလားဖြူ"

"ဒီလိုပဲမမရဲ့၊ ဖြူလေရုံးတက်ပြီး နို့သက်နေတဲ့ အချိန်ဆိုသမီးက အိမ်မှာငိုနေတာတဲ့၊ သားသမီး သောကရောက်နေတဲ့အချိန်မှာ မိခင်ဟာ အလိုလိုခံစားရပြီး နေထိုင်လို့မရအောင်ကို ဖြစ်တတ်တယ်၊ နို့မခွဲသေးတဲ့ အချိန်ဆိုရင် နို့သက်တာပေါ့"

"ဪ. . ဆန်းကြယ်လှတဲ့ မိဘမေတ္တာပါလား"

တိုးတက်နှင်း မျက်ရည်များကို သုတ်လိုက်သည်။

အသက်အားဖြင့် မိမိထက်ငယ်သော်လည်း ဝါအားဖြင့်သောကာ ကလေးသုံးယောက်မိခင်ပင် ဖြစ်နေသော ညီမဝမ်းကွဲခင်လေးဖြူအတွေ့အကြုံများကို နားဆင်ရင်း ဖြေမဆည်နိုင်အောင် ခံစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ဆန်းကြယ်တာ ဘာဟုတ်ဦးမလဲမမရ၊ ညီမလေးကန်စွန်းရွက်ကြော်တို့၊ မြင်းခွာရွက်တို့စားပြီး သားကို နို့တိုက်တယ် မဟုတ်လား၊ သားဝမ်းသွားတော့ ဝမ်းထဲမှာ ကန်စွန်းရွက်ဖတ်တို့၊ မြင်းခွာရွက်ဖတ်တွေ ပါပါလာတယ်"

"ဟင်"

လောကကြီး၏ ဆန်းကြယ်သော နိယာမတရားများပါတကားဟု တိုးတက်နှင်း တွေးလိုက်မိသည်။

"ခု မမဒီလောက် နို့တွေသက်ပြီး နာကျင်ခံစားနေရ ငိုနေရရင် မမသားလေးလည်း ဘယ်လောက်ငိုနေမလဲမသိဘူး"

"ဟင်. . ဟုတ်လား"

တိုးတက်နှင်းသည် ငိုရအခက်ဖြစ်သွားသည်။ သို့သော် ရင်တွင်းမချိအောင် ခံစားနေရသည်။

"မမကို မိကျောင်းမင်းရေခင်းပြတာတော့ မဟုတ်ပါဘူး ဒီကိစ္စမှာ မမမှားတယ်"

"မမမှားတယ် ဘာဖြစ်လို့လဲဟင်၊ မမအသက်သခင်တွေဖြစ်တဲ့ အောင်နဲ့သက်တို့ရဲ့ ပေါင်းစည်းမှုအတွက် မမလုပ်ရပ်ဟာ မှားသလား"

"မှားတာပေါ့"

"တကယ်ဆို မမက ကိုအောင်သာမှာ သက်ဆိုတဲ့ချစ်သူရှိမှန်း သိလိုက်ရတဲ့ အချိန်ကစပြီး အတတ်နိုင်ဆုံး စွန့်လိုက်ရတော့မှာ၊ ခု မမက သားရတဲ့အထိဖြစ်သွားပြီဆိုတော့"

"အဲဒီအတွက်တော့ အချစ်လွန်မိတဲ့ မမရဲ့အမှားလို့သာ မှတ်ယူလိုက်ပါ။ သက်နဲ့ခုလို ပြန်မတွေ့ခဲ့ရင် သားလေးကို မမ





အသက်ရှင်နေသမျှ ကာလပတ်လုံး အဖနေရာကော၊ အမိနေရာကော စောင့်ရှောက်သွားမှာပါ။ မမသေဆုံးခဲ့ရင် သူ့မိဘများလိပ်စာအရ သားကိုပို့ပေးဖို့ မမစီစဉ်ပြီးသားပါ၊ ခု သက်နဲ့တွေ့လိုက်ရတော့ မမအစီအစဉ် ပြောင်းသွားတာလေ"

"ကလေးတစ်ယောက်အတွက် အကောင်းဆုံးအပြည့်အစုံဆုံးနေရာဟာ မိရင်းဖရင်းရဲ့ ရင်ခွင်နှစ်စုံပါပဲ မမရာ၊ ဖြူဒေါက်တာမြတ်သက်လျာနဲ့ သွားတွေ့ပြီး စုံစမ်းပေးမယ်"

"နေပါစေတော့ဖြူရာ၊ သူတို့အတွက် အနှောင့်အယှက်ဖြစ်နေပါ့မယ်"

"မမကိုကြည့်ရတာ စိတ်မချမ်းသာလွန်းလို့ပါ"

"နောက်တော့ မမနေတတ်သွားပါလိမ့်မယ်၊ လူမှန်းသူမှန်းသိခဲ့ရတဲ့ အရွယ်ကတည်းက သောကတွေ ဖိစီးခဲ့ရတဲ့ မမဘဝဟာ ခုမှ အေးချမ်းမှုနေရာလေးကို မြင်ရုံရှိသေးတယ်၊ မမသာသနာ့အရိပ်ခိုပြီး အေးချမ်းမှုကို ရယူပါရစေတော့"

"နို့သက်ရက် ထွက်နေရက်ကတော့ မမ သီလရှင်ဝတ်ဖို့ ရဦးမှာမဟုတ်သေးဘူး စဉ်းစားပါဦး"

"စဉ်းစားပြီးပါပြီ၊ နိဗ္ဗိန္ဒချောင်ကို သွားချင်ပြီ"

"အဖျားပျောက်သွားရင် ဖြူကိုယ်တိုင်လိုက်ပို့ပေးမယ်၊ ဒီကြားထဲ မမစဉ်းစားထားပါဦး"

"စဉ်းစားစရာ မလိုတော့ပါဘူး လိပ်မကြီးလိုပဲ အဝေးကနေပြီး မေတ္တာပို့ခြင်းနဲ့ပဲ ဥကလေးတွေ ရှင်သန်ပေါက်ပွားစေသလို သားလေးကို မေတ္တာပို့ခြင်းနဲ့ပဲ ရင်ငွေ့ပေးလိုက်တော့မယ် ဖြူရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်ချပြီးလျှင် ပြင်လေ့မရှိသော စိတ်ကြောင့် အလျှော့ပေးကာ အိပ်ရာထဲလဲလျောင်းလိုက်သည်။ သို့သော် ဆက်၍အဘယ်မှာ ပျော်ပါအံ့နည်း။

"အိပ်လိုက်ဦး မမ၊ စိတ်ထောင်းလို့ကိုယ်ကျေဆိုသလို အရိုးပေါ်အရေတင်ဖြစ်နေပြီ"

ကိုးရက်တောင် ရှိခဲ့ပြီကိုး။

ကိုးကမ္ဘာမျှ ကြာလေရော့သလား။

လူ့ဘဝသက်တမ်းတို့သည် ကုန်ဆုံးခဲလိုက်တာဟုပင် တိုးတက်နှင်း တွေးမိသည်။

အိပ်ရမှာကိုလည်း စိုးကြောက်ပါသည်။

အိပ်ပျော်လျှင်လည်း အိပ်မက်သဖွယ် ဖွံ့ဖွံ့ထွားထွား သားလေး၏ ဟစ်အော်ငိုကြွေးသံသည် ကမ္ဘာပျက်မတတ် ဆူညံကာ လန့်နိုးခဲ့ရသည်။

သောကအပူမီးကြောင့် တစ်ရေးနိုးလတ်သော် မျက်ရည်လည်ရွဲ ငိုပွဲဆင်ရသည်။

သက်လာသော နို့ရည်တို့ကို ညှစ်ပစ်ရင်း မိခင်နှလုံးသား အသည်းကျွမ်းရလေပြီ။ အတွေး၌ သားကိုတောင်းပန်မိသည်။

"သားလေးရယ် မချစ်လို့ တမင်ပုန်းရက်တာ မဟုတ်ပါဘူး၊ သံသရာဝဋ်ကြွေး ပေးဆပ်စရာရှိတယ်ထင်လို့ မဟုတ်ပါဘူး၊ သားလေး ဒုက္ခရောက်မယ်ဆိုတာ မေမေတွေးမိရင်လေ"

"မီးပိတ်လိုက်တော့မယ်နော် မမ"

"အေး. . အေး. ."





"ဟင်း"

သက်ပြင်းတစ်ချက်ရှိုက်ပြီး ခင်လေးဖြူထွက်သွားသည်။

ဆရာဝန်ပေးထားသော ဆေးများထဲတွင် အိပ်ဆေးများ ပါလေရော့သလားမသိ၊ အိပ်ပျော်ခြင်းသို့ ဆိုက်ရောက်ခဲ့သည်။ မျက်ခွံတံခါး ပိတ်လေသော်လည်း. . .

"အူဝဲ. . အူဝဲ. . အူဝဲ. ."

နီနီရဲရဲသားလေး၏ အာခေါင်ခြစ်ဟစ်အော်နေမှုကို အောင်က ပွေ့ချီကာ နို့ဘူးတိုက်ရင်း ချော့နေသည်ကို တွေ့မြင်လိုက်ရသည်။

အူဝဲ. . . . အူဝဲ

အောင့်မျက်ရည်တို့သည် သားလေး၏ မျက်ရည်များနှင့် ရောထွေးသွားသည်။

အူဝဲ. . . အူဝဲ. . . အူဝဲ. . .

ရင်သားအစုံတင်းကာ နာကျင်လာသဖြင့် သူဆက်သက်အိပ်ပျော်ခြင်းကို မစွမ်းဆောင်နိုင်တော့ချေ။

မဟူရာညၡ၏ စိတ်တံခါးကို သား၏ ငိုကြွေးသံက ဖောက်ထွင်းလိုက်သည်။

တိုးတက်နှင်း အိပ်ရာမှ ထလိုက်သည်။

သားလေးများ ရောက်လာလေသလား။

အမှောင်ကမ္ဘာကို ဝေ့ဝိုက်ကြည့်ပြီး သားကို ရှာဖွေကြည့်မိသည်။

"အိပ်မက်ပါလား"

မျက်လုံး၌ သောကချော်ရည် စီးချောင်းတို့ ပြည့်လျှံလာ



www.burmeseclassic.com

www.burmeseclassic.com



လေပြီ။

သက်လာသော နို့ရည်တို့ကို ညှစ်ထုတ်ပစ်ရပြန်သည်။ အဖေတူသားလေးသည် ဖွဲကောင်းစွာ ဆန္ဒပြနေလေရော့သလား။

အောင်ကော သားနှင့်အတူ ငိုကြွေးနေသလား။

ဘုရား ဘုရား သောကမီးတွေဟာ အင်မတန်ပူပြင်းလှပါတကား။

သံယောဇဉ်ဆိုသော မမြင်နိုင်သည့် ကြိုးတစ်ချောင်းသည် ဤမျှအထိ ဖြတ်ရခက်အောင် ရစ်ပတ်နှောင်ဖွဲ့လိမ့်မည်ဟု တိုးတက်နှင်းမတွေးခဲ့မိချေ။

ထောင့်ငါးရာ ကိလေသာမီးထက်တောင် ပို၍ ပြင်းထန်ခိုင်မာလွန်းလှသည်။

အလယ်တန်းကျောင်းအုပ်ဘဝ မရောက်ခင်က အကျင့်အေတီဘဝဖြင့် မြန်မာစာသင်ပေးခဲ့စဉ်ကအကြောင်း သတိရသွားသည်။

“ယခုအခါ ငါ၏သားမြတ်အစုံသည်လည်း နို့ရည်ဖြင့်ပြည့်ကုန်၏”ဟု မဒ္ဒီဒေဝီ၏ သားသမီးတို့ကို နို့ချိုတိုက်ကျွေးလိုလျက် မကျွေးရသောဘဝ။ ကြီးစွာသော ဒုက္ခရောက်နေပုံကို ဒသမတန်း ပင်ရင်းစကားပြေပါ။ မင်းဘူး ဦးသြဘာသ၏ ‘မိခင်သောက’အကြောင်း သင်ပေးခဲ့စဉ်တုန်းက ခံစားချက်ကို မသိရှိခဲ့။

ယခုတော. . .

နို့ရည်များတင်းကာ နာကျင်ခံရခက်သော ဝေဒနာအား





ဖြင့်ကြောင့် သားလေးကို တမ်းတမ်းတတ သတိရမှုဝေဒနာကား မဒ္ဒီဒေဝီ၏ ခံစားချက်ဝေဒနာထက် လျော့နည်းနိုင်ပါအံ့နည်း။

“ကလင်. . ကလင်. . ကလင်”

ညကြီးအချိန်မတော် တယ်လီဖုန်းမြည်သံကြောင့် တိုးတက်နှင်းထလိုက်သည်။

ခင်လေးဖြူတို့ ဇနီးမောင်နှံလည်း အပေါ်ထပ်မှာဆိုတော့ တော်ရုံနှင့် ကြားမည်မထင်။

တိုးတက်နှင်းမီးဖွင့်ကာ အခန်းတွင်းမှ ထွက်ခဲ့သည်။

“ကလင်. . ကလင်. . ကလင်”

“ဟဲလို”

“ဦးဇော်ဝင်း ဒေါ်ခင်လေးဖြူတို့ အိမ်ကပါလား”

“ဟုတ်ပါတယ်ရှင် ကိစ္စထူး ရှိပါသလား”

မတ်နှင့်ညီမ ရုံးတာဝန်များနှင့် ကလေးတာဝန်များကြောင့် ပင်ပန်းကာ အိပ်ပျော်နေသည် ထင်ပါသည်။ မနိုးရက်ပါ။

“အခု စကားပြောနေတာ ဘယ်သူပါလဲ”

ရေးကြီးသုတ်ပျာနိုင်သော အသံရှင်၏အသံကို ကြားရသလိုလို၊ အောင်နှင့်တူလိုက်တာ. . . အောင်များလား။

“သူတို့အစ်မပါ၊ ကိစ္စရှိတာပြောပါ”

“မမ. . မမများလား. . အောင်ပါ. . အောင်”

“ဘုရား. . ဘုရား”

“ဂျလောက်”

စကားပြောခွက် လွတ်ကျသွားသည်။ အံ့သြခြင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တုန်လှုပ်ချောက်ချားမှုကို ဖြစ်စေသည်။

"မမ. . မမ၊ ဟဲလို. . . မမ"

တန်းလန်းဖြစ်နေသော စကားပြောခွက်မှ အောင့်အေး သည် ထွက်ပေါ်ဆဲဖြစ်ရာ ရုတ်တရက် သတိရကာ. . .

"သားလေး. . . သားလေး နေကောင်းရဲ့လား၊ နေရဲ့ လားအောင်. . . ငိုသလား၊ သက်ကော"

စကားပြောခွက်ကို ပြန်ကိုင်ပြီးအငမ်းမရ မေးလိုက် သည်။

"မမ. . . မမ၊ ဘယ်မှထွက်မသွားနဲ့နော်၊ အောင် လာ ခဲ့မယ်၊ သားမနေဘူး တအားငိုတာပဲ၊ ခုအောင် ရန်ကုန်က ဆက် တာ မနက်လာခဲ့မယ်၊ သားနို့လဲမစို့ဘူး၊ ဘယ်မှ ထွက်မသွားပါနဲ့ သားကိုသနားပါ မမရယ်"

"ဟင်း"

ဖြတ်တောက်၍ ရနိုင်ပါအံ့နည်း။

"ဒါပဲမမ၊ သားငိုနေတယ်၊ နားထောင်ကြည့်"

"အူဝဲ. . အူဝဲ. . အဲ"

"သား. . . သား. . . သား"

"ဂျလောက်"

သား၏ တက်မတတ်ငိုကြွေးနေသော အသံသည် သူ ၏တစ်ဖက်စွန်းရောက်နေသော စိတ်တို့ကို အရည်ပျော်သွားစေ သည်။

"မမ. . . ဘယ်. . . ဘယ်ကလဲ"

မူးမိုက်လဲကျမသွားစေရန် အားတင်းပြီး ဖေးမလာ





သော ညီမခင်လေးဖြူ၏ရင်ခွင့်၌ ခိုဝင်ကာ ချုံးပွဲချ ငိုကြွေးလိုက် သည်။

"ဘယ်သူ့ဆီကလဲ"

"သူ. . . သူ. . အောင့်ဆီက"

"ဟင်. . သူ ဆက်သွယ်သွားမိပြီကိုး၊ ဒေါ်ရွှေအ လမ်း ညွှန်လိုက်ပြီထင်ပါရဲ့"

ခင်လေးဖြူက ဝမ်းသာသွားဟန်ဖြင့် ဝင်းပသွားသည်။

"သူတို့မလာမချင်း မမဘယ်ကိုမှ ထပ်မသွားရဘူး၊ မဖြစ်ပါဘူး၊ ဖြူကိုယ်တိုင် မမနဲ့အိပ်မယ်၊ မောင် မောင့်သားနဲ့ ဖြစ်မလား"

"ဖြစ်ပါတယ်ဖြူ၊ မမနဲ့ပဲ စောင့်အိပ်တာအကောင်းဆုံး ပါ"

"ရပါတယ် ဖြူနဲ့မောင်ဇော်၊ မမဘယ်ကိုမှ ထပ်မသွား တော့ပါဘူး၊ ငယ်လေးနိုးလို့ ဖြူ့ကိုမတွေ့ရင် ငိုနေပါဦးမယ်၊ သွား အိပ်ပါ၊ မမ ကတိပေးပါတယ်"

တိုးတက်နှင်းက စာနာစွာဖြင့် ပြောလိုက်သည်။ သား လေး၏ငိုသံသည် သူ့အသည်းကို ဆူးချွန်နှင့်ထိုးဆွလိုက်သည့် အလား ခံစားလိုက်ရသည်။

"ကလင်. . ကလင်"

"ဟော"

"နေ နေ၊ မောင်ကိုင်မယ်"

တိုးတက်နှင်းတို့ မကိုင်မိခင် ဦးဇော်ဝင်းက ဦးအောင် ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“. . . . . . . . .”

“ဟုတ်ပါတယ်၊ ဩော် အန်ကယ်”

“. . . . . . . . . .”

“စိတ်ချပါအန်ကယ်၊ ဘယ်မှ မသွားစေရပါဘူး”

“. . . . . . .”

“ဖြစ်ပါတယ် ဝမ်းဖိုးဖိုးနဲ့ဆိုတော့ အပြင်မထွက်တာ ကောင်းပါတယ်၊ ကျွန်တော်တို့ ရှိနေတာပဲ”

“. . . . . . . . . .”

“စိတ်ချလက်ချသာနေပါ၊ မမလည်း ကလေးတစ်ယောက်မှ မဟုတ်တော့ဘဲ၊ ဝါတောင် ရှိလာပြီပဲ”

“. . . . . . .”

“စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ပါဘူး၊ ကောင်းကောင်းလည်း နေမကောင်းဘူး”

“. . . . . . . .”

“သားကိုလွမ်းတဲ့ လွမ်းဖျားနေမှာပေါ့ အန်ကယ်ရယ် အမျိုးတွေတော်နေမှန်း ခုမှပဲသိရတော့တယ်နော် အန်ကယ်၊ စိတ်ချလက်ချသာအိပ်ပါ”

“. . . . . . . . . .”

“အိုကေ အန်ကယ်ဂွတ်နိုက်”

ဦးဇော်ဝင်းက တယ်လီဖုန်းကိုချလိုက်ပြီး ပြုံးပြုံးကြီးနှင့် တိုးတက်နှင်းအား ကြည့်လိုက်သည်။

“ဘာတဲ့လဲမောင်၊ ဘယ်သူ့ဆီက. .”

“မမယောက္ခမကြီးတွေ ဆီကလေ၊ အခြားသူဟုတ်ရိုးလား မမယောက္ခမကြီးက ကိုယ်တို့ဒက်ဒီရဲ့ သူငယ်ချင်းလေ”

“ဟုတ်လား”

“ဝမ်းဖိုးဖိုးရှိနေလို့ သူတို့ လာမစောင့်နိုင်ဘူးတဲ့၊ သူ့သားက သူ့ဇနီးကို ဘယ်မှ ထွက်မပြေးအောင် စောင့်ရှောက်ထားပေးပါတဲ့လေ၊ ထွက်ပြေးသွားမှာ အရမ်းစိုးရိမ်နေကြတယ်၊ မောင်တို့မမကတော့ အရမ်းကံကောင်းတာပဲ၊ ယောက္ခမတွေကလည်း သဲသဲလှုပ် ဂရုစိုက်ကြတာပဲ၊ ရဲပဲအကြောင်းကြားပြီး အစောင့်ချထားရမလားလို့တောင် ပြောတာ”

“မလုပ်လိုက်ပါနဲ့၊ အုတ်အော်သောင်းတင်း”

တိုးတက်နှင်းက ဝင်ပြောလိုက်သည်။ ရင်မှာ လှိုက်ဖိုခြင်းနှင့်အတူ သားလေးနှင့် တွေ့လိုလှသည်။

“အုတ်အော်သောင်းတင်းမဖြစ်ချင်ရင် မမ ဘယ်ကိုမှ ထွက်မသွားပါနဲ့နော်”

“အင်းပါ. . ကတိပေးပြီးပြီပဲ မမက ကတိပေးပြီးရင် မဖျက်တတ်ပါဘူး”

“ဟိုလူငဲ့ ဒီလူငဲ့နဲ့လဲ မလုပ်နဲ့၊ အရေးကြီးတာ အပစ်မဲ့သားလေး မျက်နှာပဲကြည့်ရမယ်”

“အင်းပါဆိုကွယ် မမအိပ်တော့မယ်”

မျှော်လင့်ခြင်းများသည်။ မနက်ဖြန်ဆိုသော ကာလကို အလျင်အမြန် ရောက်လိုပါပြီ၊ ညအချိန်နာရီများကို မည်ကဲ့သို့ ဖြတ်သန်းရဦးမည်ကိုပင် မသိအောင်ဖြစ်နေသည်။

မိမိတို့အတွက် အနာဂတ်ရောင်နီ ပေါ်ထွန်းဖို့ အရုဏ်ဦးအချိန်သည် မြတ်သက်လျာအတွက် အချစ်ရောင်နီ ဆိတ်







www.burmeseclassic.com

www.burmeseclassic.com



သည်းသည့် နေ့ဝင်ချိန် ဖြစ်ချေလိမ့်မည် ထင်ပါသည်။

မည်သို့ဆိုစေ . .

တိုးတက်နှင်းမပျော်နိုင်သေးပါ။ သည်တစ်ညတာ နာရီများအတွက် သားလေး မောပန်းတကြီး မငိုစေရေးကို လိပ်မကြီးသဖွယ် မေတ္တာပို့သရင်းဖြင့် အရုဏ်ဦးအချိန်ကို စောင့်မျှော်နေမိသည်။







## အခန်း(၃၃)

"ချစ်ခြင်းဆိုတာ စိတ်ရဲ့ အမြင့်မြတ်ဆုံးသော အားနည်းချက်ဖြစ်လို့ ချစ်ခြင်းကြောင့် မှားယွင်းခဲ့တဲ့ အမှားအယွင်းမှန်သမျှတို့ကို ခွင့်လွှတ်ပါလို့ တိုးတက် တောင်းပန်ပါရစေ"

မိုးမလင်းခင် လာရောက်ခေါ်ဆောင်သော ယောက္ခမနှစ်ဦးနှင့် မတ်တော်မောင်ကြောင့် တိုးတက်နှင်း အားနာစွာဖြင့် တောင်းပန်လိုက်သည်။

"ဒီမှာနေလည်း ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူးကွယ်၊ ချွေးမဆိုပေမယ့် သမီးပါပဲ၊ သမီးဆိုတာ တို့များနဲ့ အသက်ဆိုင်ဆုံးမို့ တို့များပဲ ခေါ်သွားမယ်ဟေ့၊ ဒီကြားထဲ ပျောက်သွားရင် သားတော်မောင် သေဆုံးသွားနိုင်တယ်"

"မသေရင်လည်း ရူးသွားလိမ့်မယ် မမ"

မတ်တော်မောင်က လိုလိုချင်ချင် အထုပ်တို့ကို ဆွဲယူကာ ကားထဲထည့်သွင်းရင်း ပြောလိုက်သည်။

တိုးတက်နှင်းကို ယောက္ခမကတွဲကာ. . .

"လာ သမီး သွားရအောင် "

ညီမတို့ ဇနီးမောင်နှံကို ရှက်အားပိုစွာ ကြည့်လိုက်သည်။ သီလရှင် ဝတ်မည့်သူကယောက္ခမများနောက်သို့ မငြင်းမဆန်လိုက်ပါသွားခြင်းကို လှောင်ပြုံးပြုံးကာ စနောက်နေမည်လား။

မဟုတ်ပါချေ။

ညီမခင်လေးဖြူသည် ဝမ်းသာကြည်နူးစွာပင် ပြုံးလျက်။

"မမ ကံကောင်းပါတယ်၊ မိသားစုဆိုတဲ့ အသိုက်အဝန်းကို ချစ်ခင်လိုးလာခြင်းတွေနဲ့ ဝင်ရောက်ခွင့်ရတာ ကံကောင်းပါတယ်၊ ဘယ်သူအတွက်ရယ်လို့မှ ခေါင်းထဲ မထည့်နဲ့နော်၊ သားအတွက်ပဲ တွေးပါ၊ မမဟာ ခုချိန်ကစပြီး စိတ်ကူးယဉ်အိပ်မက်ကနေလွတ်မြောက်သင့်ပါပြီ"

တိုးတက်နှင်း ခေါင်းညိတ်လိုက်သည်။ မိမိဘဝကို ကကြီးမှ အ,အဆုံး သိနေသော ခင်လေးဖြူစကားသည် မှန်ကန်သည်။

မိသားစုဟူသော အသိုက်အဝန်းနှင့် မွေးကတည်းက





ကင်းကွာခဲ့သော မိမိ။

ရောဂါ ဝေဒနာဆိုးမှ လွတ်မြောက်ခွင့်ရလာသော မိမိအတွက်. . .

မိမိအား ချစ်ခင်နှစ်သက်သော ခင်ပွန်းနှင့်သား၊ ခင်ပွန်း၏မိသားစုက လက်ကမ်း၍ ကြိုလင့်နေချေပြီ။

ဒီထက်ကောင်းသော နားခိုရာ ရှိနိုင်ပါ့မလား။

"လာ. . သမီးတက်၊ သားကလေ ညကသုံးလေးကြိမ်ဆောင်ဖုန်းဆက်တယ်၊ သမီးထပ်ပျောက်သွားမှာ အရမ်းစိုးရိမ်နေတာ"

"တိုးတက် ဘယ်ကိုမှ သွားဖို့ စိတ်မကူးတော့ပါဘူး"

"သီလရှင် ဝတ်မလို့ဆို"

"ဟုတ်ပါတယ်၊ နိဗ္ဗာန္နချောင်မှာ ဝတ်မလို့ ဒီကိုလာခဲ့တာပါ၊ ဒါပေမယ့်. . ဟို. . ဟိုဖျားနေတာနဲ့"

နို့ကြောင်းပိတ်ပြီး အဖျားပါဝင်နေသော သူ့အဖြစ်ကို ယောက္ခမအထီးနှင့် မတ်ရှေ့ဖြစ်၍မပြောရဲပါ။

"မိခင်နဲ့ နို့စို့သားသမီးတွေရဲ့ ဆက်နွယ်နေတဲ့ မမြင်နိုင်တဲ့ မေတ္တာတရားဟာ ဆန်းကြယ်တယ် သမီးရဲ့၊ သားသမီးဆိုတဲ့ အပူမီးပုံထဲကို မိခင်တွေဟာ လိုလိုချင်ချင် ခုန်ဆင်းတတ်ကြတယ်၊ သားသမီးရပြီးမှတော့ သမီးသံသရာဝဋ်ဆင်းရဲကနေ ကိုယ်လွတ်ရုန်းထွက်ခွာဖို့ ဝန်လေးသွားပါပြီ၊ မဖြစ်နိုင်တော့ပါဘူး"

"ဟုတ်ပါတယ် မေမေ"

"မေမေ"ဟု တိုးတက်နှင်း ယောက္ခမကို ခေါ်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ချင်မှာတစ်မျိုး ခံစားလိုက်ရသည်။ နွေးထွေးသွားသည်။

ဘဝသက်တမ်းတစ်လျှောက်တွင် မည်သူ့ကိုမှ မေမေ ခေါ်ခဲ့ရပါလား။ အထီးကျန်ခြင်းတို့ လွင့်မြောက်လာလေပြီ။

ဘဝတစ်လျှောက်လုံး အများအကျိုးကိုသာ ရှေ့ရှုပေးဆပ်ခဲ့ရသော မိမိသည် ယခုတော့ အားလုံးကဝိုင်းဝန်း၍ မိမိအကျိုးကို ပေးဆပ်နေလေပြီ။

"မေမေတို့က သားချည်းပဲ ငါးယောက်ဆိုတော့ သမီးကို အရမ်းတောင့်တခဲ့တာ၊ သားတွေကလည်း ဘယ်သူမှ မိန်းမမရကြသေးဘူး၊ သားလတ် ကိုသာက စျေးဦးဖောက်တာ၊ သမီးက ချွေးမဦး မြေးဦးလေ၊ အားလုံးက သဲသဲလှုပ်တွေ့ချင်နေကြပြီ၊ တူလေးကိုလည်း ထိန်းဖို့ ဘဘလူပျိုကြီးတွေ ဒီနေ့ ခွင့်တစ်ရက်ယူပြီး စောင့်နေကြတယ်"

မျက်နှာပူစရာတွေတော့ ဖြစ်ကုန်ပြီထင်ပါသည်။ ယောက်ျားဟူသမျှ ရှောင်ရှားကာ ကင်းကင်းနေခဲ့သမျှ . . ယောက္ခမ အိမ်သို့အရောက်တွင်၊ ခဲအို၊ မတ်တို့၏ သိုက်သိုက်ဝန်းဝန်းကြိုဆိုမှုကို ခံလိုက်ရသည်။

နို့သက်လာသဖြင့် ယောက္ခမကို မျက်ရိပ်ပြကာ ပြင်ဆင်ပေးထားသော အိပ်ခန်းထဲသို့ ဝင်ရောက်နေစဉ် . . .

"မမက ဘာဖြစ်လို့လဲ နေမကောင်းဘူးလား"

ကိုကြီး၏အသံ ကိုကြီးလည်းဆရာဝန်ဟု ယခုမှသိရသည်။

"အေး"

ယောက္ခမက ဖြေလိုက်သည်။





"သား . . တင်ပရေချာ ယူရမလား"

"ရပါတယ်"

"ရပါတယ် မလုပ်နဲ့လေ၊ အစ်ကိုဆရာဝန် တစ်ယောက်လုံးရှိရဲ့နဲ့ တစ်ခုခုဖြစ်သွားရင် ကိုသာ ဒေါသူပုန်ထလိမ့်မယ်"

"ဟာ . . သားကြီးက ဒုံးဝေးလိုက်တာ နို့ကြောင်းပိတ်ပြီးနေတာဟဲ့ သိရဲ့လား"

"တစ်ယောက်တည်း ပစ်မထားနဲ့လေ၊ မေမေသွားနေပေးလိုက်ဦး"

ကိုလတ်၏အသံ၊ လျှပ်စစ်အင်ဂျင်နီယာဖြစ်သည်။

"နေပါဦး၊ ဟင်းခါးနဲ့ မမစားဖို့ အသည်းအမြစ်လေးဘာလေး ကြော်ပေးလိုက်ဦးမယ်"

"နေနေ . . ကိုလတ်ကြော်လိုက်မယ်၊ မေမေ မမနားပဲသွားနေလိုက်၊ ကိုကြီးကလည်း ထပ်ပြီး စစ်ဆေးပေးပြီး ဆေးထိုးတန် ထိုးပေးလိုက်ပါဦး"

စေတနာပိုကဲနေသော မိသားစုကြား တိုးတက်နှင်းမျက်နှာပူနေရသည်။

"ဖေဖေ ကလေးပုခက်ကော . . သွားဝယ်ဦးမှ"

"ဟေ မင်းတို့တူက ဒီမှာ ဘယ်နှရက်ပြည့်အောင်နေမှာမို့လို့ မင်းက ဝယ်ချင်နေရတာလဲ"

သားငယ်က ဝမ်းနည်းသံဖြင့် . . .

"ဟင် . . ဒီမှာ မနေဘူးလား"

"ကိုသာမိန်းမဟာ ကိုသာ့နောက်မလိုက်ဘဲ ဒီမှာဘာ တိစ္ဆနေမှာလဲဟ၊ မင်းကိုသာကလား ခွဲထားမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကျောင်းပိတ်ထားတုန်း နာနီလိုက်လုပ်ဦးမှာ"

"ကိုယ်လိုက်ရင် သားထွေးလည်းလိုက်မှာပဲ"

တက္ကသိုလ်ကျောင်းသား သားငယ်နှင့် သားထွေး အကဲပါနေပြန်သည်။

နို့ကိုညစ်ကာ နာကျင်သော ဝေဒနာကို ခံစားနေရသည့်ကြားမှ တိုးတက်နှင်း ပြုံးလိုက်မိသည်။

တစ်ဆက်တည်း ယောက္ခမနှင့် ကိုကြီး ဆေးအိတ်ဆွဲပြီး ဝင်လာသည်ကို မြင်သည်နှင့် ကမန်းကတန်း ရင်သားကို ဖုံးကွယ်လိုက်ရသည်။

"အောင်ရယ် အမြန်လာပါတော့"

ဟု တမ်းတမိလိုက်သည်။

"မမနဲ့တူရင် သားလေးက အရမ်းချောမှာပဲ၊ ငွမ်းစိုင်လို ပဲ ဖြူနုနေမလား မသိဘူး"

သားထွေးနှင့် သားငယ်က ပြောပြောဆိုဆို တိုးတက်နှင်း အခန်းထဲ လိုက်ဝင်လာသဖြင့်. . .

"ဟဲ့ ကလေးတွေ သွားစမ်း နင်တို့အရာလား၊ မိသန်းကို ရေနွေးဇလုံ သန့်သန့်ယူခဲ့ဖို့ပြော၊ နင်တို့လိုက်မဝင်လာနဲ့"

"ကိုကြီးကျတော့"

"ကိုကြီးက ဆရာဝန်ဟဲ့ ခက်တာပဲ"

အချစ်သည်းကာ အကဲပါပုံများကို တိုးတက်နှင်းသည် ပြုံးရယ်ကာ ခွင့်လွှတ်လိုက်သည်။

ကလေးတွေလိုပါပဲလား။

ဒါကြောင့် အောင်လည်း ကလေးဆိုးလို တဖွတ်ထိုးနိုင်





သာ ဖြစ်ပေလိမ့်မည်။ အောင့်ကို တွေ့ချင်လာသည်နှင့်အမျှ တွေ့ရမည့်အရေးအတွက် ကြည်နူးပျော်ရွှင်လာသည်။

မိဘများအတွက်တော့ သားသမီးများသည် အမြဲထာဝရ ကလေးများသာ ဖြစ်နေတတ်သည် ထင်ပါသည်။

မိမိလည်း မိခင်နေရာ ရောက်နေပြီပဲ။

သားလေးနှင့် တွေ့ရတော့မည့် အရေးအတွက် ပျော်ရွှင်ကြည်နူးလှိုက်ဖိုလာကာ နာရီကိုသာ တကြည့်ကြည့်ဖြစ်နေသည်။ စက္ကန့်လေးတွေ ရွေ့လျားမှုကပင် ကြာလွန်းလှပြီ၊ မိခင်ဟိတ်ဆိုသည်မှာ ဤခံစားမှုမျိုးထင်။

"ငါ အရင်ချီမှာနော်"

"သားထွေးကအငယ်ဆုံး၊ သားထွေးကို ဦးစားပေးရမှာပေါ့ နော် မေမေ. . ကိုယ်အနိုင်ကျင့်လို့ ဘယ်ရမလဲ"

"ဟဲ့နော်၊ ဒီသားတွေနဲ့တော့ ခက်နေပါပြီ မမစိတ်ညစ်သွားမယ် နားနားနေနေ နေပါစေ"

တစ်အိမ်သားလုံးက မမဟုသာ အောင်ခေါ်သကဲ့သို့ ခေါ်သဖြင့် အမည်ရင်းကိုမှပင် သိပါလေစဟုထင်လိုက်ရသည်။

"ရှူး. . ခြေသံက ကြမ်းလိုက်တာ ကိုလတ်ရာ၊ မမအိပ်နေပြီထင်တယ်"

ကိုကြီးအသံထွက်လာသည်။

"အင်းပါ မေ့သွားလို့၊ မေမေ အသည်းအမြစ်ကြော်ပြီးပြီ၊ အိမ်သားတွေအတွက် ဘာချက်ရမလဲလို့ မိသန်းကမေးနေတယ်"

"ချက်ချင်ရာချက်၊ ဩော် မမအတွက် ငါးခူငါးပိုကာင်



www.burmeseclassic.com

www.burmeseclassic.com



ဝယ်လာတယ်"

"ဟင်. . ဘာလုပ်ဖို့လဲ"

"ဟင်းခါးချက်မလို့"

"ငါးပိကောင်ကြီးနဲ့ ဟင်းခါးချက်တယ်လို့ မကြားဖူးပေါင်"

"မကြားဖူးလည်း အခုကြားဖူးလိုက်တော့ တစ်အိမ်သားလုံး အဲဒီမြင်းခွာရွက်ဟင်းခါးလိုက်သောက်ပြီး ငါးခူငါးပိကောင်ကြော်စားလိုက်ကြ ဒါပဲ၊ အပိုလိုက်မချက်ပေးဘူး မမပြော်မယ်"

"ဒါဖြင့် သားငယ်ရေ"

"ဗျာ"

"ရေခဲသေတ္တာထဲ ရေပုလင်းတွေ အကုန်ဖြည့်ထားလိုက်တော့"

"ဘာဖြစ်လို့လဲ"

"တစ်နေ့လုံး ရေငတ်တော့မှာပေါ့"

"နေပါဦး မေမေရဲ့ ဘာဖြစ်လို့ မမအတွက် အငန်တွေ ဒီလောက်ကျွေးနေရတာလဲ"

"ဟဲနော်. . အပူအပုပ်စင်ပြီး နှို့ထွက်အောင်ပေါ့၊ နင်တို့ဟာလေ နေရာတကာ စပ်စုတယ်"

"ဒါဖြင့် သားထွေးတို့ပါ နို့ထွက်ကုန်ရင် ဘယ်လိုလုပ်မလဲ ဟတ်ဟားဟား. . ."

"ဟား. . . ဟား. . . ဟား. . ."

"ဟဲ့. . ရှူး. . တိုးတိုး. . နိုးသွားမယ်"

တိုးတက်နှင်းသည် အသံမထွက်စေရန် ပါးစပ်ကိုလက်





နှင့်ပိတ်ကာ ရယ်မောလိုက်သည်။

မိသားစုဆိုသည်မှာ ဤသို့ပါတကား။

မိမိဘဝသည် ယခုမှ စတင်လာပါတကား။ ညဉ့်၏အနက်ရှိုင်းဆုံးသော မဟူရာ သန်းခေါင်ညကို ကျော်လွန်ပြီးသည့် အရုဏ်ဦး၏ ရောင်နီပျိုမှုကို စတင်လာခြင်းပါတကား။

ဘဝ၏အထီးကျန်ခြင်းဟူသော ဆိုးရွားသော အခါသမယများကို မိမိလွန်မြောက်ခဲ့လေပြီ။

ဘဝဟူသည် အမြဲတစေ တစ်သမတ်တည်း သတ်မှတ်၍မရ။ ကံကောင်းခြင်းတစ်လှည့်၊ ကံဆိုးခြင်းတစ်လှည့် ဖြစ်ပေါ်နေတတ်သည်။ မိမိက အထီးကျန်ဘဝဖြင့် ကံဆိုးခြင်းတို့ကို ဖြတ်ကျော်ခဲ့ပြီးပြီဆိုတော့ မုန်တိုင်းနောက်က လေပြည်ညင်း ဆိုတာ ရှိစမြဲ မဟုတ်ပါလား။

ယောက္ခမကြီးကဲ့သို့ ရင်သွေးများကို နိုင်နင်းအောင် အုပ်ချုပ်နိုင်သော မိခင်၊ အိမ်ရှင်မကောင်း အဖြစ်ကိုမှ မိမိရရှိနိုင်ပါ့မလား၊ ယောက္ခမကြီးဆီမှာ နည်းပညာတော့ ယူဦးမှပဲ။

မီးမထွက်ခင်အထိ ယောက္ခမကြီးထံ၌သာ နေခဲ့ပြီး နည်းပညာများကို ယူလိုက်ဦးမည်။

မိခင် အိမ်ရှင်မကောင်းဖြစ်ဖို့ရာအတွက် 'နည်းပညာ'ဆိုသည်မှာ ရှိသည်ပဲ၊ အင်မတန် သိမ်မွေ့ဆန်းကြယ်သော လက်တွေ့ နည်းပညာတစ်ရပ် ဖြစ်ပေမည်ထင့်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၄)

"ဟေး. . . လာပြီကွ၊ ကားသံကြားတယ်"

သားထွေးက ကက်ဆက်ကို ချောက်ခနဲပိတ်ပြီး ပြေးထွက်သွားသည်။

သားငယ်ကလည်း အားကျမခံ ကာတွန်းကိုပစ်ချကာ အမိပြေးလိုက်သည်။

"ဟဲ့. . ဟဲ့. . ဖြည်းဖြည်း"

ယောက္ခမကြီးက မြေးဦးအတွက် သိုးမွှေးခြေစွပ်၊ ဦး





ထုပ်၊ အင်္ကျီများထိုးရန် သိုးမွှေးချည်ကို ရစ်ပတ်နေသည်။ ချည်ခင်ကို ယောက္ခမအထီး လက်နှစ်ဖက်၌ စွပ်ထားသည်။

ယောက်ျားများသည် အိမ်ထောင်သည်ဘဝရောက်လျှင် ချည်တိုင်၌ အစွပ်ခံရသလို ဖြစ်မည်ထင်။

တိုးတက်နှင်းသည် ပျော်ရွှင်စရာကောင်းသော သီရိဂေဟာ မိသားစုကြောင့် ရွှန်လန်းနေရာ မျက်လုံးအစုံသည် ညီအစ်ကိုတစ်သိုက် အလုအယက် ပြေးထွက်သွားသော ဧည့်ခန်းတံခါးမကြီးဆီသို့သာ မျှော်လင့်ရင်ခုန်ခြင်းကြီးစွာဖြင့် ကြည့်နေမိသည်။

"အူဝဲ. . . အူဝဲ. . . အဲ့"

တိုးတက်နှင်း ထိုင်ရာမှထလိုက်သည်။ သို့သော် ခြေလှမ်းရွေ့လျား၍မရ. . .

အဘယ်ကြောင့်ဆိုသော် ကလေးကိုပွေ့ချီလျက် ပြေးဝင်လာသော သားထွေးစကားကြောင့် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

"မမ. . မြန်မြန် မြန်မြန် နို့ဆာနေပြီတဲ့"

"တစ်လမ်းလုံး နို့တိုက်လို့မရဘူးတဲ့ မမရာ"

"ဆာနေရောပေါ့၊ မြန်မြန်တိုက်ပါ"

အထုပ်အပိုးတွေဆွဲကာ တစ်ပြုံတစ်မကြီး ဝင်လာကြသည်။ အောင်က နောက်ဆုံးမှာ. . . မကြည့်အား။

ရင်ခွင်ထဲသို့ ရောက်လာသော နုထွေးညံ့သက်သော အရာလေးကို ပွေ့ပိုက်ကာ မျက်ရည်တို့က ပိုးပိုးပေါက်ပေါက် ကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပီတိ. . မိခင် ပီတိမျက်ရည်ဖြစ်လေမည်။

"အဲ့. . အဲ့. . အဲ့. ."

အို. . . သွေးက စကားပြောသည် ထင်ပါသည်။ အနှီးထဲမှ ထွက်နေသော လက်သီးကလေး ထွက်လာပြီး လှုပ်ရှားနေသည်။ နီတာရဲနှုတ်ခမ်းပါးလေးက သူမရင်သားကို ရှာဖွေစမ်းသပ်ကာ လှုပ်စိလှုပ်စိ ဖြစ်နေသည်။

"သား မေ့သားလေး"

မိခင်မေတ္တာ၏ စွမ်းအားသည် အရာရာကို တွန်းလှန်ဖြိုဖျက်နိုင်သည် ထင်ပါသည်။ အရှက်အကြောက်တရားတို့ကို မေ့လျော့သွားသည်။

ပြွတ်. . . . ပြွတ်. . . ပြွတ်. . .

သားလေး၏ အငမ်းမရ နို့စို့သံသည် ကမ္ဘာပေါ်တွင် သာယာနာပျော်ဖွယ် အကောင်းဆုံးသော တေးဂီတသံဖြစ်ပေမည်။ မိခင်နို့မှန်း သိတယ်လား။

ပြုံးလျက်မှ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျရင်း သားငယ်ကို ငုံ့ကြည့်ကာ နို့ချိုတိုက်ကျွေးနေသော မမကို ဒေါက်တာအောင်သာ ဖေးမဖက်တွယ်ကာ ဆိုဖာထက်၌ ထိုင်ချပေးသည်။

"မမ"

"အောင်"

"မမ"

ဒေါက်တာအောင်သာ၏ အသံမှာ ဆို့နင့်ကြေကွဲနေသည်။ အသက်တမျှ ချစ်ရပါသော ကြင်သူချစ်ဇနီး၏ ခံစားနေရ





သော မိခင်မေတ္တာတရားတို့ကို သူကောင်းစွာ နားလည်သဘောပေါက်ပါသည်။ ထို့ကြောင့် သူ့ရင်ခွင်၌ မမခေါင်းလေး မှေးတင်စေလိုက်သည်။

ထိုအခါကျမှ မမသည် ရှက်အားပိုကာ ရင်ခွင်၌ မျက်နှာဝှက်ထားလိုက်သည်။

"သားလေး၊ နို့တအား ဆာနေပုံရလို့ မမနို့တိုက်လိုက်မိတယ်၊ အောင့်အစ်ကိုနဲ့ ညီတွေကို ရှက်လိုက်တာ"ဟု မမဖွင့်ပြောစရာမလိုပဲ အောင်က သိနေပုံနှင့် မရှက်စေရန် သူ့ရင်ခွင်နှင့် ကာရံတားဆီး ဖေးမပေးသည် ထင်ပါသည်။

"တကယ့် လပ်ဖ်ဆင်းပဲကွာ"

"လုပ်ပြီ၊ မမရှက်နေရတဲ့အထဲ ပိုရှက်အောင် ကိုယ်ကတော့ပြောတော့မယ်"

"မဟုတ်ဘူးလား ကမ္ဘာပေါ်မှာ အလှပဆုံးမြင်ကွင်းတစ်ခုက မိခင်က နို့ချိုတိုက်နေသော မြင်ကွင်းပဲလို့တောင် တင်စားကြသေးတာပဲ"

"အေး. . ဟုတ်တယ်နော်၊ တကယ်ကွာ နောက်တစ်ခုကျန်သေးတယ်"

"ဘာလဲ"

"ချစ်သူရင်ခွင်မှာ ရှက်စနိုး ခိုဝင်တတ်သော မိန်းမသားတစ်ဦးရဲ့ ရှက်အားပိုမျက်နှာလေ မတွေ့ဘူးလား"

"ဟဲ့. . အစုတ်ပလုတ်တွေ ဒေါ်ရွှေအတို့ကို နေရာချပေးဖို့ လုပ်ပါဦး၊ မင်းတို့လုပ်တာနဲ့ မမစိတ်ညစ်နေမယ်"

တစ်ယောက်တစ်ပေါက် ပြောဆိုရယ်မောကာ ပျော်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးနေကြသော သီရိဂေဟာမိသားစုအလယ်တွင် အမေ အပေးခံရဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ မိမိသည် အကျေနပ်ဆုံး အပျော် ရွှင်ဆုံးနှင့် ကံအကောင်းဆုံးလူသားဖြစ်မည်ထင်ပါသည်။

"မမ"

"အောင်"

"အောင်တို့မိသားစုကြား စိတ်ညစ်နေသလား"

"ဟင့်အင်း ပျော်တောင်ပျော်သွားသေးတယ်"

"သားလေး အိပ်ပျော်သွားပြီ"

"သားလေးလည်း ခုမှပဲမိခင်ရင်ခွင်ပျောက် အိပ်မက်ဆိုး ကနေ လွတ်မြောက်သွားတယ်နော်"

"ကလေးအိပ်သွားပြီလား ပေး. . ပေး၊ ကိုကြီးသွားသိပ် ပေးမယ်၊ မမလက်ကျဉ်မယ်၊ သွေးနုသားနုနဲ့ ကြာကြာချီမထား နဲ့"

ကိုကြီးစကားကြောင့် အောင့်ရင်ခွင်မှ အသာထွက်ကာ သားလေးကို နို့ချိုမှ အသာခွာထုတ်လိုက်သည်။ သားလေးမ လှုပ်လွန့်။

"ပေးလိုက်ပါ ကိုကြီးက ချိုင်းစပယ်ရှယ်လစ်ပါ၊ စိတ်ချ ရပါတယ်"

နို့ချိုကို ပြန်ဖုံးကွယ်ပြီး သားလေးကို ကိုကြီးလက်သို့ မထည့်ချင် ထည့်ချင်နှင့် ထည့်လိုက်ရသည်။ မိခင်သည် မိမိရင် သွေးကို အဘယ်မျှ ကလေးအကြောင်းသိတတ် ကျွမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်ပါစေ၊ မိမိရင်ခွင် မိမိလက်လောက် စိတ်မချနိုင်သည် မှာလည်း မိခင်၏မေတ္တာတရား ဖြစ်ပေမည်။





ကိုကြီးက ရင်သွေးငယ်ကို ချီသွားရာနောက်သို့ တသိ တတန်းကြီးလိုက်ပါသွားကြသော ခဲအို၊ မတ်များနှင့် ယောက္ခမ များကိုကြည့်ရင်း မမကြည်နူးစွာ ပြုံးလိုက်မိသည်။ မြေးဦး၊ တူဦး ဖြစ်သော မိမိသားလေး၏ ကံကောင်းမှုကို ကျေနပ်သွားသည်။

"အောင်"

"မမ"

"သက်ကော"

"သြော်. . သက်ပေးလိုက်တာ"

အောင်က သူ့လက်သန်းမှ စွပ်ထားသော မြလက်စွပ် လေးကို မမလက်ခလယ်သို့ ပြောင်းစွပ်ပေးလိုက်သည်။

"သက် ပေးလိုက်တာ"

"မနောဖြူ မိန်းမမြတ်ကလေးသက်က ပြန်ပေးလာတာ ပေါ့နော် အောင်"

"အင်း သက်အကြောင်း အောင့်ကိုဘာမှ ထပ်မမေးနဲ့ တော့နော်၊ အောင့်ကမ္ဘာ အောင့်ဘဝမှာ မမရယ် သားရယ် အောင့်လူနာတွေရယ်ပဲ ရှိတော့တယ်ဆိုတာ မမယုံကြည်ထား လိုက်ပါ"

"မမေးတော့ပါဘူး၊ ဒီလက်စွပ်ကလေး ပြန်ပေးလိုက်က တည်းက မမအားလုံးကို သိသွားပါပြီ"

"ဒါဖြင့် ဘာလို့မျက်ရည်ကျရတာလဲ"

အောင့်ရင်ခွင်တွင် ထပ်မံခိုဝင်ရင်း. . .

"ဝမ်းသာဝမ်းနည်း မျက်ရည်ပါအောင်ရယ်"

"ဝမ်းသာ ဝမ်းနည်း"



www.burmeseclassic.com

www.burmeseclassic.com



"အောင်နဲ့ သားနဲ့ ပြန်ဆုံစည်းခွင့်ရလို့ ဝမ်းသာတယ် သက်ဆိုတဲ့. ."

"တော်ပါတော့ မမရယ်"

အောင်က တုန်ယင်စွာ လှုပ်ရှားနေသော မမနှုတ်ခမ်း ပါးလေးကို သူ့ပါးနှင့်အပ်ကာ ပိတ်လိုက်သည်။

ပါးစပ်ကို ပိတ်နိုင်ပေမယ့် ရင်တွင်း၌ မြတ်သက်လျှာအ တွက် ကြေကြေကွဲကွဲလေး ခံစားမျက်ရည်ကျဆဲဖြစ်သည်။

အစွဲအလမ်းကြီးစွာဖြင့် တစ်ယောက်ဆိုတစ်ယောက် တည်းသာ ချစ်တတ်သော မိန်းမသားတစ်ဦး၏ အထီးကျန်မှုကို စာနာခံစားယောက်ယား နွားလည်စွာဖြင့်. . . . ။

# မြပုလဲခင်

www.burmeseclassic.com